www.burmeseclassic.com

ဝသုံးလုံး



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# ရွှေဥဒေါင်း(၁၈၈၉–၁၉၇၃)

မန္တလေးမြို့ ဝါးတန်းရပ်ကွက်တွင် အဖ ဦး[illegible]ရာ၊ အမိ ဒေါ်ရွှေတို့က ၁၈၈၉ ခုနှစ် အောက်တိုဘာလ ၂၄ ရက် ကြာသပတေးနေ့တွင် မွေးဖွားသည်။ အမည်ရင်းမှာ ဦးဖေသိန်း ဖြစ်သည်။

လေးနှစ်သားအရွယ်တွင် မန္တလေးမြို့ ဗုဒ္ဓဘာသာ သီလရှင်ကျောင်း၌ ပညာသင်ကြားသည်။ ထို့နောက် လူကျောင်း၊ ဘုန်းကြီးကျောင်း၊ အေဘီအမ်ကျောင်းတို့သို့ အဆင့်ဆင့် ပြောင်းရွှေ့ ပညာသင်သည်။ ၁၉၀၈ ခုနှစ်တွင် ကာလကတ္တားတက္ကသိုလ် အသိအမှတ်ပြု အင်းထရင့်စာမေးပွဲကို အောင်မြင်သည်။

မန္တလေး ဗုဒ္ဓဘာသာကျောင်း၊ အေဘီအမ်ကျောင်းနှင့် ကန္ဒီရှာ အင်္ဂလိပ်ကျောင်းတို့တွင် ကျောင်းဆရာ၊ ရွှေဘိုအရေးပိုင်ရုံး သစ်တောစာရေး၊ မန္တလေး လယ်ယာစိုက်ပျိုးခြင်းနှင့် သမဝါယမ မင်းကြီးရုံး၌ တောလိုက် စာရေး၊ 'သူရိယမဂ္ဂဇင်း' အယ်ဒီတာ၊ 'မြန်မာ့ဗျူဟာ ဂျာနယ်' တွဲဖက် ထုတ်ဝေသူ၊ 'နယူးဘားမား သတင်းစာ' တိုက် စက္ကရီတေရီ (၁၉၂၆)၊ ပဲခူးမြို့ ခရစ်ယာန်စာပေအသင်း ဘာသာပြန်ဆရာ(၁၉၃၀)၊ 'သူရိယ သတင်းစာ' အယ်ဒီတာ(၁၉၃၆)၊ 'လူထု သတင်းစာ' အယ်ဒီတာချုပ်၊ 'လုပ်သားပြည်သူ့နေ့စဉ် သတင်းစာ' အယ်ဒီတာချုပ် (၁၉၆၄–၆၈) စသည်ဖြင့် ဆောင်ရွက်ခဲ့သည်။ ကမ္ဘာ့ငြိမ်းချမ်းရေး ကွန်ဂရက် (မြန်မာနိုင်ငံ) ကိုယ်စားလှယ်အဖြစ် တရုတ်နိုင်ငံ၊ ဆိုဗီယက်နိုင်ငံများသို့ ရောက်ရှိခဲ့သည်။

BURMESE CLASSIC

၁၉၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်နေ့ညတွင် **ရန်ကြီးအောင်** ဝတ္ထုကို ပထမဆုံး ရေးသည်။ ဝတ္ထုရှည် (၅၀)ကျော်၊ ဝတ္ထုတို(၃၀၀)ကျော်ကို ဆီလျော်အောင် မှီငြမ်းပြု၍ လည်းကောင်း၊ တိုက်ရိုက်မြန်မာပြန်၍ လည်းကောင်း ရေးသားခဲ့သည်။ **စုံထောက်မောင်စံရှား၊ ဂျမဒါ ကိုကိုကြီး၊ ရွှေပနန္ဒီ၊ ရွှေပကလျာဏီ၊ ပထမံဆရာသိန်း၊ ဇော်ဟိတ်၊ သူတော်စိန်** စသည်တို့မှာ ထင်ရှားသော အမှီးဝတ္ထုများဖြစ်သည်။ **ရတနာ့သိုက်၊ မျှော်တလင့်လင့်၊ သူရဲကောင်း သုံးယောက်၊ သွေးစုပ်မြေ** စသည်တို့မှာ တိုက်ရိုက် ဘာသာပြန်ဝတ္ထုများ ဖြစ်သည်။ ပင်ကိုရေး ဝတ္ထုရှည်များတွင် **ရန်ကြီးအောင်**မှာ ထင်ရှား၏။ ဘာသာရေး၊ အထွေထွေ ဗဟုသုတ၊ ခရီးသွားမှတ်တမ်း၊ ကိုယ်ရေးအတ္ထုပ္ပတ္တိ၊ ကျန်းမာရေးနှင့် ကြီးပွားရေး စာအုပ်များကိုလည်း ပြုစုခဲ့သည်။ **မျှော်တလင့်လင့်** ဖြင့် ၁၉၅၂ ခု စာပေဗိမာန် ဘာသာပြန်ဆု၊ **သွေးစုပ်မြေ**ဖြင့် ၁၉၅၅ ခု စာပေဗိမာန် ဘာသာပြန်ဆု၊ **တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ**ဖြင့် ၁၉၆၁ ခုနှစ် စာပေဗိမာန် သုတပဒေသာဆု ရရှိခဲ့သည်။

၁၀ ဩဂုတ် ၁၉၇၃ တွင် မန္တလေးမြို့၌ ကွယ်လွန်သည်။

www.burmeseclassic.com

www.burmeseclassic.com

**၂၀၀၀ – ၂၀၀၁ ထုတ်**
**ရာပြည့်စာအုပ်များ**

၁၂၄။ ရွှေဥဒေါင်း၏ ဆင်စွယ်မင်းသမီး (Ivory Child by Sir Rider Haggard)
၁၂၅။ ဂျာနယ်ကျော်မမလေး၏ သူလိုလူ
၁၂၆။ ရွှေဥဒေါင်း၏ ကာလယန္တရား
၁၂၇။ ရဲမြလွင်(မြန်မာပြန်) ခြေမဲ့ လက်မဲ့၊ ကျွန်တော့်ဘဝ အတွေ့အကြုံ
၁၂၈။ မောင်သာချို၏ သမီးဖတ်ဖို့
၁၂၉။ တိုက်စိုး၏ ဧယျ
၁၃၀။ ဒေါက်တာကျော်စိန်၏ သင် သိလိုသမျှ စိုးရိမ်သောကအကြောင်း
၁၃၁။ တက္ကသိုလ်ဘုန်းနိုင်၏ သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည် နိုင်

BURMESE CLASSIC

၁၃၂။ ဂျာနယ်ကျော်မမလေး၏ မုန်း၍မဟူ
၁၃၃။ ဒဂုန်ရွှေမျှား၏ မြို့ဝန်မင်း၏ ဘဝခရီး (The Mayor of Casterbridge by Thomas Hardy)
၁၃၄။ ရွှေဥဒေါင်း၏ သူရဲကောင်းသုံးယောက် (The Three Musketeers by Alexandre Dumas)
၁၃၅။ စာရေးဆရာများ၏ စိတ်နယ်လွန်ပညာနှင့် စိတ်ပညာပဒေသာ
၁၃၆။ ဦးရွှေအောင်၏ ကုသိုလ်နှင့် အကုသိုလ်
၁၃၇။ ဇော်ဂျီ၏ မဟာဆန်ချင်သူ
၁၃၈။ ဗိုလ်အေးမောင်၏ လူလော နာနာဘာဝလော (Invisible Man by H.G. Wells)
၁၃၉။ တင်မောင်မြင့်(မြန်မာပြန်) မဒမ်ကျူရီ (Madame Curie by Eve Curie)
၁၄၀။ ဒေါက်တာခင်လေးမြင့်၏ မင်းသားလေး (Le Petit Prince by Antoine de Saint-Exupe'ry)

**၂၀၀၁ ခုနှစ် မေနှင့် ဇွန်တွင် ထုတ်ဝေမည့် စာအုပ်များ**

၁၄၂။ မောင်ပေါ်ထွန်း၏ ယက်ဗ်တူရှင်ကို
၁၄၃။ ခင်မျိုးချစ်၏ မိုက်ကယ် အိန်ဂျယ်လို
၁၄၄။ မင်းယုဝေ၏ ပထမမြန်မာများ
၁၄၅။ ရဲမြလွင်၏ ကြိုးကြာတစ်ထောင်
၁၄၆။ မြတ်ငြိမ်း၏ တီထွင်အတွေး (Creative Thinking)

www.burmeseclassic.com

www.burmeseclassic.com

ရာပြည့်စာအုပ် ၁၄၁

ရွှေဥဒေါင်း

# ဝ သုံး လုံး

ရာပြည့်စာအုပ်တိုက်
အမှတ် ၃၈၊ ၁၀၉ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
ဖုန်း။ ၀၁-၂၉၆၆၇၁ (အိမ်)၊ ၂၁၂၇၉၈ (ဆိုင်)
[ ၁၊ ဧပြီ၊ ၂၀၀၁ ]

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်ခြင်း
ပထမအကြိမ် –(၁၉၃၉–၄၀) ကြီးပွားရေးစာအုပ်တိုက်၊ မန္တလေး
ဒုတိယအကြိမ် –(၁၉၆၁) မြန်မာပြည်စာအုပ်တိုက်
တတိယအကြိမ်–(၁၉၉၄) ပန်းခင်းလမ်းစာပေ
စတုတ္ထအကြိမ် –(၂၀၀၁) ရာပြည့်စာအုပ်တိုက်
အုပ်ရေ [၁၀၀၀]

❑

မျက်နှာဖုံးနှင့် အတွင်းစာသား ပုံနှိပ်သူ
ဒေါ်ခင်အေးမြင့် [၀၅၉၀၁]၊ ရာပြည့်အော့ဖ်ဆက်
အမှတ် ၁၉၉၊ လမ်း ၅၀၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

❑

ထုတ်ဝေသူ
ဦးလှကြိုင် [၀၂၃၃]၊ လောကစာပေ
အမှတ် ၃၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်း၊ ရန်ကုန်မြို့။

❑

အတွင်းဖလင
အေးဇက်

❑

စာအုပ်ချုပ်
ကိုမြင့်နှင့် ညီဝင်းမြင့်

❑

မျက်နှာဖုံး ပန်းချီ
ဝင်းမြင့်ဦး

❑

တန်ဖိုး
၄၀၀ ကျပ်

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


- ဝသုံးလုံး ၉
၁။ အသင်းသားသစ်တစ်ယောက် သွတ်သွင်းပုံ ၁၁
၂။ ဝသုံးလုံး၏ အမိန့်ကို မနာခံသောလူ ၁၅
၃။ မောင်ညွန့်ဦး နှင့် ခင်စိန်ရီ ၂၀
၄။ ဦးကျော်ခဲ ရောက်လာခြင်း ၂၄
၅။ ဦးဘိုးအောင် ဓာတ်သိမ်းခြင်း ၂၇
၆။ ခင်စိန်ရီသည် သူခိုးလော ၂၉
၇။ နိုးရာပါပစ္စည်း တွေ့ရှိခြင်း ၃၅
၈။ စွပ်စွဲခြင်း ၃၈
၉။ ခင်စိန်ရီကို စစ်ဆေးခြင်း ၄၀
၁၀။ ဝသုံးလုံး အသင်းကြီး၏ ဆင့်ခေါ်ချက် ၄၄
၁၁။ ဖိနပ်ဦးချွန်း ၄၉
၁၂။ ဦးကျော်ခဲ ငွေညှစ်ခြင်း ၅၂
၁၃။ ခင်စိန်ရီ နှင့် ဦးကျော်ခဲ ၅၆
၁၄။ ဆပ်ပြာပူဖောင်း ၆၁
၁၅။ ခင်စိန်ရီ အလုပ်ပြောင်းလဲခြင်း ၆၅


www.burmeseclassic.com

www.burmeseclassic.com

၁၆။ ကမ်းနားလမ်းတိုက်မှ သော့ ၇၀
၁၇။ ကမ်းနားလမ်းတိုက်ကြီး ၇၃
၁၈။ ဝသုံးလုံးအသင်း ကိုယ်စားလှယ် ၇၅
၁၉။ ဗီရိုထဲမှ မိန်းမ ၈၀
၂၀။ ကမ်းနားလမ်း တိုက်ကြီး၌ ပုန်းအောင်းသူ ၈၃
၂၁။ ဦးလူတော်ကို လုပ်ကြံခြင်း ၈၈
၂၂။ ဝသုံးလုံးကို ခြေရာခံခြင်း ၉၁
၂၃။ ဦးထွန်းတင် စခန်းသိမ်းခြင်း ၉၃
၂၄။ ခင်စိန်ရီကို မေးခွန်းထုတ်ခြင်း ၁၀၂
၂၅။ ခရီးထွက်ခြင်း ၁၀၈
၂၆။ စာကပ်ခြင်း ၁၁၂
၂၇။ အစိုးရအဖွဲ့ကို ငွေညှစ်ခြင်း ၁၁၈
၂၈။ ခင်စိန်ရီ နှင့် ဝန်ကြီးချုပ် ၁၂၇
၂၉။ ဝသုံးလုံး အစည်းအဝေးကြီး ၁၃၅
၃၀။ အသက်ရှင်လျှင် တွေ့ဦးမည် ၁၄၅
၃၁။ ခင်စိန်ရီကို ဖမ်းခြင်း ၁၄၈
၃၂။ ဝန်ကြီးချုပ် နုတ်ထွက်ရခြင်း ၁၅၆
၃၃။ ထွက်ပြေးခြင်း ၁၅၉
၃၄။ ဝသုံးလုံးသည် မည်သူ ဖြစ်သနည်း ၁၆၃
၃၅။ ဦးလူတော်၏ မေမေ ၁၆၈
၃၆။ ဆက်လက် ရှင်းလင်းပြောပြခြင်း ၁၇၄

www.burmeseclassic.com

www.burmeseclassic.com

## ဝသုံးလုံး

တရားခံတစ်ယောက်ကို ကြိုးပေးသတ်ရန် စီရင်ချက် ချမှတ်သည့်အခါ "မသေမချင်း သေအောင် သတ်ရမည်" ဟူသော ဥပဒေသည် မူလဥပဒေ ရေးဆွဲကတည်းက တည်ရှိလာခဲ့ပါမူ "ဝသုံးလုံး အသင်းကြီး" ၏ လက်ချက်ဖြင့် အသက်ဆုံးရှုံးကြရရှာသော လူတစ်စုကိုပ်ခန့်တို့မှာ ယခုအချိန်အခါတွင် အသက်ရှင်လျက် ရှိကောင်း ရှိနေကြပေလိမ့်မည်။

သို့ရာတွင် လူတို့ ရေးဆွဲ အတည်ပြုကြရသော ဥပဒေများကို မဆိုထားဘိ၊ မြတ်စွာဘုရား ကိုယ်တော်တိုင် ဆုံးဖြတ် သတ်မှတ်တော်မူခဲ့သည့် ဝိနည်း ပညတ်တော်များပင်လျှင် အရေးအခွင့် ကြုံကြိုက်သည့် အခါတွင်မှ တစ်ခုပြီးတစ်ခု ပေါ်ပေါက်၍ ဖြည့်စွက်ခြင်း၊ ပြင်ဆင်ခြင်း၊ ပြောင်းလဲခြင်း စသည်ဖြင့် အကြောင်းအားလျော်စွာ စီမံရသည် ဖြစ်ရကား ဥပဒေ စည်းကမ်း ဟောင်းများ၌ ချွတ်ယွင်းချက်များ တွေ့သဖြင့် ဥပဒေသစ်များဖြင့် ရံဖန်ရံခါ ဖြည့်စွက်ပြင်ဆင်ပေးရန် လိုသည့်အဖြစ်ကို အံ့သြဖွယ်ရာ မရှိပေ။

တရားခံ လူဆိုးကြီးတစ်ဦးဖြစ်သော ဘိုဝမှာ ဥပဒေဟောင်းတစ်ခု၏ ချွတ်ယွင်းမှုကြောင့် ကြိုးစင်ပေါ်သို့ တက်ပြီးသည့်အခါမှ အသက်ချမ်းသာရာ ရခဲ့ဖူးသူ တစ်ယောက် ဖြစ်လေသည်။

ဘိုဝမှာ လူ သုံးလေးယောက်ကို သတ်၍ ဓားပြတိုက်သော အမှုအတွက်ကြောင့် ကြိုးမိန့်ကျသဖြင့် ကသာမြို့ ထောင်ကြီးတွင် ကြိုးစင်ပေါ်သို့ တက်ခဲ့ရဖူးလေရာ၊ တပည့်ငယ်သား ဖြစ်သော ဓားပြများက ထောင်နှင့် ဆိုင်ရာ အရာရှိများနှင့်တကွ အာဏာသားကိုပါ လာဘ်ထိုး၍ လည်ပင်း၌



www.burmeseclassic.com

www.burmeseclassic.com



စွပ်သော ကြိုးကို ဓားဖြင့် တဲတဲကလေးကျန်အောင် လှီးထားလေရကား၊ တရားခံ ဘိုဝကို ကြိုးစင်မှ ချလိုက်သည့်အခါ ကြိုးသည် ထောင်းခနဲ ပြတ်၍ ကျသွားလေ၏။

ဆိုင်ရာလူများလည်း ပွန်းပဲ့ရုံမျှလောက်သာ ရှိနေသော တရားခံ ဘိုဝကို ကြိုးစင်ပေါ်သို့ တစ်ဖန် တင်ကြမည် ပြုဆဲတွင်၊ အဆင်သင့် စောင့်ဆိုင်းလျက်ရှိသော တရားခံ၏ ဝတ်လုံက တရားခံကို ကြိုးပေးပြီးပြီ ဖြစ်သောကြောင့် ထပ်မံ၍ ကြိုးစင်ပေါ်သို့ တင်ခွင့်မရှိကြောင်းနှင့် အနီးရှိ တရားသူကြီးအား လျှောက်လဲလေ၏။

နောက်ဆုံး၌ တရားသူကြီးသည် ကြိုးပေးခြင်းအလုပ်ကို ခေတ္တရပ်ဆိုင်းစေ၍ တရားခံ ဘိုဝ၏ အမှုကို ဆိုင်ရာရုံးတော်သို့ တင်ပို့ စစ်ဆေးစေရာ၊ တရားသူကြီး၏ စီရင်ချက်တွင် "မသေမချင်း သေအောင် သတ်ရမည်" ဟူသော စကား မပါရှိဘဲ "ကြိုးပေးသတ်ရမည်" ဟူ၍သာလျှင် သာမန်ဖော်ပြပါရှိလေရကား တစ်ကြိမ် ကြိုးပေးပြီးဖြစ်သော တရားခံကို ကြိုးစင်ပေါ်သို့ ထပ်၍တင်ရန် အခက်အခဲ တွေ့နေလေ၏။

နောက်ဆုံး၌ အကြီးဆုံးသော တရားဌာနဘက်ဆိုင်ရာ အရာရှိကြီးလည်း တရားခံ ဘိုဝကို တစ်ခါတည်းလွှတ်၍ မပစ်လိုက်သော်လည်း၊ ဒုတိယ အကြိမ် ကြိုးပေးရန် ဒွိဟ သံသယ မကင်းသည်နှင့် ကြိုးမိန့်မှ တစ်သက်တစ်ကျွန်းပို့ အဖြစ်သို့ ပြောင်းလဲ အမိန့်ချမှတ်လိုက်လေ၏။

ဘိုဝမှာ တစ်ကျွန်းတွင် လေးငါးနှစ်ခန့် အပြစ်ခံပြီးနောက် အမှန်သတ္တိကောင်းသော လူတစ်ယောက် ဖြစ်သည့်အတိုင်း တိမ်းရှောင် ထွက်ပြေးလာခဲ့၍ ဆိုးသွမ်းမြဲတိုင်း ဆက်လက် ဆိုးသွမ်းနေခဲ့ရာ၊ ထိုအချိန်အခါမှ ကြိုးမိန့်ပေးသော တရားသူကြီးများ၏ စီရင်ချက်၌ "မသေမချင်း သေအောင် ကြိုးပေးသတ်ရမည်" ဟူသောစကားကို ထည့်သွင်းရေးသားရန် အစဉ်အလာ တစ်ခု ဖြစ်ပေါ်လာခဲ့ရပေတော့သတည်း။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း [၁]
## အသင်းသားသစ် တစ်ယောက် သွတ်သွင်းပုံ

ချမ်းအေးသော ဥတုရာသီတွင် မိုးကလေး တဖွဲဖွဲကျလျက် လေတဝှူးဝှူး တိုက်ခတ်နေသည့် အတွက်ကြောင့် အရေးကြီးသော ကိစ္စမရှိသည့် လုကောင်း သူကောင်း ဟူသမျှတို့သည် အိပ်ရာထဲတွင် မနွေး နွေးအောင် စောင်ဖြင့် ထွေးကာ ကွေးလျက် အိပ်နေကြမည့် ညဉ့်မျိုး တစ်ညဉ့်၌ ရန်ကုန်မြို့ ဘုရင်မပန်းခြံ (ယခု ဗန္ဓုလပန်းခြံ) အနီး ကုန်သည်လမ်းဘက်တွင် မိုးကာအင်္ကျီကြီးကို ဝတ်လျက် မျက်နှာတစ်ပိုင်းဖုံးအောင် ဦးထုပ်ကို ခပ်နိမ့်နိမ့် ဆောင်းထားသည့် လူတစ်ယောက်သည် တစ်စုံတစ်ယောက်သောသူကို စောင့်မျှော်နေသည့် လက္ခဏာနှင့် သံတိုင်များအနီးတွင် ခေါက်တုံ့ခေါက်ပြန် စကြံလျှောက်လျက် ရှိလေ၏။

မကြာမီ ဟိုက်ကုတ်လွှတ်တော် အဆောက်အအုံရှိ နာရီစင်ကြီးမှ ၁၁ နာရီ ထိုးသံဖြင့် နောက်ဆုံး ထိုးလိုက်သော နာရီချက်သည် လေထဲတွင် တိန်းလျက် ကျန်နေဆဲတွင်၊ ခပ်သုတ်သုတ် မောင်းနှင်လာသော ဆီဒင်ကားကြီးတစ်စီးသည် ထိုသူ၏အနီး လမ်းနံဘေးတွင် ရုတ်တရက် ထိုး၍ ဆိုက်ရပ်လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကားရှေ့၌ ထွန်းထားသော မီးလုံးကြီးနှစ်လုံးမှာ ခပ်မှိန်မှိန် ရှိနေသည့်ပြင်၊ ကားထဲတွင်ရှိသော မီးပွင့်ကလေးမှာလည်း ငြိမ်းထားသည့်အတွက်ကြောင့် ကားအတွင်း၌ မှောင်မည်းလျက် ရှိလေ၏။

စကြံလျှောက်လျက်ရှိသော လူသည် အနည်းငယ်မျှ ဆိုင်းတွ စဉ်းစားပြီးနောက် ကားနံဘေးသို့ ရုတ်တရက် ချဉ်းကပ်၍ တံခါးကိုဖွင့်ပြီးလျှင် ကားထဲသို့ ဝင်၍ ထိုင်လေ၏။ ကားထဲ၌ကား တစ်စုံတစ်ယောက်သောသူမျှ မပါဘဲ ဒရိုင်ဘာ တစ်ယောက်တည်းသာလျှင် ရှေ့ပိုင်းတွင် ထိုင်လျက်ရှိရာ၊ တက်လာသောလူမှာ မိမိပြုလုပ်တတ်သော အပြုအမူ၏ လွန်မင်းစွာ အရေးကြီးလှသော အဖြစ်ကို သိနားလည်သည့် လက္ခဏာနှင့် ရင်ထဲ၌ တဒိန်းဒိန်း တဒိုင်းဒိုင်း လှုပ်ခုန်လျက် ရှိ၏။ ကားမောင်းလာခဲ့သော ဒရိုင်ဘာသည် လှုပ်ရှားခြင်းမပြုဘဲ ကျောက်ရုပ်သဖွယ် တည်ငြိမ်စွာ ထိုင်လျက်ရှိသည့်ပြင် ကားမှာလည်း ဆိုက်ရပ်မြဲတိုင်း ဆိုက်ရပ်လျက် ရှိသောကြောင့် အတန်ကြာအောင် တိတ်ဆိတ်စွာဖြင့် ငုတ်တုတ်ကြီး ထိုင်လျက် ရှိကြ၏။ နောက်ဆုံး၌ ....

ဒရိုင်ဘာ။ ။ 'ဘယ့်နှယ်လဲ .... ဆုံးဖြတ်ပြီးပြီလား'

ခရီးသည်။ ။ 'ဆုံးဖြတ်ပြီးလို့မို့ လာခဲ့တာပေါ့။ ခင်ဗျား လိုချင်တာက ဘာလဲ၊ ဆိုစမ်းပါဦး။ ခင်ဗျား လိုချင်တာကို ပြောပြီးတော့ ကျုပ်က ကျုပ် လိုချင်တာကို ပြောမယ်'

ဒရိုင်ဘာ။ ။ 'ခင်ဗျား လိုချင်တာကို ကျုပ် သိပြီးပါပြီ။ ပြောနေဖို့ မလိုပါဘူး'

ခရီးသည်။ ။ 'သိလျှင် ဆိုစမ်းဗျာ'

ဒရိုင်ဘာ။ ။ 'ခင်ဗျားဟာ သူတစ်ပါးငွေကို သုံးပြီး ပြန်မဆိုက်နိုင်တဲ့အတွက် ကိုယ်ကိုယ်ကိုယ် သတ်သေဖို့ ကြံစည်နေတယ် ဟုတ်ကဲ့ား။ ဒီပြင် တစ်ချက်ကလည်း ဟိုရှေးတုန်းက ခင်ဗျား ကျူးလွန်ခဲ့မိတဲ့ ပြစ်မှုတစ်ခုအကြောင်းကို ရန်သူတစ်ယောက်က သိထားလေတော့ ပုလိပ်လက် အပ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ကို ခင်ဗျား စိုးရိမ်ပူပန်နေတယ် မဟုတ်လား။ ဒါကြောင့်မို့လို့ လွန်ခဲ့တဲ့ သုံးရက်လောက်တုန်းက ဆေးဘိုက်တမ်းတိုက်မှာ အလုပ်လုပ်တဲ့ ခင်ဗျား မိတ်ဆွေတစ်ယောက်ဆီက အဆိပ်ရည် တစ်ပုလင်းကို ခင်ဗျား တိတ်တိတ် ဝယ်ထားပြီး စနေနေ့ မြင်းပွဲမှာ မြင်း မနိုင်လျှင် ကိုယ့်ကိုယ်ကိုယ် သတ်သေဖို့ ခင်ဗျား ကြံရွယ်ထားတယ် မဟုတ်လား'

ခရီးသည်သည် မိမိ၏ အတွင်းရေးများကို ထိုမျှလောက် ခရေစေ့တွင်းကျ သိထားသည့်အတိုင်း ပြောပြသည်များကို ကြားရသောအခါ၊ အံ့သြလှသည်နှင့် ပါးစပ်ကို ဟ လျက် ငေးကြည့်နေမိရာ ဒရိုင်ဘာလည်း ဖြည်းညင်းစွာ ရယ်မောလျက် ရှိလေ၏။ ထိုနောက် ....

ဒရိုင်ဘာ။ ။ 'ကိုင်း ဒါဖြင့် ကောင်းပြီ။ ခင်ဗျားကို ဒီ အခက်အခဲတွေက လွတ်အောင် ကျုပ် ကူညီလျှင် ကျုပ် ခိုင်းတဲ့ကိစ္စကို ခင်ဗျား ဆောင်ရွက်ပေးမလား'

ခရီးသည်။ ။ 'ဘယ်လို ကိစ္စမျိုးလဲ'

ဒရိုင်ဘာ။ ။ 'ကိစ္စကတော့ ခင်ဗျားအဖို့ လွယ်ပါတယ်။ ကျုပ်ခိုင်းတဲ့အတိုင်း လုပ်ပေးရုံပါပဲ။ ခင်ဗျားအဖို့ ဘေးရန်လည်း မရှိဘူး၊ ငွေလည်း ကောင်းကောင်းရမယ်။ ကျုပ်ပေးအပ်တဲ့ ငွေစက္ကူတွေကို ခင်ဗျားက စွံအောင်ထုတ်ပြီး သုံးပေးရုံပါပဲ။ အပ်မည့် ငွေစက္ကူတွေဟာက ပုလိပ် လက်ထဲမှာ နံပါတ်တွေ ရောက်နေလေတော့ ကျုပ်သုံးလျှင်တော့ ခဲယဉ်းတယ်။ ခင်ဗျားမှာတော့ ဘဏ်တိုက်မှာ ငွေစက္ကူချင်း လဲလိုက်ရုံပဲ၊ ဘာမျှ မခက်ခဲဘူး။ ဒီလို လုပ်ပေးလျှင် ခင်ဗျား ပေးစရာရှိတဲ့ အကြွေးတွေကို ကျုပ်က စိုက်ထုတ်ပြီး ဆပ်မယ်၊ ဘယ့်နှယ်လဲ'

ခရီးသည်။ ။ (ရုတ်တရက် အဖြေမပေးဘဲ)' "ဝသုံးလုံး" အသင်း ဆိုတာ ဘယ့်နှယ်ဟာလဲ'

ဒရိုင်ဘာ။ ။ 'ဝသုံးလုံးအသင်းဆိုတာ ခင်ဗျားပဲ'

ခရီးသည်။ ။ (အံ့သြစွာနှင့်) 'ဘယ့်နှယ် ကျုပ် ဖြစ်နိုင်မှာလဲဗျ'



www.burmeseclassic.com

www.burmeseclassic.com



ဒရိုင်ဘာ။ ။ 'ခင်ဗျားလည်း အသင်းသားတစ်ယောက်ပဲ။ ခင်ဗျားလို အသင်းသူ အသင်းသားပေါင်း ဘစ်ရာမကဘူး ရှိကြတယ်။ သို့သော် ခင်ဗျားကလည်း သူတို့ကို မသိဘူး၊ သူတို့ကလည်း ခင်ဗျားကို မသိဘူး'

ခရီးသည်။ ။ 'နို့ ခင်ဗျားကကော'

ဒရိုင်ဘာ။ ။ 'ကျုပ်ကတော့ အားလုံးကို သိတယ်။ ဘယ့်နှယ်လဲ၊ ကျုပ်ပြောတာ သဘောတူပြီလား'

ခရီးသည်။ ။ (အနည်းငယ် စဉ်းစားပြီးမှ) 'သဘောတူပါပြီဗျာ'

ဒရိုင်ဘာ။ ။ 'ကိုင်း .... ဒါဖြင့် ရော့'

ထိုအခါ ဒရိုင်ဘာသည် အတော်ပြည့်ဖောင်းအောင် ထည့်ထားသော စာအိတ်ကြီးတစ်လုံးကို လှမ်းပေးရာ၊ ဝသုံးလုံး အသင်းသားသည် စာအိတ်ကြီးကို ယူ၍ အတွင်းအင်္ကျီအိတ်ထဲသို့ ထည့်လိုက်လေ၏။ ထိုနောက် ဒရိုင်ဘာက 'ကိုင်း ဒါဖြင့် ဆင်းပေတော့' ဟု ပြောလိုက်ရာ ထိုလူလည်း မေးမြန်းခြင်းမပြုဘဲ ကားပေါ်မှ ဆင်းလာခဲ့လေ၏။ အောက်သို့ ရောက်သော အခါ ထိုသူသည် ဒရိုင်ဘာ၏ မျက်နှာကို မြင်လိုလှသည်နှင့် ရှေ့ပိုင်းသို့ လျှောက်လာ၍ ဆေးလိပ်ကို မီးညှိသည့်ဟန်ဖြင့် မီးခြစ်မည် ပြုလေရာ ....

ဒရိုင်ဘာ။ ။ 'မလုပ်နဲ့လေ၊ ကျုပ်ကို မသိချင်ပါနဲ့။ ကျုပ်ကို သိတဲ့လူဟာ လူ့ပြည်မှာ တယ်ပြီး ကြာကြာ မနေရတတ်ဘူး။ ဒါ တစ်ခုတော့ မှတ်ထားလိုက်၊ ကြားရဲ့လား'

နောက် တစ်ခဏ၌ မော်တော်ကားလည်း ထွက်သွားလေရာ၊ ထိုလူသည် ကားကို ငေးမျှော်ကာ ကြည့်ရင်း ဒူးများ ဆတ်ဆတ်တုန်လျက် ရစ်ကျန်ရစ်ခဲ့လေ၏။ တုန်လည်း တုန်ထိုက်လှပေ၏။ အကြောင်းမူကား ဤလူလောက်မျှ မကသည့် ထိတ်ထိတ်ကြဲဆိုသော လူများပင်လျှင် ဝသုံးလုံး အသင်း၏ နယ်နိမိတ်အတွင်းသို့ ရောက်ကြရသည့်အခါ ဒူးတုန်ကြရမြဲ သာလျှင် ဖြစ်ပေသောကြောင့်တည်း။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း [၂]
## ဝသုံးလုံး၏ အမိန့်ကို မနာခံသောလူ

မြေပိုင်ရှင် ဦးသာကြွယ်ဆိုသောသူသည် ဝသုံးလုံးအသင်း၏ တောင်းဆိုချက် အတိုင်း ပေးလိုက်သည့်အတွက်ကြောင့် အသက်ဘေးမှ ချမ်းသာရာ ရခဲ့ဖူး၏။ ဝသုံးလုံးအသင်းသည် တောင်းဆိုသည့်အတိုင်း ပေးလိုက်သော လူများအပေါ်၌ သစ္စာစောင့်စည်းသည့် လက္ခဏာရှိ၏။ စပါးပွဲစားကြီး ဦးဘိုးလူ ဆိုသူမှာမူ ဝသုံးလုံးအသင်း၏ စာကို ရရှိသောအခါ 'ဒင်းတို့ကို ဘာလုပ်ဖို့ ကြောက်နေရမှာလဲ' ဟု ကြွေးဝါး၍ မပေးဘဲ နေခဲ့ရာ၊ ၅ ရက် အတွင်း အိပ်ရာထဲတွင် အသက်ကုန်နေသည့် အဖြစ်ကို တွေ့ကြရ၏။

ကုန်သည်ကြီး ဦးသာညို ဆိုသောသူသည် ဝသုံးလုံး၏ စာကို ရရှိသောအခါ ပုလိပ်ကို တိုင်တန်း၍ မပေးဘဲ နေခဲ့၏။ ဦးသာညို၏ နေအိမ်ကို နေ့ရော ညဉ့်ပါ ပုလိပ်များ ဝန်းရံစောင့်ရှောက်နေသည့်အတွင်း ဦးသာညို ၏ နဖူးကို ရေချိုးခန်းထဲတွင် ကျည်ဆန်ထိမှန်၍ ဆေးရုံတင်ခဲ့ရဖူး၏။ ကျည်ဆန်မှာ လေသေနတ်ကျည်ဆန်ဟု ဆရာဝန်က ထွက်ဆို၏။ တရားခံ ကိုကား မမိချေ။ ဦးသာညိုမှုကား ၎င်းဒဏ်ရာနှင့်ပင် ပျက်စီးခြင်းသို့ တိုင်ရာ ၏။

မြင်းပိုင်ရှင် သူဌေးကြီး လာလာဘိုင် ကိစ္စ၌မူ လာလာဘိုင်ကို ကားပေါ်၌ လိုက်၍ သတ်သော ကျူလယာကို စုံထောက်ဦးသောင်းတန်၏ လုံ့လဝီရိယ အစွမ်းကြောင့် လက်ရဖမ်းဆီးမိသော်လည်း၊ တရားခံကုလား သာလျှင် ကြိုးဒဏ်ခံရ၍ ၎င်းအား စေခိုင်းဟန်တူသော ဝသုံးလုံးအသင်း ကိုမူ အစအနကိုမျှ ပေါ်အောင် မလိုက်နိုင်ခဲ့ချေ။ ဝသုံးလုံး တောင်းဆိုသည့် အတိုင်း မပေးသော လူများမှာ အမြန်နှင့် အနှေး တစ်နေ့နေ့၌ သေခြင်းဆိုး သေကြရသည်သာ ဖြစ်လေရာ၊ ရံဖန်ရံခါ လက်သည် ပေါ်ပေါက်၍ များသော အားဖြင့် တရားခံကို မမိနိုင်ဘဲ ရှိခဲ့ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် လက်ပူးလက်ကြပ် ဖမ်းဆီးရမိသော အမှုများတွင်လည်း တရားခံများသည် ခိုင်းရာ လုပ်ကြရသူများသာ ဖြစ်နေသည်ကို တွေ့ကြရ၍၊ စေခိုင်းသော တရားခံအစစ်ကိုမူကား ပေါ်ပေါက်အောင် ခြေရာခံရန် မတတ်နိုင်ဘဲ ရှိခဲ့ကြ၏။ ပြစ်မှု ကျူးလွန်သော တရားခံများသည် "အခစား" ကျူးလွန်ကြသူများ ဖြစ်ကြလေရာ၊ ၎င်းတို့အား ခိုင်းစေသော လူကို တစ်ကြိမ်တစ်ခါမျှ မျက်နှာချင်းဆိုင် တွေ့မြင်ကြဖူးသည် မရှိသောကြောင့် ၎င်းတို့က ဖွင့်ဟထုတ်ဖော် သတင်းပေးလိုစေကာမူလည်း သတင်းပေးရန် မတတ်နိုင်ဘဲ ရှိခဲ့ကြ၏။

လာလာဘိုင်ကို သတ်သော ကျူလယာ ကုလားကိစ္စ၌ စုံထောက် ဦးသောင်းတန်ကြောင့် တရားခံကို ဖမ်းမိသော်လည်း တရားခံက ငွေရသောကြောင့် သတ်ရပါသည် ဟူ၍သာ ဖြောင့်ချက်ပေး၏။ မည်သူ့ထံမှ ငွေရ၍ မည်သူက အသတ်ခိုင်းသည် ဟူ၍ကား မပြောနိုင်ချေ။ လာလာဘိုင်၏ အမှု ပြီးသည့်နောက် သတင်းစာများတွင် ဝသုံးလုံးအသင်းအကြောင်း မပါ ပြန်တော့ဘဲ ပြတ်စဲသွားပုံကို ထောက်ချော် ငွေညှစ်ခံရသော လူများသည် ပုလိပ်သို့ တိုင်ချက်မပေးဘဲ အသင်းသို့ ငွေ ကျိတ်၍ ပေးနေကြသည့် လက္ခဏာ ရှိ၏။

တစ်နေ့သော နံနက်၌ ပွဲစားကြီးဦးဘိုးအောင်နှင့် သား မောင်ညွန့်ဦး တို့သည် စားပွဲတွင် ထိုင်၍ ကော်ဖီသောက်ကြမည်ပြုစဉ်၊ ဦးဘိုးအောင်သည် စားပွဲပေါ်တွင် တင်ထားသော စာများအနက် လေးထောင့်စပ်စပ်ရှိသော စာတစ်အိတ်ကို ဖွင့်ကြည့်ရာတွင်၊ ဝသုံးလုံးအသင်းထံမှ ပေးပို့လိုက်သော စာဖြစ်ကြောင်း၊ တွေ့ရှိရလေ၏။ စာရွက်မှာ သုံးထောင့် ပုံသဏ္ဌာန်ရှိ၍ တစ်ထောင့်တွင် ဝ တစ်လုံးစီကို ရော်ဘာတံဆိပ်ဖြင့် ရိုက်နှိပ် ပါရှိလေရာ ဝသုံးလုံးတို့၏ အကြား၌ကား အောက်ပါအတိုင်း ရေးသားထားလေ၏။

"တစ်သောင်းဆိုသော ငွေမှာ ပွဲစားကြီးကဲ့သို့သော ပုဂ္ဂိုလ် တစ်ဦးအဖို့ ဘာမျှ မဖြစ်လောက်ပါ။ သုံးရက်အတွင်း သုရိယ



www.burmeseclassic.com

www.burmeseclassic.com



သတင်းစာတွင် မည်သည့် နေရာသို့ လာရမည်ဟူ၍ ကြော်ငြာတစ်ခု ထည့်သွင်းဖော်ပြလိုက်ပါလျှင် ကျွန်ုပ်တို့က လူတစ်ယောက် စေလွှတ်၍ ယူစေပါမည်။ ငွေမှာ ငွေသား မဟုတ်စေရ။ ငွေစက္ကူ ၁၀ တန် ချည်းသာ ဖြစ်ပါစေ။ သို့သော် ယနေ့မှစ၍ သုံးရက်အထက် မကျော်လွန်စေနှင့်။ ဤစာကား နောက်ဆုံးရေးလိုက်ခြင်း ဖြစ်သည်။”

ဦးဘိုးအောင်သည် စာကို ဖတ်ပြီးနောက် သား မောင်ညွှန့်ဦးသို့ လှမ်းပေးလိုက်ရာ မောင်ညွှန့်ဦးမှာ ဝသုံးလုံးထံမှ စာဖြစ်ကြောင်း သိသည်နှင့် ဘစ်ပြိုင်နက် မျက်နှာ ပျက်သွားလေ၏။ ဦးဘိုးအောင်ကမူ သားမျက်နှာ ပျက်သည်ကို မြင်သည်နှင့် အရေးမကြီးလှသော အမူအရာဖြင့် ပြုံးရယ်ကာ ပြောလိုက်သေး၏။

အောင်။ ။‘ဒီကောင်တွေဆီက ရတာ ဒီစာပါ ၄ စောင် ရှိပြီကွယ့်’

ညွှန့်။ ။‘ဩော် .... ဒါကြောင့် စုံထောက် ဦးသောင်းတန်ဟာ ကျွန်တော်တို့နဲ့ အတူတူ လာနေတာလား’

အောင်။ ။‘အေး .... ဟုတ်တယ်၊ ဒါပေမဲ့ ခြေစောင့်လက်စောင့် ဆိုတာမျိုးလို ခေါ်ထားတာပါကွယ်၊ တကယ့်တကယ်ဆိုတော့ ဒီ ဝသုံးလုံး ကောင်တွေကို ငါက နည်းနည်းမှ ဂရုမစိုက်ပါဘူး။ ဒါထက် ငါ့ကိစ္စကို သဘောထားပြီး မင့်အကြောင်းကို နည်းနည်းလောက် ငါပြောချင်တယ်ကွယ်’

ညွှန့်။ ။‘အဖေက ခင်စိန်ရီအကြောင်းကို ပြောချင်လို့ မှတ်တယ်’

ဦးဘိုးအောင်က ခေါင်းညိတ်ပြ၏။

ညွှန့်။ ။‘သူက ဦးထွန်းတင်ဆီမှာ အလုပ်လုပ်တဲ့ စာရေးမကလေး အဖေရယ်’

အောင်။ ။‘ဒါကို ငါသိပါတယ်၊ ငါ ဆိုချင်တာက သူ့အကြောင်း ခြင်း ဘာများ သိသလဲ’

ညွှန့်။ ။ (မျက်နှာနီမြန်းလျက်) ‘ကျွန်တော် ဘာသိဖို့လိုသလဲ’



www.burmeseclassic.com

www.burmeseclassic.com



အဖေ၊ သူနဲ့ ကျွန်တော်နဲ့ ရိုးရိုးတန်းတန်း ခင်မင်ကြတာကပဲ။ ကျွန်တော်က သူ့ကို ချစ်စကား ကြိုက်စကားရယ်လို့ တစ်ခွန်းမျှ မပြောဖူးပါဘူး။ ပြောရင်လည်း ခုလောက်ရှိလျှင် မိတ်ပျက်သွားတာ ကြာလှရောမယ်'

ထိုခဏ၌ ၎င်းတို့နေအိမ်တွင် တည်းခိုလျက်ရှိသော ဧည့်သည် ကိုသောင်းတန်သည် ထမင်းစားခန်းထဲသို့ ဝင်လာလေရာ မောင်ညွန့်ဦးက ကော်ဖီများ ဖျော်၍ ပေးလေ၏။ လူပျို လူရွယ်ကလေးတို့ မည်သည်မှာ စွန့်စားခန်းများ ပါရှိသော ဝတ္ထုများကို ဖတ်ရှုရကတည်းက စုံထောက်ဆိုလျှင်ပင် ခင်မင်မြတ်နိုးတတ်သော သဘောမျိုး ဖြစ်ပေါ်စတတ်ပေရာ၊ ကိုသောင်းတန်မှာ သာမန်စုံထောက်တစ်ယောက် မဟုတ်ဘဲ ထူးခြားလွန်ကဲသော အရည်အချင်းမျိုးနှင့် ပြည့်စုံသူတစ်ယောက် ဖြစ်သောကြောင့် မောင်ညွန့်ဦးသည် ထိုလူကို မြင်လျှင်မြင်ချင်း လွန်မင်းစွာ ချစ်ခင်မြတ်နိုးလျက်ရှိဘိ၏။ ကိုသောင်းတန်မှာ စူးရှ နက်နဲသော မျက်လုံးများရှိလျက် ထက်မြက်သော ဉာဏ်ပညာရှိကြောင်းကို မျက်နှာ၌ပင် ကွင်းကွင်းကွက်ကွက် တံဆိပ်ရိုက်နှိပ်ထားဘိသကဲ့သို့ ရှိနေပေရကား၊ မောင်ညွန့်ဦးမှာ ထိုသူ ပြောသမျှသော စကားများကို ကြား၍ မဝနိုင်အောင် ရှိနေပေတော့၏။

ကိုသောင်းတန်သည် အားလပ်နေသော ကုလားထိုင်တစ်လုံးတွင် ဝင်၍ ထိုင်ပြီးနောက်၊ ၎င်းရှေ့၌ ခေါက်လျက်ချထားသော လက်သုတ်ပဝါကလေး တစ်ထည်ကို ကောက်ယူကာ သေချာစွာ ကြည့်ပြီးမှ ....

တန်။ ။ 'ဒီလက်သုတ်ပဝါကို နောက်ဆုံးကိုင်တဲ့လူဟာ နှလုံးမသာယာဖွယ် သတင်းမျိုး တစ်စုံတစ်ရာ ကြားထားရမယ်။ ကျွန်တော့် အထင်တော့ အလွန်နီးစပ်တဲ့ ဆွေမျိုးရင်းချာ တစ်ယောက် အသည်းအသန် ဖြစ်နေတယ်လို့ ဆိုချင်တာပဲ'

အောင်။ ။ 'ဟုတ်တယ်၊ အစေခံ မိန်းကလေး ရွှေသင်ဟာ သူ့မိခင် ဝမ်းကျနေတယ်လို့ ဒီမနက်ပဲ စာရလို့ ပြန်ဖို့ အခွင့်တိုင်ထားတယ်'



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ မောင်ညွှန့်ဦးမှာ အံ့ဩလှသော မျက်နှာထားနှင့် ကိုသောင်းတန်အား ပါးစပ်ဟကာ ငေးကြည့်နေမိလေ၏။

ညွှန့်။ ။ 'နေစမ်းပါဦးဗျာ၊ လက်သုတ်ပဝါကို ကြည့်ရုံမျှနဲ့ ဒီအကြောင်းကို ခင်ဗျား သိနိုင်တယ်လား။ ဘယ်လိုလုပ်ပြီး သိနိုင်သလဲခင်ဗျာ'

တန်။ ။ 'ကျုပ်က ဦးစံရှားတို့လို အကျိုးအကြောင်း ဆက်စပ်ပြီး ပြောမပြနိုင်ဘူးဗျ၊ ကျုပ်နည်းက တစ်နည်းပဲ။ ကျုပ်နည်းက စိတ်ဓာတ်ရိုက်တဲ့ နည်းပဲ။ တစ်ခုခုကို စိတ်ဝင်စားလိုက်တဲ့ နည်းပဲ။ တစ်ခုခုကို စိတ်ဝင်စားလိုက်တဲ့အခါမှာ စိတ်ထဲမှာ လာပြီး ထင်မြင်လာတာပဲ။ သို့သော် ဘယ်နည်းနဲ့ပဲ သိရ သိရ၊ အမှန်အတိုင်း သိရတာ လိုရင်း မဟုတ်ဘူးလားဗျ'

ညွှန့်။ ။ 'ဒါတော့ မှန်ပါတယ်။ သို့သော်လည်း ဦးစံရှားရဲ့နည်းလို ဒီ့ပြင်လူများ လိုက်စားလို့ မရနိုင်ဘူးလား ခင်ဗျာ'

တန်။ ။ 'ဘာကြောင့် မရနိုင်ရမလဲ၊ စိတ်ကို လေ့ကျင့်ယူလျှင် ရနိုင်တာပေါ့။ ဒါနဲ့ ဘာသတင်းများ ထူးပါသေးသလဲ ဦးဘိုးအောင် ခင်ဗျား'

ထိုအခါ ဦးဘိုးအောင်သည် ထိုနေ့နံနက်တွင် ရရှိထားသော သတိပေးစာကို ကိုသောင်းတန်အား လှမ်းပေးလိုက်ရာ၊ ကိုသောင်းတန်သည် စာကိုယူ၍ လက်ဝါးပေါ်တွင် ဆ က ကြည့်ရှုပြီးနောက် ....

တန်။ ။ 'ဒီစာကို စာတိုက်မှ ထည့်တဲ့လူဟာ လှေနဲ့ တက်နဲ့ ခရီးသွားဖူးရမယ်။ ထောင်တန်းလည်း ကျဖူးရမယ်။ မကြာမီအတွင်းက ငွေအမြောက်အမြား ဆုံးရှုံးဖူးရမယ်'

အောင်။ ။ 'ရေးတဲ့လူက တစ်ယောက်၊ စာတိုက်မှာ ထည့်တဲ့လူက တစ်ယောက်။ ဒီလိုလား'

တန်။ ။ 'ကျွန်တော်ဖြင့် ဒီလိုပဲ ထင်တယ်'

အောင်။ ။ 'ဒီစာကို အလေးဂရုပြုလောက်တယ်လို့ ထင်ပါသလား'

တန်။ ။ 'တတ်နိုင်သမျှ အလေးဂရုပြုဖို့ ကျွန်တော် အကြံပေးလို



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။ ကျွန်တော့် သဘောအတိုင်း ပြောရလျှင် ကျွန်တော် မပါဘဲ အိမ်ထဲမှ အိမ်ပြင်ကိုတောင် မထွက်စေလိုပါဘူး။ "ဝသုံးလုံး" အသင်းဟာ ကျွန်တော် သိရသလောက်မှာဖြင့် အချည်းနှီး ခြိမ်းခြောက်တယ်လို့ မရှိဘူး။ ခြိမ်းခြောက်တဲ့အတိုင်း ပေါက်ပေါက်ရောက်ရောက် ဆောင်ရွက်တာကို ကျွန်တော် ကြုံတွေ့ခဲ့ရဖူးပါတယ်'

ထိုအခါ ဦးဘိုးအောင်သည် တွေဝေသော မျက်နှာထားနှင့် စဉ်းစား စိတ်ကူးလျက်ရှိရာ၊ သား မောင်ညွန့်ဦးလည်း စိုးရိမ်ကြီးသော အမူအရာနှင့် ဖခင်အား ငေးကြည့်နေလေ၏။ နောက်ဆုံး၌ ....

ညွန့်။ ။ 'ဒီလိုဆိုလျှင် အိန္ဒိယပြည်တို့၊ ယိုးဒယားပြည် (ထိုင်း နိုင်ငံ) တို့ကို ရှောင်ရင်းတိမ်းရင်း လှည့်လည်နေရလျှင် မကောင်းပေဘူးလား ဖေဖေ'

အောင်။ ။ 'ဟေ့ ဖြစ်ချင်တာ ဖြစ်စမ်းပါစေကွယ်။ ဒီအကောင်မျိုး တွေကို လန့်ပြီး ရှောင်လား တိမ်းလားတော့ ငါ ဘယ်တော့မှ မလုပ်ဘူးဟေ့'

## အခန်း [ ၃ ]
## မောင်ညွန့်ဦး နှင့် ခင်စိန်ရီ

ထိုနေ့နံနက်၌ မောင်ညွန့်ဦးသည် နေအိမ်မှ ထွက်လာခဲ့၍ ဦးထွန်းတင်၏ ခြံနှင့် ဆက်စပ်လျက်ရှိသော ဝင်းထရံအနီးရှိ ညောင်ပင်ကြီးအောက်တွင် စင်္ကြံလျှောက်နေစဉ်၊ ဖခင် ဦးဘိုးအောင်အား လူဆိုးများက ငွေညစ်တောင်း ထားခြင်း အကြောင်းနှင့် ပတ်သက်၍ စဉ်းစားဆင်ခြင်မိသည်နှင့် လေးလံ သော စိတ်မျိုး ဖြစ်ပေါ်လာခဲ့၏။ မောင်ညွန့်ဦး၏ သဘောအရမှာ ဝသုံးလုံး အသင်းက တောင်းထားသော ငွေကို ပေးလို၏။ ဖခင် ဦးဘိုးအောင်မှာမူ ခဲ့ယဉ်းစွာ ရှာကြံသိမ်းလာခဲ့ရသော ငွေကို အလွယ်တကူနှင့် ထုတ်ပေးရန်



www.burmeseclassic.com

www.burmeseclassic.com



နှမြောလှသည့်ပြင်၊ ခေါင်းမာသော လူတစ်ယောက် ဖြစ်သောကြောင့်လည်း လူဆိုများ ခြောက်လှန့်တိုင်း မကြောက်မလန့်ကြောင်း ပြလိုသော ဆန္ဒလည်း ရှိဘိ၏။ သို့ဖြစ်၍ မောင်ညွှန့်ဦးမှာ ဖခင်အား တိုက်တွန်း၍ မရနိုင်ဘဲ ရှိနေသည့်အတွက် အခက်အခဲ ကြုံတွေ့လျက် ရှိ၏။

မောင်ညွှန့်ဦးသည် လက်နှစ်ဖက်ကို နောက်သို့ပစ်လျက် စင်္ကြံလျှောက်နေစဉ်၊ ဦးထွန်းတင်၏ ဝင်းဘက်မှ ရုပ်ရည်ချောမောလှပသည့် စာရေးမကလေး ခင်စိန်ရီသည် စာရင်းစာအုပ်ကလေး တစ်အုပ်နှင့် ရုတ်တရက် ပေါ်ထွက်လာလေ၏။

ညွှန့်။ ။ 'သူများဖြင့် မျှော်လိုက်ရတာ ကြာလှပြီ ရီရီရယ်။ အခုမှပဲ ....'

ရီ။ ။ 'ကျွန်မနာမည် ခင်စိန်ရီတဲ့၊ ရီရီတွေ ဘာတွေနဲ့ မလုပ်ပါနဲ့လို့ ရှင့်ကို ပြောတာ ဘယ်နှခါ ရှိပြီလဲ။ မျှော်လိုက်ရတာ ကြာလှပြီဆိုတော့ ကျွန်မကပဲ အချိန်းအချက် ပေးထားသလိုလို။ ရှင့်ဘာသာရှင် မျှော်တာ ကျွန်မက လာခဲ့မယ်လို့များ ပြောထားဖူးလို့လား'

ညွှန့်။ ။ 'ပြောလိုက်မှဖြင့် ခွချည်းပဲ၊ ခင်စိန်ရီရယ် တစ်ခါတလေများ ....'

ရီ။ ။ '*တစ်ခါတလေလည်း ခွ၊ နှစ်ခါနှစ်လေလည်း ခွ၊ ဘယ်*တော့မဆို ခွချည်းပဲသာ မှတ်ထားလိုက်စမ်းပါ'

ညွှန့်။ ။ 'မဟုတ်ပါဘူး ရီရီရယ်'

ရီ။ ။ 'ခင်စိန်ရီ'

ညွှန့်။ ။ 'ခင်စိန်ရီရယ် ကျုပ်ကို ဘာကြောင့် ဒီလောက်တောင် ထန်ရတာလဲဗျာ'

ရီ။ ။ 'မထန်ရအောင် ရှင်က ဘာမို့လဲ။ သူတစ်ပါးလက်အောက်မှာ စာရေး စာချီ လုပ်စားရတဲ့ မိန်းကလေးဆိုတာ ရှင်တို့လို သူဌေးသားနှင့် တွေ့လျှင် ထန်နိုင် မာန်နိုင်မှ တော်ကာကျတယ်။ ဒါနဲ့တောင် ရှင်က ပြီတီတီ လုပ်နေတာ မတွေ့ဘူးလား'



www.burmeseclassic.com

www.burmeseclassic.com



ညွှန့်။ ။ 'မပြင့်ပါဘူးဗျာ၊ ကျွန်တော်က ခင်မင်တဲ့အတွက် ....'

ရီ။ ။ 'ရှင်က ခင်မင်ပေမဲ့ ကျွန်မက မခင်မင်ပါဘူး'

ညွှန့်။ ။ 'ပြောင်တောင်လှချည်ကလား ခင်စိန်ရီရယ်'

ရီ။ ။ 'ရှင်က ကျွန်မစိတ်ကို ယီးတီးယားတား အမိပ္ပာယ် ကောက်ပြီး အတွေးနဲ့ ဆွေးနေမှာစိုးလို့ ပြောင်ပြောင် ဖွင့်ပြောရခြင်း ဖြစ်ပါတယ်။ ကိုညွှန့်ဦး၊ ရှင်ဟာ ယောကျ်ားကလေး ဖြစ်သော်လည်း မိန်းကလေးများလို အိမ်ထဲမှာ ကုပ်နေပြီး လောကကြီးအကြောင်းကို ရှင် ဘာမှ နားမလည်ရှာဘူး။ ကျွန်မ အကြံပေးလိုတာက ဘာလဲဆိုတော့ ကျွန်မကို ခင်မင်တဲ့စိတ်ကို နှိပ်ကွပ်ပြီး ရှင်နဲ့ ဂုဏ်တူတန်းတူ မိန်းကလေးမျိုးကိုသာ ရှာပြီး ခင်မင်ပါလေ ကိုညွှန့်ဦး'

ထိုခဏ၌ ခင်စိန်ရီ၏ အလုပ်ရှင် ဦးထွန်းတင်သည် အိမ်ဝင်းထဲသို့ ဝင်အလာ၊ မိမိ၏ စာရေး ခင်စိန်ရီနှင့် မောင်ညွှန့်ဦးတို့ စကားပြောနေသော အခြင်းအရာကိုမြင်လိုက်သည်နှင့် မကျေနပ်သော အမူအရာနှင့် မျက်စောင်းထိုးကာ ကြည့်နေသေး၏။

တင်။ ။ 'ဘယ့်နှယ်လဲ ခင်စိန်ရီ၊ အိမ်ထဲမှာ အလုပ်မလုပ်ဘဲနဲ့ အပြင်ထွက်ပြီး စကားကောင်းနေရော့လား'

ဟု ငေါ့တော့တော့ ပြောလိုက်၏။

ဦးထွန်းတင်မှာ နှာခေါင်းချွန်းချွန်း၊ မေးချွန်းချွန်းနှင့် သုံးထောင့်ပုံသဏ္ဍာန်ရှိသော မျက်နှာမျိုး ရှိပေရာ၊ လောကကြီးတစ်ခုလုံးသည် လူလိမ်လူကောက်များ စုပေါင်းဖွဲ့စည်းထားခြင်းမျှသာ ဖြစ်သည်ဟု ထင်မြင်တတ်သော သဘောထားမျိုး ရှိသည်ဖြစ်၍ မည်သူ့ကိုမျှ အယုံအကြည် မရှိခဲ့ချေ။ ထိုသူသည် စပါးပွဲစားအလုပ်ဖြင့် ကြီးပွားလာခဲ့သူဖြစ်၍ အထူး အလုပ်ရှုပ်သော ရာသီတွင် ခင်စိန်ရီအား စာရင်းအင်းများ ရှင်းလင်း တွက်ချက်ရန် အတွက် ငှားရမ်းထားခဲ့ခြင်း ဖြစ်လေသည်။

ရီ။ ။ 'စာရင်းတွေ တွက်ပြီးလို့ အပြင်ခဏလောက် ထွက်နေတာပါ ဦးရဲ့'



www.burmeseclassic.com

www.burmeseclassic.com



တင်။ ။'တွက်ချက်ပြီးလို့ နားချင်ရင်လည်း အိမ်ထဲမှာ နေရော့ပေါ့၊ ဘယ်မှာလဲ တွက်ပြီးတဲ့ စာရင်းတွေ'

ရီ။ ။(စာရင်းစာအုပ်ကို ပေးအပ်ရင်း) 'ဟောဒီမှာ ဦးရဲ့ ....'

ဦးထွန်းတင်သည် စာရင်းစာအုပ်ကို လှမ်းယူစဉ် ခင်စိန်ရီနှင့် မောင်ညွန့်ဦးတို့အား မကျေနပ်သော မျက်နှာထားမျိုးနှင့် ကြည့်နေသေး၏။ ထိုနောက်မှ ....

တင်။ ။'ကောင်းပြီလေ၊ အိမ်ထဲ ဝင်ချေတော့။ ကဲ မောင်ညွန့်ဦး မောင့်အဖေနဲ့ ကျုပ် စကားပြောစရာ ရှိတယ်။ မောင်လည်း လိုက်ခဲ့ဦး၊ လာ'

ခင်စိန်ရီသည် အိမ်ထဲသို့ ဝင်သွား၍ မောင်ညွန့်ဦးနှင့် ဦးထွန်းတင်တို့သည် ဦးဘိုးအောင်၏ အိမ်ဘက်သို့ ကူးလာခဲ့ကြလေ၏။ လမ်းခရီးတွင်–

တင်။ ။'မိန်းကလေးမှာ အင်မတန် အလုပ်များပါတယ် မောင်ရယ်။ သူ့အလုပ်ပျက်အောင် မောင်က လာလာပြီး စကားပြောနေလို့ ဆော်မယ် မထင်ပါဘူး။ မောင့်အဖေကလည်း သိလျှင် ကြိုက်မှာ မဟုတ်ဘူး ထင်တယ်'

မောင်ညွန့်ဦးမှာမူ ခင်စိန်ရီအပေါ်၌ ဦးထွန်းတင်က အလုပ်ရှင်ပီပီ နိုင်လိုမင်းထက် ပြောလိုက်ခြင်းကို ဒေါပွလျက် ရှိသောကြောင့် ငေါက်ဆတ်ဆတ် ပြန်ပြောလိုက်မည် ပြုပြီးမှ စိတ်ကို ချုပ်ထားလိုက်၏။

တင်။ ။'ဒီလို မိန်းကလေးမျိုးဟာ အင်္ဂလိပ်စာကလေး တတ်လို့ ဘိုဆန်ပြီး ယောကျ်ားကလေးများနဲ့ တပူးပူး တတွဲတွဲ နေချင်တာလော့က် ရှိတယ်။ ဒီပဟာကို မောင်က .... အလို .... ဒီ ဝင်းထရံ ဘယ်သူ ဖောက်ထားသလဲ'

ညွန့်။ ။'ကျွန်တော် ဖောက်ထားတယ်၊ ဟိုဘက်ကို ကွေ့သွားရတာ ဝေးလွန်းလို့'

တင်။ ။'ဘယ့်နှယ်ကြောင့် ဖောက်နိုင်သလဲ'



www.burmeseclassic.com

www.burmeseclassic.com



ညွှန့်။ ။ 'ဦးနဲ့ ဘာဆိုင်သလဲ၊ ကျွန်တော်တို့ဘက်က ကာထားတဲ့ ဝင်းထရံမို့လို့ ကျွန်တော် ဖောက်တာပေါ့'

တင်။ ။ 'မဆိုင်ဘူးဆိုလည်း ဟုတ်တယ်၊ ဆိုင်တယ်ဆိုလည်း ဟုတ်တာပေါ့ မောင်ရယ်။ ဒီဘက်ဝင်းက ကျုပ် ပိုင်တာကိုး'

ညွှန့်။ ။ 'ဦး မကျေနပ်လျှင် ဦးဘက်က ဝင်းထရံ ထပ်ပြီး ကာထားပါတော့လား။ အလို ဘယ့်နှာကြီးပါလိမ့်....'

မောင်ညွှန့်ဦးမှာ တုန်လှုပ်သော အမူအရာနှင့် ရုတ်တရက် တန့်ရပ်လျက် ရှိလေ၏။ တုန်လှုပ်ရခြင်းအကြောင်းကား ဖခင် ဦးဘိုးအောင်၏ ခြံထောင့်ရှိ သရက်ပင်ကြီး တစ်ပင်တွင် ဆေးနီဖြင့် "ဝသုံးလုံး" တံဆိပ်ကြီး ရေးခြယ်ထားသည်ကို တွေ့ရပေရာ၊ ၎င်းမှာ ဝသုံးလုံး အသင်းကြီး၏ သတိပေးချက် ဖြစ်ပေသောကြောင့်တည်း။

အခန်း [၄]

## ဦးကျောက်ခဲ ရောက်လာခြင်း

မောင်ညွှန့်ဦးသည် သရက်ပင်၌ ရေးခြယ်ထားသော ဝသုံးလုံး အထိမ်း အမှတ်ကို တွေ့မြင်ရသောအခါ ဖခင်အတွက် ရိုးရိမ်ပူပန်သဖြင့် အရပ် လေးမျက်နှာတို့ကို လှမ်းမျှော်ကြည့်ရှုမိ၏။ ၎င်းအမှတ်အသားမှာ ယခင် မိမိလာစဉ်က မတွေ့ခဲ့ရသည့်အပြင် ဆေးမှာလည်း စိုစိုစက်စက်ပင် ရှိ သေးသောကြောင့်၊ မိမိနှင့် ခင်စိန်ရီတို့ စကားပြောနေသည့် အခိုက်အတန့် အတွင်း ရေးခြယ်ထားခဲ့ခြင်း ဖြစ်ကြောင်း ထင်ရှား၏။ မည်သူ ရေးခြယ် သည်ဖြစ်စေ ဝသုံးလုံးအသင်းသည် မည်သူ့ကိုမျှ ပမာန မထားဘဲ ရွှင်ရွှင် စားစား အလုပ် လုပ်တတ်သည် ဟူ၍လည်း မောင်ညွှန့်ဦး စဉ်းစားမိ၏။

မောင်ညွှန့်ဦးသည် အရပ်လေးမျက်နှာတို့ကို မျှော်ကြည့်နေ



www.burmeseclassic.com

www.burmeseclassic.com



သားရေအိတ်တစ်လုံးကို လက်ဆွဲလျက် ရောက်လာသော လူတစ်ယောက်ကို တွေ့သည်နှင့် မောင်ညွန့်ဦးက စုံစမ်းမေးမြန်းသေး၏။ ထိုလူက မိမိအမည်မှာ ဦးကျောက်ခဲ ဖြစ်ကြောင်း၊ ဦးဘိုးအောင်နှင့် အလုပ်ကိစ္စတစ်ခုရှိ၍ ရပ်ဝေးမှ လာခဲ့ရခြင်းဖြစ်ကြောင်း ပြန်ပြောလေရာ၊ နောက်ဆုံး၌ မောင်ညွန့်ဦးနှင့် ဦးထွန်းတင်တို့သည် ထိုလူကို ဦးဘိုးအောင်ထံသို့ ခေါ်သွားကြလေ၏။ ဦးထွန်းတင်ကမူ ထိုလူနှင့် ဦးဘိုးအောင်တို့ ဆောင်ရွက်ရန်ရှိသော အလုပ်တွင် မိမိလည်း အပါအဝင် ဖြစ်သည်ဟု ပြော၍၊ ဦးကျောက်ခဲကို မိမိကလည်း မျှော်လင့် စောင့်ဆိုင်းနေခဲ့ကြောင်းနှင့် ထောက်ခံပြောဆိုသေး၏။

လူသုံးယောက်တို့လည်း ဦးဘိုးအောင်၏ နေအိမ်သို့ လျှောက်လာကြ၍ ဝင်းပေါက်သို့ ဆိုက်ရောက်ကြသောအခါ၊ ဦးကျောက်ခဲသည် အပြင်းအထန် ထိတ်လန့်တုန်လှုပ်သွားဟန် လက္ခဏာနှင့် နောက်သို့ ခြေတစ်လှမ်း တွန့်ဆုတ်သွားသေး၏။ ၎င်းနောက် ဦးကျောက်ခဲအား ဦးဘိုးအောင်၏ အခန်းသို့ ခေါ်သွား၍ ၎င်းလာရောက်သည့် မြေအရောင်းအဝယ် ကိစ္စနှင့် ပတ်သက်၍ အလုပ်လုပ်ရန် စီမံကြသော်လည်း၊ ဦးကျောက်ခဲမှာ တုန်လှုပ်ခြင်း မပြေပျောက်တော့ဘဲ မျက်နှာ၌ သွေးလည်းမရှိ၊ လက်များလည်း တဆတ်ဆတ် တုန်လျက် ရှိနေလေတော့၏။ နောက်ဆုံး၌ ဦးဘိုးအောင်က ယခု အလုပ်လုပ်၍ မရလျှင် နောက်တစ်ကြိမ် လာရောက်ရန် အကြံပေးပြီးနောက် ဦးကျောက်ခဲကို ပြန်လွှတ်လိုက်ရာ ဦးကျောက်ခဲသည် မိမိ၏ သားရေအိတ်ကို လက်ဆွဲလျက် နေအိမ်မှ ခပ်သုတ်သုတ် ထွက်သွားလေ၏။ ဦးထွန်းတင်မှာ မိမိ၏ အချိန်ကို အလဟဿ ဖြုန်းတီးပစ်သည်ဟု ဦးကျောက်ခဲ အပေါ်၌ မကျေမချမ်းနှင့် ရေရွတ်လျက် ၎င်း၏နေအိမ်ဘက်သို့ ကူးသွားလေ၏။

*

ထိုအတောအတွင်း၌ မောင်ညွန့်ဦးသည် ဥယျာဉ်ထဲတွင် ကြိမ်ကုလားထိုင် တစ်လုံးပေါ်၌ ထိုင်လျက်ရှိသော စုံထောက် ကိုသောင်းတန် ရှိရာသို့ လျှောက်



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့လေရာ၊ ကိုသောင်းတန်သည် မောင်ညွန့်ဦး၏ မျက်နှာကို မြင်သည်နှင့်....

တန်။ ။ 'ခုနင်က ဝင်လာတဲ့လူဟာ ဘာကိုမြင်လို့ ဒီလောက် လန့်သွားရသလဲလို့ စိတ်ကူးရင်း လာခဲ့တယ် မဟုတ်လား'

ညွန့်။ ။ 'ဟုတ်တယ်ခင်ဗျာ၊ ဟိုလူ လန့်လိုက်ပုံတော့ အသားကို ဆတ်ဆတ် တုန်နေတော့တာပဲ။ ဘာကြောင့်ပါလိမ့် ခင်ဗျာ'

တန်။ ။ 'အနီးကလူ မဆိုထားနဲ့တော့၊ အဝေးကြီးက လှမ်းကြည့်နေတဲ့ ကျုပ်တောင် သူ လန့်ပုံကို သတိပြုလိုက်မိသေးတယ်။ တစ်ခုခု မြင်လိုက်လို့ လန့်တာ ဧကန်ပဲ၊ ဒီလူက ဘာကိစ္စ လာတာတဲ့လဲ'

ညွန့်။ ။ 'ဖေဖေတို့၊ ဦးထွန်းတင်တို့နဲ့ မြေအရောင်းအဝယ်ကိစ္စ ရှိလို့ ဆိုထင်ပါရဲ့ ခင်ဗျာ။ ဒါထက် ခြံထောင့်မှာ ဝသုံးလုံး အမှတ်တံဆိပ် တွေ့ခဲ့ရပြန်ပြီ ခင်ဗျ၊ လတ်လတ်ဆတ်ဆတ်ကြီးပဲ။ ခုမနက် ရေးခဲ့တာနဲ့ တူတယ်။ ဘယ်လိုများ အဓိပ္ပာယ် ကောက်ပါသလဲ ဦးသောင်းတန်'

တန်။ ။ 'ကျုပ်ကို မေးလျှင်တော့ မြန်မြန်ပေးလိုက်ဖို့ တိုက်တွန်းချင်တာပဲ၊ ကိုယ်မကျေနပ်လျှင် နောက်မှ ပြန်ရအောင် ,တဖြည်းဖြည်း စီမံတာပေါ့ဗျာ။ သူတို့တောင်းတာပေးပြီး အရှင်လတ်လတ်နဲ့ အလုပ်လုပ်ရတဲ့ နည်းဟာက လူသေပြီးမှ ပေါ်အောင် လိုက်တဲ့နည်းထက် မကောင်းပေဘူးလားဗျာ'

ညွန့်။ ။ 'ကျွန်တော်လည်း ဒီလိုပဲ သဘောရလို့ ဖေဖေ့ကို တိုက်တွန်းတာပဲ။ ဖေဖေက တယ်ပြီး ခေါင်းမာတယ်ခင်ဗျ၊ ခက်တာပဲ'

၎င်းနောက် မောင်ညွန့်ဦးသည် ကိုသောင်းတန်ကို ဧည့်ခန်းထဲတွင် ထားခဲ့၍ ဖခင် ဦးဘိုးအောင်အား ထပ်မံ တိုက်တွန်းဦးမည် အကြံနှင့် အိမ်ထဲသို့ ဝင်လာခဲ့လေ၏။

ဦးကျောက်ခဲမှာမူ အလွန်ထူးဆန်းသော အပြုအမူတစ်ခုကို ပြုလုပ်ခဲ့၏။ သားရေအိတ်ကို လက်ဆွဲကာ ဦးဘိုးအောင်၏ နေအိမ်မှ ထွက်လာခဲ့ပြီးနောက် ဦးကျောက်ခဲသည် ပြည်မြို့ဘက်သို့သွားသော ဘတ်စ်ကား



www.burmeseclassic.com

www.burmeseclassic.com



တစ်စီးပေါ်သို့ တက်၍ လိုက်ပါသွားပြီးမှ၊ လမ်းတစ်ဝက်တွင် ဘတ်စ်ကားမှ ဆင်းပြီးလျှင် တောထဲတွင် မြှုပ်ထားသော ခြောက်လုံးပြူးတစ်လက်ကို တူးဖော်လေ၏။ ၎င်းနောက် ဦးကျောက်ခဲသည် သေနတ်ကို မိမိ၏ အဝတ်များအတွင်း လျှို့ဝှက်စွာ သွတ်သွင်း၍ ရန်ကုန်ဘက်သို့သွားသော ဘတ်စ်ကားတစ်စီးဖြင့် လိုက်လာပြီးလျှင် ဦးဘိုးအောင်၏ နေအိမ်နှင့် မနီးမဝေးတွင် ကားပေါ်မှ ဆင်းပြန်လေ၏။ ၎င်းနေ့ မိုးချုပ်ချိန် နီးလတ်သော် ဦးကျောက်ခဲသည် ဦးဘိုးအောင်၏ ဝင်းခြံထောင့်အနီးတွင် သေနတ် တကိုင်ကိုင်နှင့် လျှို့ဝှက်စွာ ချောင်းမြောင်းစောင့်ဆိုင်းနေလေ၏။

## အခန်း [၅]
## ဦးဘိုးအောင် ဓာတ်သိမ်းခြင်း

နောက်တစ်နေ့နံနက်၌ ဦးဘိုးအောင် သားအဖနှင့် ကိုသောင်းတန်တို့သည် နေအိမ်ရှေ့တွင်ရပ်လျက် ဦးဘိုးအောင်သည် ဦးကျောက်ခဲ ပေါ်လာနိုးနိုးနှင့် မျှော်လင့်ကာ၊ ယမန်နေ့က အဖြစ်အပျက်အကြောင်းကို ညည်းတွားပြောဆိုလျက် ရှိလေ၏။ အတန်ကြာလတ်သော် ဦးဘိုးအောင်သည် အိမ်တွင်းသို့ဝင်သွား၍ လမ်းလျှောက်တုတ်တစ်ချောင်း ယူခဲ့ပြီးလျှင် အိမ်ပေါ်မှ ဆင်းသွားမည် ပြုလေရာ၊ ကိုသောင်းတန်နှင့် မောင်ညွန့်ဦးတို့က တားဆီးထားကြလေ၏။

တန်။ ။ 'တောင်းပန်ပါရစေဦး ခင်ဗျာ၊ ဒီတစ်ရက် နှစ်ရက်အတွင်းမှာ အထူးသတိဝီရိယနဲ့ သွားလာဖို့ ကျွန်တော် သတိပေးပါရစေ'

ညွန့်။ ။ 'ဟုတ်သားပဲ.... ဖေဖေရယ်၊ အိမ်ပြင်ကိုထွက်လို့ မတော်သေးပါဘူး၊ သည်းခံလိုက်ပါဦး ဖေဖေ'

အောင်။ ။ 'အေးလကွယ် .... မင်းတို့ ဒီလောက်လောင်ငြောကြ



www.burmeseclassic.com

www.burmeseclassic.com



ရင် ဝင်းပြင်ရောက်အောင် ငါ မထွက်ပါဘူး။ ဝင်းထဲတွင် ငါ လမ်းလျှောက် စမ်းပါရစေဦး'

ငှင်းနောက် ဦးဘိုးအောင်သည် လမ်းလျှောက်တုတ်ကို ဝင့်လျက် ခြံနောက်ဆီသို့ လျှောက်သွားလေရာ၊ သားနှင့် စုံထောက်တို့လည်း ရပ်ကြည့်နေရစ်ကြလေ၏။

ညွှန့်။ ။'ဖေဖေ့အတွက် တကယ်စိုးရိမ်ရတယ်လို့ ခင်ဗျား ထင်သလား'

တန်။ ။'တစ်ရက် နှစ်ရက်အတွင်းမှာ အပဟုတ် စိုးရိမ်ရတယ်ဗျ'

ညွှန့်။ ။'ဖေဖေကတော့ လုံးလုံး အရေးလုပ်ပုံ မရဘူး'

တန်။ ။'ခင်ဗျားဖေဖေက ဝသုံးလုံးအသင်း အကြောင်းကို ကျုပ်လောက် ကောင်းကောင်း မသိရှာဘူးဗျ။ ဒါထက် အင်စပက်တော် ဦးလူတော်နဲ့ ခင်ဗျားတို့ တွေ့ပြီးပြီ ဟုတ်လား၊ ဦးလူတော်ကလည်း စိုးရိမ်ရတယ်လို့ ပြောတယ်ဆို'

ညွှန့်။ ။'ဦးလူတော်နဲ့ ခင်ဗျား သိသလား၊ အစိုးရဘက် စုံထောက်တွေက ခင်ဗျားတို့လို အပြင်စုံထောက်တွေကို အသိအမှတ် မပြုဘူးဆို'

တန်။ ။'ပြုတဲ့လူလည်း ပြု၊ မပြုတဲ့လူလည်း မပြုဘူးပေါ့လေဗျာ။ သို့ပေမဲ့ ဦးလူတော်တစ်ယောက်ကတော့ တော်ပါတယ်၊ လူက နှေးကွေးတော့ နှေးကွေးတယ်၊ နို့ပေမဲ့ တယ်ပြီး စေ့စပ်တဲ့လူဗျ။ ဒါနဲ့တောင် နောက်ဆုံး ဝသုံးလုံးအသင်း အမှုတစ်ခုနဲ့ ပတ်သက်ပြီး အထက်လူကြီးများက သူ့ကို တော်တော်ကြိမ်းလိုက်သတဲ့။ ဒီအသင်းကို အမြစ်ပါလှန်ပြီး ပေါ်အောင် လုပ်နိုင်လျှင် လုပ်၊ မလုပ်နိုင်လျှင် သူ့ကို ရာထူးဖြုတ်ပစ်မယ် ဆိုပါကလား'

ညွှန့်။ ။'အစိုးရစုံထောက်ဘက်မှာ အလုပ် လုပ်ရတာ တယ်ပြီး ကျပ်ပါကလား၊ ဆယ်မှုပေါ်အောင် လိုက်ထားပေမဲ့ တစ်မှု နေရာမကျလျှင် ဆော်ချင်တာလောက် ရှိတာကိုး'

တန်။ ။'အစိုးရဘက်တွင် မဟုတ်ပါဘူး၊ ကျုပ်တို့ အပြင်စုံထောက်



www.burmeseclassic.com

www.burmeseclassic.com



များမှာလည်း နေရာမကျလျှင် အမှုသည်က ဆော်တာပါပဲဗျ။ သူတို့မှာတော့ တစ်ဆရာတည်း အလုပ်လုပ်ရလို့ တစ်ကြောင်း မထောက် တစ်ကြောင်း ထောက် ဆိုတာလို သက်သာရာ ရလိမ့်ဦးမယ်။ ကျုပ်တို့ကမှ သာပြီး ခက် သေးတယ်။ ဟိုအမှုမှာ နေရာကျတဲ့အတွက် ဒီအမှုက အမှုသည်က ကျုပ် တို့ကို ညှာမှာ မဟုတ်ဘူး။ ဟော.... ဘာသံလဲ.... နားထောင်စမ်းဗျို့'

ထိုခဏ၌ အိမ်နောက်ဆီမှ သေနတ်သံတစ်ချက် ကြားလိုက်ကြလေ ရာ မောင်ညွန့်ဦးက 'အကျိုးနည်းကုန်ပြီ ထင်တယ်ဗျို့ ....' ဟု ပြောကာ အိမ်ပေါ်မှ ခုန်ဆင်းပြေးသည်နှင့် ကိုသောင်းတန်လည်း နောက်မှ ပြေးလိုက် သွားလေ၏။

ခြံထောင့်သို့ ရောက်ကြသောအခါ မောင်ညွန့်ဦးသည် မြေကြီးပေါ် တွင် မှောက်လျက်လဲနေသော ဦးဘိုးအောင်ကို ပွေ့ယူကြည့်ရှုလေရာ၊ ဦးဘိုး အောင်မှာ ရင်ဘတ်တွင် သေနတ်မှန်သော ဒဏ်ရာနှင့် အသက်ကုန်လျက် ရှိနှင့်လေပြီ။

၎င်းခြံနှင့် ဆက်စပ်လျက်ရှိသော ဦးထွန်းတင်၏ ခြံအတွင်း၌ကား စာရေးမကလေး ခင်စိန်ရီသည် ခြောက်လုံးပြူး သေနတ်တစ်လက်ကို ဇှက်ပျောရုံကြီး တစ်ရုံအတွင်း၌ ဇှက်ထားခဲ့ပြီးလျှင်၊ တောင်မြောက်လေးပါး တို့ကို ကြည့်ရှုပြီးမှ အိမ်ထဲသို့ သုတ်ခြေတင်၍ ဝင်ပြေးလေ၏။

## အခန်း [၆]
## ခင်စိန်ရီသည် သူခိုးလော

စုံထောက်မင်းကြီး၏ ရုံးခန်းအတွင်း၌ မင်းကြီးသည် သတင်းစာတစ်စောင် ကို ဖတ်ပြလျက်ရှိရာ အင်စပက်တော် ဦးလှတော်သည် ညိုးငယ်သော မျက်နှာ နှင့် စားပွဲအနီးမှ ရပ်လျက် နားထောင်နေလေ၏။ သတင်းစာတွင် ရေးသား ပါရှိသည်ကား ....



www.burmeseclassic.com

www.burmeseclassic.com



"ဝသုံးလုံးအသင်း၏ လက်ချက်ကြောင့် တစ်လအတွင်း လူကြီးလူကောင်းများ အသက်ဆုံးရှုံးကြရခြင်းမှာ ယခုအကြိမ်သည် ဒုတိယအကြိမ်ဖြစ်ကြောင်း၊ ဗြိတိသျှအစိုးရ လက်ထက်၌ ရန်ကုန်မြို့ကဲ့သို့ အရာရှိကြီးပေါင်းစုံသော မြို့ကြီးတစ်မြို့အတွင်း ဤလူဆိုး အသင်းကြီးမျိုး သောင်းကျန်း နေနိုင်ခြင်းမှာ ယုံကြည်နိုင်ဖွယ်ရာ မရှိသလောက် ဖြစ်နေကြောင်း၊ ဤအသင်းကြီးကို စုံထောက်အင်စပက်တော် ဦးလူတော်ကိုယ်တိုင် ခြေရာခံလျက်ရှိသည်ဟု ကြားသိရသော်လည်း အမှုဟောင်းများ မပေါ်ပေါက်သည့်ပြင် အမှုသစ်များသာလျှင် ထပ်မံဖြစ်ပွားလျက် ရှိကြောင်း၊ ဤနည်းအတိုင်းသာ ဆက်လက်ဖြစ်ပွားနေမည် ဆိုပါလျှင် အခွန်တော် ထမ်းဆောင်ကြရသော မြို့သူမြို့သားများ ကျေနပ်နိုင်ဖွယ်ရာ မရှိသောကြောင့် ပုလိပ်ဌာနဘက်၌ အမြစ်ပါလှန်၍ ပြောင်းလဲပစ်နိုင်အောင် ဆိုင်ရာတို့က အရေးယူစီမံလိမ့်မည်ဟု မျှော်လင့်ယုံကြည်ဖွယ် ရှိပေကြောင်း"

မင်းကြီး။ ။'ဘယ့်နှယ်လဲ မောင်မင်း' ဟု မေးရာ ဦးလူတော်လည်း မည်သို့မျှ ပြန်မပြောတတ်သည်နှင့် ဦးခေါင်းငုံ့လျက် ရပ်နေလေ၏။

မင်းကြီး။ ။'ဦးဘိုးအောင်ကို ငွေညှစ်တဲ့အကြောင်း ကျွန်ုပ်တို့သိလျက်နဲ့ ယခု အသတ်ခံရပြီ။ ဒီအတိုင်းဆိုလျှင် ပုလိပ်ဘက်နဲ့ စုံထောက်ဘက်ကို ပြည်သူပြည်သားက ဘာအားကိုးစရာ ရှိတော့သလဲ။ သတင်းစာက အကြံပေးတဲ့အတိုင်း လူတွေအဲ့ားလုံး လဲပစ်ရလိမ့်မယ် ထင်တယ်'

တော်။ ။'ကျွန်တော်မျိုး ကြိုးစားပါရစေဦး'

မင်းကြီး။ ။'ကြိုးစားမယ်၊ ကြိုးစားမယ်၊ ဘာကြိုးစားမယ်လဲ။ လွန်ခဲ့တဲ့ အမှုတစ်ခုမှာ မောင်သောင်းတန် နာမည်ရတယ်။ မောင်မင်းဘာမှ မတတ်နိုင်ဘူး။ ဒီအမှုမှာ မောင်သောင်းတန် ဘာပြောသလဲ'

တော်။ ။'အသားမည်းမည်း သွားနာနေတဲ့ တရားခံက သတ်တယ်လို့ ပြောပါတယ်'

မင်းကြီး။ ။'ဒီဟာ ဘယ့်နှယ် သိသလဲ'



www.burmeseclassic.com

www.burmeseclassic.com



တော်။ ။ 'အလောင်းအနီးမှာ ယမ်းတောင့် အလွတ်တစ်ခုတွေ့လို့ ယမ်းတောင့်ကို ကြည့်ပြီး သူပြောပါတယ်။ ယုတ္တိ ဘာမှမရှိပါ'

မင်းကြီး။ ။ 'ယုတ္တိ မရှိဘူး၊ မရှိဘူး မောင်မင်း ပြောတယ်။ တော်တော်ကြာတော့ သူက နေရာကျပြီး မောင်မင်း နောက်က နေရစ်တယ်'

တော်။ ။ 'မှန်လှပါ၊ ယမ်းတောင့်ကို ကြည့်ပြီး တရားခံဟာ ဘယ်လိုလူပဲလို့ ပြောနိုင်တာကို အရှင်ဘုရား ယုံကြည်ပါသလား'

မင်းကြီး။ ။ 'ကျွန်ုပ် ယုံတာ မယုံတာ အရေးမကြီးဘူး။ တရားခံ ပေါ်အောင် စုံထောက်နိုင်လျှင် ကျွန်ုပ် ကျေနပ်တယ်'

တော်။ ။ 'ဦးဘိုးအောင် အသတ်ခံရစဉ်က အနားမှာ ကိုသောင်းတန် ကိုယ်တိုင် ရှိပါတယ်။ သူလည်း တရားခံကို မိအောင် မဖမ်းနိုင်ပါဘူး'

မင်းကြီး။ ။ 'မောင်မင်းလည်း မဖမ်းနိုင်ဘူး၊ မောင်မင်းကို အထူး အခွင့်အရေးများ ပေးပါဆိုလို့ မောင်မင်းတောင်းသမျှ ကျွန်ုပ် စီမံပေးခဲ့တယ်။ ယခုအထိ အချည်းနှီး ဖြစ်နေပြီ မဟုတ်လား'

တော်။ ။ 'အချည်းနှီး မဟုတ်ရပါ၊ ဝသုံးလုံး အသင်းသားများကို တစ်ယောက်စီ တစ်ယောက်စီ မိအောင် ကျွန်တော်မျိုး တတ်နိုင်ပါတယ်။ သို့သော် ကျွန်တော်မျိုးကို အချိန်ပေးတော်မူပါ။ ယခုဖမ်းလိုက်လျှင် အသင်းသား တချို့ကို ကျွန်တော်မျိုး မိနိုင်ပါတယ်။ သို့သော် ငယ်သားတွေကို မလိုချင်၊ ဆရာကြီး လုပ်တဲ့လူကို ကျွန်တော်မျိုး လိုချင်တဲ့အတွက် ဒီလောက် သွယ်ဝိုက်ပြီး ချောင်းနေရခြင်း ဖြစ်ပါတယ်။ ဆရာကြီးလုပ်တဲ့ လူကို ဖမ်းဆီးရေးအတွက် ယခုလောက်မက အခွင့်အရေးများ ကျွန်တော်မျိုးကို ပေးထားဖို့ တောင်းခံလိုပါတယ်'

မင်းကြီး။ ။ 'ဘယ်လို အခွင့်အရေးမျိုး မောင်မင်း လိုချင်သေးသလဲ'

ထိုအခါ ဦးလူတော်သည် မင်းကြီးအနီးသို့ ချဉ်းကပ်၍ မိမိလိုအပ်သော အခွင့်အရေးများကို ရှင်းလင်း ပြောပြလေရာ၊ စုံထောက်မင်းကြီးမှာ



www.burmeseclassic.com

www.burmeseclassic.com



ဦးလူတော် ထွက်သွားပြီးသည့်နောက်၌ပင် စဉ်းစားလျက် ကျန်နေရစ်လေ၏။

မင်းကြီးရုံးမှ ဆင်းလာပြီးနောက် အင်စပက်တော် ဦးလူတော်သည် ဘရွတ်ကင်းလမ်း(ဘိုကလေးဈေးလမ်း) ရှိ စုံထောက် ကိုသောင်းတန်၏ အလုပ်တိုက်ခန်းသို့ ဝင်သွားလေရာ၊ ကိုသောင်းတန်နှင့် အဆင်သင့်ပင် တွေ့ဆုံကြလေ၏။ ဦးလူတော်နှင့် စုံထောက် ကိုသောင်းတန်တို့သည် စားပွဲ၌ မျက်နှာချင်းဆိုင်ထိုင်လျက် ရှိကြစဉ်၊ ၎င်းတို့နှစ်ယောက်၏ ရုပ်လက္ခဏာမှာ လွန်စွာခြားနားခြင်း ရှိပေတော့၏။

ကိုသောင်းတန်မှာ ပိန်ပိန်ပါးပါး၊ အရပ် ခပ်မားမားနှင့် ဖျတ်လတ်သော ကိုယ်ဟန်အမူအရာ ရှိပေရာ၊ ဦးလူတော်မှာမူ ပုပုဝဝ ကွတတနှင့် မျက်နှာခပ်ပြုံးပြုံး၊ မျက်လုံးခပ်မှေးမှေး ရှိနေသောကြောင့် စုံထောက်ဂိုက်မျိုး လုံးလုံးပင် မရှိချေ။ လူပုံပန်းကို မြင်လိုက်ရရုံမျှနှင့်ပင် လူ ၁၀၀ လျှင် ၉၉ ယောက်သော သူတို့သည် ကိုသောင်းတန်ကိုသာ မိမိတို့အမှုအတွက် ငှားရမ်းမည်ဖြစ်ရာ၊ ဦးလူတော်ကိုမူကား ဖောက်ကားရောင်းဝယ်သော ကုန်သည်ပွဲစားတစ်ယောက် ဟူ၍သာ မှတ်ယူကြမည် ဖြစ်၏။ တစ်စုံတစ်ယောက်သော သူက ဦးလူတော်အား စုံထောက်အင်စပက်တော် ဖြစ်သည်ဟု ပြောခဲ့လျှင် ကြားရသောလူတို့မှာ သရော်ပြက်ချော် ပြောဆိုခြင်းမျှသာ ဖြစ်သည်ဟု ပြုံးရယ်ကြမည်သာ ဖြစ်ပေ၏။

တန်။ ။ 'ဘယ့်နှယ်လဲ၊ စုံထောက်မင်းကြီးနဲ့ တွေ့ခဲ့ပြီလားဗျ'

တော်။ ။ 'တွေ့ခဲ့ပြီကောလေ၊ ကျုပ်ကိုတော့ ကောင်းကောင်းကြီး ကြိမ်းလွှတ်လိုက်တာပဲ။ ဒါထက် ခင်ဗျားကော ဘာများ နောက်ထပ် တွေ့ထားသေးသလဲ'

တန်။ ။ 'သွားတာနဲ့ တရားခံကို ခြေရာခံမိပြီကောဗျာ၊ မောင်မည်က ဘိုးအံ့တဲ့၊ ဦးဘိုးအောင်ရဲ့ အိမ်နားမှာ ရစ်သီရစ်သီ လုပ်နေတာကို မြင်တဲ့ လူများက မြင်ကြရတယ်။ မနေ့က မူးယစ်မှုနဲ့ သူ့ကို ဖမ်းချုပ်တော့



www.burmeseclassic.com

www.burmeseclassic.com



သူ့ခါးထဲမှာ ခြောက်လုံးပြူးတစ်လက် တွေ့ရတယ်။ ဦးဘိုးအောင်ကို ပစ်တဲ့ သေနတ်နဲ့ပဲ တူတယ်'

ထိုအခါ ဦးလူတော်မှာ အလွန်အံ့ဩသော မျက်နှာထားနှင့် ကိုသောင်းတန်အား ငေးကြည့်နေလေ၏။

တော်။ ။'ခင်ဗျား ဘယ့်နှယ်လုပ်ပြီး ဒါတွေကို သိနိုင်သလဲ'

တန်။ ။(ပြုံးရယ်လျက်)'ခင်ဗျားက ကျုပ် စုံထောက်ပုံနည်းလမ်းကို အယုံအကြည် မရှိဘူးပေါ့လေ။ ကျုပ်မှာတော့ ယမ်းတောင့်အလွတ်ကို ကိုင်ကြည့်လိုက်ကတည်းက ခင်ဗျားမျက်နှာကို ကျုပ် ယခုမြင်နေရသလို တရားခံရဲ့ မျက်နှာကို စိတ်ထဲမှာ ထင်မြင်လာတယ်။ ဒါနဲ့ ကျုပ်တပည့်တစ်ယောက်ကို လွှတ်ပြီး ခြေရာကောက်ခိုင်းလိုက်တော့ ယခု ကျုပ် ပြောပြတဲ့ အချက်တွေကို သိရှိရတယ်'

တော်။ ။'ဒါဖြင့် ခင်ဗျားက တရားခံကို တွေ့ထားပြီပေါ့လေ၊ ဒီလိုဆိုလျှင် ဒီစာဟာ သူရေးတဲ့စာ ဖြစ်မှာပေါ့'

ဦးလူတော်သည် အိတ်ထဲမှ မှတ်စုစာအုပ်ငယ်ကို ထုတ်၍ စာအုပ်ကြားတွင် ညှပ်ထားသော စက္ကူစုတ်တစ်ရွက်ကို ထုတ်ပြလေရာ၊ ၎င်းအပေါ်တွင် အောက်ပါအက္ခရာများ ရေးသားပါရှိလေ၏။

**ကျုပ်အထဲ မရှုပ်**

**ခင်ဗျားအထဲ မရှုပ်**

**ညနေ၊ ၄ နာရီ အချိန်**

ကိုသောင်းတန်သည် စက္ကူစုတ်ကို မှန်ဘီလူးနှင့် သေချာစွာ ကြည့်ရှုပြီးနောက် ....

တန်။ ။'ဒီဟာကို ခင်ဗျား ဘယ်နေရာမှာ တွေ့သလဲ'

တော်။ ။'ဦးဘိုးအောင်ရဲ့ အခန်းထဲမှာ ဝင်ရှာလို့ ကျုပ် တွေ့ခဲ့တယ်'

တန်။ ။(စက္ကူကို လက်ဖြင့် ဆ ကြည့်ပြီးနောက်)'မှီးရှို့ထားတဲ့



www.burmeseclassic.com

www.burmeseclassic.com



စက္ကူ ဖြစ်လေတော့ အဌေ့အသက်တွေ မီးထဲပါသွားကုန်လို့ စိတ်ခတ်ရိုက်လို့တောင် မရနိုင်တော့ပါဘူးဗျာ။ ဘာမှ မထင်မြင်နိုင်တော့ဘူးဗျို့’

ထို့နောက် ဦးလူတော်လည်း စက္ကူစုတ်ကို ပြန်သိမ်းထားလိုက်လေ၏။

တော်။ ။ ‘ဒီပြင်တစ်ချက် ကျုပ် တွေ့ထားတာ ရှိသေးတယ်။ နောက်ပိတ် ဖိနပ်ဦးချွန်း စီးပြီး ဆေးပြင်းလိပ်သောက်တဲ့ လူတစ်ယောက် ယောက် ခြံထောင့်မှာ ထိုင်ပြီး စောင့်နေဟန်တူတယ်။ ခြေရာရော၊ ဆေးပြင်းလိပ် ပြာရော ကျုပ် တွေ့လာခဲ့တယ်’

တန်။ ။ ‘ခင်ဗျားက ဘယ်လို အဓိပ္ပာယ်ကောက်ယူသလဲ’

တော်။ ။ ‘ကျုပ်အထင်တော့ တစ်ယောက်ယောက်က ဦးဘိုးအောင်ကို သတိပေးချင်လို့ စာရေးယူလာခဲ့ပြီး မိုးချုပ်အချိန်မှာ ခြံထောင့်ကို လာတယ်။ ဦးဘိုးအောင်က စာကို ရလေတော့ ဖတ်ကြည့်ပြီး မီးရှို့ပစ်တာ။ ဘယ့်နှယ်လဲ’

တန်။ ။ ‘မရှိုင်းလှပါဘူးဗျာ၊ ဒါထက်....’

ထိုခဏ၌ ဦးဘိုးအောင်၏သား မောင်ညွှန့်ဦးသည် အခန်းတွင်းသို့ ဝင်လာလေ၏။ မောင်ညွှန့်ဦးက သတင်းထူးများ ရှိပါသေးသလောဟု မေးသောအခါ ကိုသောင်းတန်သည် ဘိုးအုံအမည်ရှိ တရားခံကို ဖမ်းမိထားသည့် အကြောင်း ပြောပြလေ၏။ ၎င်းနောက် ....

တန်။ ။ ‘တရားခံကို မိပေမဲ့ တယ်ပြီး မမျှော်လင့်နဲ့ဦးနော်။ အကယ်၍ သူ သတ်စေကာမူ ကျုပ်အထင်တော့ ဆရာကြီး မဟုတ်သေးဘူးဗျ၊ ခိုင်းလို့ လုပ်တဲ့လူနဲ့ပဲ တူတယ်။ ကျုပ်တို့ လိုချင်တာက ငွေရလို့ သတ်ပေးတဲ့ ကြေးတမ်းစားလူဆိုးကို လိုချင်တာ မဟုတ်ဘူး၊ ဆရာကြီးလုပ်ပြီး စီမံနေတဲ့ ဝသုံးလုံးအသင်း ဘိုကြီးဆီကို ရောက်အောင် လိုက်ချင်ကြတာကိုး’

ညွှန့်။ ။ ‘ဟုတ်ပါရဲ့ခင်ဗျာ၊ ဘိုလုပ်ပြီး စီမံနေတဲ့သူကို မိမှ ဖြစ်ရှာလည်း အေးချမ်းမယ်၊ ကျွန်တော်လည်း စိတ်ကျေနပ်နိုင်မယ်။ အခွင့်



www.burmeseclassic.com

www.burmeseclassic.com



ရှိသမျှ ကြီးစားပါဦး ခင်ဗျာ၊ ငွေရေးကြေးရေး အတွက်တော့ ကျွန်တော်က လုံးဝ တာဝန်ခံပါတယ်'

တန်။ ။ 'စိတ်သာချပါ၊ ကျုပ်တို့နှစ်ယောက် စုံထောက်လိုက်ရလျှင် ခင်ဗျားလူ တစ်နေ့တော့ ဧကန် ပေါ်ပေါက်ရမှာပါပဲ'

၎င်းနောက် လူသုံးယောက်တို့သည် ကိုသောင်းတန်၏ အလုပ်ရုံးခန်းမှ ဆင်းလာခဲ့ကြ၍ ဒါလဟိုဇီလမ်း (မဟာဗန္ဓုလလမ်း) ဘက်သို့ လျှောက်လာကြရာ စပတ်လမ်း (ဗိုလ်အောင်ကျော်လမ်း) ထောင့်သို့ ရောက်သောအခါ၊ မိန်းကလေးတစ်ယောက်သည် အပေါင်ဆိုင်ထဲမှ ရုတ်တရက် ထွက်လာသည်ကို မြင်လိုက်ကြရလေ၏။ ထိုအခါ ဦးလူတော်က ....

တော်။ ။'အလို ဒီနေရာမှာ လာပြီး တွေ့နေရပြန်ပါပြီကော။ ဒီမိန်းမကို ကျုပ် မျက်ခြည်ပြတ်နေတာ နှစ်နှစ်လောက် ရှိသွားပြီ'

ညွန့်။ ။(အံ့သြသော အမူအရာနှင့်) 'ဘယ်မိန်းမကို ပြောတာလဲ ခင်ဗျာ'

တော်။ ။ 'အပေါင်ဆိုင်ထဲက ထွက်လာတဲ့ ခင်စိန်ရီကို ပြောတာပေါ့။ ဒီမိန်းကလေးဟာ လူပုံကလေးက သနားရုပ်ပနဲ့၊ လူဆိုးတွေနဲ့ ပေါင်းနေတဲ့ မိန်းကလေးပေါ့'

ထိုအခါ ခင်စိန်ရီအား ကျိတ်ပိုး ပိုးလျက်ရှိသော မောင်ညွန့်ဦးမှာ မျက်စိမျက်နှာ ပျက်လျက် ဦးလူတော်အား ငေးကြည့်နေလေ၏။

## အခန်း [၇]
## ခိုးရာပါပစ္စည်း တွေ့ရှိခြင်း

လူသုံးယောက်တို့သည် ခင်စိန်ရီအား ငေးကြည့်နေကြစဉ် ခင်စိန်ရီသည် ... အပါး၌ လန်ချားများ ရှိသော်လည်း မစီးဘဲ၊ မြင်းရထား တစ်စီးကို ... ခေါ်ပြီးလျှင် အနောက်အရပ်သို့ မောင်းနှင်သွားလေ၏။ နောက် တစ်



www.burmeseclassic.com

www.burmeseclassic.com



ခဏာ၌ ဦးလူတော်သည် အပေါင်ဆိုင်ထဲသို့ ဝင်သွားလေရာ ကိုသောင်းတန်နှင့် မောင်ညွန့်ဦးတို့လည်း နောက်မှ လိုက်ပါသွားကြလေ၏။

အပေါင်ဆိုင်တွင်းသို့ ရောက်ကြသောအခါ ဦးလူတော်သည် တရုတ်ကို ခေါ်၍ ယခင်က ထွက်သွားသော မိန်းကလေး ပေါင်နှံထားခဲ့သည့် ပစ္စည်းစာရင်းကို တောင်းယူကြည့်ရှုရာ ....

ရွှေဆင်းတုတော်ကလေး တစ်ဆူကို ငွေ ၃၀ နှင့် ပေါင်နှံထားခဲ့ကြောင်း တွေ့ရှိရလေ၏။

တရုတ်။ ။ 'ကျွန်တော်က ငွေ ၁၀၀ ကျပ် လိုချင်လျှင် ရနိုင်တယ် ပြောတယ်။ သူက ငွေသုံးဆယ် တော်ပြီဆိုပြီး ယူသွားတယ်'

တော်။ ။ 'နေရပ်ကော ဘယ်လို ပေးထားသလဲ'

တရုတ်။ ။ 'ပြည်လမ်း၊ အိမ်နံပါတ် ၄၀၉ တဲ့'

တန်။ ။ 'အလို .... အလို၊ ဒါဖြင့် ဦးထွန်းတင်ရဲ့ အိမ်နံပါတ်ပါတကား၊ ဟုတ်ကဲ့လား ကိုညွန့်ဦး'

မောင်ညွန့်ဦးလည်း ဝန်မခံချင့် ခံချင်နှင့် ဝန်ခံလိုက်ရလေ၏။ စင်စစ်သော်ကား မောင်ညွန့်ဦးမှာ ဦးထွန်းတင်၌ ရွှေဆင်းတုတော်တစ်ဆူ ပူဇော်ထားရှိကြောင်း သိရှိသည်နှင့် ခင်စိန်ရီအတွက် စိုးရိမ်ပူပန်လျက် ရှိနေလေ၏။

ဦးလူတော်ကမူ အပေါင်ဆိုင် တရုတ်အား လက်မှတ်တစ်ခု ရေးပေးထားခဲ့ပြီးလျှင် ဆင်းတုတော်ကလေးကို အိတ်ထဲ၌ ထည့်ယူလာခဲ့လေ၏။

တော်။ ။ 'ဦးထွန်းတင်ဆီ သွားပြီး မေးကြည့်ဦးမယ်'

ညွန့်။ ။ 'မလုပ်ကြပါနဲ့ ခင်ဗျာ၊ ဒီငွေကို ကျွန်တော်က စိုက်ပြီး လျော်ပေးပါ့မယ်။ ဒီမိန်းကလေးကို ဒုက္ခမရှာကြပါနဲ့ ခင်ဗျာ၊ တောင်းပန်ပါရစေ'

တန်။ ။ (မသင်္ကာသော မျက်နှာထားနှင့်) 'ခင်စိန်ရီကို ခင်ဗျား သိသလား'

မောင်ညွန့်ဦးသည် မျက်နှာပူပူနှင့် ဦးခေါင်းညိတ်၍ ပြ၏။



www.burmeseclassic.com

www.burmeseclassic.com



တော်။ ။ 'ထိမ်ချန်လို့ မရဘူးလေ၊ ကျုပ်တော့ ဝတ္တရားအတိုင်း ဦးထွန်းတင်ဆီ စုံစမ်းရလိမ့်မယ်'

ညွှန့်။ ။ 'ဒါဖြင့် ခင်ဗျားတို့ဟာ ခင်ဗျားတို့ သွားကြပေတော့ဗျာ'

မောင်ညွှန့်ဦးမှာ မိမိ ချစ်ကြိုက်လာခဲ့သော မိန်းကလေး အရှက်ကွဲမည်ကို မကြည့်လိုသည့်ပြင် တောင်းပန်၍လည်း မရသဖြင့် စိတ်ပေါက်ပေါက်နှင့် ထွက်လာခဲ့ရာ ကိုသောင်းတန်လည်း နောက်မှ လိုက်ပါခဲ့လေ၏။ လမ်းခရီး၌ ....

တန်။ ။ ' ကိုယ့်လူက မိန်းကလေးနဲ့ တော်တော်ကြီး ရင်းနှီးနေတယ် မှတ်တယ်။ ဦးထွန်းတင်ဆီမှာ အလုပ်လုပ်လေတော့ အိမ်နီးချင်းဖြစ်နေကြတယ် ဟုတ်စ'

ညွှန့်။ ။ 'ဟုတ်ပါတယ်ဗျာ၊ ခင်ဗျား ဦးလူတော်ဆိုတဲ့ လူကြီးက တော်တော်ခွကျတဲ့ လူကြီးတစ်ယောက်ပဲ။ အရေးကြီးတဲ့ လူသတ်မှုတော့ ဖရှုစိုက်ဖော် မရဘဲ ဘာမဟုတ်တဲ့ ဆင်းတုတော်ပျောက်မှုနောက် လိုက်နေတာ ဘာအသုံးကျတဲ့ လူကြီးလဲဗျ'

ထိုအခါ ကိုသောင်းတန်သည် မောင်ညွှန့်ဦး စိတ်သက်သာစေခြင်းငှာ အလိုက်သင့် အလျားသင့် ချော့မော့ပြောဆို၍ မောင်ညွှန့်ဦးကို မိမိ၏ အလုပ်တိုက်သို့ တစ်ဖန် ပြန်ခေါ်သွားလေ၏။ ၁၅ မိနစ်ခန့် ကြာသောအခါ တယ်လီဖုန်း ဘဲလ်မြည်သံ ကြားကြရ၍ ကိုသောင်းတန်က ကောက်ယူနားထောင်လေရာ ဦးလူတော် စကားပြောလျက်ရှိကြောင်း တွေ့ရလေ၏။

တန်။ ။ 'ဘာကိစ္စလဲဗျ ဦးလူတော်'

တော်။ ။ 'ခင်စိန်ရီကို ကျုပ် ဖမ်းထားလိုက်ပြီ'

တန်။ ။ 'ဩော် .... ဟိုပစ္စည်းဟာ မှန်သလား'

တော်။ ။ 'မှန်နေတယ်ဗျ'

ထိုနောက် ကိုသောင်းတန်လည်း တယ်လီဖုန်းကို ချထားလိုက်၏။

ညွှန့်။ ။ 'ဘာတဲ့လဲဗျို့၊ ဖမ်းလိုက်ပြီတဲ့လား'



www.burmeseclassic.com

www.burmeseclassic.com



တန်။ ။ 'အစစ်ပဲဗျို့'

မောင်ညွှန့်ဦးမှာ မျက်နှာ၌ သွေးမရှိအောင် ဖြူသွားတော့၏။

တန်။ ။ 'ခင်ဗျားရော၊ ဦးထွန်းတင်ရော ခင်စိန်ရီကို အထင်မှားနေကြပြီကောဗျ။ မိန်းကလေးက အရှုပ်ကလေး ဖြစ်နေပြီကော'

ညွှန့်။ ။ 'ကျွန်တော်တော့ ရုပ်ရုံမကလို့ ပွေလို့ နေနေ၊ ကိုယ်ကြိုက်တာတော့ ကြိုက်တာ ခင်ဗျ။ ဘယ်တော့မှ မလျှော့တော့ဘူး။ တတ်နိုင်လို့ ခိုးမှုမကလို့ လူသတ်မှုကြီး ဖြစ်ထားဦး၊ ကျွန်တော် ကြိုက်တာ ကြိုက်တာပဲ ခင်ဗျ'

## အခန်း [၈]
## စွပ်စွဲခြင်း

အင်စပက်တော် ဦးလူတော်သည် ဦးထွန်းတင်၏ နေအိမ်သို့ ရောက်၍ ဦးထွန်းတင်နှင့် တွေ့ရာတွင် ခင်စိန်ရီအကြောင်းကို စုံစမ်းမေးမြန်းလေ၏။

တော်။ ။ 'ခင်စိန်ရီကို စာရေး ခန့်ထားတာ ဘယ်လောက် ကြာပြီလဲ'

တင်။ ။ 'သုံးလလောက် ရှိပါပြီ'

တော်။ ။ 'လခ ဘယ်လောက် ပေးထားပါသလဲ'

တင်။ ။ 'စာရင်းအင်း တတ်တယ်ဆိုလို့ တစ်လ ၈၀ ပေးထားရပါတယ်'

တော်။ ။ 'သူ့မှာ ငွေများ ပြတ်လပ်ပါသလား'

တင်။ ။ 'မနေ့ကတော့ ငွေ ၃၀ ကျပ်လောက် ပေးထားနိုင်ဖို့ တောင်းတယ်၊ ဘာကြောင့်လဲ'

တော်။ ။ 'ခင်ဗျား ပစ္စည်းတစ်ခုခု မပျောက်ဘူးလား'

ဦးထွန်းတင်မှာ အလွန်နှမြောတတ်သူ တစ်ယောက်ဖြစ်၍ မနိုင်မနင်း



www.burmeseclassic.com

www.burmeseclassic.com



အောင် အလုပ်များနေသည့်အခိုက် ဖြစ်သောကြောင့်သာလျှင် ခင်စိန်ရီကို ခေတ္တ ငှားရမ်းထားခြင်း ဖြစ်လေရာ၊ ပစ္စည်းတစ်စုံတစ်ရာ ပျောက်ဆုံးသည့်အကြောင်းကို ကြားရသည်နှင့် တစ်ပြိုင်နက် ထိုင်ရာမှ ရုတ်တရက် ထပြေး၍ ပစ္စည်းများကို စစ်ဆေးလေ၏။ နောက် တစ်ခဏ ကြာသောအခါ ဦးထွန်းတင်သည် ဦးလူတော်ထံ ပြန်လာ၍ ....

တင်။ ။ 'အကျိုးနည်းကုန်ပါပြီဗျာ၊ ရွှေဒင်္ဂါး အပြား ၃၀ နဲ့ ဆုပ်ထားတဲ့ ရွှေဆင်းတုတော် ပျောက်သွားပြီ အင်စပက်တော်မင်းရေ၊ တစ်ဆိတ်လောက် ....'

တော်။ ။ 'ခင်စိန်ရီကို ခေါ်ပေးစမ်း ခင်ဗျာ'

ခင်စိန်ရီသည် ခပ်အေးအေး အမူအရာနှင့် ရောက်လာ၍ အင်စပက်တော်ကို ကြည့်ရုံမျှပင် လှမ်းမကြည့်ဘဲ ဦးထွန်းတင် အနီးတွင် ရပ်နေလေ၏။

တင်။ ။ 'ကျုပ်ပစ္စည်းကို မယ်မင်း ခိုးတယ်။ ငွေလိုချင်လျှင် တောင်းပါတော့လား၊ ဘာကြောင့် ပစ္စည်းခိုးရတာလဲ'

ရီ။ ။ 'တောင်းလို့မှ မရဘဲ။ မနေ့က ကျွန်မ အသုံးရှိလို့ ငွေ ၃၀ လောက် တောင်းတယ် ဟုတ်လား၊ ရှင်က ချေးများပြီး တောင်ပြော မြောက်ပြောနဲ့ ပေးမှ မပေးဘဲကိုး'

တင်။ ။ 'မယ်မင်း ကျုပ်ပစ္စည်းကို ခိုးတယ်၊ အင်စပက်တော်မင်း မိန်းမကို ဖမ်းပါ။ ကျုပ် ဆင်းတုတော်ကို ခိုးပါတယ်။ ဒါထက် နေဦး၊ ပြင် ဘာများ ပျောက်သေးသလဲ၊ ငါ ကြည့်ဦးမယ်'

ရီ။ ။ 'ဒုက္ခခံပြီး ကြည့်မနေပါနဲ့ ဦးထွန်းတင်၊ ဒီပြင် ကျွန်မ ဘာမှ မခိုးပါဘူး။ ဆင်းတုတော် တစ်ဆူတည်းပဲ ကျွန်မ ခိုးပါတယ်။ ရှင် ပစ္စည်း ပုခေါ်ထားပြီး ကိုးကွယ်တာလည်း မဟုတ်ပါဘူး၊ အခုမှ ဖျပ်ဖျပ်လူး ခြောမနေပါနဲ့'

တင်။ ။ 'မကိုးကွယ်ပေမဲ့ ရွှေဒင်္ဂါး ၃၀ တောင် ကုန်ထားတဲ့ ဆင်းတုတော်ဟဲ့'



www.burmeseclassic.com

www.burmeseclassic.com



ရီ။ ။ 'ဟဲ့တွေ ဘာတွေနဲ့ လူတစ်ဖက်သားကို ရိုင်းရိုင်းပျပျ ပြောမနေပါနဲ့လေ၊ ပစ္စည်းပျောက် ပျောက်သလို အရေးယူရုံ ရှိတာပေါ့'

တင်။ ။ 'ကိုင်း ....အင်စပက်တော်မင်း၊ သူကိုယ်တိုင်က ဖြောင့်ချက် ပေးနေပါပြီ၊ ဖမ်းသွားပါတော့။ ငါ့သော့တွေ ဘယ်မှာလဲ ပြန်ပေးခဲ့ပါ။ ကြည့်စမ်းပါဗျာ၊ သူခိုးကို လူ့ရိုးမှတ်လို့ ယုံကြည်ပြီး သော့တွေအပ်၊ ဘာတွေ အပ်နဲ့။ ကံကောင်းလို့ ကိုယ်ကျိုးနည်းမကုန်ပါကလား'

ရီ။ ။ 'မထင်နဲ့ဦး၊ ကိုယ်ကျိုးနည်းဖို့ ကိစ္စတစ်ခု ပေါ်လိမ့်ဦးမယ်။ ဒီကနေ့ရတဲ့ စာတွေကို ဖတ်ကြည့်စမ်းဦး'

ထိုအခါ ဦးထွန်းတင်သည် ထိတ်လန့်သော အမူအရာနှင့် စားပွဲသို့ သွား၍ ထိုနေ့ရသော စာများကို လှန်လှော ကြည့်ရှုလေရာ၊ ဝသုံးလုံး အသင်း ထံမှ စာတစ်စောင်ကိုတွေ့၍ ငွေတောင်းထားသော အကြောင်းအရာများကို ဖတ်ရှုရသည်နှင့် ကုလားထိုင်ပေါ်တွင် ပက်လက်လန်ကာ ကျသွားလေ၏။

## အခန်း [၉]
## ခင်စိန်ရီကို စစ်ဆေးခြင်း

တရားခံ ခင်စိန်ရီကို ပုလိပ်ရုံးသို့ တင်ပို့၍ အင်စပက်တော် ဦးလူတော်သည် သက်သေခန်းကလေး အတွင်း၌ လည်းကောင်း၊ ခင်စိန်ရီသည် တရားခံ လှောင်အိမ်ကလေး အတွင်း၌ လည်းကောင်း ရပ်နေကြစဉ် ခင်စိန်ရီမှာ ပွဲကြည့်ရုံမှ လာရဘိသည့်အလား အလွန်အေးချမ်းသော အမူအရာ ရှိပေ တော့၏။ တရားသူကြီးသည် စွပ်စွဲထားသော ပြစ်ချက်ကို ဖတ်ရှုပြီးနောက် ခင်စိန်ရီ၏ အမူအရာကို လှမ်းကြည့်လိုက်သောအခါ ဦးခေါင်းကို မဖမ်းခါ မိသေး၏။

တရားသူကြီး။ ။ 'ယခင်က ပြစ်ချက် ရှိဖူးသလား အင်စပက်တော်



www.burmeseclassic.com

www.burmeseclassic.com



တော်။ ။ 'မသက်ာလို့ ပုလိပ်စောင့်ကြည့်နေတာ ကြာပါပြီ၊ ပြစ်ချက်တော့ မရှိပါ'

တရားသူကြီး။ ။ 'ရုပ်ရည်လေး သနားကမား၊ အင်္ဂလိပ်စာလည်း တတ်၊ စာရင်းကိုင်ကျောင်းက အောင်လက်မှတ်လည်း ရထားတဲ့ မိန်းကလေး တစ်ယောက်ဟာ ယခုအဖြစ်မျိုး ကျူးလွန်တာ ကျွန်ုပ် အတော်အံ့သြတယ်။ ပစ္စည်းဟာ လေးငါးရာလောက် တန်သော်လည်း ငွေ ၃၀ တည်း သူ ယူကြောင်း တွေ့ရတယ်။ ဒီအချက်ကို ထောက်ညှာခြင်းအားဖြင့် မယ်မင်းကို ကြီးလေးသော အပြစ်ဒဏ် မပေးဘဲ တစ်နှစ်အတွင်း ကောင်းမွန်စွာ နေထိုင်ဖို့ ကိုယ်တိုင် ခံဝန်ချုပ်နဲ့ လွှတ်လိုက်တယ်'

ထိုအခါ ခင်စိန်ရီသည် တရားသူကြီးအား ဦးညွှတ်၍ လှောင်အိမ်ကလေးထဲမှ ဆင်းလာခဲ့လေ၏။ ရုံးပြင်သို့ ရောက်သောအခါ ခင်စိန်ရီသည် အသင့်စောင့်မျှော်လျက်ရှိသော မောင်ညွန့်ဦးနှင့် တွေ့၍ မျက်နှာပျက်သွား၏။

ရီ။ ။ 'ရှင် ဘာပြုလို့ ရုံးကို လာရသလဲ၊ ရှင့်ကို ဘယ်သူက ပြောလို့ သိသလဲ'

ညွန့်။ ။ 'ကျုပ်သိတာ ဖယ်ထားစမ်းပါ၊ ဒီကိစ္စကို ရီရီ ခိုးတယ်လို့ ဘယ်နည်းနဲ့မှ ကျုပ် မယုံနိုင်ပါဘူး ရီရီ။ သူတို့လူစုက ရီရီ့ကို နာမည်ပျက်အောင် ဆင်ပြီး အမှုရှာနေကြတာ မဟုတ်ဘူးလား'

ရီ။ ။ 'မဟုတ်ပါဘူး၊ ကျွန်မ ခိုးတာ အမှန်ပါ'

ညွန့်။ ။ 'ရီရီ ငွေလိုရင် ဘယ်လောက်မဆို ကျုပ်ပေးပါ့မယ် ရီရီ၊ ဘယ့်နှယ်ကြောင့် ဒီလို'

ရီ။ ။ 'ရှင်ပေးရင်ကော ကျွန်မက ယူရမှာလား၊ ရှင်နဲ့ ကျွန်မနဲ့ ဘာဆိုင်လို့လဲ'

ညွန့်။ ။ 'ဆိုင်ဆိုင် မဆိုင်ဆိုင်၊ ရီရီဟာ ဒီလို မဟုတ်တာရတ် လုပ်မယ့် မိန်းကလေးတစ်ယောက် မဟုတ်ပါဘူးဗျာ။ ကျုပ် သိပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



ထိုအတောအတွင်း ဦးလူတော် ရောက်လာလေ၏။

ရီ။ ။'ဟောဒီမှာ အင်စပက်တော်ကြီး၊ ဒီလူက ကျွန်မ မခိုးဘူးတဲ့ ငွတ်ငြင်းနေပါတယ်။ သူ ယုံကြည်အောင် ပြောပြလိုက်ပါဦးရှင်'

ညွန့်။ ။'ဘယ်သူပြောလို့မှ ကျုပ် မယုံနိုင်ဘူး၊ ဒါထက် ရီရီ ယခု ဘယ်သွားမလို့လဲ'

ရီ။ ။'အိမ်ပြန်မလို့ပါ၊ ရှင် မလိုက်ခဲ့ပါနဲ့'

ညွန့်။ ။'ရီရီ့မှာ နေစရာအိမ် ရှိလို့လား'

ရီ။ ။'ငှားနေတဲ့အိမ် ရှိတာပေါ့'

ညွန့်။ ။'ဒါဖြင့် ကျုပ် လိုက်ခဲ့မယ်'

ခင်စိန်ရီသည် ငြင်းပယ်ခြင်းမပြုဘဲ မောင်ညွန့်ဦးနှင့်အတူ လျှောက်လာကြ၍ ဘတ်စ်ကားဆိပ်သို့ ရောက်ကြသောအခါ ....

ရီ။ ။(ဖြည်းညင်းသော အမူအရာနှင့်)'ရှင် မလိုက်ခဲ့ပါနဲ့၊ ကျွန်မ ပြန်ပါတော့မယ်'

ညွန့်။ ။'အလုပ်အကိုင်လည်း မရှိ၊ ပိုက်ဆံလည်း မရှိ၊ ရီရီ ဒုက္ခရောက်သွားမှာပေါ့'

ရီ။ ။'ဒါမျိုးလောက်တော့ ကျွန်မက ရယ်တာပေါ့ ကိုညွန့်ဦး'

ညွန့်။ ။(လက်မောင်းကို အတင်းကိုင်ဆွဲလျက်) 'ကျုပ် ပြောပါမယ်၊ နားထောင်စမ်းပါဦး ရီရီရဲ့။ ရီရီ့ကို ကျုပ် မေတ္တာရှိနေတာ ကြာလှပြီ၊ ကျုပ်နဲ့ အတူတူနေပါ၊ ဘယ်သူက ဘာပြောပြော ရီရီ့ကို ကျုပ် ထိမ်းမြား လက်ထပ်ပြီး ယူပါ့မယ်။ ဘယ်သူကဲ့ရဲ့လို့ လဲသေသေ ကျုပ် ဂရုမစိုက်ပါဘူး၊ ရီရီ ခိုးတယ်ဆိုတာလည်း ကျုပ် မယုံပါဘူး။ ဘယ်လိုအကြံအစည်နဲ့ ဘာ လုပ်နေကြတယ်လို့တော့ ကျုပ် မတွေးတတ်ဘူး။ ထိုသော် ရီရီ မခိုးတာတော့ အမှန်ပဲ၊ ခိုးခိုး မခိုးခိုး ကျုပ်နဲ့ နေရမယ်ဗျာ။ ရီရီ ဘယ်မှ မသွားရဘူး'

ရီ။ ။(လက်ကို ဖြည်းညင်းစွာ ရုန်းဖယ်လျက်) 'ကျွန်မ ပြောမယ် ကိုညွန့်ဦး၊ ရှင့်ကို ကျွန်မ အပုံကြီး သနားတယ်၊ ရှင်က ရှင့်ကိုယ်ရှင် မနမြော



www.burmeseclassic.com

www.burmeseclassic.com



လို့ သူခိုးမတစ်ယောက်ကို ယူထားမယ် ဆိုပေမဲ့ ကျွန်မက ခွင့်မပြုနိုင်ဘူး။ လူပျိုပေါက်စမို့လို့ အတွေ့အကြုံနည်းပြီး စွဲမိစွဲရာ စွဲတိုင်း ထင်မိထင်ရာ လုပ်ချင်လို့ ကျွန်မက ခွင့်မပြုနိုင်ဘူး။ ရှင့်မှာ မွေးသဖခင် ကွယ်လွန်ပြီး ဆုံးမဩဝါဒ ပေးမည့်လူမရှိတဲ ဖြစ်နေခိုက်မှာ ကျွန်မကပဲ ဩဝါဒ ပေးရလိမ့်မယ်။ မတော်ပါဘူး ကိုညွန့်ဦး၊ လက်လျှော့လိုက်ပါ။ တစ်နေ့တော့ ရှင် မျက်စိလည်ပျောက်ပြီး ကျွန်မ ငြင်းပယ်တဲ့အတွက် ကျေးဇူးတင်ရစ်ပါလိမ့်မယ်'

ယင်းသို့ ပြောပြောဆိုဆိုနှင့် ခင်စိန်ရီသည် ဘတ်စ်ကား တစ်စီးပေါ်သို့ တက်လိုက်သွားလေရာ၊ မောင်ညွန့်ဦးမှာ မည်သို့မျှ မပြောနိုင်ဘဲ ငေးလျက်သား ကျန်နေရစ်ခဲ့လေ၏။

ခင်စိန်ရီသည် မောင်ညွန့်ဦးနှင့် ခွဲခွာခဲ့ပြီးနောက် အင်္ဂလိပ် သတင်းစာတိုက် တစ်တိုက်သို့သွား၍ လက်ရေးတို၊ လက်နှိပ်စက်နှင့်တကွ စာရင်းအင်းများ နားလည်သော မိန်းမပျိုတစ်ယောက်က အလုပ်အကိုင် အလိုရှိကြောင်းကို သတင်းစာတွင် ကြော်ငြာထည့်ပေးရန် အဖိုးအခနှင့်တကွ ပေးအပ်ခဲ့ပြီးလျှင် နေအိမ်သို့ ပြန်လာခဲ့လေ၏။ ၃၂ လမ်းရှိ မိမိ၏ နေအိမ်သို့ ရောက်သောအခါ ခင်စိန်ရီသည် စာတိုက်မှ စာတစ်စောင် ရောက်ရှိနေကြောင်း တွေ့ရသည်နှင့် ဖွင့်ဖတ်ကြည့်ရာ၊ ဝသုံးလုံးအသင်းမှ အောက်ပါအတိုင်း ရေးသားထားသည်ကို တွေ့ရလေ၏။

> "သင့်ကို ကျွန်ုပ်တို့အသင်းက အလိုရှိသည်။ နက်ဖြန် ည ၁၀ နာရီအချိန်တွင် ဘားလမ်း (မဟာဗန္ဓုလပန်းခြံလမ်း) နှင့် ဒါလဟိုဇီလမ်း (မဟာဗန္ဓုလလမ်း) ထောင့်ရှိ ဘုရင်မ ပန်းခြံ(မဟာဗန္ဓုလပန်းခြံ) မှ စောင့်နေပါလေ။ မော်တော်ကား တစ်စီး ဆိုက်လာသောအခါ ကားပေါ်သို့ တက်၍ လိုက်ခဲ့ပါလေ။"

စာကို ဖတ်ပြီးနောက် ခင်စိန်ရီသည် အစေခံ မိန်းမကြီးကို ခေါ်မေး



www.burmeseclassic.com

www.burmeseclassic.com



ရာ ထိုနေ့နံနက်ကပင် ရောက်လာသော စာဖြစ်ကြောင်းနှင့် ပြောပြလေ၏။ ခင်စိန်ရီမှာ ၃၂ လမ်းတွင် တိုက်ခန်းတစ်ခန်းငှား၍ အစေခံ မိန်းမကြီး တစ်ယောက်နှင့်အတူ နေထိုင်ခဲ့ခြင်း ဖြစ်လေသည်။

အခန်း [ ၁၀ ]

## ဝသုံးလုံးအသင်းကြီး၏ ဆင့်ခေါ်ချက်

နောက်နေ့ည ၁၀ နာရီထိုးလုနီး အချိန်တွင် ခင်စိန်ရီသည် ဘုရင်မ ပန်းခြံ (မဟာဗန္ဓုလပန်းခြံ)ထောင့်မှ တဘက်ကလေးတစ်ထည်ကို ခြုံလျက် စောင့် နေရာ၊ ဟိုက်ကုတ်မှ ၁၀ နာရီထိုး၍ နောက်ဆုံးနာရီသံ ရပ်စဲသည်နှင့် တစ်ပြိုင်နက် ကားတစ်စီး ဆိုက်ရောက်လာသည်နှင့်၊ ခင်စိန်ရီသည် အနည်း ငယ်မျှ နှောင့်နှေးခြင်း မရှိဘဲ တံခါးကိုဖွင့်၍ ကားပေါ်သို့ ရဲရင့်စွာ တက်သွား လေ၏။

ကားပေါ်၌ကား မည်သူမျှမပါဘဲ ဒရိုင်ဘာတစ်ယောက်တည်း ထိုင် လျက် ရှိလေရာ၊ ခင်စိန်ရီ တက်လာသော်လည်း ဒရိုင်ဘာသည် ကားကို မထွက်ဘဲ ရပ်မြဲတိုင်း ရပ်ထား၍ စက်ကိုသာ နှိုးထားလေ၏။ မိနစ်တစ်ဝက် ခန့် ကြာသောအခါ–

ဒရိုင်ဘာ။ ။'မနေ့က ပုလိပ်ရုံးမှာ ခိုးမှုနဲ့ ပြစ်ချက်ရပြီး ရန်ကုန် ဂေဇက် သတင်းစာထဲမှာ စာရေးအလုပ်အတွက် ကြော်ငြာထည့်ထားတယ် ဟုတ်လား'

ရီ။ ။'မှန်ပါတယ်၊ ကျွန်မကို ခိုင်းစရာ အလုပ်ရှိလို့ ခေါ်ခြင်း ဖြစ်ခဲ့လျှင် မေးခွန်းတစ်ခုလောက် မေးပါရစေ'

ဘာ။ ။'မေးတာပေါ့၊ ဖြေသင့်လျှင် ကျုပ် ဖြေရတာပေါ့'

ရီ။ ။'တကယ်လို့ ကျွန်မက ပုလိပ်နဲ့ ဆက်သွယ်ပြီး ဦးလူတော် တို့၊ ကိုသောင်းတန်တို့ကို ခေါ်လာခဲ့လျှင် ဘယ့်နှယ်ရှိမလဲ'



www.burmeseclassic.com

www.burmeseclassic.com



ဘဘ။ ။ 'ပြောတဲ့အတိုင်း ခေါ်လာခဲ့လို့ရှိလျှင် ခုလောက်ရှိ မယ်မင်းအလောင်း လမ်းပေါ်မှာ စန့်နေပြီ။ ကျုပ်ပြောမယ် ခင်စိန်ရီ၊ မယ်မင်းကို လွယ်လွယ်နဲ့ ငွေဝင်အောင် စီမံပေးရုံမျှမက အလုပ်ကောင်းတစ်ခုကိုလည်း ရအောင် ကျုပ် လုပ်ပေးမယ်။ သို့သော် ကျုပ် ခိုင်းစေသမျှကို ဆောင်ရွက်ပေးရလိမ့်မယ် နားလည်လား'

ရီ။ ။ 'ကောင်းပါပြီ'

ဘဘ။ ။ 'သို့သော် အလကား မခိုင်းဘူး၊ ခိုင်းတိုင်း ခိုင်းတိုင်း ငွေပေးမှာချည်းပဲ။ ကူတန်လျှင် ကူညီဖို့၊ သစ္စာဖောက်ခဲ့လျှင် အပြစ်ပေးဖို့ ကျုပ်က အစဉ်မပြတ် အနားမှာ စောင့်လျက် ပါလိမ့်မယ်လို့ မှတ်ထား။ နားလည်လား'

ရီ။ ။ 'နားလည်ပါတယ်'

ဘဘ။ ။ 'မယ်မင်းအလုပ်က ခဲယဉ်းတဲ့အလုပ် မဟုတ်ပါဘူး၊ ပွဲစားကြီး ဦးဘဝင်းဆီမှာ စာရေး လုပ်ရုံပါပဲ။ နက်ဖြန်တော့ သွားလျှောက်ချေ၊ စာရေးလိုနေတယ် ကြားတယ်'

ရီ။ ။ 'ကျွန်မမှာ နာမည်ပျက်ထားလေတော့ ရပါ့မလား၊ နာမည်ပြောင်း လျှောက်ရမလား'

ဘဘ။ ။ 'ကိစ္စမရှိဘူး၊ နာမည်ရင်းအတိုင်းနဲ့ပဲ လျှောက်ချေ။ ကိုင်း .... ကျုပ်ကိစ္စကို ဆောင်ရွက်ရမည့်အတွက် စရံငွေနှစ်ရာ ယူထားနှင့်။ ရော့'

ဒရိုင်ဘာလည်း ငွေစက္ကူတစ်ရာတန် နှစ်ချပ်ကို လှမ်းပေးလိုက်ရာ ခင်စိန်ရီလည်း အိတ်ထဲသို့ ထည့်ထားလိုက်လေ၏။

ရီ။ ။ 'ဦးဘဝင်းကို ကျွန်မ ဘာများ ပြောရမလဲ'

ဘဘ။ ။ 'ဘာမှပြောဖို့ မလိုဘူး၊ ကျုပ်ထံမှ သတင်း စောင့်နားထောင်ပြီး ကျုပ်ခိုင်းတော့မှ ဆောင်ရွက်ပေးရုံပဲ။ နားလည်လား'

ရီ။ ။ 'နားလည်ပါပြီ'



www.burmeseclassic.com

www.burmeseclassic.com



ဘာ။ ။ 'ကိုင်း .... တော်ပါပြီ'

၎င်းနောက် ခင်စိန်ရီလည်း ကားပေါ်မှ ဆင်းလာခဲ့ရာ မော်တော်ကားလည်း ထွက်သွားလေ၏။ တစ်ခဏ ကြာလတ်သော် ခင်စိန်ရီသည် တက္ကစီတစ်စီးခေါ်၍ နေအိမ်ဘက်သို့ မောင်းနှင်စေရာ ၎င်းကားနောက်မှ မလှမ်းမကမ်းတွင် အခြားကားတစ်စီးလည်း လိုက်ပါလာလေ၏။ နေအိမ်ရှေ့သို့ ရောက်သောအခါ ခင်စိန်ရီသည် တက္ကစီကို လွှတ်လိုက်၍ အိမ်ပေါ်သို့ တက်တော့မည်အပြုတွင် အင်စပက်တော် ဦးလူတော်လည်း ချဉ်းကပ်လာလေ၏။ မိမိနောက်မှ ဦးလူတော် လိုက်လာကြောင်းကို ခင်စိန်ရီ ရိပ်မိဟန်တူသော်လည်း မည်သို့မျှ ဖွင့်ဟ ပြောဆိုခြင်း မပြုခဲ့ချေ။

ဦးလူတော်သည် အိမ်ပေါ်သို့ ခင်စိန်ရီ တက်သွားသည်ကို လမ်းပေါ်မှ စောင့်ကြည့်နေပြီးနောက် ပြတင်းပေါက်မှ မီးရောင်မြင်သည်နှင့် တစ်ပြိုင်နက် ခပ်လှမ်းလှမ်းမှ ရပ်စောင့်နေသော ကားကို ခေါ်ယူပြီးလျှင် တက်စီး လိုက်ပါသွားလေ၏။

ဘုံဘိုင် ပျော်ပွဲစားရုံသို့ ရောက်သောအခါ ဦးလူတော်သည် ကိုသောင်းတန်နှင့် တွေ့၍ စုံထောက်နှစ်ယောက်တို့သည် ဝသုံးလုံးအသင်း အကြောင်းကို အချိန်ကြာရှည်စွာ ဆွေးနွေးတိုင်ပင်ကြလေ၏။

ယင်းသို့ တိုင်ပင်စဉ် ဦးလူတော်သည် ခင်စိန်ရီနှင့် တွေ့ခဲ့သည် အကြောင်းကို တစ်ကြိမ်တစ်ခါမျှ ထည့်သွင်းပြောဆိုခြင်း မပြုချေ။

နောက်တစ်နေ့နံနက်၌ စုံထောက်နှစ်ယောက်တို့သည် ဦးဘိုးအောင်ကို သတ်သည်ကို မသင်္ကာသဖြင့် ချုပ်ထားသော တရားခံ ဘိုးအုံရှိရာ အချုပ်ထောင်သို့ သွားရောက်ကြလေရာ၊ မောင်ညွှန့်ဦးလည်း ၎င်းတို့နှင့်အတူ လိုက်ပါသွားလေ၏။

တရားခံ ဘိုးအုံမှာ လူလုံးလူဖန် ထွားကျိုင်းလှသော ညာသားကြီး တစ်ယောက် ဖြစ်လေရာ ထိုလူသည် ဦးလူတော်၏ မေးခွန်းများကို ဖြေ



www.burmeseclassic.com

www.burmeseclassic.com



တန်းအောင် မဖြေကြားဘဲ၊ ကိုသောင်းတန်၏ ကျင်လည်သော မေးခွန်းများကြောင့်သာလျှင် ဖြောင့်ချက်ပေးခြင်း ဖြစ်လေ၏။

နောက်ဆုံး၌ တရားခံက 'မှန်ပါတယ်၊ ကျုပ် သတ်ပါတယ်' ဟု ဖြောင့်ချက်ပေးလိုက်ရာ၊ ထိုအခိုက်တွင် သတင်းထောက် တစ်ယောက်လည်း ၎င်းတို့နှင့်အတူ အချုပ်ခန်းထဲတွင် ရှိနေလေ၏။

အံ့။ ။'မှန်ပါတယ်၊ ကျုပ်သတ်တာ မှန်ပါတယ်။ ပြောလက်စနဲ့ ကျုပ် ပြောလိုက်တော့မယ်။ မနှစ်တုန်းက မြတောင်ရွာက ဘိုးထူးကို ဖောင်ပေါ်က ကန်ချတာလည်း ကျုပ်ပဲ၊ သစ်ဆိမ့်ကြီးရွာက ဖောင်ကြို့သမားလူထွားကို တက်နဲ့ ခုတ်ချတာလည်း ကျုပ်ပဲ။ ခုမှတော့ မထူးတော့ဘူး၊ တစ်တက်စားလည်း ကြက်သွန် ဆိုတာလို ကျုပ်ကို တစ်ခါပြင် နှစ်ခါကြိုးပေးနိုင်တာမှ မဟုတ်ဘဲ၊ ဟုတ်တာတွေ ဖွင့်ပြောလိုက်တော့မယ်။ ကျုပ်မှာ ဝရမ်းပြေးနေရလို့ ပိုက်ဆံလည်းမရှိ၊ သွားကလည်း ကိုက် ....'

ထိုခဏ၌ ကိုသောင်းတန်သည် "ဘယ့်နှယ်ရှိစ" ဟု ဆိုလိုသော မျက်နှာထားနှင့် ဦးလူတော်ကို လှမ်းကြည့်လိုက်သေး၏။

တန်။ ။'ဆိုပါဦးဗျ၊ သွားကလည်းကိုက် ပိုက်ဆံကလည်း မရှိ ဟုတ်စ'

အံ့။ ။'စိတ်ညစ်ညစ်နဲ့ ဟိုညက ဆူးလေဘုရားနား လမ်းလျှောက်နေခိုက်မှာ လူတစ်ယောက်က ကားပေါ်ကနေပြီး "လိုက်ခဲ့စမ်းဗျာ" ဆိုတာနဲ့ ကပျာကယာ ခုန်တက်ပြီး လိုက်သွားပါရောဗျာ။ နောက်ဆုံးကျတော့ လမ်းမတော် မိုင်ဒါနားမှာ ကားရပ်ပြီး ကျုပ်ဟာ ဘယ်သူဘယ်ဝါ ဖြစ်တယ်လို့ ပြောပြရုံ မကသေးဘူး၊ ဘိုးထူးနဲ့ လူထွားကို သတ်ခဲ့တဲ့ အကြောင်းတွေကိုပါ သူက ပြောပြတာကိုး ခင်ဗျ။ ပြောပြလို့ ကျုပ်က လန့်နေတုန်းရှိသေး၊ မစိုးရိမ်နဲ့တဲ့၊ ကျုပ်ခိုင်းတာကို လုပ်ပေးပါက ပြောပြောဆိုဆိုနဲ့ ငွေစက္ကူတွေ လက်ထဲ ထိုးထည့်ပါလေရော ခင်ဗျာ။ တိုတိုပြောတော့မယ်၊ ဒီလူက ကျွန်တော့်လက်ထဲ သေနတ်ထိုးအပ်ပြီး ဦးဘိုးအောင် ဆိုတဲ့လူကို သတ်ဖို့ စီစဉ်



www.burmeseclassic.com

www.burmeseclassic.com



လေးတာကိုး ခင်ဗျ။ သူက ဦးဘိုးအောင် သွားတတ် လာတတ်တာတွေ အားလုံး သိပြီး ဖြစ်လေတော့ တစ်မနက်ခင်းမှာ သူပြောတဲ့နေရာက စောင့်နေပြီး ခြံထောင့်က ပစ်သတ်လိုက်ရုံပါပဲ ခင်ဗျာ'

တော်။ ။'ဒီအရင်က ခင်ဗျား သေနတ်ပစ်ဖူးသလား'

အံ့။ ။'ခြောက်လုံးပြူးတော့ မပစ်ဖူးဘူး၊ သေနတ်ကြီးတော့ တောအုပ်များနဲ့ကပ်ပြီး အညာမှာ မုဆိုးလုပ်ဖူးလို့ ပစ်ရဖူးပါတယ်။ သေနတ်ကြီး ပစ်ဖူးရင် ခြောက်လုံးပြူးလည်း မခက်လှပါဘူး၊ တေ့ပစ်ရတော့ မှန်တာပေါ့ ခင်ဗျာ'

တော်။ ။'နောက်ပြီးတော့ ဘယ့်နှယ် ထွက်ပြေးသလဲ ....'

အံ့။ ။'ဘိုင်စကယ်တစ်စီး ဝှက်ထားပြီး ကတိုက်ကရိုက် စီးပြေးခဲ့ရပါတယ်'

တော်။ ။'ဘိုင်စကယ် စီးတတ်သလား'

အံ့။ ။'တောသားပေမဲ့ ဖောင်ကြွပါ ခင်ဗျ၊ ဒီလောက် မနံ့ပါဘူး'

တော်။ ။'နောက်ပြီးတော့ ဘာကြောင့် မိသွားသလဲ'

အံ့။ ။'သေနတ်ပစ်ဝံ့အောင်ဆိုပြီး ရဲဆေး တင်သွားလိုက်တာ ရဲဆေး လွန်သွားလို့ တောင်တိုက် မြောက်တိုက်နဲ့ မိကုန်တော့တာပေါ့ ခင်ဗျာ။ နို့မို့များတော့ ခင်ဗျားတို့ ကျုပ်ကို ဘယ်တော့ မိလိမ့်မှာလဲ'

တော်။ ။'ခင်ဗျား ခိုင်းတဲ့လူကော နည်းနည်းမှ မမှတ်မိဘူးလား'

အံ့။ ။'နည်းနည်းမှ မမှတ်မိဘူး၊ ဒါပေမဲ့ နေဦးဗျို့၊ ဒီလူဟာ စကားတစ်လုံးကို အထပ်ထပ် သုံးတတ်တဲ့ ဝါသနာ ရှိတယ်'

တော်။ ။'ဟုတ်ပြီဗျို့၊ ဘယ်စကားလဲ၊ သူ သုံးတတ်တာ'

ထိုအခါ ဘိုးအံ့သည် ဦးခေါင်းကို ကုတ်လျက် အတန်ကြာ စဉ်းစား နေသေး၏။

အံ့။ ။'အခုတော့ ကျုပ်ဖော်လို့ မရဘူးဗျာ၊ ကြိုးစား စဉ်းစားပြီး ဖော်လို့ရတော့မှ ကျုပ် ပြောပြပါဦးမယ်'



www.burmeseclassic.com

www.burmeseclassic.com



ၚင်းနောက် စုံထောက်နှစ်ယောက်တို့နှင့် သတင်းထောက်သည် အချုပ်ခန်းမှ ထွက်လာခဲ့ကြလေ၏။

ထိုနောက် လေးနာရီခန့် ကြာသောအခါ အချုပ်ထောင်မှူးသည် စားစရာ အနည်းငယ်နှင့် တရားခံ ဘိုးအုံ၏ အခန်းတွင်းသို့ ဝင်လာရာ၊ ဘိုးအုံမှာ ကြမ်းပေါ်တွင် စင်းစင်းကြီးသေလျက် ရှိနေသည်ကို တွေ့ရလေ၏။

ဆရာဝန်သည် တရားခံဘိုးအုံ၏ အနီးတွင်ရှိသော ရေအိုးထဲမှ ရေကို ခတ်ခွဲ စစ်ဆေးသောအခါ လူ ၁၀ ယောက်မက သေစေလောက်သည့် အလွန်ပြင်းထန်လှသော အဆိပ်မျိုးကို တွေ့ရှိရလေ၏။ ၎င်းရေအိုးထဲရှိ ရေပေါ်တွင်လည်း စက္ကူစုတ်ကလေးတစ်ရွက် ပေါ်လောပေါ်လျက်ရှိရာ စက္ကူပေါ်တွင် "ဝသုံးလုံး အမှတ်တံဆိပ်" ထင်ရှားပီသစွာ ရေးခြယ်ထားသည်ကိုလည်း တွေ့ကြရလေ၏။

## အခန်း [ ၁၁ ]
## ဖိနပ်ဦးချွန်း

ဦးကျောက်ခဲသည် ၁၀၁ လမ်းရှိ မိမိ၏ အိမ်ခန်းထဲတွင် တစ်ယောက်တည်း ထိုင်လျက် အခန်းတံခါးများကို လုံခြုံစွာ ပိတ်ဆို့ပြီးလျှင် နောက်ပိတ်ဖိနပ် ဦးချွန်းတစ်ရန်ကို မောင်းချစားဖြင့် အစိတ်အစိတ် အမွှာအမွှာ ဖြစ်အောင် ထိုးဖြတ်နေလေ၏။ ထိုကဲ့သို့ ပြုလုပ်ရခြင်း၏ အကြောင်းရင်းကား ဦးဘိုးအောင် သတ်မှုနှင့် ပတ်သက်၍ သတင်းစာများက ရေးသားဖော်ပြကြရာတွင် ဦးဘိုးအောင်၏ ဝင်းခြံအနီး၌ နောက်ပိတ်ဖိနပ်ဦးချွန်း စီးထားသော ခြေရာများကို တွေ့ရသည်ဟု ပါရှိသောကြောင့် မိမိ၏ နောက်ပိတ်ဖိနပ် ဦးချွန်းကို ဖျောက်ဖျက်ပစ်ရန် စီမံနေခြင်း ဖြစ်လေသည်။

ဦးကျောက်ခဲသည် ဖိနပ်ကို အပိုင်းအစဖြစ်အောင် လှီးဖြတ်၍ သားရေစများကို အိမ်သာထဲသို့ ပစ်ချပြီးသည်နှင့် တစ်ပြိုင်နက် အိမ်ရှေ့တံခါးကို



www.burmeseclassic.com

www.burmeseclassic.com



ခေါက်သံကြားသည်နှင့် ဖွင့်ပေးလိုက်ရာ၊ အင်စပက်တော် ဦးလူတော်လည်း အခန်းထဲသို့ ဝင်လာလေ၏။ ဦးကျောက်ခဲမှာ ဝင်ငွေ အတော်အတန် ပြောက် မြားသည့် လက္ခဏာနှင့် ကျယ်ဝန်းသော အခန်းတစ်ခန်းကို ငှားရမ်း၍ သပ်ရပ်ကောင်းမွန်သော အိမ်ထောင်ပစ္စည်းများဖြင့် သိုက်မြိုက်စွာ နေထိုင်သူ တစ်ယောက် ဖြစ်လေသည်။ နေရာထိုင်ခင်း ပေးပြီးနောက် ....

တော်။ ။ 'ဦးဘိုးအောင် လူသတ်မှုနှင့် ပတ်သက်လို့ မေးစရာ ကလေး ရှိလို့ လာခဲ့ပါတယ်'

ထိုအခါ ဦးကျောက်ခဲမှာ နှုတ်ခမ်းများ တုန်ယင်သောကြောင့် တစ်စုံ တစ်ရာ ဘာမျှမပြောဘဲ ထိုင်လျက်ရှိ၏။

တော်။ ။ 'ဦးဘိုးအောင်နဲ့ ခင်ဗျား တော်တော် ကျွမ်းသလား'

ခဲ။ ။ 'သိပ်တော့ မကျွမ်းလှပါ၊ တစ်ခါနှစ်ခါ ဆက်ဆံဖူးပါတယ်'

တော်။ ။ 'သူနဲ့မတွေ့တာ တော်တော်ကြာပြီလား'

ခဲ။ ။ 'လေးငါးဆယ်နှစ်လောက် အထက်က တွေ့ဖူးပါတယ်'

တော်။ ။ 'ဟိုနေ့က ခင်ဗျား ရောက်သွားတော့ ဦးဘိုးအောင် ဘယ်မှာ ရှိသလဲ'

ခဲ။ ။ 'အိမ်ရှေ့မှာ ရပ်နေပါတယ်'

တော်။ ။ 'ခင်ဗျား ဟိုနေ့က ရောက်သွားတော့ ရုတ်တရက် လန့်သွားတယ်လို့ ပြောကြတယ်၊ ဘာကို မြင်လိုက်ရလို့ လန့်တာလဲ'

ခဲ။ ။ 'ကျွန်တော် နှလုံးတုန်တဲ့ရောဂါ ရှိလို့ပါ၊ တစ်ခါတစ်ခါ ဒီလိုပဲ အကြောင်းမဲ့ နှလုံးတုန်တတ်ပါတယ်'

တော်။ ။ 'တစ်ခု မေးပါရစေဦး၊ ဟိုနေ့က ခင်ဗျားသွားတော့ နောက်ပိတ်ဖိနပ်ဦးချွန်းကို စီးသွားတယ်ဆို'

ခဲ။ ။ 'မှန်ပါတယ်'

တော်။ ။ 'တစ်ဆိတ်လောက် ကြည့်ပါရစေဗျာ'



www.burmeseclassic.com

www.burmeseclassic.com



ဦးကျောက်ခဲသည် ထိုင်ရာမှ ထ၍ ဖိနပ်ဦးချွန်းတစ်ရန်ကို ယူပြလေ၏။

တော်။ ။(ဖိနပ်ကို ကိုင်ကြည့်လျက်) 'ဟိုနေ့က မိုးကလေး ရွာထားလို့ ရွှံ့တင်လိမ့်မယ် မှတ်တယ်၊ ဒီဖိနပ်မှာတော့ ရွှံ့မရှိပါကလား'

ခဲ။ ။'ကျွန်တော် စီးသွားတာတော့ ဒီဖိနပ်ပါပဲ၊ ရွှံ့ခြောက်ပြီး ကွာကျကုန် ထင်ပါရဲ့ ခင်ဗျာ'

ဦးလူတော်လည်း မည်သို့မျှ မပြောဘဲ ဖိနပ်ကိုကြည့်ကာ ဦးခေါင်းကို ယမ်းနေလေ၏။

တော်။ ။'သို့သော်လည်း ရှိပါစေ၊ ဒီလောက်တောင် အရေးကြီးတဲ့ ကိစ္စ မဟုတ်ပါဘူး။ ဒါထက် ခင်ဗျား ဖိနပ်ဝယ်တဲ့ဆိုင်ရဲ့လိပ်ကို ဟောဒီ စာရွက်ပေါ်မှာ ရေးပေးစမ်းဗျာ'

ခဲ။ ။(မျက်နှာပျက်သွားပြီးမှ ရယ်မောလျက်) 'ကြံကြံစည်စည် ဗျာ၊ ဘာများလုပ်မလို့လဲ။ သို့သော်လည်း ခင်ဗျား လိုချင်ရင် ရေးပေးရတာ ပေါ့လေ'

ငင်းနောက် ဦးကျောက်ခဲသည် စာရွက်ပေါ်တွင် ဖိနပ်ဆိုင်ရှင်၏ အမည်၊ နေရပ်တို့ကို ရေးပေးရာ ၎င်းမှာ ဒါလဟိုဇီလမ်း (မဟာဗန္ဓုလလမ်း) ရှိ တရုတ်ဆိုင်တစ်ဆိုင်ပင် ဖြစ်လေရာ၊ ဦးလူတော်ကမူ စာရွက်ကို ကြည့်ရုံမျှပင် မကြည့်ဘဲ အင်္ကျီအိတ်ထဲသို့ ထည့်ထားလိုက်၏။

တော်။ ။'ဘယ်လိုမှ စိတ်မရှိနဲ့ဗျနော်၊ ဟိုနေ့က ဦးဘိုးအောင် အိမ် လာတဲ့ လူတွေအားလုံးကို ကျုပ်တို့က ဝတ္တရားအတိုင်း မေးမြန်းရတာပဲ။ စင်စစ်တော့ ဒီအမှုဟာ ဝသုံးလုံးလက်ချက် ဇကန်ပါပဲ'

ခဲ။ ။(အံ့ဩသော မျက်နှာထားနှင့်) 'ဟုတ်ပါ့မလား ခင်ဗျား၊ ကျွန်တော့်အထင်တော့'

တော်။ ။'ခင်ဗျားက ဘာထင်သလဲ'

ခဲ။ ။'ကျွန်တော့်အထင်တော့ သာမန်ရန်ငြိုး ရှိလေတော့'



www.burmeseclassic.com

www.burmeseclassic.com



တော်။ ။ 'သာမန် မဟုတ်ဘူး ဆရာကြီး၊ ဝသုံးလုံးမှ ဝသုံးလုံး အစစ်ပဲ'

ဦးလူတော် ပြန်သွားသောအခါ ဦးကျောက်ခဲမှာ ဝသုံးလုံး အသင်းနှင့် ပတ်သက်၍ တစ်ကြိမ် တစ်ခါမျှ ထည့်သွင်းစဉ်းစားခြင်း မပြုခဲ့ဖူးရကား၊ ဦးလူတော်၏နှုတ်မှ ပထမအကြိမ် ကြားရဖူးခြင်း ဖြစ်သောကြောင့် အထူးတလည် တုန်လှုပ်စွာဖြင့် စဉ်းစားတွေဝေကာ ရှိနေရစ်လေ၏။ နောက်ဆုံး၌ ဦးကျောက်ခဲသည် ထိုင်ရာမှထ၍ ပိုက်ဆံထည့်သော သားရေအိတ်ကို ယူငင် ကြည့်ရှုပြီးလျှင် "သုတ်ခြေတင်မှ တော်လိမ့်မယ် ထင်တယ်" ဟု တစ်ယောက်တည်း ရေရွတ် ပြောဆိုနေလေ၏။

အခန်း [၁၂]

## ဦးကျောက်ခဲ ငွေညှစ်ခြင်း

ခင်စိန်ရီသည် ပွဲစားဦးဘဝင်း၏ အလုပ်တိုက်၌ အလုပ်လျှောက်ထားသောအခါ တစ်စုံတစ်ရာမျှ စစ်ဆေးမေးမြန်းခြင်း မပြုဘဲ ချက်ချင်းပင် ခန့်ထားလိုက်သည်ကို ထောက်သဖြင့်၊ ဝသုံးလုံး အသင်းသည် ဦးဘဝင်းအပေါ်၌ ဩဇာစူးကြောင်း ထင်ရှားပေ၏။ ခင်စိန်ရီမှာ ဦးဘဝင်းထံတွင် သာမန် အလုပ်မျိုးမျှလောက်သာ ဆောင်ရွက်ရသဖြင့် တစ်နေ့နေ့၌ ဝသုံးလုံးထံမှ တစ်စုံတစ်ခု စေခိုင်းလိမ့်ဦးမည်ဟု မျှော်လင့် စောင့်ဆိုင်းနေခဲ့လေ၏။ အလုပ်ဝင်ပြီးသည့်နောက် တစ်လနီးပါး ကြာရှိသောအခါမှ ခင်စိန်ရီသည် ဝသုံးလုံးထံမှ အောက်ပါစာတစ်စောင်ကို ရရှိလေ၏။

"ဦးကျောက်ခဲနှင့် အသိအကျွမ်းဖွဲ့၍ အဘယ်ကြောင့် ဦးကျောက်ခဲက ဦးဘဝင်းအပေါ်၌ ဩဇာစူးသည့် အကြောင်းကို သိရအောင် စုံစမ်းပါလေ။ ဦးဘဝင်းထံ၌ ဦးကျောက်ခဲက



www.burmeseclassic.com

www.burmeseclassic.com



ငွေများ အပ်နှံထားသည်ဟု သိရှိရသည်။ ၎င်းငွေများ ပြန်တောင်းသည်နှင့် တစ်ပြိုင်နက် ကျွန်ုပ်ထံသို့ အကြောင်းကြားပါလေ။ အင်စပက်တော် ဦးလူတော်နှင့် စုံထောက် ကိုသောင်းတန်တို့ ဦးဘဝင်းထံလာတိုင်း ကျွန်ုပ်ထံသို့ အောက်ပါလိပ်စာအတိုင်း ကြေးနန်းဖြင့် အကြောင်းကြားပါလေ။"

ဦးသာဒွန်း။

၂၃ သော်မဆင်လမ်း(ဗိုလ်တထောင်ဘုရားလမ်း)၊ ရန်ကုန်။

ခင်စိန်ရီသည် ဦးကျော်ခဲနှင့် သိကျွမ်းအောင် ကြိုးစားရသည်မှာ နေ့ရက်အနည်းငယ် ကြာရှိသော်လည်း နောက်ဆုံး၌ အထမြောက်ခဲ့၏။ ထိုအတောအတွင်း၌ စုံထောက် ကိုသောင်းတန်လည်း ဦးဘဝင်း၏ အလုပ်တိုက်သို့ တစ်ကြိမ်မျှသာ လာရောက်ဖူးရာ၊ ခင်စိန်ရီလည်း အထက်ပါလိပ်အတိုင်း ဝသုံးလုံးထံသို့ အကြောင်းကြားလိုက်၏။ အင်စပက်တော် ဦးလူတော်မှာမူ ဦးဘဝင်းထံသို့ တစ်ကြိမ်တစ်ခါမျှ မပေါ်လာခဲ့ချေ။ ထိုအချိန်ကာလ အတောအတွင်း ခင်စိန်ရီသည် မောင်ညွန့်ဦးနှင့် တစ်ကြိမ်မျှ မတွေ့ဆုံမိချေ။

တစ်နေ့သ၌ ဦးကျော်ခဲသည် ဦးဘဝင်းထံ လာရောက်၍ အခန်းထဲတွင် နှစ်ယောက်ထဲ ဆွေးနွေးတိုင်ပင်လျက် ရှိကြ၏။

ဝင်း။ ။ 'ခင်ဗျား တော်တော်ထူးဆန်းတဲ့ လူတစ်ယောက်ပဲ။ ကျွန်တော့်ဆီမှာ ခင်ဗျားကိုယ်ပိုင်ငွေ တစ်သောင်းကျော် ရှိလျက်နဲ့ ကိုယ့်ငွေနဲ့ ကိုယ် အလုပ်မလုပ်ဘဲ ကျုပ်ငွေကို လာလာပြီး ဆွယ်တရားဟောတဲ့ လူတစ်ယောက်ပဲ။ အကျိုးရှိမယ်ထင်ရင် ကိုယ့်ငွေနဲ့ကိုယ် လုပ်ပါတော့လားဗျ'

ခဲ။ ။ 'ကျုပ် ပုံတစ်ခုပြောမယ် နားထောင်။ စာရေးကလေး တစ်ယောက်ဟာ ပိုက်ဆံရှိတဲ့ မုဆိုးမကြီးတစ်ယောက်ကို ယူပြီး ကားကိုလေညင်းခံ သွား၊ ညနေခင်းမှာ လူပြတ်တဲ့ ကျောက်စွန်းတစ်ခု ပေါ်သွားပြီး



www.burmeseclassic.com

www.burmeseclassic.com



အမယ်ကြီး ကျောက်စွန်းပေါ်က လိမ့်ကျသေး၊ ကံအားလျော်စွာ ကျုပ်က ခွက်ပုံတစ်ခုနဲ့ အနီးအနားမှာ ရှိလေတော့ အမယ်ကြီးရော သူ့ယောကျ်ား ကလေးရော ခွက်ပုံရိုက်ယူထား။ ခွက်ပုံထဲမှာ ဘယ်လိုပါသလဲ၊ အမယ်ကြီးကို လင်တော်မောင်ကလေးက ကျောက်စွန်းပေါ်က တွန်းချနေတာကိုး။ ရုံးမင်းကတော့ မတော်တဆ သေတယ်လို့ မှတ်ချက်ချတယ်။ နို့ပေမဲ့ ကျုပ်ခွက်ပုံက မလိမ်ဘူးဗျ၊ တွန်းချတဲ့လူဟာ ဘယ်သူလဲ၊ ဒီခွက်ပုံကို ရုံးတင်ပြလိုက်ရင် ခင်ဗျား ဘယ်ရောက်မလဲ၊ ကြိုးစင်ပေါ် ရောက်မှာပေါ့ ဆရာကြီး၊ ဒီတော့ကာ....'

ဝင်း။ ။ 'တော်ပါတော့ဗျာ၊ ခင်ဗျား လိုတဲ့ငွေကို ကျုပ် ချေးပေးပါ့မယ်'

ထိုခဏ၌ အခန်းတံခါးကို ခေါက်သံကြားသည်နှင့် ဦးဘဝင်းက 'ဝင်ခဲ့' ဟု ခေါ်လိုက်ရာ၊ ခင်စိန်ရီသည် စာတစ်ရွက်ကို ကိုင်လျက် အခန်းထဲသို့ ဝင်လာလေ၏။

ခင်စိန်ရီသည် ဆံပင်စွယ်ဘီးကို နောက်ပတ် ပတ်လျက် ဖဲကတ္တီပါ လုံချည်နှင့် ကိုယ်လုံးပေါ် ရှန်သားအင်္ကျီတို့ကို ဝတ်ဆင်လျက်ရှိရာ အချိုးအစား ကျနပြေပြစ်သော ကိုယ်လုံးကလေးသည် ထင်လင်းစွာ ပေါ်ထွက်၍၊ အပြာနုရောင် ဖဲကတ္တီပါ လုံခြည်မှာလည်း ဖြူစင် နူးညံ့လှသော အသားနှင့် အလွန် ဟပ်ပေရကား၊ ဦးကျောက်ခဲ၏ မျက်လုံးများသည် ခင်စိန်ရီ၏ မျက်နှာနှင့် ကိုယ်လုံးတို့အပေါ်တွင် ကူးပြောင်းကာ ကျက်စားလျက် ရှိလေ၏။

ခင်စိန်ရီ ထွက်သွားသောအခါ ....

ခဲ။ ။ 'တယ်နိုပ်တဲ့ သူငယ်မပဲဗျို့၊ နာမည်က ဘယ့်နှယ်ခေါ်သလဲ'

ဝင်း။ ။ 'ခင်စိန်ရီတဲ့ဗျာ'

ခဲ။ ။ 'ခင်စိန်ရီ.... ခင်စိန်ရီ.... ဒီနာမည် ကြားဖူးတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဦးထွန်းတင်ဆီမှာ အလုပ် လုပ်ဖူးတဲ့ သူငယ်မ မဟုတ်လား။ ကိုယ့်လူက ရုပ်ချောရွေးပြီး စာရေးခန့်ထားတာကိုး'

ဝင်း။ ။'ကျုပ်က ရုပ်ချောတာ အရေးလုပ်တာ မဟုတ်ပါဘူးဗျာ'

ခဲ။ ။'ဟုတ်ကဲ့လား၊ ဒါထက် ဟိုကိစ္စအတွက် နက်ဖြန်ညသ ခုရှိလောက် ကျုပ် လာခဲ့မယ်'

ဝင်း။ ။'ကောင်းပါပြီ၊ လာခဲ့ပါတော့'

ဦးကျော်ခဲ ထွက်သွားပြီးသည်နှင့် တစ်ပြိုင်နက် ဦးဘဝင်းသည် စာရေးစက္ကူ တစ်ရွက်ကိုယူ၍–

**"ဦးကျော်ခဲကို စိတ်မချရ။ ၁၀၁ လမ်း**
**အိမ်နံပါတ် ၄၆ မှာ နေထိုင်သည်။"**

ဟု ရေးသားလေ၏။ ၎င်းနောက် စာအိတ်တစ်လုံးကိုယူ၍–

"ဦးသာဒွန်း။
၂၃၊ သော်မဆင်လမ်း(ဗိုလ်တထောင်ဘုရားလမ်း)၊ ရန်ကုန်။"

ဟု လိပ်တပ်ပြီးလျှင် ယခင်စာကို ထည့်ပြီးနောက် စာတိုက်မှ ထည့်လိုက်လေ၏။

## အခန်း [ ၁၃ ]
## ခင်စိန်ရီ နှင့် ဦးကျော်ခဲ

ဦးကျော်ခဲသည် ဦးဘဝင်း၏ အလုပ်တိုက်ခန်းမှ ထွက်လာသောအခါ တံခါးပေါက်အနီးတွင် လက်နှိပ်စက်တစ်လုံး ရိုက်လျက်ရှိသော ခင်စိန်ရီကို မြင်သည်နှင့် မျက်နှာချိုသွေးကာ သွားကိုဖြဲလျက် အနီးသို့ ချဉ်းကပ်လေ၏။

ခဲ။ ။'အလုပ်များသလား မိန်းကလေး'

ရီ။ ။'သိပ်မများတာပဲ'

ခဲ။ ။'တစ်နေ့လုံး အလုပ် လုပ်ရတာ ပျင်းစရာ မကောင်းဘူးလား'



www.burmeseclassic.com

www.burmeseclassic.com



ရီ။ ။'ဘိုင်စကုတ် ကြည့်နေရတာလောက်တော့ ဘယ်ပျော်မှာလဲ'

ခဲ။ ။'ဒါဖြင့် ညနေခင်းမှာ မဂိုလမ်း (ရွှေဘုံသာလမ်း) မှာ မုန့်စားပြီး၊ ချာလီချက်ပလင် ကြည့်ရ မကောင်းဘူးလား'

ရီ။ ။(နှာခေါင်းရှုံ့လျက်) 'ကြဲကြဲစည်စည်၊ လမ်းနံဘေးထိုင်ပြီး စားတဲ့အထဲက မုတ်သလား။ စားတော့ ....လမ်းနံဘေး၊ ကြည့်တော့ တစ်မတ်တန်းလား'

ခဲ။ ။'ဒါဖြင့် ဘယ်မှာစားချင်သလဲ၊ ပြောပါဦးလေ၊ ကြိုက်ရာပေါ့'

ရီ။ ။'အနောက်ပိုင်းက ဆင်ထရဲ ဟိုတယ် မကောင်းဘူးလား'

ခဲ။ ။'ဒါဖြင့် ဒီညနေ သွားစို့လား'

ရီ။ ။'သွားလေ၊ ပြီးတော့ ချာလီချက်ပလင် ပထမတန်းနော်'

ခဲ။ ။'စိတ်ချပါ။ ၁၀၁ လမ်း၊ အိမ်နံပါတ် ၄၆ ကိုလာခဲ့၊ ၇ နာရီတိတိ စောင့်နေမယ်။ ၉ နာရီပတ်ကို ရုပ်ရှင်ကြည့်တာပေါ့'

*

ထိုည ၇ နာရီထိုးသည်နှင့် တစ်ပြိုင်နက် ဦးကျောက်ခဲ၏ နေအိမ်ရှေ့တွင် ဆီဒင်ကားသစ်ကြီးတစ်စီး ဆိုက်ရောက်လေရာ၊ သားရေအိတ်ကို လက်ဆွဲလျက် ဖဲကတ္တီပါ ရွှေနားကွပ်သော လုံချည်ဖြင့် စတိုင်ကျကျ ဝတ်ဆင်ထားသော ခင်စိန်ရီသည် ကားပေါ်မှဆင်း၍ ဦးကျောက်ခဲ၏ အိမ်ပေါ်သို့ တက်လာလေ၏။ ဦးကျောက်ခဲလည်း ဆံပင်ဖြူစအရွယ် ရှိနေသဖြင့် ပြောက်ကျားကွက်လျက်ရှိသော ဆံပင်ကို တဖိတ်ဖိတ်တောက်လျက် မှောင်နက်အောင် ဆေးဆိုးကာ ဘိုကေကို သပ်ရပ်စွာဖြီးလျက် စောင့်မျှော်လျက်။ ခင်စိန်ရီ တက်လာသောအခါတွင် ဆိုဖာကြီးပေါ်၌ နေရာထိုင်ခင်း ပေးလေ၏။

ခဲ။ ။(ခင်စိန်ရီ၏ ရုပ်အဆင်းကို စားတော့မလို စူးစိုက်ကြည့်လျက်) 'ဘုရားစူးရစေ့၊ တကယ်ချောတဲ့ ခင်စိန်ရီ ပါပေကွယ်။ နေ့ဘယ်တော့ တစ်မျိုး၊ ညကျတော့မှ တိုးပြီး လှလာပြန်တာကိုး'



www.burmeseclassic.com

www.burmeseclassic.com



ရီ။ ။ 'မြှောက်တဲ့ပင့်တဲ့ နေရာမှာတော့ "နွားပျိုသန်လှ နွားအိုပေါင်ကျိုးသလောက်" ဆိုတဲ့ စကားလို ကြီးလေ မြှောက်တတ်လေ ဖြစ်နေပါပြီကော'

ခဲ။ ။ 'မမြှောက်ရပေါင်ဗျာ၊ ခင်စိန်ရီရဲ့ ရုပ်ကလေးဟာဖြင့် အပိုမြှောက်နေဖို့ မဆိုထားနဲ့၊ မှန်တဲ့အတိုင်း ချီးမွမ်းလို့တောင် ကုန်နိုင်စရာမရှိပေါင်ဗျာ။ ဘုရားစူးပါစေ့'

ရီ။ ။ 'တော်စမ်းပါ၊ ကြာတော့ စိတ်ကြီးဝင်ပြီး ရှင်နဲ့တောင် မလိုက်ချင်ဘဲ နေတော့မယ်'

ခဲ။ ။ 'ဒီလိုများ လုပ်ရင်တော့ ပွမ်းပစ်ပြီး သေလိုက်ရလိမ့်မယ်။ ဟဲ ....ဟဲ ....ဟဲ ....ဟဲ၊ ဒါထက် ဘိုင်စကုတ် ကြည့်ပြီးတော့ ဝမ်းဟာလိမ့်ဦးမယ်၊ ဘာများ စားဦးမလဲ'

ရီ။ ။ '၁၂ နာရီပတ် ဆိုလျှင်တော့ ဟိုတယ်တွေ အားလုံး ပိတ်ကုန်ရောပေါ့ရှင်'

ခဲ။ ။ 'ပိတ်ကုန် ဘာဖြစ်သလဲ၊ ဒီအိမ်မှာ စားတာပေါ့၊ စားစရာတွေ စီမံထားဖို့ ဘိုးချစ်ကို အမိန့်ပေးထားခဲ့မယ်၊ ဟန်ကြီးပန်ကြီးထဲက မဟုတ်ဘူး ဟုတ်လား'

ရီ။ ။ (စဉ်းစားပြီးနောက်) 'စားတာပေါ့လေ'

ခဲ။ ။ 'စားပြီးတော့ ကျုပ်ကားနဲ့ အိမ်လိုက်ပို့ပါ့မယ်'

ရီ။ ။ 'ဈွန်မမှာလည်း ကားပါပါတယ်၊ ရှိပါစေ'

၇ နာရီခွဲလတ်သော် ဦးကျောက်ခဲနှင့် ခင်စိန်ရီတို့သည် မော်တော်ကားနှင့် အနောက်ပိုင်း ဆင်ထရဲ ဟိုတယ်သို့ သွားကြ၍ ဦးကျောက်ခဲက အဖိုးထိုက်တန်သော တရုတ် စားစရာများကို မှာယူကျွေးမွေးလေရာ၊ ကြည်လင် ရွှင်ပျသော ခင်စိန်ရီ၏ စကားရွှန်းများကြောင့် ဦးကျောက်ခဲမှာ ဟားယနှလုံး ရွှင်ပြုံးနှစ်သိမ့်လှ၍ မြိန်ရှက်စွာ စားသောက်နိုင်မည် ဖြစ်သောကြောင့် ပိုက်ဆံကုန်ရကျိုး နပ်ပါပေသည်ဟု မှတ်ထင်မိ၏။ ၉ နာရီထိုးလတ်သော်



www.burmeseclassic.com

www.burmeseclassic.com



ၾငင်းတို့သည် ချာလီချက်ပလင် ရုပ်ရှင်ကားသို့ သွားရောက်ကြည့်ရှု၍ ၁၂ နာရီ ထိုးလုနီးတွင်မှ ရုံပြင်သို့ ထွက်လာကြလေ၏။

ရုံရှေ့တွင် ခင်စိန်ရီသည် အနည်းငယ် ရပ်ဆိုင်းလျက်ရှိရာ ဦးကျောက်ခဲ မှာထားသောကား ဆိုက်ရောက်လာသည်တွင်မှ ဦးကျောက်ခဲ၏ တိုက်တွန်းချက်ဖြင့် ကားပေါ်သို့ တက်လိုက်၍ ၁၀၁ လမ်းသို့ မောင်းနှင်လာကြလေ၏။

အိမ်ပေါ်သို့ ရောက်ကြသောအခါ အသီးအနှံ အမျိုးမျိုးနှင့် ကြက်ရင်အုပ်ကြော် နှစ်ခုကို စားပွဲပေါ်တွင် ပြင်ဆင်ထားသည်ကို တွေ့ရသော်လည်း၊ အိမ်တွင်း၌ အစေခံ တစ်ယောက်မျှ မရှိသည့်အဖြစ်ကို ခင်စိန်ရီ သတိပြုမိလေ၏။ စားပွဲတွင် မျက်နှာချင်းဆိုင်ထိုင်ကာ အနည်းငယ်မျှ စားသောက်ကြပြီးနောက်–

ရီ။ ။ 'ညဥ့်နက်ပါပြီရှင်၊ ကျွန်မ ပြန်ပါရစေတော့'

ခဲ။ ။ 'နေပါဦး ရီရီရဲ့၊ မင်းတို့ ပွဲစားကြီးကို ကျုပ် ကောင်းကောင်း နိုင်ပါတယ်၊ သူ့တိုက်မှာ ရီရီ ကြီးပွားအောင် ကျုပ် ပြောပေးနိုင်ပါတယ်။ အလုပ်အကိုင်အကြောင်း ပြောကြပါဦးစို့'

ရီ။ ။ 'ဒီလိုဆိုလျှင် ကျေးဇူးပါပဲရှင်၊ နောက်တော့ ပြောကြသေးတာပေါ့၊ အခုတော့ ညဥ့်နက်နေလို့ တစ်ဆိတ်လောက် ....'

ထိုခဏ၌ ဦးကျောက်ခဲသည် ကုလားထိုင်မှထ၍ ခင်စိန်ရီနောက်ရှိ ကြောင်အိမ်ပေါ်တွင် တင်ထားသော စားစရာများကို ချပေးမည့်ဟန်နှင့် ထ လာရာ၊ ခင်စိန်ရီ နောက်တည့်တည့်သို့ ရောက်သည်နှင့် တစ်ပြိုင်နက် ဦးခေါင်းကို ရုတ်တရက် ငုံ့၍ ဖက်နမ်းမည် ပြုလေ၏။ သို့ရာတွင် ခင်စိန်ရီမှာ ထိုအခြင်းအရာကို ကြိုတင်သိမြင်ထားသဖြင့် အသင့်ပြင်ဆင်ပြီး ရှိနေရာကား၊ ရုတ်တရက် ငုပ်လျှိုး ဖယ်ထွက်လိုက်ရာတွင် ဦးကျောက်ခဲမှာ ကုလားထိုင် နောက်မှီကို ဖက်မိ၍ ကျောကိုသာ နှာခေါင်းနှင့် ခိုမိလေ၏။

ရီ။ ။ 'ကျွန်မ ပြန်ပါရစေတော့ ဦးကျောက်ခဲ'



www.burmeseclassic.com

www.burmeseclassic.com



ခဲ။ ။(စိတ်ပေါက်လာဟန်နှင့်) 'ဘာလုပ်ပြန်ရမှာလဲ .... လာစမ်း၊ ဒီမှာ ထိုင်စမ်းပါဦး၊ ပြောစရာတွေ ရှိပါသေးတယ်' ဟု ပြောလျက် ပေါင်ကို ပုတ်၍ ပြလေ၏။ ထိုအခါ ခင်စိန်ရီသည် ဦးကျောက်ခဲအား အတန်ကြာအောင် စိုက်ကြည့်ပြီးနောက် ရုတ်တရက်လှည့်၍ တံခါးကို တွန်းဖွင့်လိုက်ရာ တံခါးမှာ အပြင်မှ ပိတ်ပြီး ဖြစ်နေလေ၏။

ရီ။ ။(လက်ပိုက်ကာ တည်ငြိမ်သော မျက်နှာထားနှင့် စေ့စေ့ကြည့်လျက်) 'ဦးကျောက်ခဲ၊ ဖွင့်ပေးရင် ကောင်းလိမ့်မယ် ထင်တယ်'

ခဲ။ ။(စပ်ဖြဲဖြဲ မျက်နှာမျိုးနှင့်) 'လာပါ ရီရီရယ်၊ လိမ္မာသားနဲ့၊ ချေးများ မနေစမ်းနဲ့၊ ဒီပေါ်မှာ လာထိုင်ပါ၊ လာ .... လာ'

ရီ။ ။'ကျွန်မကို ရှင်က မိန်းမပေါ့ထဲက မှတ်နေတာကိုး၊ ဒီတစ်ခါ လူကဲခတ် မှားနေပြီ။ ဦးကျောက်ခဲ တံခါးကို ဖွင့်လိုက်လို့ ကျွန်မ ပြောနေတယ်၊ မကြားဘူးလား'

ခဲ။ ။'ကောင်းပါပြီဗျာ၊ ဖွင့်ဆိုလည်း ဖွင့်ရတာပေါ့'

ဦးကျောက်ခဲသည် တံခါးဖွင့်ပေးမည် ဟန်နှင့် ထလာ၍ ခင်စိန်ရီ အနီးသို့ ရောက်သည်နှင့် တစ်ပြိုင်နက် ရုတ်ခနဲလှည့်ကာ ခင်စိန်ရီကို ပွေ့ဖမ်းလိုက်ရာ၊ ထိုအခါ၌မူကား ခင်စိန်ရီမှာ အလစ်မိသွားသဖြင့် ဦးကျောက်ခဲ၏ လက်ထဲသို့ ရောက်သွားလေ၏။ 'လွှတ်ပါ၊ ကျွန်မကို မထိပါနဲ့၊ လွှတ်စမ်းပါ' ဟု ဆိုကာ ရုန်းဖယ်ရာတွင် ခင်စိန်ရီသည် ဦးကျောက်ခဲ၏ လက်မှ တစ်လက်မခန့်မျှ လွတ်မြောက်ခြင်း မရှိသော်လည်း ကြောက်စိတ်လည်း မရှိ၊ ထိတ်လန့်တုန်လှုပ်ဟန်လည်း လက္ခဏာ မရှိချေ။

နောက်တစ်ခဏ၌ ခင်စိန်ရီသည် ဦးကျောက်ခဲ၏ လက်ထဲတွင် ပျော့ကျသွားလေရာ ဦးကျောက်ခဲ၏ စိတ်ထဲ၌ "တစ်ခါဖြင့် အောင်ပြီ" ဟု အောက်မေ့လိုက်မိသေး၏။ ထိုအခါ ဦးကျောက်ခဲသည် ခင်စိန်ရီကို ယခင်ကကဲ့သို့ တင်းကျပ်စွာ မဖက်တော့ဘဲ ဝမ်းမြောက်ဝမ်းသာ လွှတ်ချပေးလိုက်ရာ ခင်စိန်ရီက 'စပျစ်သီးကလေး တစ်လုံးလောက် စားပါရစေ' ဟု ပြောသဖြင့် ဝမ်းသာလုံး ဆို့မတတ် ဖြစ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ခဲ ။ ။ 'ဒီလို လိမ္မာမှပေါ့ မိန်းကလေးရယ်၊ ဟုတ်ဖူးလား။ အလို ....ဘယ့်နှယ်ဟာလဲ'

ဦးကျောက်ခဲ၏ ဝမ်းသာခြင်းမှာ လွန်စွာ အချိန်တိုလှချေ၏။ ခင်စိန်ရီသည် စားပွဲပေါ်၌ထားသော သားရေအိတ်ငယ်ကို ဖွင့်၍ ကြက်ဥပုံသဏ္ဌာန်ရှိသော အလုံးကလေး တစ်လုံးကို ထုတ်ပြီးလျှင် ၎င်းတွင် ထိုးစိုက်ထားသော အပ်ကလေး တစ်ချောင်းကို ထုတ်နုတ်လိုက်လေ၏။ ၎င်းမှာ လက်ပစ်ဗုံးအတုပင် ဖြစ်လေရာ ဦးကျောက်ခဲကမူ အတုဖြစ်ကြောင်းကို မရိပ်မိဘဲ လက်ပစ်ဗုံးကိုသာ မြင်ဖူးသူ ဖြစ်သောကြောင့် ဒူးများ ဆတ်ဆတ်တုန်အောင် ကြောက်ရွံ့လျက် ရှိလေ၏။

ခဲ ။ ။ 'မလုပ်ပါနဲ့ သူငယ်မရယ်၊ ပြန်ထည့်ထားလိုက်ပါကွယ်၊ ငါ မင့်ကို ဘာမှ မလုပ်တော့ပါဘူးကွယ်'

ရီ ။ ။ 'တံခါး ဖွင့်လိုက်'

ဦးကျောက်ခဲသည် ထပ်မံ၍ မပြောတော့ဘဲ တံခါးသို့သွား၍ ဖွင့်ပေးလိုက်ရာ ....

ခင်စိန်ရီသည် ဗုံးကို လက်ထဲတွင် ဆုပ်ကိုင်လျက် ခြေလှမ်းမှန်မှန်နှင့် တံခါးဆီသို့သွား၍ အဝသို့ရောက်သည်နှင့် တစ်ပြိုင်နက် ခရာတစ်ချက်မှုတ်လိုက်ရာ ဆိုဒင်ကားတစ်စီး ရောက်လာ၍ စီးနင်း လိုက်ပါသွားလေ၏။

ခင်စိန်ရီ ပြန်သွားသောအခါ ဦးကျောက်ခဲသည် အိပ်ခန်းသို့ ဝင်သွားသော်လည်း အကြံအစည် အထမမြောက်သော လူတို့၏ ထုံးစံအတိုင်း ရုတ်တရက် အိပ်ရာသို့ မဝင်သေးဘဲ အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် စကြံလျှောက်လျက် ရှိလေ၏။

*

ဦးကျောက်ခဲမှာ အစေခံတစ်ယောက် ရှိသော်လည်း ထိုသူ၌အဖို့၌ ဦးကျောက်ခဲက ဘိုင်စကုတ်ကြည့်ရန် ပိုက်ဆံနှင့်တကွ လွှတ်လိုက်၍ နံနက်



www.burmeseclassic.com

www.burmeseclassic.com



လင်းမှ ပြန်လာခဲ့ရန် မှာထားလိုက်သောကြောင့် အစေခံသည် နံနက်လင်းသော အခါမှ ပြန်ရောက်လာလေ၏။

လက်ဖက်ရည် တည်ပြီးလတ်သော် အစေခံသည် မိမိ၏ ဆရာကို နှိုးမည်ဟု ဦးကျော်ခဲ၏ အိပ်ခန်းသို့ လာခဲ့ရာ ထုံးစံအတိုင်း ဟောက်သံ မကြားရသောကြောင့် ရပ်တန့်နေသေး၏။ ထိုနောက် တံခါးကိုခေါက်၍ ခေါ်ကြည့်ရာ မည်သူကမျှ ပြန်မထူးချေ။

ထိုအခါ အစေခံသည် စိုးရိမ်တုန်လှုပ်လာသည်ဖြစ်၍ လေဝင်ပေါက်သို့ တက်ပြီးလျှင် အခန်းတွင်းသို့ ချောင်းကြည့်ရာ မလှုပ်မယှက်ဘဲ ပက်လက်လှန်လျက် အိပ်နေသော ဦးကျော်ခဲကို တွေ့မြင်ရလေ၏။ ထပ်မံ၍ ဟစ်ခေါ်သော်လည်း မထူးချေ။

နောက်ဆုံး၌ အစေခံသည် လမ်းစောင့် ပုလိပ်ကိုခေါ်၍ တံခါးကို ချိုးဖွင့်မည် ပြုကြရာတွင် တံခါး၌ ဝသုံးလုံး အမှတ်တံဆိပ်တစ်ခု ရေးခြယ်ထားသည်ကို တွေ့ကြရလေ၏။

ထိုနောက် ပုလိပ်နှင့် အစေခံတို့သည် တံခါးကို ချိုးဖွင့်၊ အခန်းထဲသို့ ဝင်သွားကြသောအခါ အိပ်ရာပေါ်တွင် စင်းစင်းကြီး သေလျက်ရှိသော ဦးကျော်ခဲကို တွေ့ရလေ၏။

## အခန်း [ ၁၄ ]
## ဆပ်ပြာပူဖောင်း

ရှေ့တောက်ကိုသောင်းတန်သည် ၎င်း၏ အလုပ်တိုက်ခန်းအတွင်းတွင် ထိုင်လျက် ဝသုံးလုံးအသင်း အမှုများအကြောင်းကို စဉ်းစားစိတ်ကူးနေစဉ်၊ အင်စပက်တော် ဦးလူတော် ရောက်လာ၍ ဝသုံးလုံး၏ လက်ချက်ဖြင့် ဦးကျော်ခဲ ဆိုသူတစ်ယောက် သေဆုံးပြန်သည့် အကြောင်းများကို ပြောပြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



တန်။ ။ 'ဝသုံးလုံးချည်း လိုက်ချမနေပါနဲ့လေ၊ သေချာမှ လုပ်ပါ ဆရာကြီးရဲ့'

တော်။ ။ 'ဝသုံးလုံး အမှတ်တံဆိပ်ကို တံခါးမှာ ရေးခြယ်ထားခဲ့ သေးတယ်ဗျ၊ ကျုပ်က ဦးဘိုးအောင် လူသတ်မှုမှာ တွေ့ရတဲ့ စာရွက်စုတ် ဟာ ဦးကျောက်ခဲရဲ့ လက်ရေး ဖြစ်နေကတည်းက ဦးကျောက်ခဲနောက်ကို ကျုပ် လိုက်နေတာ။ ယခုတော့ ဦးကျောက်ခဲ သေနေပြန်ပြီ၊ တယ်ရှုပ်တဲ့ အမှုဗျာ'

တန်။ ။ 'စာရွက်စုတ်တွင် .... ဦးကျောက်ခဲ လက်ရေးလို့ ခင်ဗျား ဘယ့်နှယ်သိရသလဲ'

တော်။ ။ 'ဦးကျောက်ခဲ ဖိနပ်ဝယ်တဲ့ဆိုင်ကို ကျုပ်က ဥပါယ်တံမျဉ် နဲ့ လိပ်ရေးခိုင်းကြည့်တော့ သူ့လက်ရေးဟာ စက္ကူစုတ်ပေါ်က လက်ရေး နဲ့ ကိုက်ပြီး နေတာပဲဗျ'

တန်။ ။ 'ဪ .... ဪ .... ဒီလိုတော့ ဆရာကြီး တော်ပေသား ပဲ ကိုး။ သို့ပေမဲ့ ဝသုံးလုံး မပေါ်မီ ဦးကျောက်ခဲ သေနေနှင့်တာက ခက်နေ ပြန်ပြီကော'

တော်။ ။ 'ဟုတ်တယ်၊ ပြီးတော့လည်း ဦးကျောက်ခဲဟာ ဘတ်စ် ကားနဲ့ လိုက်ချင်ယောင်ဆောင်ပြီး ဦးဘိုးအောင် ခြံဆီကို တစ်ဖန်ပြန်လာပြီး ခြံထောင့်က စောင့်ချောင်းတယ်တဲ့ဗျ။ ကျုပ် အံ့သြတာက ဟိုနေ့က ဦးဘိုး အောင် အိမ်ကို သူရောက်တော့ အကြီးအကျယ် ထိတ်လန့်ပြီး ပြန်ပြေးပြီး တဲ့ နောက်မှ ညမှာ တိတ်တိတ်ကလေး တစ်ခေါက်ပြန်လာတာကို အံ့သြမိ တာ ပါပဲ'

တန်။ ။ 'ဒါထက် ဦးကျောက်ခဲဟာ ဘယ်နည်း သေပုံလဲဗျ'

တော်။ ။ 'မပြောတတ်ပါဘူးဗျာ။ အခန်းတံခါးလည်း ပိတ်လျက်၊ အိပ်ရာပေါ်မှာ စင်းစင်းကြီး သေနေတော့တာပါပဲ။ သူ့ခေါင်းအုံးပေါ်မှာတော့ စွတ်စိုနေတဲ့ ပိုင်းပိုင်းအစက်ကလေး တွေ့ရတယ်။ အိပ်ရာခင်းပေါ်မှာ တစ်ခု၊ ခေါင်းအုံးပေါ်မှာ တစ်ခုဗျ'



www.burmeseclassic.com

www.burmeseclassic.com



တန်။ ။ 'ဒီလိုဆိုရင် ကျုပ် လိုက်ကြည့်စမ်းပါဦးမယ်ဗျာ'

၎င်းနောက် စုံထောက်နှစ်ယောက်တို့သည် တက္ကစီ တစ်စီးဖြင့် ၁၀၁ လမ်းရှိ ဦးကျောက်ခဲ၏ နေအိမ်သို့ သွားကြလေ၏။ အိမ်ပေါ်သို့ တက်မိကြသည်နှင့် တစ်ပြိုင်နက်–

တန်။ ။ 'တစ်နေရာရာမှာ ပုံသဏ္ဌာန် ခပ်ရှည်ရှည်ရှိတဲ့ သံမဏိ ပုံးကလေးတစ်ပုံး ရှိရမယ်၊ ဦးလူတော် ခင်ဗျားလူများ တွေ့အောင်ရှာပစေ'

ပုလိပ်တစ်ယောက်။ ။ 'အိမ်နောက်ဖေးမှာ သံဘူးခပ်ရှည်ရှည် တစ်လုံး တွေ့ထားတယ် ဆရာ'

တန်။ ။ 'ဘယ်မှာလဲ ယူခဲ့စမ်း၊ ကိုင်း .... ကျုပ် မပြောဘူးလား'

၎င်းနောက် ကိုသောင်းတန်သည် ဦးကျောက်ခဲ၏ အိပ်ခန်း၌ရှိသော လေဝင်ပေါက်ကို တစ်ချက် လှမ်းကြည့်ပြီးမှ ကြမ်းပေါ်တွင် ဒူးထောက်၍ ရှုရှိုက်ကြည့်ရာ၊ မကြာမီပင် ချောင်းတဟွတ်ဟွတ်ဆိုးလျက် မျက်နှာများ နီမြန်းကာ ကြမ်းပေါ်မှ ခုန်ထလိုက်လေ၏။

ထိုနောက် ကိုသောင်းတန်သည် ယခင်က သံဘူးကို တောင်းယူကြည့်ရှုပြန်ရာ–တစ်ဖက်သောအဖျားတွင် ပြွန်ကလေးတစ်ခု ပါရှိ၍ ရေဘုံဘိုင်တွင် တပ်သော ကာဘာကလေးမျိုး တစ်ခုလည်း တပ်လျက် ပါရှိလေ၏။

တန်။ ။ 'ပုလင်းသော် လည်းကောင်း၊ ခွက်သော်လည်းကောင်း တစ်ခုခု တွေ့ရဦးမယ်။ မတွေ့ကြဘူးလား'

ပုလိပ်။ ။ 'သံဘူးနားမှာ ဖန်ပုလင်းကလေးတစ်လုံး တွေ့ရတယ် ဆရာ၊ ကွဲနေပြီ'

တန်။ ။ 'ယူခဲ့၊ အကွဲတွေကို မြန်မြန်ယူခဲ့ကြစမ်း'

တော်။ ။ 'ဒါက ဘာတွေလဲ ကိုသောင်းတန်ရဲ့'

တန်။ ။ 'လူသတ်တဲ့ နည်းသစ်တစ်ခုလေ၊ ကိုင်း .... အခန်းထဲ ဝင်ကြည့်လိုက်ကြဦးစို့'

အခန်းအတွင်းသို့ ရောက်ကြသောအခါ ဦးကျောက်ခဲ၏ အလောင်း



www.burmeseclassic.com

www.burmeseclassic.com



မှာ ခုတင်ပေါ်၌ပင် ရှိနေသေးရာ ခေါင်းအုံးပေါ်မှ အကွက်ကလေးမှာလည်း စွတ်စိုလျက်ပင် ရှိနေသေး၏။ ကိုသောင်းတန်သည် ရှေးနည်းအတူ ကြမ်းကို ဒူးထောက်ကာ နမ်းရှုပ်ပြီးနောက် ရုတ်တရက် ပြန်ထလိုက်လေ၏။ ထိုခဏ၌ ပုလိပ်သားသည် အိမ်နောက်တွင် တွေ့သော ဖန်ဘူးကွဲကို ယူလာခဲ့ရာ၎င်းတွင် အရည်အနည်းငယ် ကျန်ရှိသေးသည်နှင့် ကိုသောင်းတန်လည်း လက်ဖဝါးထဲသို့ လောင်းထည့်လိုက်လေ၏။

တန်။ ။ 'ကျုပ် တွေးတဲ့အတိုင်း ဆပ်ပြာရည် ပါပဲဗျ။ ဒါထက် ဦးကျောက်ခဲ သေပုံ ပြောပြရဦးမယ်၊ ဟောဒီ သံမဏိဘူးထဲမှာ အဆိပ်ဓာတ်ငွေ့ ပါရမယ်၊ ဓာတ်ငွေ့ဟာ လေးတဲ့အတွက် ကြမ်းပေါ်စုပြီး ဆင်းလေတော့ အခုတောင် ကြမ်းပေါ်မှာ အနံ့ရနိုင်သေးတယ်၊ မယုံ နမ်းကြည့်ကြစမ်း'

ပုလိပ်။ ။ 'အောင်မယ်၊ ဟုတ်တယ်ဆရာ စိမ်းရွှေရွှေကြီး နံလိုက်တာ'

တော်။ ။ 'ဦးကျောက်ခဲ သေပုံ ရှင်းပြပါဦးဗျာ'

တန်။ ။ 'ဆပ်ပြာပူဖောင်းနဲ့ မှုတ်ပြီး ချတာပေါ့ဗျ'

တော်။ ။ 'ဘယ်လို ချပုံလဲဗျာ'

တန်။ ။ 'ဟောဟို လေဝင်ပေါက်ဆီကို အပြင်ကနေပြီး တက်၊ သံမဏိဘူးကို ဖွင့်၊ ဆပ်ပြာရည်ထဲမှာ အဖျားကိုနှစ်၊ ဓာတ်ငွေ့က ထိုးထွက်တော့ ပူစီဖောင်းကလေးဖြစ်။ တစ်ခုဖြုတ်ချ၊ နှစ်ခုဖြုတ်ချ၊ သုံးလေး ငါးခုလောက် ဖြုတ်ချမိတော့ တစ်ခုခုက သူ့နှာခေါင်းဝမှာ ကျကွဲပြီး ဓာတ်ငွေ့ကို ရှူရှိုက်မိလို့ ဦးကျောက်ခဲ သေရရှာတာပေါ့ဗျာ'

တော်။ ။ 'ဒါဖြင့် ဟို အဝိုင်းစက်ကွက်ကလေးတွေဟာက ဆပ်ပြာပူဖောင်း ကျကွဲထားတဲ့ နေရာတွေ ဖြစ်မှာပေါ့လေ၊ ဟုတ်စ။ တော်ပါပေ့ဗျာ၊ ကျုပ်တို့ဖြင့် မစဉ်းစားမိပါပေဘူး ကိုသောင်းတန်'

ထိုအခါ အနီး၌ရှိသော ပုလိပ်သား နှစ်ယောက်တို့သည် မိမိတို့၏ ဆရာဖြစ်သော အင်စပက်တော်ကြီးထက် အပြင် စုံထောက်က အရေးသာ



www.burmeseclassic.com

www.burmeseclassic.com



နေသည့် အဖြစ်ကို ထင်ရှားစွာ တွေ့မြင်ကြရသည်နှင့် ချီးမွမ်းအံ့သြသော မျက်နှာထားများဖြင့် ကိုသောင်းတန်အား ကြည့်နေကြလေရာ၊ ကိုသောင်းတန်မှာ ဦးလူတော်အတွက် အားနာသည်နှင့် 'ဒီလိုပေါ့လေ၊ သူက သာတဲ့အခါသာ၊ ကိုယ်က သာတဲ့အလှည့်လည်း သာဦးမှာပေါ့။ ကိုင်း ကျွန်တော်ပြန်လိုက်ဦးမယ်ဗျာ' ဟု ဦးလူတော်အား နှုတ်ဆက်၍ ထိုအိမ်မှ ဆင်းလာခဲ့လေ၏။

## အခန်း [ ၁၅ ]
## ခင်စိန်ရီ အလုပ်ပြောင်းလဲခြင်း

အင်စပက်တော် ဦးလူတော်သည် ဦးကျောက်ခဲ၏ သေတ္တာကို ဖွင့်၍ စာရွက်စာတမ်းများကို မွှေနှောက်ကြည့်ရှုသောအခါ စာတစ်အိတ်နှင့် ထည့်ထားသော ဓာတ်ပုံတစ်ခုကို တွေ့ရှိလေ၏။ ဓာတ်ပုံမှာ တစ်ခုသော ကျောက်စွန်းတွင် ယောကျ်ားတစ်ယောက်က မိန်းမတစ်ယောက်ကို တွန်းချနေသော ဓာတ်ပုံ ဖြစ်ရကား ပထမ၌ ဦးလူတော်က ဘိုင်စကုတ်ဓာတ်ကား ဖြစ်လေသလောဟု တွေးတောမိ၏။ သို့ရာတွင် ဓာတ်ပုံကို အလင်းရောင်ရှိရာသို့ ယူကြည့်ရှုရာတွင်မူကား ယောကျ်ားဖြစ်သူမှာ ပွဲစားကြီး ဦးဘဝင်း ဖြစ်နေကြောင်း တွေ့ရှိရသည်နှင့် ဦးဘဝင်း၏ဇနီး သေဆုံးစဉ်က ဦးဘဝင်းအပေါ်၌ ပုလိပ်က မသင်္ကာဖူးသော အချက်များကို ရုတ်တရက် သတိရမိသ၏။ ထိုဓာတ်ပုံကြောင့်လည်း သေသူ ဦးကျောက်ခဲက ပွဲစား ဦးဘဝင်းအပေါ်၌ ခြိမ်းခြောက်နေဟန် တူသည် ဟူ၍လည်း စဉ်းစားမိ၏။ သို့ဖြစ်၍ ဦးလူတော်သည် ဓာတ်ပုံကို ဌာနသို့ ပြောင်းရွှေ့သိမ်းဆည်းခဲ့ပြီးနောက် ဦးဘဝင်းကို ဖမ်းဆီးရန် ထွက်လာခဲ့လေ၏။

သို့ရာတွင် ဦးလူတော် နောက်ကျခဲ့လေပြီ။ အကြောင်းကို ဆိုသော် ဦးလူတော်သည် ပုလိပ်နှစ်ယောက်တို့နှင့်အတူ ဦးဘဝင်း၏ နေအိမ်သို့



www.burmeseclassic.com

www.burmeseclassic.com



သွားသောအခါ ဦးဘဝင်းကို မတွေ့ရတော့သည့်ပြင်၊ လွန်ခဲ့သည့် ညဦးကတည်းက အိမ်၌ ဦးဘဝင်း မအိပ်ဘဲ တိမ်းရှောင်ထွက်ပြေးသွားနှင့်ကြောင်းကို တွေ့ရသောကြောင့်ပေတည်း။

ဦးဘဝင်း ထွက်ပြေးပြီ ဟူသော သတင်းကို ကြားကြရသောအခါ ဦးဘဝင်း၏ အလုပ်တိုက်၌ အလုပ်သမားများ ဗရုတ်ဗရက် ဖြစ်ကြရ၏။ အချို့လည်း ညည်းတွား၍ အချို့လည်း မြည်တွန်ရေရွတ်နေကြ၏။ အလုပ်သမား တစ်ယောက်ဖြစ်သော ခင်စိန်ရီမှာမူ အလုပ်ခပ်ချောင်ချောင်နှင့် လခ ခပ်မြွက်မြွက်ရသော ရာထူးတစ်ခု ပြုတ်သွားခြင်း ဖြစ်သော်လည်း မလွဲမရှောင်သာသော ကိစ္စတစ်ခုကို ညည်းတွားနေသော်လည်း အကျိုးမရှိဟု သဘောထားဟန် လက္ခဏာနှင့်၊ ခင်စိန်ရီသည် သားရေအိတ်ကလေးကို လက်ဆွဲလျက် အခြား အလုပ်သမားများကို နှုတ်ဆက်ပြီးလျှင် အလုပ်တိုက်မှ ခပ်အေးအေး အမူအရာနှင့် ထွက်လာခဲ့လေ၏။

အပြင်သို့ ရောက်သောအခါ အင်စပက်တော် ဦးလူတော်နှင့် စုံထောက်ကိုသောင်းတန်တို့သည် တိုက်ရှေ့တွင် ရပ်လျက် စကားပြောနေကြသည်ကို တွေ့ရလေရာ၊ ခင်စိန်ရီသည် စုံထောက်နှစ်ယောက်အား ဘိုင်စကုတ်မင်းသမီးက ဦးခေါင်းညိတ်သော အမူအရာမျိုးဖြင့် ခပ်ဝင့်ဝင့် ခေါင်းညိတ်ပြပြီးလျှင် ထရော်လီ ဘတ်စ်ကား တစ်စီးပေါ်သို့ တက်သွားလေ၏။ စုံထောက်နှစ်ယောက်တို့သည် ခင်စိန်ရီကို မျှော်ကြည့်ရင်း တိုင်ပင်နေရစ်ကြလေ၏။

တန်။ ။ 'ကျွန်တော်တော့ လူကဲခတ်တဲ့နေရာမှာ ကိုယ့်ကိုယ်ကိုယ် မနေးလှဘူး အောက်မေ့တယ်၊ နို့ပေမဲ့ ဟောဟို သူငယ်မတော့ဖြင့် နားမလည်အောင် ဖြစ်နေပြီ'

တော်။ ။ 'သူခိုး သူခိုး ပေါ့ဗျာ၊ ဘာနားမလည်စရာ ရှိသလဲ'

တန်။ ။ 'လက်ဆောင်တာတော့ ဟုတ်ပါပြီ၊ ဒါပေမဲ့ သူ့ဘာသာသူ ဆောင်တာ မဟုတ်ဘဲနဲ့ အဆက်အသွယ်များ ရှိသလားလို့ စဉ်းစားမရနိုင်ဘူးဗျာ'



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ နံနက်၌ ကိုသောင်းတန်သည် ပြည်လမ်းရှိ ဦးထွန်းတင် အိမ်မှ တယ်လီဖုန်းရသည်နှင့် လိုက်သွားရာ၊ အင်စပက်တော် ဦးလှတော်လည်း ရောက်နှင့်နေသည်ကို တွေ့ရလေ၏။ ဦးထွန်းတင်မှာ ခင်စိန်ရီကို အလုပ်မှ ထုတ်ပစ်လိုက်သော နေ့၌ ဝသုံးလုံးအသင်းမှ ငွေညှစ်သော စာတစ်စောင် ရရှိထားကြောင်းကို စာဖတ်သူတို့ မှတ်မိကြပေလိမ့်မည်။ ဦးထွန်းတင်သည် ပုလိပ်ကို တိုင်တန်းပြီးနောက် စိတ် မကျေနပ်သေးသည်နှင့် ကိုသောင်းတန်ကိုပါ ငှားရမ်းရန် ခေါ်ယူလိုက်ခြင်း ဖြစ်လေသည်။

အင်စပက်တော် ဦးလှတော်နှင့် စုံထောက် ကိုသောင်းတန်တို့မှာ ဝသုံးလုံး အမှုများတွင် အတူတကွ ဆောင်ရွက်ခဲ့ရဖန် များလှပြီဖြစ်ရာ၊ ယင်းသို့ ဆောင်ရွက်ရသည့်အခါတိုင်း ကိုသောင်းတန်ကသာလျှင် အရေးသာခဲ့သည် ဖြစ်သောကြောင့် သတင်းစာများက ကိုသောင်းတန်ကို ချီးမြှောက်ရေးသားကြသလောက် ဦးလှတော်ကို ဖိနှိပ်ရှုတ်ချ ရေးသားတတ်ကြ၏။ သို့ဖြစ်ရကား ဦးလှတော်မှာ အထက်လူကြီးများ၏ ငြိုငြင်ခြင်းကို ခံရသည် ဖြစ်၍ အလုပ်မှ နုတ်ထွက်ရတော့မည်ကဲ့သို့ပင် ရံဖန်ရံခါ ကြံစည်မိ၏။

အမှုတစ်ခုတွင် ဦးလှတော်နှင့် ကိုသောင်းတန်တို့ တွဲဖက်ဆောင်ရွက်ရသည် ဆိုသော်လည်း စင်စစ်အားဖြင့် တစ်ယောက်အပေါ် တစ်ယောက် ပြိုင်ဘက်ကဲ့သို့ သဘောထားမည့် အကြောင်းကို စာဖတ်သူတို့ နားလည်နိုင်ကြပေလိမ့်မည်။ ကိုသောင်းတန်အဖို့ ပြောရမည်ဆိုသော် တစ်ခုသော အမှု၌ မိမိက အရေးသာသော်လည်း တစ်ဖက်သား အခံရခက်လောက်အောင် အလွန်အမင်း အသားယူခြင်း မရှိဘဲ ဦးလှတော်အတွက် ဖေးဖေးမမ ပြောဆိုတတ်သည်သာ ဖြစ်ပေ၏။ သို့နှင့်ပင် ဦးလှတော်မှာ အရေးနိမ့်သည့် အခါများ၌ မျက်နှာပျက်လောက်အောင် အခံရခက်လျက်ပင် ရှိရှာ၏။ အလုပ်တူသူတို့၏ သဘာဝမှာ ဤသို့ပေတည်း။

ဦးထွန်းတင်၏ နေအိမ်သို့ ကိုသောင်းတန် ရောက်သွားသောအခါ ဦးလှတော်က ....



www.burmeseclassic.com

www.burmeseclassic.com



တော်။ ။ 'သူတို့ တောင်းတဲ့ငွေကို ဦးထွန်းတင်က ပေးလိုက်တော့မယ် တဲ့ဗျ'

တန်။ ။ 'ပေးလိုက်ရင်လည်း ကောင်းတာပေါ့လေ၊ ဒါထက် ငွေဘယ်လောက်ပါလိမ့်'

တင်။ ။ 'တစ်သောင်းတဲ့ဗျ၊ ရက်ရက်စက်စက် တောင်းတဲ့ အကောင်တွေ ပါပဲ'

ဦးထွန်းတင်မှာ ဝသုံးလုံးထံမှ ငွေတောင်းသောစာ ရကတည်းက မအိပ်နိုင် မစားနိုင် ဖြစ်နေခဲ့သဖြင့် မျက်တွင်းတစ်နိုက် ရှိနေလေတော့၏။

တော်။ ။ 'ဝသုံးလုံးဆီက နောက်ဆုံးရတဲ့ စာကို ကိုသောင်းတန်ကို ပြလိုက်ပါဦး'

ထိုအခါ ဦးထွန်းတင်သည် ဝသုံးလုံး အမှတ်တံဆိပ်ပါသော စာတစ်စောင်ကို ကိုသောင်းတန်အား လှမ်းပေးလိုက်ရာ ကိုသောင်းတန်လည်း အောက်ပါအတိုင်း ဖတ်ရှုရလေ၏။

**"သောကြာနေ့ ညနေ ၃ နာရီခွဲအချိန်တွင် စုံထောက်ကြီး ဦးသောင်းတန်၏ အလုပ်တိုက်သို့ ကျွန်ုပ်တို့ကိုယ်တိုင် ငွေလာယူပါမည်။ ငွေစက္ကူများမှာ နံပါတ်အစဉ်လိုက် မဖြစ်ပါစေနှင့်။ သောကြာနေ့တွင် ငွေမရခဲ့လျှင် သောကြာနေ့ညတွင် ဦးထွန်းတင် အနိစ္စရောက်လိမ့်မည်။"**

တော်။ ။ 'သက်သက် ဖြီးတာပါဗျာ၊ ခင်ဗျားတိုက်တော့ ဒီကောင်တွေ လာယူဝံ့မယ် မထင်ပါဘူး'

တန်။ ။ 'ကျုပ်ကတော့ လာယူဝံ့လိမ့်မယ် ထင်တယ်၊ သို့သော်ယူပေစေလေ၊ ခင်ဗျားနဲ့ ကျုပ်နဲ့ ကြည့်လုပ်ကြတာပေါ့။ ဒါထက် ခင်ဗျားလာတော့ ကျုပ်တိုက်မှာ မိတ်ဆွေဟောင်းတစ်ယောက် တွေ့ရလိမ့်မယ်ဗျ'

တော်။ ။ 'ဘယ်သူများလဲဗျာ၊ ခင်စိန်ရီလား'



www.burmeseclassic.com

www.burmeseclassic.com



တန်။ ။ ‘အစစ်ပေါ့၊ ကျုပ်အထင်တော့ ဒီ ဝသုံးလုံးကိစ္စ ဒီသူငယ်မဟာ အများကြီး အထောက်အပံ့ ရလိမ့်မယ် ထင်တယ်’

## အခန်း [၁၆]

## ကမ်းနားလမ်းတိုက်မှ သော့

ဝသုံးလုံး အသင်းသို့ ငွေပေးရန် စီမံကြပုံမှာကား …… ဦးထွန်းတင်က ကြာသပတေးနေ့ နံနက်တွင် ဘဏ်တိုက်မှ ငွေထုတ်ယူ၍ ကိုသောင်းတန်က ဦးထွန်းတင်ထံ ရင်းငွေကို လာယူပြီးလျှင်၊ ကိုသောင်းတန်၏ အလုပ်တိုက်တွင် ကိုသောင်းတန်နှင့် ဦးလူတော်တို့ တွေ့ဆုံ၍ ဝသုံးလုံးထံမှ လူ၏ ကို လက်ခံရန်အတွက် စီမံကြရန် ဖြစ်လေသည်။

ကိုသောင်းတန်နှင့် ဦးလူတော်တို့သည် ဦးထွန်းတင်၏ နေအိမ်မှ ထွက်လာကြသောအခါ ကိုသောင်းတန်မှာ မိမိ၏ အလုပ်တိုက်သို့ ထွက်သွားလေရာ၊ ဦးလူတော်မှာမူ မောင်ညွန့်ဦး၏ နေအိမ်ဘက်သို့ ကူးသွားလေ၏။ မောင်ညွန့်ဦးမှာ ခင်စိန်ရီနှင့် ခွဲခွာပြီးသည့် နေ့မှစ၍ ခင်စိန်ရီကဲ့သို့ အထင်အရှား အကျင့်မကောင်းသော မိန်းမတစ်ယောက်အား ထိမ်းမြားလက်ထပ်ရန် မဖြစ်နိုင်ကြောင်းကို အတန်တန် စဉ်းစားမိသော်လည်း၊ ခင်စိန်ရီအပေါ်၌ ချစ်ကြိုက်ထားမိသောစိတ်ကို ဖျောက်ဖျက်၍ မရနိုင်အောင် ဖြစ်နေလေ၏။

သို့ဖြစ်၍ မောင်ညွန့်ဦး၏ စိတ်ထဲ၌ တစ်ဖက်က “မတော်ပါဘူး” ဟု စဉ်းစားမိတိုင်း အခြားတစ်ဖက်က “ချစ်လှချည်ရဲ့၊ ကြိုက်လှချည်ရဲ့” ဟု အပြင်းအထန် ဟစ်အော်နေဘိသကဲ့သို့ ရှိနေရကား၊ မောင်ညွန့်ဦးမှာ စိတ်ရောကိုယ်ပါ ချူးလျက် ရှိနေလေတော့၏။ သို့ဖြစ်၍ ဦးလူတော် ဝင်လာသော အခါ၌ ဧည့်ခံစကားပြောသော မောင်ညွန့်ဦးမှာ ဖခင် ဦး[illegible]အောင် မကွယ်လွန်မီက မောင်ညွန့်ဦးကဲ့သို့ သွက်လက်ရွှင်ပျခြင်းမှ မရှိဘဲ ခပ်ထိုင်းထိုင်း ခပ်ထွေထွေ ရှိသော မောင်ညွန့်ဦး ဖြစ်နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးလှုတော်သည် ဦးထွန်းတင်၏ ဝသုံးလုံးသို့ ငွေပေးရန် ဆုံးဖြတ်ပြီးသည့် အကြောင်းများကို မောင်ညွှန့်ဦးအား ပြောပြပြီးနောက်၊ ကိုသောင်းတန်ထံတွင် ခင်စိန်ရီတစ်ယောက် အလုပ်ရသွားပြီဟု ကြားရကြောင်းများကို ပြောပြသောအခါ၊ မောင်ညွှန့်ဦးမှာ ဖျတ်လတ်သွက်လက်သော ရုပ်တစ်ယောက် ဖြစ်လာလေ၏။

ညွှန့်။ ။ 'တော်တော်လည်း ဆန်းတဲ့ လူတစ်ယောက်ပဲ ခင်ဗျာ၊ ကိုသောင်းတန်ဟာ စုံထောက်ဘက်မှာတော့ ဒီလောက်တော်တဲ့ လူတစ်ယောက် ကျွန်တော် တစ်ခါမှ မတွေ့ဖူးဘူး'

တော်။ ။ 'တော်ပါပေတယ် .... အပုံကြီး တော်ပါပေတယ်'

ညွှန့်။ ။ 'ဦးလှုတော်တော့ သူ ပေါ်လာတဲ့အတွက် သိပ်ခွကျမှာပဲ နော်'

တော်။ ။'အထက်လူကြီးတွေက တစ်ကြိမ်းတည်း အကြိမ်းခံနေရတော့တာပါ့လေ'

ညွှန့်။ ။ 'ဒီလိုဆိုလျှင် စုံထောက်မင်းကြီးက ဒီလူကို ရာထူးတစ်ခုခုမှာ ခန့်ထားပါတော့လား'

တော်။ ။ 'ကျုပ်တို့ဌာနက အပြင်လူကို ရာထူးခန့်ထားရိုး ထုံးစံရှိဘူး'

ညွှန့်။ ။ 'ခန့်ပြန်ရင်လည်း ဒီပြင်လူတွေရဲ့ ခေါင်းပေါ်ကို သူက ကျော်တက်သွားမှာပါပဲလေ။ ဒီတော့ ခန့်လည်းတစ်ခက်၊ မခန့်လည်း တစ်ခက်ပါပဲ။ ကျွန်တော်တော့ ဒီလူကို သိပ်ပြီး ကြည်ညိုတာပဲ ခင်ဗျာ'

တော်။ ။'ဟုတ်ပေမှာပါ့လေ'

ထိုအခါ ကိုသောင်းတန်အား ချီးမွမ်းသည်ကို ဦးလှုတော် ကြိုက်ဟန်မတူကြောင်း မောင်ညွှန့်ဦး ရိပ်မိသည်နှင့် ကိုသောင်းတန် အကြောင်းကို ဖြတ်၍ အခြားအကြောင်းအရာများကို ပြောဆိုနေကြလေ၏။ အတန်ကြာသတ်သော် .... တက္ကစီတစ်စီး ဆိုက်လာ၍ ခင်စိန်ရီသည် အိမ်ထဲသို့ ဝင်လာ



www.burmeseclassic.com

www.burmeseclassic.com



ရာ မောင်ညွှန့်ဦးမှာ ဝမ်းမြောက်ဝမ်းသာ ထိုင်ရာမှထ၍ ခရီးဦးကြို ပြုလေ၏။ ခင်စိန်ရီက မိမိ၏ အလုပ်သစ်အကြောင်းကို အနည်းငယ် ပြောပြပြီးနောက် ယခု လာရောက်ရသော ကိစ္စကို ပြောပြလေ၏။

လာရောက်ရခြင်း၏ အကြောင်းရင်းကား ကိုသောင်းတန်က ယခု ထွက်ပြေးနေသော ပွဲစားဦးဘဝင်းသည် ကမ်းနားလမ်းရှိ တိုက်ဟောင်းကြီးတွင် ပုန်းအောင်းနေသည် မှတ်ထင်ကြောင်း၊ ၎င်းတိုက်ကြီးမှာ ဦးဘိုးအောင်၏ ပစ္စည်းဖြစ်၍ ဦးဘိုးအောင်က တိုက်ကြီးကို ရောင်းချလိုသဖြင့် ပွဲစားဦးဘဝင်းထံ သော့နှင့်တကွ အပ်နှံထားဖူးကြောင်း၊ သို့ဖြစ်၍ ၎င်းတိုက်ကြီးအတွင်း ကိုသောင်းတန်က ရှာလိုသောကြောင့် မောင်ညွှန့်ဦးထံ ဒုတိယသော့တစ်ချောင်း တောင်းယူခဲ့ရန် စေလွှတ်လိုက်ခြင်း ဖြစ်ကြောင်းများနှင့် ခင်စိန်ရီက ပြောပြလေ၏။

ညွှန့်။ ။ 'တိုက်ကြီးထဲမှာ ဦးဘဝင်း ပုန်းနေလိမ့်မယ်လို့ ကိုသောင်းတန်က ဘယ့်နှယ်ကြောင့် ထင်နိုင်သလဲ'

ရီ။ ။ 'ဘယ့်နှယ်ကြောင့် ထင်တယ်လို့ ကျွန်မ မပြောတတ်ဘူး သော့တောင်းချေစမ်း ခိုင်းလို့ ကျွန်မ လာခဲ့ရတာပဲ။ ရှင့်ဆီမှာ ဒုတိယ သော့တစ်ချောင်း ရှိတယ် ဟုတ်လား'

တော်။ ။ 'ရှိရင်လည်း ရှာပေးလိုက်လေ၊ ဘာကြောင့် ထင်တယ် ဆိုတာကို ခင်စိန်ရီကို မေးလို့ ဘာရမလဲ'

ညွှန့်။ ။ 'ဟုတ်ပါပေဗျာ၊ ဟုတ်ပါပေတယ်'

၎င်းနောက် မောင်ညွှန့်ဦးသည် ဖခင် ဦးဘိုးအောင် ထားခဲ့သော သော့သေတ္တာကိုယူ၍ သော့ချောင်းများတွင် ရေးချိတ်ထားသော စာရွက်ကလေးများကို ဖတ်ပြီးလျှင် ကမ်းနားလမ်း တိုက်ကြီးမှ သော့ကို အဆင်သင့် ရွေးချယ် ပေးအပ်လေ၏။ နောက်ဆုံး၌ ခင်စိန်ရီသည် မောင်ညွှန့်ဦးထံမှ သော့ကိုယူ၍ မော်တော်ကားနှင့် ပြန်သွားလေရာ၊ ဦးလူတော်လည်း လမ်းကြုံ သောကြောင့် ခင်စိန်ရီ၏ တက္ကစီကို တက်စီး လိုက်ပါသွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း [ ၁၇ ]
## ကမ်းနားလမ်း တိုက်ကြီး

ခင်စိန်ရီသည် အလုပ်တိုက်သို့ ရောက်သောအခါ စုံထောက် ကိုသောင်းတန်မှာ စာအိတ်များကို ဖွင့်ဖောက် ဖတ်ရှုလျက် ရှိလေ၏။ ကိုသောင်းတန်သည် သော့ကို လှမ်းယူပြီးနောက်....

တန်။ ။ 'ရော့ .... ဒီစာတွေတော့ သင့်လျော်အောင် ကြည့်ပြန်လိုက်ပေတော့။ အရေးမကြီးလှပါဘူး၊ အများအားဖြင့်တော့ စုံထောက်ပညာသင်ချင်တယ်ဆိုတဲ့ လူငယ်ကလေးတွေဆီက လျှောက်လွှာတွေပါပဲ။ ဟောဟိုမှာ ပုံစံစာရွက်တွေ ရှိတယ်၊ ကိုယ်တိုင် လက်မှတ်ထိုးပြီး ပြန်စာ ပို့လိုက်ပါတော့'

၎င်းနောက် ကိုသောင်းတန်သည် သော့ကို သေချာစွာ ကိုင်ကြည့်လျက် ....

တန်။ ။ 'ဦးလူတော်နဲ့ တွေ့ခဲ့တယ် မှတ်တယ်'

ရီ။ ။ 'တယ်တော်တဲ့ လူပဲ၊ ဒီဗ္ဗစက္ခုများ ရလေသလားကရို။ ရှင် ဘယ့်နှယ်လုပ်ပြီး သိနိုင်သလဲ'

တန်။ ။ 'ခပ်ရှင်းရှင်းပါပဲ၊ မခက်ပါဘူး။ ကျုပ် ပြန်လာတော့ မောင်ညွှန့်ဦး အိမ်ကို ဦးလူတော် ဝင်သွားလေတော့ သူ ရှိဦးမလားလို့ စမ်းမေးကြည့်တာပါ'

၎င်းနောက် ကိုသောင်းတန်လည်း ခေါင်းညိတ်လိုက်ရာ ခင်စိန်ရီလည်း လက်နှိပ်စက်သို့ သွား၍ အလုပ်လုပ်နေလေ၏။

အတန်ငယ် ကြာလတ်သော် ကိုသောင်းတန်သည် ဦးလူတော်အား တယ်လီဖုန်းဆက်၍ ကမ်းနားလမ်းရှိ ဦးဘိုးအောင်၏ တိုက်ကြီးသို့ သွားရန်ရှိသဖြင့် နေ့လယ် နာရီပြန် ၂ ချက် အချိန်တွင် လာခဲ့ရန် ချိန်းချက်လေရာ၊



www.burmeseclassic.com

www.burmeseclassic.com



ခင်စိန်ရှိသည် လက်နှိပ်စက်နှိပ်ရင်း ကြားရသည်နှင့် စာရွက်တစ်ခုတွင် ရေးမှတ်ထားလိုက်လေ၏။

နာရီပြန် ၂ ချက် အချိန်တွင် ဦးလူတော်သည် ကိုသောင်းတန် အလုပ်တိုက်သို့ ရောက်လာ၍ စုံထောက်နှစ်ယောက်တို့သည် ကမ်းနားလမ်း သို့ သွားကြလေရာ၊ ခင်စိန်ရှိသည် ကြေးနန်းစာရွက် တစ်ရွက်ကို ယူ၍ ဦးသာဒွန်း၊ ၂၃၊ သော်မဆင်လမ်း(ဗိုလ်တထောင်ဘုရားလမ်း) ကို အောက်ပါ အတိုင်း ရေးသားပေးပို့ လိုက်လေ၏။

**"စုံထောက် ကိုသောင်းတန်သည် ဦးဘိုးအောင်၏ ကမ်းနားလမ်း နေအိမ်ကို ရှာဖွေရန် ထွက်သွားလေပြီ။"**

*

ကိုသောင်းတန်နှင့် ဦးလူတော်တို့သည် ကမ်းနားလမ်း တိုက်ကြီးသို့ ဆိုက် ရောက်ကြသောအခါ စုံထောက်နှစ်ဦးတို့သည် တိုက်တံခါးကို သော့နှင့် ဖွင့်ပြီးနောက် သုံးထပ်တိုက်ကြီး တစ်တိုက်လုံး မွှေနှောက်ရှာဖွေကြလေ၏။ တိုက်ကြီးမှာ ရှေးအခါက ဂိုဒေါင်အဖြစ်နှင့် အသုံးပြုခဲ့ဖူးသော်လည်း ယခု မှာမူ လူအဝင်အထွက်မျှ မပြုလုပ်ခဲ့သည်မှာ ကြာလှပြီ ဖြစ်သောကြောင့် ပင့်ကူမျှင်များ ယှက်သန်း၍ မြူမှုန်အလိမ်းလိမ်း ထူထပ်လျက်ရှိ၏။ အောက် ထပ်၌ တစ်ခုသောနေရာတွင် မြေပဲတောင့်များ ပြန့်ကျဲနေ၍၊ အခြားသော အခန်း၌ ထန်းလျက် အစအနများလည်း တွေ့ကြရကား၊ နောက်ဆုံး သို လှောင်ခဲ့ဖူးသော ကုန်စည် အမျိုးအမည်မျှကိုသာ ထင်ရှားစေ၏။

သုံးထပ်လုံး မွှေနှောက် ရှာဖွေကြပြီးနောက် ကိုသောင်းတန်နှင့် ဦးလူတော်တို့သည် တိုက်ကြီးထဲမှ ထွက်လာ၍ တံခါးပိတ်သော့မည်ပြုပြီး၊ ကိုသောင်းတန်က တံခါးကို ပြန်ဖွင့်ပြီးလျှင် 'နေဦးဗျ .... ဒီတိုက်မှာ .... အထပ်ခိုး တစ်ထပ် ရှိသေးတယ် ထင်တယ်' ဟု ပြောလျက် တစ်ယောက် တည်း ပြန်တက်ပြေးလေ၏။ အတန်ငယ်ကြာလတ်သော် ကိုသောင်းတန်



www.burmeseclassic.com

www.burmeseclassic.com



သည် လှေကားမှ ဆင်းလာ၍ 'ဘာမှ မတွေ့ခဲ့ပေါင်ဗျာ' ဟု ပြောပြီးလျှင် တံခါးကို ပိတ်၍ ထွက်သွားကြလေ၏။

စုံထောက်နှစ်ယောက်တို့ ထွက်သွားကြသည်နှင့် တစ်ပြိုင်နက် တိုက်အိုကြီး အထပ်ခိုးရှိ ပြတင်းပေါက်ကလေးတစ်ခု ပွင့်လာ၍ လူတစ်ယောက်၏ မျက်နှာသည် လမ်းဘက်သို့ မျှော်ကြည့်နေလေရာ၊ ထိုသူမှာ မုတ်ဆိတ်နှင့် နှုတ်ခမ်းမွေးများ မရိတ်ဖြတ်ရဘဲ ရက်ပေါင်း အတန်ကြာအောင် ပုန်းအောင်း နေခဲ့ရသည် ဖြစ်သောကြောင့် အိမ်နှင့် မြေရာ ပွဲစားကြီး လုပ်ခဲ့ဖူးသည့် ဦးဘဝင်း ဖြစ်သည်ဟု မည်သူကမျှ တွေးထင်နိုင်ကြမည် မဟုတ်ချေ။

အခန်း [ ၁၈ ]

## ဝသုံးလုံးအသင်း ကိုယ်စားလှယ်

သာကြာနေ့၌ စုံထောက် ကိုသောင်းတန်သည် ဦးထွန်းတင်၏ နေအိမ်သို့ သွား၍ ငွေတစ်သောင်းကို ယူသောအခါ၊ ဦးထွန်းတင်မှာ ငွေကို အထူးခင်မင်တတ်သူတစ်ယောက် ဖြစ်သည့်အတိုင်း ငွေစက္ကူများကို မခွဲနိုင် မခွာရက်သော အနေမျိုးဖြင့် အကြိမ်ကြိမ် အထပ်ထပ် လှန်လှောရေတွက် ကြည့်ရှုခြင်း စုံထောက်များ၏ ညွှန်ဖျင်းခြင်းကို မြည်တွန်ရေရွတ်လျက် ရှိလေ၏။ နောက်ဆုံး၌ ကိုသောင်းတန်က ....

တန်။ ။ 'မစိုးရိမ်ပါနဲ့ ဦးရယ်၊ ဦးရဲ့ငွေကို ဘယ်လူယူလို့ ဘယ်ဘက်ကိုပဲ ရောက်သွားသည်ဖြစ်စေ ကျွန်တော် မျက်ခြည်မပြတ်စေရပါဘူး၊ စိတ်ချပြီး ကျွန်တော့်တာဝန် ထားလိုက်ပါ။ ကျွန်တော်တို့အလုပ်က ဘာလဲဆိုတော့ ဦးကို ဘေးအန္တရာယ် တစ်စုံတစ်ရာ မကပ်ငြိရအောင် ကာကွယ်ဖို့ အသေခံစရာရှိရင် ကျွန်တော်တို့က ရှေ့ကနေပြီး အသေခံဖို့ပါ ဦးရဲ့'

တင်။ ။ 'မှန်ပါတယ် မှန်ပါတယ်၊ မောင်တို့ ပြောတဲ့အတိုင်း



www.burmeseclassic.com

www.burmeseclassic.com



ကျူပင်ငွေကို မျက်မြည်မပြတ်စေရအောင် ဖောင့်ကြည့်ပြီး ပြန်ရအောင် လုပ်ပေးပါတော့ မောင်ရယ်'

ငင်းနောက် ဦးထွန်းတင်သည် ငွေစက္ကူများကို စာတစ်အိတ်တွင် ထည့်၍ ကိုသောင်းတန်အား ပေးအပ်လိုက်ရာ၊ ကိုသောင်းတန်လည်း စာအိတ်ကို ယူ၍ အလုပ်တိုက်သို့ ပြန်လာခဲ့လေ၏။

အလုပ်တိုက်သို့ ရောက်သောအခါ အင်စပက်တော် ဦးလူတော်နှင့် မောင်ညွှန့်ဦးတို့ ရောက်နှင့်ကြလေပြီ။ မောင်ညွှန့်ဦး လိုက်ပါလာခြင်းမှာ ခင်စိန်ရီအတွက်ကြောင့် ဖြစ်သည်ဟု ကိုသောင်းတန် ရိပ်မိသည်ဖြစ်၍၊ ခပ်ကြမ်းကြမ်းအလုပ် လုပ်တန်လျှင် လုပ်ကြရမည့်နေ့ ဖြစ်သောကြောင့် မိန်းမသားဖြစ်သော ခင်စိန်ရီကို အိမ်သို့ ပြန်ခွင့်ပြုလိုက်ကြောင်းနှင့် အကြောင်းပြ ပြောဆိုသေး၏။ ထိုနောက် ....

တန်။ ။ 'ကိုညွှန့်ဦးက စိတ်ခိုင်တတ်ရဲ့လား၊ ကြမ်းကြမ်းတမ်းတမ်းများ အလုပ် လုပ်ကြရလျှင် ပါဝံ့ပါ့မလား'

ညွှန့်။ ။'ကျွန်တော်က မကြမ်းရမှာလောက်သာ စိုးရိမ်နေပါတယ်၊ ကြမ်းချင်တိုင်း ကြမ်းစမ်းပါစေ'

ငင်းနောက် ကိုသောင်းတန်သည် ဝသုံးလုံး ကိုယ်စားလှယ်ကို လက်ခံရေးနှင့် ပတ်သက်၍ မိမိစီမံထားသော အစီအစဉ်များကို ထုတ်ဖော်ပြောပြလေ၏။ ကိုသောင်းတန်၏ အလုပ်ခန်း၌ တံခါးသုံးပေါက်ရှိရာ (၁) လှေကားမှ ဝင်သောအပေါက်၊ (၂) စာရေးခန်းသို့ ကူးသောအပေါက်၊ (၃) အလုပ်ရုံးခန်းသို့ ကူးသောအပေါက်များ ဖြစ်ကြ၏။

စီစဉ်ထားပုံကား အချိန်နီးသောအခါတွင် ကိုသောင်းတန်က ၎င်း၏ အလုပ်ခန်းထဲသို့ ဝင်၍ လှေကားပေါက်နှင့် စာရေးခန်းပေါက် တံခါးတို့ကို သော့နှင့်ခတ်၍ ပိတ်ထားပြီးလျှင် ရုံးခန်းပေါက် တံခါးကိုမူ ဦးလူတော်က အပြင်မှ သော့နှင့် ပိတ်ထားရန်၊ ဝသုံးလုံး လာသောအခါ ကိုသောင်းတန်က လှေကားဘက်တံခါးကို ထဖွင့်ပေး၍ ဦးလူတော်နှင့် မောင်ညွှန့်ဦးတို့က အခန်းပြင်မှ စောင့်၍ နားထောင်နေကြရန် ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



အချိန်အတော်အတန် နီးကပ်လာလတ်သော် ဦးလူတော်သည် ပြတင်းပေါက်သို့ သွား၍ လက်ကိုင်ပဝါကို ယမ်းပြလိုက်ရာ၊ ကိုသောင်းတန်က ကျေနပ်သော အမူအရာနှင့် ပြုံးရယ်ကာ မေးလိုက်သေး၏။

တန်။ ။ 'ခင်ဗျားလူ ဘယ်နှယောက် ပါသလဲ'

တော်။ ။ 'လူ ၃၀ ထက်မနည်း ခင်ဗျားတိုက်ကို ဝိုင်းထားတယ်'

တန်။ ။ 'နိပ်ဟ၊ ဝသုံးလုံးကိုယ်တိုင် မလာဘဲ သာမန်လူထဲက လွှတ်လိုက်လို့ရှိရင် ချက်ချင်း မဖမ်းသေးဘဲ နောက်က လိုက်သွားပြီး ဝသုံးလုံးလက်ကို ငွေထည့်တဲ့ အခါကျမှ ဖမ်းကြဖို့ စီမံထားရဲ့နော်'

တော်။ ။ 'ဟုတ်ပါတယ်၊ ဒီအတွက် ကျုပ် စီမံထားပြီးပါ။ ကိုင်း .... သို့သော် ခင်ဗျား အလုပ်ခန်းကို ကျုပ် ခဏလောက် ဝင်ကြည့်စမ်းပါရစေဦး။ ကျုပ်ကို လူကြည့်ရင် မစီမံတတ်ဘူးဗျ၊ ခင်ဗျားတို့ ပြင်ဘက်မှာ နေရစ်ကြစမ်းပါ'

တန်။ ။ 'သဘောရှိ စီမံလေဗျာ'

ထိုနောက် ဦးလူတော်သည် ကိုသောင်းတန်နှင့် မောင်ညွှန့်ဦးတို့ကို အပြင်ခန်းတွင် ထားခဲ့၍ ကိုသောင်းတန်၏ အလုပ်ခန်းသို့ တစ်ယောက်တည်း ဝင်ပြီးလျှင် အတွင်းမှ တံခါးကို ပိတ်ထားပြီးမှ အခန်းအခြေအနေကို သေချာစွာ ကြည့်ရှုလေ၏။ အခန်း၏ တစ်ခုသောထောင့်၌ ဗီရိုကြီးတစ်လုံးရှိရာ တံခါးကို ဖွင့်ကြည့်လိုက်သော အခါ၌ မိုးကာအင်္ကျီတစ်ထည် ချိတ်ထားသည်ကို တွေ့မြင်ရလေ၏။

ကိုသောင်းတန်တို့သည် အပြင်မှ စောင့်၍ နားထောင်နေကြရာ လှေကားဘက်တံခါးကို ဦးလူတော် ဖွင့်သံလည်း ကြားလိုက်ကြရ၏။ နောက်ဆုံး၌ ဦးလူတော်သည် ရုံးခန်းဘက်တံခါးကို ဖွင့်ပေး၍ ကိုသောင်းတန်တို့အား ဝင်ခဲ့စေရာ စုံထောက်နှင့် မောင်ညွှန့်ဦးတို့လည်း ဝင်လာကြလေ၏။ ကိုသောင်းတန်သည် စားပွဲပေါ်တွင် ခြောက်လုံးပြူးတစ်လက်နှင့် ငွေစက္ကူများ ထည့်ထားသော စာအိတ်ရှည်ကြီးကို တင်ထား၍ အချိန်ကို ကြည့်

www.burmeseclassic.com



လိုက်ရာ သုံးနာရီခွဲဖို့ မိနစ်အနည်းငယ်မျှသာ လိုတော့ကြောင်း တွေ့ရလေ၏။

တန်။ ။ 'ကိုင်း ... ခင်ဗျားတို့က အပြင်ထွက်ပြီး တံခါးကို သော့နဲ့ ပိတ်ထားကြပေတော့ဗျာ' ဟုပြောလျက် လှေကားဘက်နှင့် စာရေးခန်းဘက် တံခါးများကို ကိုယ်တိုင် သော့နှင့် ပိတ်ထားလိုက်လေ၏။

ညွှန့်။ ။ 'ကျွန်တော်ဖြင့် ရင်ထဲက တဖိုဖိုနဲ့ ပျော်ပျော်သေးတော့ ခင်ဗျာ'

တန်။ ။ 'ဖိုရုံလောက်နဲ့ လက်စသတ်ပါစေတော့လို့ ဆုတောင်းရတာပဲဗျို့'

ညွှန့်။ ။ 'ဖိုရုံနဲ့ မပြီးလို့ ဘယ်အဖြစ် ရောက်ရောက် ကျွန်တော် ကြောက်လို့ ပြောတာ မဟုတ်ပါဘူး'

ထိုနောက် ဦးလူတော်နှင့် မောင်ညွှန့်ဦးတို့သည် ကိုသောင်းတန်ကို အခန်းထဲတွင် ထားခဲ့၍ အပြင်ခန်းသို့ ထွက်လာကြပြီးလျှင် ကိုသောင်းတန် အခန်းတံခါးကို အပြင်မှ သော့နှင့် ပိတ်ထားလိုက်ကြလေ၏။ ယင်းကဲ့သို့ သော့ပိတ်ထားရခြင်းမှာ ရုတ်တရက် တစ်စုံတစ်ခု အလန့်တကြား မဖြစ်ရလေအောင် ကာကွယ်ထားခြင်းမျှသာ ဖြစ်သည်ဟု ကိုသောင်းတန်က ပြောပြ၏။

ဦးလူတော်နှင့် မောင်ညွှန့်ဦးတို့သည် ခန်းမကြီးအတွင်း ကုလားထိုင် တစ်လုံးစီ ထိုင်လျက် စောင့်နေကြရာ၊ ဦးလူတော်သည် ခါးပိုက်ဆောင် နာရီကိုထုတ်၍ စားပွဲပေါ်၌ တင်ထားလိုက်၏။ အတန်ကြာ ဆိတ်ငြိမ်စွာ ထိုင်နေကြပြီးနောက် ....

ညွှန့်။ ။ 'တစ်ခု မေးပါရစေဗျာ၊ ခင်စိန်ရီဟာ ခင်ဗျားတို့ပြော သလို တကယ်ပဲ ဆိုးတဲ့ အထဲက လား'

တော်။ ။ 'ဘာမေးနေဖို့ ရှိသလဲ၊ သူကိုယ်တိုင်ကနိုးပါတယ်လို့ ဖြောင့်ချက်ပေးနေပြီ ဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com



ညွှန့်။ ။ 'ကျွန်တော်တော့ မယုံနိုင်ဘူးဗျာ၊ ဒီလို မျက်လုံးမျိုး၊ ဒီလို ကိုယ်ဟန်မျိုးရှိတဲ့ မိန်းမတစ်ယောက်ဟာ ဆိုးတယ်လို့ ကျွန်တော် မယုံနိုင်ဘူးဗျာ'

တော်။ ။ 'ခက်နေပါပြီ'

'ရှူး .... ပြင်ဘက်က လူတွေ တိတ်တိတ်ဗျ' ဟု ကိုသောင်းတန်က အခန်းတွင်းက သတိပေးလိုက်ရာ လူနှစ်ယောက်တို့လည်း ဆိတ်ဆိတ် ထိုင်နေကြရလေတော့၏။ တစ်ခဏ ကြာလတ်သော် လူနှစ်ယောက်တို့သည် ကိုသောင်းတန် လှုပ်ရှားသံကို ကြားကြရလေရာ ၃ နာရီခွဲလု နီးသည်နှင့် ၎င်းလည်း ငြိမ်သက်သွားလေတော့၏။ ထိုနောက် ဦးလူတော်သည် နာရီကို လှမ်းကြည့်လိုက်ရာ သုံးနာရီခွဲ တိတိ ရှိနေပြီဖြစ်၍ ဝသုံးလုံး လာချိန်တိုင် ရောက်ပြီဖြစ်သောကြောင့် မျှော်လင့် စောင့်ဆိုင်းနေကြလေ၏။ သို့ရာတွင် ဘာသံကိုမျှ မကြားရသေးချေ။

မကြာမီ ကိုသောင်းတန်၏ အခန်းတွင်းမှ ဒုန်းခနဲ အသံတစ်ခု ကြားလိုက်ရသည်နှင့် ဦးလူတော်သည် ထိုင်ရာမှ ရုတ်တရက် ခုန်ထ၍ 'ဘာဖြစ်တာလဲဗျို့' ဟု မေးလိုက်ရာ၊ ကိုသောင်းတန်၏ အသံဖြင့် 'ဘာမှ မဖြစ်ပါဘူးဗျာ၊ ကျုပ် ခြေချော်သွားလို့ပါ၊ တိတ်တိတ်သာ နေကြပါ' ဟု ပြန်ပြောသံ ကြားလိုက်ကြရ၏။

၅ မိနစ်ခန့် ဆိတ်ဆိတ်ထိုင်နေကြပြီးနောက် ဦးလူတော်က 'ကိုသောင်းတန် .... ဗျို့ ကိုသောင်းတန်' ဟု ခေါ်ကြည့်လိုက်ရာ မည်သို့မျှ ပြန်မထူးဘဲ ဆိတ်ငြိမ်လျက် ရှိလေ၏။

'ကိုသောင်းတန် .... ကျုပ်ခေါ်တာ မကြားဘူးလား' ဟု ထပ်၍ မေးသော်လည်း မည်သို့မျှ ပြန်မပြောဘဲ ရှိနေလေရကား၊ ဦးလူတော်သည် ထိုင်ရာမှ ထ ပြေး၍ တံခါးသော့ကို ဖွင့်ပြီးလျှင် အခန်းထဲသို့ ဝင်သွားရာ မောင်ညွှန့်ဦးလည်း နောက်မှ လိုက်ပါသွားလေ၏။

အခန်းတွင်း၌ကား စုံထောက် ကိုသောင်းတန်သည် ကြမ်းပေါ်တွင်



www.burmeseclassic.com

www.burmeseclassic.com



မှောက်လျက် လက်နှစ်ဖက်တို့ကို လက်ထိတ်ဖြင့် ခတ်ထားပြီးလျှင် ခြေနှစ်ဖက်တို့ကိုလည်း ကြိုးဖြင့် ချည်တုပ်ထားသည့်ပြင် ပါးစပ်တွင်လည်း မျက်နှာသုတ်ပဝါနှင့် ဆို့ပိတ်လျက် ရှိလေ၏။ ပြတင်းပေါက်မှာ ပွင့်လျက်ရှိ၍ အခန်းတွင်း၌ ကာလိုရီဖောင်းခေါ် မေ့ဆေးအနံ့များလည်း တထောင်းထောင်း ရှိနေလေ၏။ စားပွဲပေါ်တွင် ခြောက်လုံးပြူးအနီး၌ ချထားသော ငွေစက္ကူ အိတ်ကြီးမှာမူကား မရှိတော့ချေ။ ၎င်းနောက် ၅ စက္ကန့်မျှ ကြာလတ်သောအခါ စာပို့ကုလားတစ်ယောက်သည် စာအိတ်ထုပ်ကြီးကို ပခုံးပေါ်တွင် ထမ်းလျက် တိုက်ပေါ်မှ ဆင်းသွားလေရာ၊ တိုက်ကို ဝန်းရံလျက်ရှိသော ဦးလူတော်၏ လူများကမူ စာပို့ကုလားမျှသာ ဖြစ်သည့်အတွက်ကြောင့် တစ်စုံတစ်ရာမျှ အနှောင့်အယှက် မပြုကြဘဲ သွားခွင့် ပြုလိုက်ကြ၏။

## အခန်း [ ၁၉ ]
## ဝီရိုထဲမှ မိန်းမ

ဦးလူတော်သည် ကိုသောင်းတန်၏ ပါးစပ်မှ မေ့ဆေးနံ့ရှိသော အဝတ်ကြီးကို ဖြုတ်ယူလိုက်ရာတွင် ကိုသောင်းတန်သည် မျက်လုံးများကို ဖွင့်၍ ငေးကြည့်နေလေ၏။ ၎င်းနောက် ကိုသောင်းတန်က 'ဘာဖြစ်တာလဲ' ဟု မေးလျက်ရှိရာ ဦးလူတော်နှင့် မောင်ညွန့်ဦးတို့ကမူ ကိုသောင်းတန်၏ လက်မှ လက်ထိတ်နှင့် ခြေထောက်မှ ကြိုးများကို ဖြုတ်ပေးကြပြီးနောက် ကုလားထိုင်ပေါ်သို့ ဆွဲထူကာ တင်ပေးထားလိုက်ကြလေ၏။

တန်။ ။'ဘာဖြစ်တာလဲ'

တော်။ ။'ဘာဖြစ်တယ်ဆိုတာ ကျုပ်လည်း သိချင်တာပဲ' ဟု ပြောပြီးနောက် ဦးလူတော်သည် လှေကားဘက် တံခါးကို တွန်းစမ်းကြည့်ရာ သော့ခတ်ထားကြောင်း တွေ့ရလေ၏။ ၎င်းနောက် ပြတင်းပေါက်ကို ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ပြန်ရာ မြေကြီးမှ ပေ ၂၀ ထက်မနည်း မြင့်သည့်ပြင် လှေကား အစရှိသည့် ကိရိယာ တန်ဆာမျိုး တစ်စုံတစ်ခု တပ်ဆင်ထားသည်ကိုမျှလည်း မတွေ့ရချေ။

တန်။ ။ 'ဘာဖြစ်တယ်လို့ မပြောတတ်ဘူးဗျာ၊ ကျွန်တော် ကုလားထိုင်ပေါ်မှာ ထိုင်နေတုန်း ပါးစပ်ကို အဝတ်ကြီးနဲ့ ပိတ်ပြီး ပခုံးနှစ်ဖက်ကို လက်နဲ့ကိုင်ပြီး ညှစ်ထားလိုက်တာ၊ ဘယ်လောက်များ သန်သလဲဆိုတော့ ကျွန်တော်တောင် ကလေးကလေးလို ဖြစ်ပြီး တုတ်တုတ်မျှ မလှုပ်နိုင် မရုန်းနိုင်အောင် ဖြစ်နေတော့တာပဲ။ ဒါနဲ့ ကြိုးစားပြီး ရုန်းမယ်လုပ်တုန်း ရှုန်းဆို သတိလစ်သွား ထင်ပါရဲ့၊ ဘာမှ မသိတော့ဘူး'

တော်။ ။ 'ကျုပ်ခေါ်တာ ခင်ဗျား ကြားသေးတယ် ဟုတ်လား'

တန်။ ။ 'မကြားဘူး'

ညွန့်။ ။ 'ခင်ဗျားကတောင် ခြေချော်လဲသွားတယ်လို့ ပြန်ပြောသေးတယ် ဟုတ်လား'

တန်။ ။ 'ဟင့်အင်း .... မပြောမိပါကလား၊ အဝတ်နဲ့ ပိတ်ကတည်းက သတိလစ်သွားလိုက်တာ ခင်ဗျားတို့ ဝင်လာမှ သတိရတော့တာပဲ'

တော်။ ။ 'ချီးမွှမ်းလောက်ပေ့ဗျာ၊ လုပ်လိုက်ပုံကလေး တယ်သပ်ရပ်ပါပေတယ်'

ညွန့်။ ။ 'ဘာ သပ်ရပ်တာလဲ ခင်ဗျာ၊ ကျွန်တော့်မိတ်ဆွေ သေဘော့မလောက် ဖြစ်နေရစ်တာ ချီးမွှမ်းစရာလား'

တော်။ ။ 'သပ်ရပ်လို့ သပ်ရပ်တယ် ပြောတာပေါ့၊ ကိုင်း.... ကိုင်း .... နေရစ်ကြဦး၊ ကျုပ်လူတွေ သွားပြီး စုံစမ်းကြည့်ချေဦးမယ်'

ဦးလူတော်သည် တိုက်ကို ဝိုင်းထားသော တပည့်များကို စုံစမ်းကြည့်ရာ စာပို့ ကုလားကြီးတစ်ယောက် ထွက်သွားသည်ကို မြင်လိုက်ကြရခြင်းမှ တစ်ပါး တစ်စုံတစ်ရာမျှ ထူးထူးခြားခြား မတွေ့မြင်လိုက်ကြရချေ။ ထို့



www.burmeseclassic.com

www.burmeseclassic.com



နောက် ဦးလူတော်သည် ကိုသောင်းတန်တို့ထံ တစ်ဖန် တက်လာပြန်၏။ ကိုသောင်းတန်မှာမူ စားပွဲပေါ်တွင် တံတောင်နှစ်ဖက်ကို ထောက်လျက် လက်နှစ်ဖက်ပေါ်တွင် မေးတင်ကာ အကြံကြီး ထုတ်နေဟန်နှင့် တွေဝေလျက် ရှိနေလေ၏။

တန်။ ။'ကျွန်တော့်တစ်သက်မှာ ဒီလောက်ဆန်းတာ တစ်ခါမှ မကြုံခဲ့ဖူးပေဘူး ခင်ဗျာ။ သိပ်တော်တဲ့ လူစုတွေပါပဲ၊ ကျွန်တော်က တံခါးနှစ်ပေါက်ကိုသာ ဂရုစိုက်ကြည့်နေပြီး ပြတင်းပေါက်ကိုတော့ ဂရုမစိုက်မိပေဘူး။ သို့သော်လည်း ပြတင်းပေါက်က တက်လာစေကာမူ ကျွန်တော်နေရာ ရောက်အောင် အသံမကြားဘဲ လာနိုင်တာကို ကျွန်တော် သိပ်ပြီး အံ့သြတာပဲ။ ဒါထက် ငွေလည်း ပါသွားပြီ၊ ဦးထွန်းတင်ဆီ လိုက်ပြီး တစ်ဆိတ်လောက် ကူပြောပေးပါဦး ဦးလူတော်'

ဦးထွန်းတင်၏ နေအိမ်သို့ ရောက်သောအခါ မောင်ညွန့်ဦးသည် လမ်းပေါ်မှ စောင့်နေရစ်၍ စုံထောက်နှစ်ယောက်တို့သာလျှင် တက်သွားကြလေ၏။ ဦးထွန်းတင်သည် ငွေတစ်သောင်း ပါသွားကြောင်း ကြားသိရသောအခါ ကိုသောင်းတန်အပေါ်၌ ပြင်းစွာ အမျက်ထွက်သည်နှင့် မြည်တွန်တောက်တီးခြင်း ပြုလေ၏။

တင်။ ။'တော်ပါပေ့ မောင်တို့ရယ်၊ ကျုပ်ငွေ မျက်ခြည် မပြတ်စေရပါဘူးဆိုပြီး အခုတော့ ပါသွားပြီပေါ့လေ။ တယ်တော်တဲ့ စုံထောက်တွေပဲ၊ ဦးလူတော်ကော အတူတူ ပါသလား'

တော်။ ။'မှန်ပါတယ်၊ ကျွန်တော်လည်း ပါသွားပါတယ်၊ ကိုသောင်းတန် ပြောတဲ့အတိုင်း အမှန်ပါပဲ'

ဦးထွန်းတင်သည် မိမိ၏ငွေ ဆုံးပါးသည့်အတွက် ပြင်းစွာအမျက်ထွက်ရာမှ တစ်စုံတစ်ခုကို သတိရလာဟန် လက္ခဏာနှင့် ခပ်အေးအေး ဖြစ်သွားပြီးလျှင် စုံထောက်များအား သင့်လျော်အောင်ပြန်ပြောလိုက်လေ၏။

တင်။ ။'ပါသွားရင်လည်း ဘယ်တတ်နိုင်ပေမှာလဲ၊ ကျုပ်ကံအေး



www.burmeseclassic.com

www.burmeseclassic.com



ကိုသောင်းတန်က ဆောင်ရွက်ပေးရတဲ့အတွက် အဖိုးအခ ဘယ်လောက်ကျတယ် ဆိုတာကို ကျုပ်ဆီ ဘီလ် ပို့လိုက်ပါတော့'

စုံထောက်နှစ်ယောက်တို့သည် ဦးထွန်းတင်၏ နေအိမ်မှ ထွက်လာကြ၍ လမ်းပေါ်တွင် မောင်ညွှန့်ဦးနှင့် ပေါင်းဆုံမိကြလေ၏။

တော်။ ။ 'ကိုင်း၊ ခင်ဗျားဆီတော့ ကျုပ် ကူပြောပြီးပြီ၊ ကျုပ်ရုံးကို လိုက်ပြီး အထက်လူကြီးများ ကျေနပ်အောင် ကိုသောင်းတန်က တစ်လှည့် ပြောပေဦးတော့ဗျာ'

ညွှန့်။ ။ 'ကျွန်တော် .... လိုက်ရဦးမလား'

တော်။ ။ 'မလိုက်ပါနဲ့တော့'

၎င်းနောက် စုံထောက်နှစ်ယောက်တို့သည် စုံထောက်ရုံးသို့ ဆက်လက် ထွက်သွားကြလေရာ၊ မောင်ညွှန့်ဦးမှာ မိမိနေအိမ်သို့ ဝင်သွားလေ၏။

စုံထောက်နှစ်ယောက်နှင့် မောင်ညွှန့်ဦးတို့သည် ကိုသောင်းတန်၏ အလုပ်တိုက်မှ ဆင်းသွားပြီးနောက် ၁၅ မိနစ်ခန့် ကြာလတ်သော်၊ ခင်စိန်ရီသည် ကိုသောင်းတန်၏ အခန်းတွင်းရှိ ဗီရိုကြီးထဲမှ ထွက်လာ၍ အလုပ်တိုက်ခန်းကို ဖွင့်ထွက်ပြီးလျှင် မိမိ၌ရှိသော သော့နှင့် တံခါးကို ပိတ်ဆို့ခဲ့ပြီးမှ ပြန်လာခဲ့လေ၏။

## အခန်း [ ၂၀ ]
## ကမ်းနားလမ်း တိုက်ကြီး၌ ပုန်းအောင်းသူ

ဦးဘဝင်းသည် ကမ်းနားလမ်း တိုက်ကြီးထဲမှ တနင်္ဂနွေ တစ်ပတ်ခန့် ပုန်းအောင်းမိသောအခါ၊ အလွန်ခံ့ညား၍ ဝတ်စားပုံ စတိုင်ကျသော ပွဲစားကြီးတစ်ယောက်အဖြစ်မှ နှုတ်ခမ်းမည်း၍ မုတ်ဆိတ်ရှည်သော ဝရမ်းပြေးတစ်ယောက်အဖြစ်သို့ ပြောင်းလဲလာခဲ့လေ၏။ ထိုအတောအတွင်း ပုလိပ်က လိုက်ရှာ၍ စုံထောက် ကိုသောင်းတန်ကိုယ်တိုင် မိလုမတတ် နီးကပ်စွာ



www.burmeseclassic.com

www.burmeseclassic.com



ဝင်ကြည့်သွားသည့်ပြင်၊ မိခဲ့လျှင် စက်တိုင်သို့တက်ရန် နည်းလမ်းရှိကြောင်း စဉ်းစားမိသဖြင့်လည်း စိုးရိမ်တုန်လှုပ်ခြင်း အားကြီး၍ လူချူးစေဖို့ ဖြစ်နေလေတော့၏။

ထိုနေ့၌ ဦးဘဝင်းသည် ပို့ထားသော ရိက္ခာများ ကုန်နေပြီဖြစ်၍ “ဝသုံးလုံးအသင်း” မှ ကိုယ်စားလှယ်ကို မျှော်လင့် စောင့်ဆိုင်းလျက် ရှိ၏။ စင်စစ်မှာ ဦးဘဝင်းသည် မိမိ ရာဇဝတ်သင့်စေမည့် ဓာတ်ပုံကို ဦးလူတော် တွေ့ရှိလိမ့်မည်ဟု မသိသေးဘဲ နေမြဲတိုင်း စိတ်ချလက်ချ နေထိုင်လာခဲ့ရာ၊ ဝသုံးလုံးထံမှ သတိပေးစာ ရရှိသည်တွင်မှ ထွက်ပြေးတိမ်းရှောင်လာခဲ့ခြင်း ဖြစ်သည့်ပြင်၊ မိမိ ပုန်းအောင်းနေသော နေရာသို့လည်း ဝသုံးလုံးကပင် ရိက္ခာများ လာရောက်ပို့သနေခြင်း ဖြစ်၏။

ဦးဘဝင်းသည် ရိက္ခာများ ကုန်ခန်းနေပြီဖြစ်၍ ဝသုံးလုံးကို စောင့်မျှော်လျက်ရှိစဉ်၊ တိုက်ရှေ့မှ ခြေသံကြားသည်နှင့် အထပ်ခိုးမှ ဆင်းလာမည်ပြုဆဲတွင် လှေကားခြေရင်းမှ နက်ကျယ်သောအသံဖြင့် ‘မလာခဲ့နှင့်၊ ဟိုမှာပဲနေပါ။ စားစရာများနှင့် အဝတ်များပါ ကျွန်ုပ် ယူခဲ့သည်၊ မုတ်ဆိတ်မွေးများ ရိတ်ဖို့ ဓားလည်း ယူခဲ့သည်။ စားသောက်ပြီးလျှင် ခရီးသွားဖို့ ပြင်ဆင်ပါလေ’ ဟု ပြောသံ ကြားလိုက်ရ၏။

ဝင်း။ ။ ‘ဘယ်ကို သွားရမလဲ’

အသံ။ ။ ‘နက်ဖြန် ကာလကတ္တားသို့ ထွက်မည့် သင်္ဘောနှင့် သင် လိုက်ရမည်၊ နှုတ်ခမ်းမွေးကို မရိတ်ဘဲ ချန်ထားပြီး မျက်ခုံးမွေးကို ရိတ်ပါလေ။ သင့်မျက်ခုံးမွေးကား မည်းနက်လွန်း၍ လူမှတ်မိသည်’

ထိုအခါ ဦးဘဝင်းသည် မိမိ၏ မျက်ခုံးမွေးများကို လက်ဖြင့် စမ်းသပ်ကြည့်မိရာ ဟုတ်ပါပေသည်ဟု အောက်မေ့မိ၏။

အသံ။ ။ ‘ဦးကျောက်ခဲကို ကျွန်ုပ် သုတ်သင်လိုက်ပြီ ဖြစ်၍ သူ့ ငွေတစ်သောင်း သင့်ထံမှာ ကျန်ရစ်သည် မဟုတ်လော’

ဝင်း။ ။ ‘သင် ဘယ်သူနည်း’



www.burmeseclassic.com

www.burmeseclassic.com



အသံ။ ။ 'ကျွန်ုပ်ကား ဝသုံးလုံး ဖြစ်သည်၊ ဘာ့ကြောင့် မေးသနည်း၊ ကျွန်ုပ်ကို သင် တွေ့ဖူးသည် မဟုတ်လော'

ဝင်း။ ။ 'မှန်ပါသည်၊ ဤနေရာမှာ နေရလျှင် ကျွန်ုပ် ရူးရပါလိမ့်မည်။ မြန်မြန်သွားပါရစေ'

အသံ။ ။ 'နက်ဖြန်ညတွင် သင်္ဘောဆင်း၍ သန်ဘက်ခါ သင်္ဘောထွက်လိမ့်မည်'

ဝင်း။ ။ 'သင်္ဘောမှာ ပုလိပ်များ စောင့်နေပါလိမ့်မည်'

အသံ။ ။ 'ကိစ္စမရှိပါ၊ သင့်ငွေကို ကျွန်ုပ်အား ပေးလော့'

ဝင်း။ ။ 'ဘယ်မှာ ငွေရှိပါသနည်း'

အသံ။ ။ 'ပေးဆိုလျှင် ပေးပါ၊ ကျွန်ုပ်ကို ဆင်ခြေမကန်ပါနှင့်'

ထိုအခါ ဦးဘဝင်းသည် ဝှက်ထားသော ငွေစက္ကူအိတ်ကြီး တစ်လုံးကို လှမ်းပေးလိုက်ရ၏။

အသံ။ ။ 'ရော့ .... ဒီဟာကို ယူလေတော့' ဟု ပြော၍ အခြားအိတ်တစ်လုံးကို ပေးလိုက်၏။

ဝင်း။ ။ 'ဖြစ်နိုင်လျှင် ကျွန်ုပ် ဒီကနေ့ည ဒီနေရာမှ ထွက်ပါရစေ၊ ကြောက်လှပါပြီ'

အသံ။ ။ (စဉ်းစားနေပြီးနောက်) 'ကောင်းပြီ .... ပြင်ထားလေလော့'

ၑင်းနောက် ဦးဘဝင်းသည် အပြင်သို့ ထွက်သွားသော ခြေသံများကြားသည်နှင့် ဝသုံးလုံး ပေးခဲ့သော ခြင်းတောင်းကို ယူ၍ အထပ်ခိုးပေါ်သို့ တက်သွားလေ၏။ အခန်းတွင်းသို့ လုံခြုံစွာ ပြန်ရောက်သည်နှင့် တစ်ပြိုင်နက် ဦးဘဝင်းသည် ရိက္ခာခြင်းတောင်းကို ချထား၍ ငွေစက္ကူအိတ်ကို ဖွင့်ကြည့်ရာ ငွေစက္ကူနံပါတ်များမှာ အစီအစဉ်လိုက် မဟုတ်ဘဲ ဂဏန်း တစ်ခုစီ ဖြစ်နေသည်ကို တွေ့ရလေ၏။ စင်စစ်သော်ကား ဝသုံးလုံးသည် ဦးထွန်းတင်ထံမှ ရခဲ့သော ငွေစက္ကူများကို ခြေရာဖျောက်ဖျက်ရေးအတွက် ဦးဘဝင်လက်သို့ လဲလှယ် ပေးအပ်ခဲ့ခြင်း ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုညဉ့်၌ ဦးဘဝင်းသည် ခြင်းတောင်းထဲမှ ရိက္ခာများကို စားသောက်ပြီးနောက် ခြင်းထဲမှ သင်တုန်းဓားနှင့် မှန်ကို ယူ၍ မုတ်ဆိတ်မွေးများနှင့် မျက်ခုံးမွေးများကို ရိတ်ဖြတ်လေ၏။ ၎င်းနောက် ဝသုံးလုံး ပေးထားခဲ့သော မိုးကာအင်္ကျီကို ဝတ်၍ ဖယောင်းအဝတ် စွပ်ထားသော ဦးထုပ်ကို ဆောင်းလျက် တိုက်ထဲမှ ထွက်လာခဲ့ရာ၊ မျက်ခုံးမွေး ရိတ်ထားသော သတ္တိကြောင့် ၎င်းအား လိုက်လံရှာဖွေလျက်ရှိသော ပုလိပ်များပင်လျှင် မမှတ်မိနိုင်ဘဲ ရှိကြလေ၏။ ထိုညဉ့်၌ ဦးဘဝင်းသည် လမ်းမတော်ဘက်ရှိ တရုတ်အိပ်ခန်း တစ်ခန်းသို့ ဝင်အိပ်၍ နောက်တစ်နေ့ပတ်လုံး အခန်းထဲတွင် ပုန်းအောင်း နေလေ၏။

နေဝင်ပြီးလတ်သော် ဦးဘဝင်းသည် အခန်းပိုင်ရှင် တရုတ်ကို ပိုက်ဆံရှင်းပေးပြီးနောက် သင်္ဘောဆိပ်သို့ သွားတော့မည်ဟု တိုက်ပေါ်မှ ဆင်းလာရာ၊ လမ်းမတော်ဆိပ်ကမ်းသို့ ရောက်သောအခါ စာလုံးကြီးများဖြင့် ရိုက်နှိပ်ဆွဲကပ်ထားသော ကြော်ငြာကြီး တစ်ရွက်ကို မြင်သည်နှင့် အောက်ပါအတိုင်း ဖတ်ရှုလေ၏။

**ဆုငွေ ၅၀၀၀**

**ဝသုံးလုံး အသင်းခေါင်းဆောင်ကို လက်ရ ဖမ်းဆီးပေးနိုင်သူအား ဖြစ်စေ၊ ဖမ်းဆီးရမိအောင် သတင်းပေးနိုင်သူအား ဖြစ်စေ ဆုတော်ငွေ ၅၀၀၀ ကျပ် ထုတ်ပေးလိမ့်မည့်ပြင် သတင်းပေးသူသည် ပြစ်မှု ကျူးလွန်ဖူးသူ ဖြစ်ခဲ့လျှင်လည်း အပြစ်မှ ချမ်းသာခွင့် ပေးသနားခြင်း ခံရလိမ့်မည်။**

**ပြည်ထဲရေးဝန်ကြီးချုပ်**

ဦးဘဝင်းသည် ကြော်ငြာစာကို ဖတ်ရှုပြီးနောက် ငွေ ၅၀၀၀ ကျပ် ရမည့်ပြင် အပြစ်မှ ချမ်းသာပေးခြင်း ခံရမည်ဟု ဆိုထားသည်နှင့် ဝသုံးလုံးကို သတင်းပေးရလျှင် ကောင်းချေမည်လောဟု ရပ်တန့် စဉ်းစားနေရာမှ 'ကိုင်း လုပ်တော့မယ်' ဟု အသံထွက်ကာ ဆုံးဖြတ်လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



'လုပ်သာလုပ်ပါ၊ မမှားပါဘူး'ဟု မိမိနောက်မှ ပြောသံကြားသည်နှင့် ...ဘဝင်း လှည့်ကြည့်လိုက်ရာ၊ ပုလိပ်အရာရှိ တစ်ယောက်ကို တွေ့ရသည် ...။

ဝင်း။ ။ 'ဦးလူတော် မှတ်တယ်'

တော်။ ။ 'အစစ်ပါပဲ၊ ကိုင်း .... ဦးဘဝင်း၊ လူကြီးလူကောင်း ...စ်ယောက်ပီပီ ကျွန်တော်ခေါ်ရာကို အေးအေးသာသာ လိုက်မှာလား၊ ...မဟုတ် ပုလိပ် ခေါ်လိုက်ရဦးမှာလား'

ဝင်း။ ။ 'လိုက်ပါတော့မယ်ဗျာ'

ဌာနာသို့ ရောက်ကြသောအခါ ....

တော်။ ။ 'ကိုင်း ဦးဘဝင်း၊ ကျွန်တော့်ကို ဘာမှ ကွယ်ဝှက်မနေ ...နဲ့တော့၊ အားလုံး သိပြီးကုန်ပြီ။ မနေ့ညက လမ်းမတော် တရုတ်အိပ်ခန်း ...ခင်ဗျား အိပ်တယ်၊ နက်ဖြန် ကာလကတ္တားကို ထွက်မည့် သင်္ဘောနဲ့ ...ဖို့ ဒုတိယတန်းလက်မှတ် ဝယ်ထားတယ်။ ဟုတ်ကဲ့ မဟုတ်လား'

ဝင်း။ ။ 'ဒါတွေ ခင်ဗျား ဘယ့်နှယ် သိသလဲ'

တော်။ ။ 'ဘယ်လို သိသိလေ၊ ဟုတ်ရင် ပြီးရောပေါ့။ ပြောစရာ ...င် မှန်မှန်သာ ပြောပါ'

ထိုအခါ ဦးဘဝင်းသည် မိမိအား ဖမ်းတော့မည်ဟု တယ်လီဖုန်းဖြင့် ...ကြသည်နှင့် ထွက်ပြေးရခြင်း ဖြစ်ကြောင်း၊ ထိုနောက် ကမ်းနားလမ်း ...ဆိုးအောင် တိုက်ကြီးတွင် ပုန်းအောင်းနေရကြောင်းများနှင့် ထုတ်ဖော် ...ပြောဆိုလေ၏။

တော်။ ။ 'အော် .... ဒါဖြင့် ကိုသောင်းတန် တွေးတာ အတည့်သား ...၊ ဒါထက် ကျုပ်တို့ လာကြည့်တော့ ခင်ဗျား ဘယ့်နှယ်ပုန်းနေသလဲ'

ဝင်း။ ။ 'တံခါးကြားထဲ ပုန်းနေတယ်၊ ကိုသောင်းတန် တက်ရှာ ...တော့ ကျွန်တော် ထိတ်လိုက်တာ မပြောပါနဲ့တော့၊ အသက်တောင် မှ... ...'



www.burmeseclassic.com

www.burmeseclassic.com



တော်။ ။ 'ကိုင်း ....ဘာများ ပြောစရာ ရှိသလဲ'

ထိုအခါ ဦးဘဝင်းသည် ဝသုံးလုံး အကြောင်းကို သိသလောက် ပြောပြ၍ လုံ့လုယ် ရရှိထားသော ငွေစက္ကူများကိုပါ ထုတ်ပြလေရာ၊ ဦးလူ တော်လည်း နံပါတ်များကို တိုက်ကြည့်ရာတွင် ဦးထွန်းတင်၏ ငွေစက္ကူများ ဖြစ်နေကြောင်း တွေ့ရလေ၏။

ဝင်း။ ။ 'ကျွန်တော့်ကို လွှတ်ပြီး ဆုငွေ ၅၀၀၀ ကျပ် ပေးဖို့ မမေ့ပါနဲ့နော်'

တော်။ ။ 'စိတ်ချပါလေ၊ ခင်ဗျား သတင်းကြောင့် မိခဲ့လျှင်တော့ ရမှာပေါ့ဗျ'

အခန်း [၂၁]

## ဦးလူတော်ကို လုပ်ကြံခြင်း

တစ်ညနေ၌ မောင်ညွန့်ဦးသည် ကမ်းနားလမ်းဘက်တွင် တစ်ယောက်တည်း လမ်းလျှောက်နေစဉ် ဦးလူတော်၏ ဆိုင်းဘုတ်ကို ဒုတိယအထပ်တွင် မြင် လိုက်ရာ၊ ဝသုံးလုံး အသင်း၏ သတင်းများကို မေးမြန်းဖို့ သတိရလာသည် နှင့် တိုက်လှေကားမှ တက်လာပြီးလျှင် တံခါးကို ခေါက်လေ၏။ ကံအား လျော်စွာ ဦးလူတော်သည် နေအိမ်၌ ရှိနေခိုက် ဖြစ်သည်နှင့် တံခါးကို ဖွင့်ပေးရာ မောင်ညွန့်ဦး ဖြစ်နေကြောင်း တွေ့သဖြင့် အိမ်တွင်းဝင်ရန် ဖိတ်ခေါ်သွားလေ၏။

မောင်ညွန့်ဦးမှာ ဦးဘဝင်းကို ဖမ်းမိကြောင်း သတင်းစာတွင် ဖတ် လိုက်ရသည်နှင့် ၎င်းအကြောင်းကို စုံစမ်းမေးမြန်းသေး၏။

ညွန့်။ ။ 'နေပါဦးဗျာ၊ ဦးဘဝင်းကို ဖမ်းမိတဲ့အတွက် ဝသုံးလုံး မိဖို့ လမ်းစများ ပေါ်လိမ့်မလား'

တော်။ ။ 'ဦးဘဝင်းကတော့ သူသိသလောက် ပြောပြတာပဲ သို့သော်လည်း ဒီလောက်နဲ့တော့ လက်ပူးလက်ကြပ်မိဖို့ ခက်သားကပဲ'



www.burmeseclassic.com

www.burmeseclassic.com



ညွှန့်။ ။ 'ဦးလူတော်ဟာ မှဆိုးဖိုကြီးဆို၊ ဘယ်သူနဲ့ နေသလဲ၊ သပ်သပ်ရပ်ရပ် ရှိလှချေကလား၊

တော်။ ။ 'ကျုပ်မှာ အမေကြီး ရှိသေးတယ်၊ အိမ်ထောင်မှုကို အမေကြီး ကြည့်ပြီး စီမံပေးနေလို့ပေါ့'

ညွှန့်။ ။ 'အမေကြီးကော ဘယ်မှာလဲ'

တော်။ ။ 'မနေ့ကပဲ တောင်ငူလိုက်သွားတယ်၊ သူ မရှိလို့ ကျုပ် ခွကျနေတာပေါ့'

ညွှန့်။ ။ 'ဘယ်ပုံ ခွကျတာလဲ'

တော်။ ။ 'ကျုပ် ကြီးပွားလာခြင်းဟာ အမေကြီး အစွမ်းကြောင့်ဗျ၊ စုံထောက်တဲ့နေရာမှာ အမေကြီး ကူကူပြီး ဆောင်ရွက်ပေးလို့ တရားခံ ပေါ်ပေါင်း များလှပြီ။ ဝသုံးလုံး အမှုမှာ အမေကြီး မရှိလို့ ခွကျနေတာပေါ့'

ဤင်းနောက် မောင်ညွှန့်ဦးနှင့် ဦးလူတော်တို့သည် ဝသုံးလုံးနှင့် ကိုသောင်းတန်တို့ အကြောင်းများကို ဆက်လက် ပြောဆိုနေကြလေရာ၊ မီးထွန်းချိန် ကျော်လွန်သောအခါမှ မောင်ညွှန့်ဦးလည်း တိုက်ပေါ်မှ ဆင်းလာခဲ့လေ၏။

ဦးလူတော်သည် မောင်ညွှန့်ဦးကို လမ်းပေါ်သို့ရောက်အောင် လိုက်ပို့လေရာ၊ လူနှစ်ယောက်တို့သည် တိုက်ရှေ့၌ ရပ်၍ နှုတ်ဆက်နေကြစဉ် တမ်းနားဘက်မှ ကားတစ်စီး ဆိုက်ရပ်ထားသည်ကို တွေ့မြင်ကြရလေ၏။

ညွှန့်။ ။ 'ခုနင်က ကျွန်တော် တက်လာကတည်းက ရပ်နေတဲ့ ကားပဲဗျ၊ ဘယ်သူ့ကားပါလိမ့်'

တော်။ 'ဒီအရပ်က ကားတော့ မဟုတ်ဘူးဗျို့၊ လူနာရှိလို့ ဆရာဝန်များ လာကြည့် ထင်ပါရဲ့ဗျာ'

ထိုခဏ၌ ရပ်နေသော ကားထဲမှ ဝင်းခနဲ မီးပွင့်၍ ဒိုင်းခနဲ မြည်သွားပြီးလျှင် ဦးလူတော်သည် 'အလိုလေးဗျ' ဟု ဆိုကာ လဲကျသွားလေရာ၊ မောင်ညွှန့်ဦးလည်း ဦးလူတော်ကို ပွေ့ထားလိုက်ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကားမှာမူ စက်နှိုးထားပြီးမှ စောင့်နေသည့် လက္ခဏာနှင့် ရုတ်တရက် အဟုန်ပြင်းစွာ မောင်းနှင်ပြေးလေ၏။

မောင်ညွှန့်ဦးသည် ဦးလူတော်ကို တွဲထူလျက် တိုက်ပေါ်သို့ တက်လာ၍ လူနာကို ဆိုဖာပေါ်တွင် တင်ပြီးလျှင် ဒဏ်ရာကို ကြည့်ရှုမည်ပြုသည်တွင် ဦးလူတော်သည် မျက်လုံးများ ဖွင့်လာ၍ ....

'ကံကောင်းလို့ .... ဒီအင်္ကျီ ကယ်ပေလို့သာဗျာ' ဟု ပြောလျက် ပြားနေသော ခဲတစ်ခုကို ရင်ဘတ်ထဲမှ ဆွဲထုတ်ပြလေ၏။ ၎င်းနောက် ....

တော်။ ။ 'ရန်ကုန်မှာ ဒီအင်္ကျီမျိုး ဝတ်တဲ့လူ သုံးယောက်ထဲ ရှိတယ်ဗျ'

ညွှန့်။ ။ 'ဘယ်သူများလဲဗျ'

တော်။ ။ 'ကျုပ်ရယ်၊ ဝသုံးလုံးရယ်၊ ခင်စိန်ရီရယ်'

ညွှန့်။ ။ (အံ့သြစွာနှင့်) 'ခင်စိန်ရီလည်း ဝတ်တယ်လားဗျာ'

တော်။ ။ 'တစ်ခါ တစ်ခါ ဝတ်တယ်လို့ ကျုပ် ကြားတယ်၊ ဒါထက် ကိုသောင်းတန်ဆီကို တယ်လီဖုန်းဆက်ပြီး အကျိုးအကြောင်း ပြောပြလိုက်ပါဦးမယ်'

နာရီဝက်ခန့် ကြာသောအခါ ကိုသောင်းတန်သည် ကားတစ်စီးနှင့် ကတိုက်ကရိုက် ရောက်လာလေ၏။

တန်။ ။ 'တယ်ကဲတဲ့ အသင်းနဲ့ တွေ့နေပြီ၊ အရပ်သားတွေကို ကြံစည်လို့ အားမရလို့ ပုလိပ်ကိုတောင် လုပ်ကြံနေပြီကော၊ ခင်ဗျားနေရပ်ကို မေးကတည်းက ကျွန်တော်က စိုးရိမ်မိပါဗျာ'

တော်။ ။ 'ဘယ်သူက မေးလို့တုံးဗျ'

တန်။ ။ (မောင်ညွှန့်ဦးကို လှမ်းကြည့်လျက်) 'ခင်စိန်ရီလေ'

ညွှန့်။ ။ 'မဟုတ်နိုင်တာ ခင်ဗျာ၊ ဦးလူတော်ကိုတော့ ခင်စိန်ရီက ကြံစည်မယ် မထင်ပါဘူး ခင်ဗျာ'

တန်။ ။ 'မဆိုနိုင်ဘူးလေ၊ နေရပ်မေးလို့ ပြောရတာပေါ့။ ဒါထက် ကျုပ်မှာလည်း ဟောဒီစာတစ်စောင် ရထားပြန်ပြီ ဦးလူတော်ရေ့'



www.burmeseclassic.com

www.burmeseclassic.com



မောင်ညွန့်ဦးသည် ကိုသောင်းတန် လှမ်းပေးသောစာကို ဖတ်ပြလိုက်ရာ ကြက်သီးမွေးညင်း ထ မိသေး၏။

စာမှာ ဝသုံးလုံး အမှတ်တံဆိပ်အတွင်း အောက်ပါအတိုင်း ရေးသားပါရှိလေ၏။

**"အရေးနိမ့်မည့်ဘက်ကို ကူညီမည့်အစား ကျွန်ုပ်တို့ကို ကူညီပါ။ ဆယ်ဆမက ချီးမြှင့်ပါမည်။ ယခုအတိုင်း ဆက်လက် ဆောင်ရွက်ပေးနေခဲ့လျှင် ရှေ့လ ၄ ရက်နေ့တွင် ခင်ဗျား သေရလိမ့်မည်။"**

တော်။ ။ 'ဒီလိုဆိုလျှင် ဆယ်ရက်ထဲ ခင်ဗျားနေဖို့ ရှိတော့တာပေါ့'

တန်။ ။ 'သူတို့အဆိုပဲ၊ ကျွန်တော်ကတော့ အရေးမလုပ်ဘူး ဆိုပေမဲ့ ဟိုနေ့က အဖြစ်အပျက်ကို တွေးမိတော့ မထိမဲ့မြင်လုပ်လို့ မတော်ဘူးဗျို့'

တော်။ ။ 'ရှေ့လ ၄ ရက်နေ့မှာ ခင်ဗျား ဘယ်မှာရှိမလဲ၊ စီစဉ်ထားပြီးပြီလား'

တန်။ ။ 'ယခု စီစဉ်ထားတဲ့အတိုင်းတော့ မိတ်ဆွေတစ်ယောက်နဲ့ ချီးဖြူဘက်ကို သေနတ်ပစ် ထွက်ကြမလို့ပဲဗျို့'

တော်။ ။ 'မသွားနဲ့လို့တော့ ကျုပ် မတားလိုပါဘူး၊ သို့သော် ခင်ဗျားသွားရင် တစ်ယောက်တည်းတော့ မသွားရဘူး၊ ကျုပ်ပါ လိုက်မယ် ဗျို့၊ ဒါပဲ'

## အခန်း [ ၂၂ ]
## ဝသုံးလုံးကို ခြေရာခံခြင်း

ဦးထွန်းတင်သည် ဝသုံးလုံးလက်သို့ ငွေတစ်သောင်း ပါသွားကြောင်း ကြားသိရစဉ်က စုံထောက် နှစ်ယောက်တို့အပေါ်၌ အမျက်ထွက်သည့်အလျောက် ကြိမ်းမောင်းတော့မည် ပြုပြီးမှ တစ်စုံတစ်ခုကို သတိရဟန်နှင့် ယင်အေးအေး



www.burmeseclassic.com

www.burmeseclassic.com



နေလိုက်သည့် အကြောင်းကို စာဖတ်သူတို့ သတိရမိကြပေလိမ့်မည်။ စင်စစ်သော်ကား ဦးထွန်းတင်သည် မြေအရောင်းအဝယ် ပြုလုပ်သည့်အခါတိုင်း ရန်ကုန်မြို့ပေါ်တွင် "ဂျင်ဂလယ်" ဟု ခေါ်ဆိုထိုက်ပေသည့် အောက်တန်းရှေ့နေ ခင်မောင်လတ် ဆိုသူကို သူလျှိုအဖြစ်နှင့် အသုံးပြုခဲ့သည်ချည်း ဖြစ်ပေရာ၊ ယခုလည်း မိမိ၏ ငွေစက္ကူနံပါတ်များကို ထိုလူအား အပ်၍ ၎င်းစက္ကူများ လဲလှယ်သုံးစွဲသူကို ခြေရာခံစေမည်ဟု သတိရသောကြောင့် ဖြစ်ပေ၏။

"ဂျင်ဂလယ်" ခင်မောင်လတ်သည် ကစားဝိုင်းများနှင့် လည်းကောင်း၊ တစ်မတ်နှစ်ပြား ရွှမ်းဓိုင်းများနှင့် လည်းကောင်း၊ တရုတ်ကလပ်များနှင့် လည်းကောင်း ဆက်သွယ်ခြင်း ရှိသူတစ်ယောက် ဖြစ်သည့်အတိုင်း အနံ့အပြား ထောက်လှမ်း စုံစမ်းပြီးနောက် တစ်နေ့သ၌ ဦးထွန်းတင်ထံ လာရောက်၍ တစ်နာရီခန့်တိုင်တိုင် ဆွေးနွေးတိုင်ပင်ကြလေ၏။ ယင်းသို့ တိုင်ပင်ရာတွင် ဦးကျော်ခဲဆိုသူနှင့် ကိုဝ ဆိုသူတို့ ကသာမြို့၌ ကျက်စားခဲ့ဖူးသည့် သတင်းစကားများအကြောင်းလည်း ပါရှိလေရာ၊ ဦးထွန်းတင်သည် မိမိ၏ ငွေတစ်သောင်းကို ညှစ်ယူသွားသော ဝသုံးလုံး အပေါ်၌ အကျိတ်အခဲ မကျေနပ်နိုင်အောင် ရှိသည်အတွင်း ဝသုံးလုံး၏ အမြစ်ရင်းကို ကသာမြို့က ဖော်နိုင်လိမ့်မည်ဟု ရုတ်ခနဲ အကြံရသည်နှင့် မည်သူ့ကိုမျှ မတိုင်ပင်ဘဲ ကသာမြို့သို့ မီးရထားနှင့် လိုက်ပါသွားလေ၏။

ကသာသို့ ရောက်သောအခါ ဦးထွန်းတင်သည် ပိုက်ဆံတတ်နိုင်သူတစ်ယောက် ဖြစ်သည့်အတိုင်း ထောင်အရာရှိများ၊ ပုလိပ်အရာရှိများ၊ ရေးမီသော ရှေ့နေများ မကျန် ထောက်လှမ်းမေးမြန်းခြင်း ပြုလေ၏။ နောက်ဆုံး၌ ဦးထွန်းတင် ကြားသိခဲ့ရသည်ကား ကျော်ခဲဆိုသူနှင့် ဘိုဝ ဆိုသူ ဓားပြနှစ်ယောက်တို့ကို အစိုးရက ဖမ်းဆီးရမိထားသော်လည်း သက်သေခံ မလုံလောက်သည်နှင့် အစိုးရက အပြစ်မပေးနိုင်ဘဲ ရှိရာတွင် ကျော်ခဲသည် အစိုးရ သက်သေလုပ်၍ ဖြောင့်ချက်ပေးလိုက်ကြောင်း၊ ၎င်းဖြစ်၍ ဘိုဝမှာ အပြစ်ထင်ရှားသည်ဆိုပြီး ကြိုးဒဏ် ရရှိသွားကြောင်း၊ သို့ရာတွင် ဘိုဝ

www.burmeseclassic.com



တို စက်တိုင်တင်သောအခါ ကြိုးပြတ်ကျသောကြောင့် ရှေ့နေက ဆိုင်းလင့်ရန် လျှောက်လဲရုံမျှမက နောက်ဆုံး၌ တရားဝန်ကြီးချုပ်က သေဒဏ်မှ တစ်သက်တစ်ကျွန်းပို့ အပြစ်ဒဏ်သို့ ပြောင်းရွှေ့ကျခံစေကြောင်း၊ ဘိုဝ၏ လည်ပင်း ရှပ်အင်္ကျီအောက်တွင် ဝိုင်းဝိုင်းစက်စက် အမှတ်ကလေး သုံးခု ပါရှိရာ ၎င်းအမှတ်များမှာ ဝမ်းတွင်းပါဖြစ်၍ တုတ်ပြီး စားပြီးရုံမျှမက အချို့က "ကြိုးပြီး" သည် ဟူ၍ပင် မှတ်ယူထားကြကြောင်းများနှင့် သိရှိရလေ၏။ ထို့နောက် ဦးထွန်းတင်သည် ထောင်ပိုင် အရာရှိများကို လက်ဆောင် ပေး၍ ကြိုးပေးသည့် တရားခံများကို ရိုက်ကူးထားသည့် ဓာတ်ပုံများကို ပြသစေရာ၊ ဦးထွန်းတင်မှာ ရာဇဝတ်အင်္ကျီနီကြီးကို ဝတ်လျက် ကြိုးစင်သို့ တက်မည့်ဆဲဆဲတွင် ရိုက်ကူးထားသော တရားခံ ဘိုဝ၏ ဓာတ်ပုံကို မြင် လိုက်ရသည်နှင့် တစ်ပြိုင်နက် ကြက်သေ သေကာ ကြောင်တောင်ငေး၍ ကြည့်နေမိလေသေး၏။

ဦးထွန်းတင်သည် ၎င်းညဦးရထားနှင့်ပင် ရန်ကုန်သို့ လိုက်ခဲ့ရာ ဒုတိယတန်း တွဲထဲ၌ တစ်ယောက်တည်း လိုက်ပါလာစဉ်၊ ပုလိပ်များနှင့် စုံထောက်များကိုယ်တိုင် ပေါ်ပေါက်အောင် မလိုက်နိုင်သော ဝသုံးလုံးအမှုကို မိမိအစွမ်းဖြင့် ပေါ်ပေါက်အောင် လိုက်နိုင်ခဲ့ချေပြီတကားဟု များစွာ ဝမ်းမြောက်ဝမ်းသာ ဖြစ်လျက်၊ ငွေကုန်ရကျိုးနပ်ချေပြီဟု ပျော်မြူးစွာ စဉ်းစား စိတ်ကူးလာခဲ့လေ၏

## အခန်း [ ၂၃ ]
## ဦးထွန်းတင် စခန်းသိမ်းခြင်း

ဦးထွန်းတင်သည် မိမိ ကသာသို့ သွားသောအဖြစ်ကို မည်သူမျှ မသိဟု ခုတ်ထင်နေခဲ့သော်လည်း၊ စင်စစ်အားဖြင့် ဦးလူတော်နှင့် ကိုသောင်းတန် တို့သာမက ဝသုံးလုံး ကိုယ်တိုင်ပင်လျှင် ခင်စိန်ရီထံမှ သတင်းရထားသည့် အတွက်ကြောင့် သိရှိပြီး ဖြစ်နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးထွန်းတင် ပြန်ရောက်သောနေ့၌ ဦးလူတော်သည် ပုလိပ်ဌာနသို့ ဝင်သွားသောအခါ ကိုသောင်းတန်သည် ပုလိပ်သား တစ်စုတို့အား မိမိ၏ စိတ်ခာတ်ရိုက်နည်း ပညာအကြောင်းကို ဟောပြောလျက် ရှိလေ၏။ ပုလိပ်သား တစ်ယောက်က မိမိ၏လက်စွပ်ကို ချွတ်ပြသဖြင့် ကိုသောင်းတန်သည် လက်စွပ်ကို လက်ထဲ၌ ဆုပ်၍ ကြည့်ခါမျှနှင့် ထိုလူ၏ အကျင့်စာရိတ္တနှင့် လျှို့ဝှက်သော အဖြစ်အပျက် တစ်ခုကိုပါ ဗေဒင်ဟောသကဲ့သို့ ထုတ်ဖော် ပြောပြနိုင်ရကား ပုလိပ်သားများမှာ ပါးစပ်ဟကာ ငေးမောနေကြရလေ၏။

ဦးလူတော် ဝင်လာသောအခါ ပုလိပ်တစ်ယောက်သည် ဦးလူတော်အား စာတစ်အိတ်ကို လှမ်းပေးလိုက်သည်နှင့် ဦးလူတော်သည် လိပ်စာကို ဖတ်ကြည့်ပြီးနောက် ကိုသောင်းတန်၏ လက်ထဲသို့ ထည့်၍–

တော်။ ။ 'ကိုင်းဗျာ၊ ခင်ဗျား ဒီလောက်တောင် တော်ရင် ဒီစာကို ဘယ်သူက ပေးတာလဲ။ ပြောစမ်းဗျာ'

တန်။ ။ (စာအိတ်ကို လက်တွင် ဆ ကြည့်ပြီးနောက်) 'လူပုပုပျပ်ပျပ်၊ နှုတ်ခမ်းမွေး ကျင်စွယ်နဲ့၊ နှာသံပါပါ စကားပြောတတ်တယ်၊ သူ့မှာ ဈေးဆိုင်ကလေးလည်း ရှိရမယ်ဗျာ'

တော်။ ။ 'ဒါတော့ လွန်လွန်လှချေကလား ကိုသောင်းတန်၊ ခင်ဗျား စုန်းတတ်သလား'

တန်။ ။ 'ဒါကတော့ စိတ်ခာတ်လည်း မဟုတ်ဘူး၊ စုန်းအတတ်လည်း မဟုတ်ဘူး ဆရာကြီး၊ သော်မဆင်လမ်း(ဗိုလ်တထောင်ဘုရားလမ်း) က ဦးသာဒွန်းဆီက စာမှန်း သိလို့ ပြောလိုက်တာပဲ'

ဦးလူတော်လည်း တိုး၍ အံ့ဩပြန်လေရာ နှစ်ယောက်ထဲ ရှိနေကြသောအခါမှ ကိုသောင်းတန်က ရှင်းလင်း ပြောပြလေ၏။

တန်။ ။'သိပ်ပြီး မအံ့ဩပါနဲ့၊ ဒီလိုပါဗျာ။ ဝသုံးလုံးဆီက ပို့တဲ့ စာတွေကို ဘယ်နေရာ ပို့ရတယ်လို့ ခင်ဗျားတို့ သိတားကြောင်း ကျွန်တော် ရိပ်မိတယ်။ ဝသုံးလုံးရဲ့ လိပ်ကို ခင်ဗျားတို့သိတာကနောက်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် သိထားတာက ကြာလှပြီ။ ကျွန်တော်ကတော့ လိပ်သိရုံ မကသေးဘူး၊ ဝသုံးလုံးဆိုပို့တဲ့ စာမှန်သမျှကို ဦးသာဒွန်းက ကျွန်တော့် ပြတာချည်းပဲ။ ခင်ဗျား စုံစမ်းနေတဲ့ အကြောင်းကို ဦးသာဒွန်းက ကျွန်တော့် ပြောပြလေတော့ ခင်ဗျားဆီကို စာနဲ့ရေးပြီး အစုံအလင် ရှင်းလင်းပြောပြလိုက်ပါလို့ ဦးသာဒွန်းကို ကျွန်တော်က မှာထားပါတယ်'

တော်။ ။'ဝသုံးလုံးရဲ့ လိပ်ကို ခင်ဗျားသိထားတာ ကြာလှပြီပေါ့လေ'

တန်။ ။'ကြာလှပါပြီ၊ သိပုံက ဒီလိုဗျ၊ ဝသုံးလုံးပို့မည့် စာဟူသမျှဟာ ဦးသာဒွန်းဆိုတဲ့ သတင်းစာ ကိုယ်စားလှယ်ရဲ့ လိပ်နဲ့ ရောက်လာရော။ ညနေခင်းကျရင် သူငယ်ကလေး တစ်ယောက်က စာတွေယူလာပြီး ကမ်းနားလမ်းဘက်ဆီ လမ်းလျှောက်သွားရော၊ လူရှုပ်တဲ့ နေရာကျတော့မှ ဝသုံးလုံးကိုယ်စားလှယ်က သူငယ်ကလေးရဲ့ အိတ်ထဲက တိတ်တိတ် နှိုက်ယူတာကိုးဗျ'

တော်။ ။'နေရာကျလိုက်လေဗျာ၊ ခင်ဗျားကိုယ်တိုင် လိုက်ကြည့်ပြီးပြီပေါ့လေ'

တန်။ ။'နှစ်ခါ သုံးခါ ရှိပြီ၊ ကျွန်တော် လိုက်လိုက်ပြီး ချောင်းတာ။ သူငယ်ကလေးရဲ့ လက်ထဲက ဘယ်သူဘယ်ဝါ နှိုက်သွားတယ်လို့ ကျွန်တော် ကိုယ်တိုင် မမြင်လိုက်ရဘူး၊ သိပ်တော်တဲ့ လူစုတွေဗျာ'

တော်။ ။'သူငယ်ကလေးကို မေးကြည့်တော့ကော....'

တန်။ ။'မေးကြည့်တော့လည်း စာတွေကို အိတ်ထဲထည့်ပြီး လမ်းလျှောက်နေလို့သာ မှာထားတာပဲတဲ့၊ စာယူပြီး လမ်းလျှောက်တဲ့ အတွက် တစ်နေ့ ငါးမူး ရသတဲ့ဗျ'

တော်။ ။'ဝသုံးလုံးလည်း တော်ပါပေ့၊ ခင်ဗျားလည်း တော်ပါပေ့ဗျာ။ ဒီပြင်ကော ဘာများ ခင်ဗျား သိထားသေးသလဲ'

တန်။ ။'ကျွန်တော်သိတာ ပြောရမှာဖြင့် ခင်စိန်ရိုဟာ ခင်ဗျားတို့၊ ကျွန်တော်တို့ အကြောင်းတွေကို ဝသုံးလုံးဆီ မှန်မှန်ကြီး သတင်းပို့တယ်ဗျ'



www.burmeseclassic.com

www.burmeseclassic.com



တော်။ ။ 'ဒါဖြင့် ခင်ဗျား ဘယ့်နှယ်လုပ်ပါ့မယ်'

တန်။ ။ 'ခင်စိန်ရီကို စောင့်ကြည့်ရရင် ဝသုံးလုံးဆီကို ခြေရာခံမိလိမ့်မယ် ထင်တယ်လို့ ကျွန်တော် ပြောဖူးတယ် ဟုတ်လား၊ ကျွန်တော်ပြောတဲ့အတိုင်း တစ်နေ့နေ့တော့ နေရာကျလိမ့်မယ်၊ ခင်ဗျား စောင့်သာကြည့်နေတော့ ....'

တော်။ ။ 'ခင်စိန်ရီကို ဒီလိုပဲ ဆက်လက်ပြီး ခင်ဗျား ခိုင်းထားမယ်လား'

တန်။ ။ 'ကျွန်တော်တော့ ခိုင်းထားမှာပဲ၊ ကျွန်တော့်အယူက ကြပ်ကြပ် ပူးကပ်လေလေ ကျွန်တော့်ကို သူက ရန်မလုပ်နိုင်လေလေပဲ ခင်ဗျ'

တော်။ ။ 'ဒါထက် ဦးထွန်းတင် အညာတက်သွားတာ ဘာကိစ္စလဲ ဗျို့'

တန်။ ။ 'မြေဝယ်ဖို့နဲ့ ပတ်သက်ပြီး အလုပ်ရှိချင် ရှိမှာပေါ့ဗျာ ...'

ထိုခဏ၌ တယ်လီဖုန်း ရောက်လာ၍ ဦးလူတော်ကို တွေ့လိုကြောင်းနှင့် ပြောရာတွင် ဦးလူတော်သည် တယ်လီဖုန်းကို ကောက်ယူလေ၏။

တော်။ ။ 'ဘယ်သူလဲ၊ ဦးထွန်းတင်လား'

တင်။ ။ 'ဟုတ်ပါတယ်၊ ကိစ္စတစ်ခု အရေးကြီးလို့ ကျုပ်အိမ်ကို လာခဲ့စမ်းပါ၊ ကိုသောင်းတန်လည်း ခေါ်ခဲ့ပါ၊ အလွန် အရေးကြီးတဲ့ စကားတစ်ခု ပြောစရာ ရှိလို့ပါ'

၎င်းနောက် ဦးလူတော်သည် တယ်လီဖုန်းကို ပြန်ချိတ်၍ ကိုသောင်းတန်အား ပြောပြလေရာ၊ ကိုသောင်းတန်လည်း ဦးလူတော်၏ မျက်နှာကို စူးစိုက်သော မျက်လုံးများဖြင့် အကဲခတ်နေလေ၏။

*

ခင်စိန်ရီသည် ၃၂ လမ်း၌ရှိသော မိမိ၏ တိုက်ခန်းအတွင်း၌ အဝတ်များကို မီးပူတိုက်လျက်ရှိစဉ် အိမ်ရှေ့မှ တံခါးခေါက်သံ ကြားသည်နှင့် ထွက်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ရာ၊ မည်သူ့ကိုမျှ မတွေ့ရဘဲ စက္ကူသေတ္တာ တစ်လုံးကိုသာ တွေ့ရသည်နှင့် အခန်းထဲသို့ ယူခဲ့ပြီးလျှင် ဖွင့်ကြည့်လေ၏။ သေတ္တာထဲတွင် အပေါ်ယံ၌ ဝသုံးလုံးထံမှ စာတစ်စောင် ပါရှိလေရာ အောက်ပါအတိုင်း ရေးသားထား လေ၏။

"ဦးထွန်းတင်၏ နေအိမ်ကို သင် သိပြီး ဖြစ်သည်။ နောက်ဖေး ဝင်းပေါက်မှ ဝင်သွားသောအခါ လှေကား အောက်၌ အပေါက်ကြီးတစ်ခု တွေ့ရလိမ့်မည်။ ယနေ့ည ၉ နာရီအချိန်တွင် ဤသေတ္တာထဲမှ ပစ္စည်းများကို ယူသွား ပြီး ၎င်းအပေါက်ကြီးမှ ဝင်၍ စောင့်နေပါလေ ....။"

စာကို ဖတ်ပြီးနောက် ခင်စိန်ရီသည် သေတ္တာထဲ၌ ပါသော ပစ္စည်း များကို ထုတ်ကြည့်ရာ၊ ဆင်စွယ်ရိုးတွင် မိုးကြိုးအကွေး စွပ်ထားသည့် ဓားမြှောင်တစ်လက်နှင့် သားရေလက်စွပ်အိတ် တစ်ခုကို တွေ့ရလေ၏။ ဓားမြှောင်မှာ သင်တုန်းဓားကဲ့သို့ ထက်မြက်သော အသွား ရှိလေရာ၊ လက် စွပ်အိတ်မှာ ယောကျ်ားများစွပ်သည့် အရွယ်ဖြစ်၍ လက်ဝဲဘက် လက် အတွက် ဖြစ်ကြောင်း တွေ့ရှိရလေ၏။

ခင်စိန်ရီသည် ပစ္စည်းများကို ကိုင်တွယ်ကြည့်ရှုရင်း အတန်ကြာ စဉ်းစား စိတ်ကူးနေပြီးနောက် တယ်လီဖုန်းရှိသော အခြားဘက်ခန်းသို့ ကူးသွား၍ နံပါတ်တစ်ခုကို ပေးသော်လည်း လူမရှိကြောင်း ပြောသည်နှင့် ပြန်လာခဲ့လေ၏။

ထိုညဉ့် ၈ နာရီ ထိုးပြီးလတ်သော် ခင်စိန်ရီသည် ဓားမြှောင်နှင့် လက်စွပ်အိတ်ကို လက်ဆွဲသားရေအိတ်တွင် ထည့်၍ သားရေအိတ်ကို ဆွဲ လျက် တိုက်ပေါ်မှ ဆင်းလာခဲ့လေ၏။

*

၎င်းညဉ့် ၈ နာရီခွဲအချိန်တွင် ကိုသောင်းတန်နှင့် ဦးလူတော်တို့သည် ဦးထွန်း တင်၏ နေအိမ်သို့ ဝင်သွားကြလေရာ၊ တစ်အိမ်လုံး မီးမှောင်မည်းလျက်



www.burmeseclassic.com

www.burmeseclassic.com



ရှိသည်ကို တွေ့ကြရလေ၏။ ဦးထွန်းတင်မှာ ကပ်စေးနှဲ တစ်ယောက် ဖြစ်သောကြောင့် မိမိနေသော အခန်းမှတစ်ပါး အခြားအခန်းများကို မီးဖွင့်လေ့ မရှိဘဲ အနည်းဆုံး ချွေတာသုံးစွဲတတ်သူ တစ်ယောက် ဖြစ်ရကား၊ ယခုကဲ့သို့ တစ်အိမ်လုံး ထိန်ထိန်လင်းအောင် မီးဖွင့်ထားသည့်အတွက် စုံထောက် နှစ်ယောက်လုံးက သတိပြုမိကြ၏။

ဦးထွန်းတင်၏ အလုပ်ခန်းမှာ ဧည့်ခန်းကြီးနှင့် ဆက်စပ်လျက်ရှိရာ စုံထောက်များ ရောက်သွားကြသော အခါတွင် ဦးထွန်းတင်သည် အလုပ်ခန်း ထဲတွင် ထိုင်လျက် ရှိနေလေ၏။ ဦးထွန်းတင်မှာ ခရီးပန်းလာခဲ့သော်လည်း တစ်စုံတစ်ခုအတွက်ကြောင့် စိတ်ကျေနပ်နေသည့် လက္ခဏာနှင့် ရွှင်ပျသော မျက်နှာထား ရှိနေလေ၏။

တင်။ ။ 'လာကြဗျာ၊ လာကြ။ ကျုပ်က သတင်းထူးကလေး တစ်ခု ပြောပြစရာရှိလို့ ခေါ်ရပါတယ်။ ကျုပ်ပြောမည့် သတင်းကို ခင်ဗျားတို့ ကြားရရင်တော့ တော်တော် အံ့သြသွားကြဦးမှာပဲ၊ ကျုပ်ပြောမည့် သတင်းက အရေးကြီးလွန်းအားကြီးလို့ ခင်ဗျားတို့ချည်း စိတ်မချနိုင်လို့ ဝန်ကလေး ကိုတောင် တယ်လီဖုန်း ဆက်ထားသေးတယ်။ မတော်တဆ လမ်းမှာ ခင်ဗျား တို့ တစ်စုံတစ်ခု ဖြစ်သွားရင် အထက်အရာရှိကြီးတွေဆီကို သတင်းမရောက် ဘဲ နေမှာစိုးလို့ လိုလိုမည်မည် စီမံထားရတာကိုးဗျ။ ကိုင်း ....ကိုင်း ထိုင်ကြ ဗျာ၊ ကျုပ် ပြောရမည့် စကားကလေးက နည်းနည်း ရှည်တယ်ဗျနော်၊ သည်းခံပြီး နားထောင်ကြပါ'

ထိုခဏ၌ တယ်လီဖုန်း ရောက်လာရာ ဦးထွန်းတင်သည် တယ်လီ ဖုန်းကို လှမ်းယူသည်နှင့် စုံထောက်နှစ်ယောက်တို့လည်း ကြည့်နေကြလေ ၏။

တင်။ ။ (တယ်လီဖုန်းကို ကိုင်လျက်) 'ဟုတ်ကဲ့ ဝန်ကလေး အင်မတန် အရေးကြီးတဲ့ သတင်းတစ်ခု ကျွန်တော် ပြောစရာရှိပါတယ်။ ခဏလေး စောင့်ပါဦး၊ ကျွန်တော် ပြောလိုက်ပါမယ်။ ကောင်းပါပြီ'



www.burmeseclassic.com

www.burmeseclassic.com



ဇင်းနောက် ဦးထွန်းတင်သည် တယ်လီဖုန်းကို ပြန်ချမည်ပြုပြီးမှ စုံထောက်နှစ်ယောက်တို့ဘက်သို့လှည့်၍ 'နေကြဦးဗျာ၊ ဝန်ကလေးဆီကို ကျုပ် အရင် ပြောလိုက်တော့မယ်၊ ခင်ဗျားတို့ ဧည့်ခန်းမှာ စောင့်နေကြပါဦး။ မပြောခင် ကြိုတင်ပြီး မကြားစေချင်ဘူးဗျာ၊ တံခါးကို ပိတ်ထားလိုက်ကြ နော်။ အားတော့ နာပါရဲ့ဗျာ၊ သည်းခံကြပါဦး'

ဦးလူတော်သည် 'ကောင်းလှပါပြီဗျာ' ဟု ပြော၍ ဧည့်ခန်း ကူးသွားလေရာ ကိုသောင်းတန်မှာမူ ဆိုင်းလင့်နေသေး၏။

တန်။ ။'ယခုပြောမည့် အကြောင်းဟာ ဝသုံးလုံး အကြောင်းလား ခင်ဗျာ'

တင်။ ။'နောက်တော့ ကျုပ် ပြောပြပါမယ်လေ၊ ၅ မိနစ်ထဲ သည်းခံလိုက်ကြပါတော့၊ အားလုံး ကျုပ် ပြောပြပါမယ်။ ကြားတဲ့အခါကျ တော့ ခင်ဗျားတို့ အံ့သြကြမှာပါပဲ'

တန်။ ။'ကျွန်တော်ကတော့ တော်တော်များများနဲ့ အံ့သြတတ်တဲ့လူ မဟုတ်ဘူး ခင်ဗျာ့နော်၊ ကျွန်တော် အံ့သြအောင် ပြောနိုင်ရင် တော်ပေတာ ပေါ့'

ထိုနောက် ကိုသောင်းတန်သည် အခန်းပြင်သို့ ထွက်လာ၍ တံခါး ရွှန်းကို ကိုင်ကာ ရပ်နေပြီးမှ ....

တန်။ ။'ခင်ဗျားက ပြောပြီးတော့ ကျွန်တော်ကလည်း ခင်ဗျား စာရေးဟောင်း ခင်စိန်ရီ အကြောင်းကို ခင်ဗျား အံ့သြလောက်အောင် ပြောပြ ရဦးမှာပေါ့' ဟု ပြောပြီးလျှင် တံခါးကို ပိတ်ခဲ့၍ ဦးလူတော်နှင့်အတူ လာ ထိုင်လေ၏။

တန်။ ။'ဒီလူကြီးက ဘာသတင်းများ အရေးတကြီး ပြောစရာ ရှိပါလိမ့်ဗျာ၊ ဝန်ကလေးကိုလည်း ဘာအကြောင်းများ သူ ပြောချင်ပါလိမ့်'

တော်။ ။'ကျုပ်တော့ တွေးကို မတွေးတတ်ပေါင်ဗျာ'

ထိုခဏ၌ ဦးထွန်းတင်၏ အစေခံသည် ကွမ်းဆေး လက်ဖက်များ တည်ခင်းပေလေရာ....



www.burmeseclassic.com

www.burmeseclassic.com



တန်။ ။ 'ဗျို ကိုယ့်လူ၊ ဆရာကြီးက ဒီကနေ့ည ခတ်မီးတွေ ထိန်လှချေကလား'

အစေခံ။ ။ 'မပြောတတ်ပေါင် ခင်ဗျာ၊ ခြောက်လုံးပြူးများ ဘယ်တော့မှ မကိုင်ဘူးဘဲ သေတ္တာထဲ သိမ်းထားတဲ့ ဆရာတောင် ဒီကနေ့ည တော့ ခြောက်လုံးပြူးကို ခါးထဲက မချဘူး ခင်ဗျ'

တန်။ ။ 'ဩော် ဟုတ်လား'

အစေခံ ထွက်သွားသောအခါ ....

တန်။ ။ 'ဦးထွန်းတင်က ဝသုံးလုံးကို ဒီကနေ့ည မျှော်နေသလား မဆိုနိုင်ဘူး၊ ဒါထက် ခင်ဗျားလူများ ပါသေးသလား'

တော်။ ။ 'တပည့်ကလေး နှစ်ယောက် လမ်းပေါ်မှာ လျှောက်နေ ကြဖို့ မှာထားခဲ့ပါတယ်'

စုံထောက် နှစ်ယောက်တို့သည် ဧည့်ခန်းထဲမှ ထိုင်လျက် စောင့်နေ ကြစဉ် ဦးထွန်းတင်၏ အခန်းနံရံများမှာ အတော်ထူထပ်သည့်ပြင် အလုပ် ခန်းမှာလည်း အတော်ကလေး ကွာလှမ်းသောကြောင့် ဦးထွန်းတင်၏ စကား သံကို တစ်ခွန်းမျှ မကြားကြရချေ။

နာရီဝက်ခန့် ကြာလတ်သော် ကိုသောင်းတန်သည် စိတ်မရှည်နိုင် တော့သည်ဖြစ်၍ အစေခံကို ခေါ်ပြီးလျှင် ဦးထွန်းတင်၏ အခန်းသို့ ဝင်ကြည့် ရန် ပြောလေရာ၊ အစေခံကမူ မိမိ၏ဆရာက မခေါ်ဘဲ ဝင်မကြည့်ဝံ့ကြောင်း ပြော၍ ငြင်းဆန်နေလေ၏။

နောက်ဆုံး၌ ဦးလူတော်သည် ထိုင်ရာမှထ၍ ဦးထွန်းတင်၏ အခန်း တံခါးကို တွန်းဖွင့်လိုက်လေရာ၊ အလုပ်ခန်းတွင်း၌ ခတ်မီးများ ထိန်ထိန် လင်းလျက် ရှိသော်လည်း ဦးထွန်းတင်မှာ ကုလားထိုင်ပေါ်တွင် ခွေလျက် သေနေသည့်အဖြစ်ကို မြင်ကြရလေ၏။ စုံထောက် နှစ်ယောက်တို့သည် အလောင်းကို သေချာစွာ ကြည့်ကြသောအခါ ဦးထွန်းတင်၏ အက်ဝဲဘက် ရင်ဝ၌ ဓားမြှောင်တစ်လက် စိုက်လျက်ရှိသည်ကို တွေ့ကြသည့်ပြင်၊ ဓား



www.burmeseclassic.com

www.burmeseclassic.com



မြှောင်မှာလည်း ဆင်စွယ်ရိုးနှင့် မိုးကြိုးအကွေးစွပ်လျက် ရှိလေတော့၏။ အလောင်းရှေ့ရှိ စားပွဲပေါ်၌ကား သွေးများ စွန်းပေလျက် ရှိသည့် သားရေလက်စွပ်အိတ် တစ်ဖက် တင်လျက် ရှိလေ၏။

တော်။ ။ 'ကျုပ်လူတွေ ခေါ်ခဲ့စမ်းဗျာ၊ ဒီအိမ်ထဲက ဘယ်သူမှ မထွက်စေကြနဲ့နော်၊ အစေခံတွေ အားလုံး မီးဖိုထဲမှာ စုပြီး နေ့ပစေ'

ကိုသောင်းတန်သည် ဦးလူတော်၏ အမိန့်အတိုင်း လမ်းပေါ်မှ တပည့်များကို ခေါ်ယူလျက်ရှိစဉ်၊ ဦးလူတော်သည် အလုပ်အခန်း အခြေအနေကို ကြည့်ရှုလေရာ ပြတင်းပေါက်များအားလုံး ပိတ်ဆို့ထားသည်ကို တွေ့ရလေ၏။

သို့ဖြစ်လျှင် ဦးထွန်းတင်ကို မည်သည့်လမ်းက ဝင်၍ သတ်သွားလေသနည်း။

ဒဏ်ရာမှာ ရင်ဘတ်၌ ရှိသောကြောင့် နောက်မှနေ၍ ထိုးခြင်း မဟုတ်နိုင်ချေ။ ဓားမြှောင်ဦးမှာ အောက်သို့ ခပ်စိုက်စိုက် ရှိနေသောကြောင့် ဦးထွန်းတင် ထိုင်နေသည့် အခိုက်တွင် ထိုးလိုက်ခြင်း ဖြစ်ကြောင်းကား ထင်ရှား၏။ သို့ရာတွင် လက်စွပ်အိတ်ကို အဘယ်ကြောင့် အသုံးပြုရလေသနည်း။ ဦးလူတော်သည် လက်စွပ်အိတ်ကို ကိုင်တွယ်ကြည့်ရှုရာ မော်တော်ကား မောင်းသော ဒရိုင်ဘာများ သုံးတတ်သည့် သားရေလက်အိတ်မျိုး ဖြစ်လေ၏။

ထိုနောက် ဦးလူတော်သည် စုံထောက်·ဝန်ကလေးကို တယ်လီဖုန်းဆက်ကြည့်ရာ၊ ဝန်ကလေးမှာ ဦးထွန်းတင်ဆီမှ သတင်းကို ထိုင်စောင့်နေကြောင်း တွေ့ရ၏။ ဦးလူတော်က အဖြစ်အပျက်ကို ပြောပြသောအခါ ဝန်ကလေးသည် ဝသုံးလုံးအပေါ်တွင် အပြင်းအထန် စိတ်ဆိုးလျက် ရှိလေ၏။

၎င်းနောက် ဦးလူတော်သည် ကိုသောင်းတန် ခေါ်ထားသော တပည့်များကိုခေါ်၍ ဦးထွန်းတင်၏ တစ်အိမ်လုံးကို အနှံ့အပြား ရှာဖွေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုသောင်းတန် သတင်းစာများကို ဖတ်ပြီးသည့်နောက် ခင်စိန်ရီကို လှမ်းကြည့်လိုက်သောအခါ ခင်စိန်ရီမှာ ခါတိုင်းကဲ့သို့ ကြည်လင် ရွှင်ပျသော အမူအရာမျိုး မရှိဘဲ မျက်တွင်းများကျလျက် ခပ်ထိုင်းထိုင်း ရှိနေသည်ကို တွေ့မြင်ရလေ၏။

တန်။ ။'ခါတိုင်းတော့ ဦးလူတော်ကိုချည်း ဝိုင်းနှံကြတယ်၊ ဒီတစ်ခါတော့ ကျုပ်လည်း ပါသွားပြီ ခင်စိန်ရီ'

ရီ။ ။'လူပါးလုပ်တဲ့လူ တစ်ခါတလေလည်း ထိပေဦးမှပေါ့'

တန်။ ။'ကျုပ်ကို ထိတာ ဝမ်းသာသလား ခင်စိန်ရီ'

ရီ။ ။'ဘယ်သူ့ကို ထိလို့လည်း ဝမ်းမသာဘူး၊ ဘယ်သူ့ကို မထိလို့လည်း ဝမ်းမနည်းဘူး'

တန်။ ။(ခင်စိန်ရီကို စေ့စေ့ကြည့်လျက်) 'တော်တော်ဆန်းတဲ့ မိန်းကလေးပဲ၊ ကရုဏာစိတ်မျိုး လုံးလုံး မရှိတတ်ရော့သလား မဆိုနိုင်ဘူး။ ဒါထက် ဦးထွန်းတင်ဆီမှာ အလုပ် လုပ်ခဲ့ဖူးသေးတယ် ဟုတ်လား'

ရီ။ ။'ဟုတ်ပါတယ်'

တန်။ ။'သူ့အိမ် အခြေအနေကို ကောင်းကောင်းကြီး သိတာပေါ့နော်'

ရီ။ ။'သိသလောက် သိတာပေါ့၊ ဘာကြောင့် မေးတာလဲရှင်'

တန်။ ။'မြေတိုက်ရှိတာ သိသလားလို့ပါ'

ရီ။ ။'သိတာပေါ့၊ သူ့ကို စားပြတိုက်ရင် မြေတိုက်က ထွက်ပြေးဆယ်လို့ ဦးထွန်းတင်က ပြောဖူးတယ်။ ဘာလဲ၊ ရှင်က မနေ့ညက ကိစ္စမှာ ကျွန်မ ပါတယ်လို့များ ထင်နေလို့လား'

တန်။ ။(ရယ်မောလျက်) 'ထင်တယ်လို့လည်း မဟုတ်ပါဘူး၊ ဒါထက် မြေတိုက်တံခါးကို ဦးထွန်းတင် မကြားအောင်ဖွင့်ပြီး အခန်းထဲ ဝင်ဖို့ ဖြစ်နိုင်ပါ့မလား'

ရီ။ ။'ဖြစ်နိုင်မှာပေါ့၊ ဒါထက် ဒီစာတွေကို ပြန်လိုက်ဦးမှာလား'



www.burmeseclassic.com

www.burmeseclassic.com



တန်။ ။ 'မနေ့ညက ဘာလုပ်နေသလဲ၊ မှန်မှန်ပြောစမ်း ခင်စိန်ရီ'

ရီ။ ။ 'အိမ်မှာ ထိုင်နေတာပေါ့'

တန်။ ။ 'မအိပ်မချင်း ထိုင်နေသလား'

ခင်စိန်ရီက မဖြေဘဲ နေ၏။

တန်။ ။ 'ည ၈ နာရီလောက်မှာ သားရေအိတ်တစ်လုံးနဲ့ အိမ်မှ ထွက်လာခဲ့တယ် ဟုတ်လား'

မဖြေဘဲ နေ၏။

တန်။ ။ 'ကျုပ်တပည့်တစ်ယောက်က မြင်လိုက်လို့ မေးတာပါ။ ည ၁၁ နာရီလောက်မှာမှ ပြန်လာသတဲ့၊ ဘယ်ကို သွားနေသလဲ'

ရီ။ ။ 'လမ်းလျှောက်ထွက်သွားတာပေါ့၊ သိချင်ရင် ရန်ကုန်မြို့ မြေပုံ ပေးလိုက်၊ ဘယ်လမ်းက ဘယ်လမ်းကို သွားတယ်ဆိုတာ ထောက်ပြမယ်'

တန်။ ။ 'ပြဖို့ မလိုပါဘူးဗျာ၊ နောက်က လိုက်ကြည့်တဲ့လူက ကြည့်ပြီးပါပြီ'

ရီ။ ။(ရုတ်တရက် မော့ကြည့်လျက်) 'ဒါဖြင့်လည်း ပြဖို့ မလိုတော့ဘူး ပေါ့'

တန်။ ။ (အနီးသို့ ချဉ်းကပ်လျက်) 'ဒီမှာကြည့်စမ်း ခင်စိန်ရီ၊ မင်းကိုကြည့်ရတာ တကယ်ဆိုးတဲ့ မိန်းမတစ်ယောက်နဲ့တော့ မတူပါဘူး။ သို့သော်လည်း မနေ့ညက သွားပုံ ခြေလှမ်းကို ကြည့်လိုက်တော့ မသင်္ကာစရာတွေ ရှိနေတယ်'

ရီ။ ။ 'ကျွန်မမှာတော့ လူမသင်္ကာဘူးဆိုတာ အဆန်းအသစ် မဟုတ်တော့ပါဘူး'

ကိုသောင်းတန်သည် ခင်စိန်ရီကို စိုက်ကြည့်လေရာ ခင်စိန်ရီကလည်း ရဲဝံ့စွာ ပြန်၍ ကြည့်လေ၏။ ထိုနောက် ကိုသောင်းတန်သည်



www.burmeseclassic.com

www.burmeseclassic.com



ထိုင်ရာမှထ၍ ပြတင်းပေါက်ဆီသို့ သွားရင်း "တော်တော်ထူးတဲ့ မိန်းကလေးပဲ" ဟု စိတ်ထဲက စဉ်းစားမိလေ၏။

ကိုသောင်းတန်မှာ သာမန် မိန်းမများကို တစ်ကြိမ်ပြင် နှစ်ကြိမ် ထပ်၍ ကြည့်တတ်သော ဝါသနာ မရှိပေရာ၊ ခင်စိန်ရီမှာ သာမန် မိန်းကလေး တစ်ယောက် မဟုတ်သည့်အတွက် ဂရုစိုက်မိခြင်း ဖြစ်၏။ ခင်စိန်ရီမှာ ရုပ်ရည်ချောလှသော မိန်းကလေးတစ်ယောက် ဖြစ်သည်မှန်၏။ သို့ရာတွင် ကိုသောင်းတန်သည် ရုပ်အဆင်းကို ဂရုစိုက်သူတစ်ယောက် မဟုတ်ချေ။

တစ်ခဏကြာလတ်သော် ဦးလူတော် ရောက်လာ၍ ကုလားထိုင်၌ ထိုင်ပြီးလျှင် ....

'မင်းကြီးကဖြင့် ကျုပ် အလုပ် လုပ်ပုံကို မကျေနပ်လို့ ပင်စင်ယူခိုင်းနေပြီဗျို့' ဟု ပြောရာ၊ ၎င်း၏အသံမှာ စိတ်ညစ်ဟန် လက္ခဏာ မရှိသောကြောင့် ကိုသောင်းတန်က အံ့သြမိသေး၏။ ထို့နောက် ဆက်လက်၍–

တော်။ ။ 'သိပ်တော့ ဝမ်းမနည်းပေါင်ဗျာ၊ အမွေကလေး ရထားလေတော့ ငွေတိုးချပြီး ပင်စင်ကလေးနဲ့ ပေါင်းစားရင် တော်တော်လှလှ စားလောက်ပါတယ်'

တန်။ ။ 'ဒါဖြင့် ဘာလုပ်ဖို့ အကြံရှိသလဲ'

တော်။ ။ 'ပင်စင်ယူ ဆိုပေမဲ့ ချက်ချင်းယူလို့ မဖြစ်သေးပေါင်ဗျာ၊ ရှေ့လကုန်လောက်မှ ထွက်ရလိမ့်မယ် ထင်ပါရဲ့။ ဒီအတောအတွင်း ခင်ဗျားကို ဝသုံးလုံးက ရန်ရှာဦးမလား၊ စောင့်ကြည့်ရဦးမှာပဲ'

တန်။ ။ (ပြက္ခဒိန်ကို လှမ်းကြည့်လျက်) 'အောင်မယ် ဟုတ်သားပဲဗျို့၊ ဒီလိုဆိုလျှင် ကျွန်တော့်သက်တမ်းဟာ လေးငါးရက် ကျန်ပါတော့ကလား၊ ကျွန်တော့်ကိုတော့ လုပ်ဝံ့ကြမယ် မထင်ပါဘူး ခင်ဗျာ၊ ဒါထက် ဦးလူတော် ကိစ္စနဲ့ပတ်သက်ပြီး မင်းကြီးကို ကျွန်တော် ကူပြီး ပြောပေးရဦးမလား'

တော်။ ။ 'ကျွန်တော် မထွက်ပါစေနဲ့လို့လား။ မရပါဘူးဗျာ၊



www.burmeseclassic.com

www.burmeseclassic.com



မင်းကြီးက အင်မတန် စိတ်ခိုင်တဲ့ လူတစ်ယောက်ပဲ။ နို့ပေမဲ့ လကုန်အောင် လုပ်ခွင့်ရတာတော့ ခင်ဗျားကြောင့်ပဲဗျို့’

တန် ॥ ॥ ‘ဘယ်ပုံ ကျွန်တော် ပါနေသလဲ ခင်ဗျာ’

တော် ॥ ॥ ‘ခင်ဗျားကို ဝသုံးလုံးက ခြိမ်းခြောက်ထားလေတော့ ကျွန်တော် စောင့်ပြီး ကြည့်ပါရစေဦးလို့ မင်းကြီးကို ကျုပ် ခွင့်တောင်းထားတယ်’

ထိုခဏ၌ ခင်စိန်ရီသည် လက်နှိပ်စက် ရိုက်ပြီးသော စာများကို ကိုင်လျက် အခန်းတွင်းသို့ ဝင်လာလေရာ၊ ဦးလူတော်ကို မြင်သောအခါ–

ရီ။ ॥ ‘သတင်းစာတွေကဖြင့် ရှင့်အကြောင်းကို ဒီကနေ့ သိပ်ပြီး ရေးကြပြီကော အင်စပက်တော်မင်း’

တော်။ ॥ (ပြုံးရယ်လျက်) ‘အခမဲ့ ကြော်ငြာပေးလို့ ကျေးဇူးတင်ရမှာပေါ့လေ၊ ဒါထက် ခုတလော မင့်နာမည် သတင်းစာထဲမှာ မတွေ့ရတာ အတော်ကြာသွားပြီကော ခင်စိန်ရီ’

ရီ။ ॥ ‘အချိန်တန်တော့ နှားပိန်ကန်ပါလိမ့်မယ်လေ၊ ဒါထက် ဝသုံးလုံး အကြောင်းကို နောက်ဆုံး ဘာများ ကြားကြသေးသလဲ’

တော်။ ॥ ‘နောက်ဆုံးသတင်းကတော့ ဝသုံးလုံးဆီပို့တဲ့ စာများကို သော်မဆင်လမ်း(ဗိုလ်တထောင်ဘုရားလမ်း) မပို့ရတော့ဘူး တဲ့၊ လိပ်ပြောင်းသွားပြီ တဲ့’

ခင်စိန်ရီမှာ တစ်ခဏ၌ မျက်နှာပျက်သွားသေး၏။ ထိုနောက် ....

ရီ။ ॥ ‘ဘာတဲ့လဲ၊ မြို့လယ်ကောင်မှာ အလုပ်တိုက်ဖွင့်ပြီး ကြေးဝါဆိုင်းဘုတ်ကြီးတွေ ဘာတွေနဲ့ ထင်ထင်ရှားရှား အလုပ်လုပ်ကြတော့မယ် တဲ့လား။ ပုလိပ်တွေ ဆောင်ရွက်နေပုံ ကြည့်လိုက်တော့ ဒီလို အထင်အရှား အလုပ် လုပ်ကြရင်လည်း မထူးလှပါဘူး’

တော်။ ॥ (ဣန္ဒြေကြီးနှင့်) ‘ငယ်ရွယ်သူ မိန်းကလေးဆိုတာ လူကြီးတွေကို လှောင်လို့ ပြောင်လို့ မတော်ဘူး ထင်တယ်လေ’



www.burmeseclassic.com

www.burmeseclassic.com



ကိုသောင်းတန်မှာမူ ခင်စိန်ရီနှင့် ဦးလူတော်တို့ အချီအချ ပြောဆိုနေကြသည်များကို ပြုံးရယ်ကာ နားထောင်လျက် ရှိ၏။

တော်။ ။ 'ဒါထက် စကားမစပ် မနေ့ညက ဘယ်သွားနေသလဲ ခင်စိန်ရီ'

ရီ။ ။ 'အိပ်ရာထဲဝင်ပြီး စိတ်ကူးယဉ်နေတာပေါ့'

တော်။ ။ 'စိတ်ကူးယဉ်နေရာက တကယ် ထ ပြီး ည ၉ နာရီလောက်မှာ ဦးထွန်းတင်ရဲ့ အိမ်နောက်ဖေးကို ရောက်သွားသေးတယ် မဟုတ်လား'

ရီ။ ။ 'ဘာလဲ၊ ရှင်တို့က ကျွန်မခြေရာကို တွေ့ခဲ့ကြလို့လား၊ ကိုသောင်းတန်ကလည်း ခုနင်က တစ်ခါ ယီးတီးယားတား ပြောဖူးပြီ။ မရောက်ရပါဘူးရှင်၊ ကမ်းနားလမ်းဘက်မှာ လမ်းလျှောက်နေပါတယ်'

တော်။ ။ 'လမ်းလျှောက်ရင်း မောင်ညွှန့်ဦးနဲ့များ မတွေ့ခဲ့ဘူးလား'

ရီ။ ။ (မျက်နှာ နီမြန်းလျက်) 'မတွေ့ရပါဘူးရှင်၊ ဘုရားစူးရပါစေရဲ့'

ထိုနောက် ခင်စိန်ရီသည် မျက်နှာတင်းတင်းနှင့် အခန်းထဲမှ ထွက်သွား၍ လက်နှိပ်စက်ဆီသို့ ဝင်ထိုင်နေလေ၏။

အတန်ကြာလတ်သော် ဦးလူတော်သည် ကိုသောင်းတန်နှင့် ထွက်လာကြ၍ ခင်စိန်ရီ အနီးတွင် ရပ်နေစဉ်၊ ခင်စိန်ရီသည် အလုပ်လုပ်ရာမှ ရုတ်တရက် မော့ကြည့်လျက် ....

'တစ်ခါတစ်ခါတော့ ရှင်ကြီးကို ကျွန်မ သိပ်မုန်းတယ်'

တော်။ ။ (သွားဖြဲလျက်) 'သိမ်ကြီးဈေးနားက ခါးပိုက်နှိုက်တွေထက် သာပြီး မုန်းသေးတယ်ဗျား'

ရီ။ ။ 'တော်စမ်းပါရှင်'

ဦးလူတော်သည် ကိုသောင်းတန်အား မျက်စပစ်လျက် 'ဟဲ ....ဟဲ — ဟဲ' ဟု ရယ်မောကာ တိုက်ပေါ်မှ ဆင်းသွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း [၂၅]
## ခရီးထွက်ခြင်း

တစ်တိုင်းပြည်လုံးရှိ သတင်းစာများသည် ပုလိပ်ဌာနအကြောင်းကို အထူးတလည် ဂရုစိုက်ကာ ရေးသားလျက် ရှိကြ၏။

သတင်းစာ ကော်လံများတွင် ဝသုံးလုံးနှင့် ပတ်သက်သည့် နောက်ဆုံး လူသတ်မှုအကြောင်းကို ရှည်လျားစွာ ရေးသားကြခြင်း၊ အထက် အောက်လွှတ်တော် အစည်းအဝေးများတွင် မေးခွန်းများကိုထုတ်ရန် နိုးတစ်ပေးထားခြင်း၊ ရန်ကုန် ပုလိပ်မင်းကြီးနှင့် စုံထောက်မင်းကြီးတို့မှ စ၍ အထက်တန်း ပုလိပ်အရာရှိကြီးများ မကြာမကြာ တံခါးများပိတ်၍ စည်းဝေးတိုင်ပင်ကြခြင်း အစရှိသော အခြင်းအရာများမှာ အရေးယူကြောင်း ထင်ရှားသော အချက်များ ဖြစ်ပေ၏။

အချို့သော သတင်းစာများက ဝသုံးလုံး ပေါ်လာကတည်းက ဖြစ်ပွားခဲ့သော ငွေညှစ်မှုများနှင့် လူသတ်မှုများ အကြောင်းကို နေ့စွဲ၊ ရက်စွဲများနှင့်တကွ ခရေစေ့တွင်းကျ ဖော်ပြကြသည့်ပြင်၊ ဝသုံးလုံး အမှုဟူသမျှတို့တွင် အင်စပက်တော် ဦးလူတော် ခေါင်းဆောင်၍ ထောက်လှမ်း စုံစမ်းခဲ့သည့် အကြောင်းများကိုပါ ထုတ်ဖော်ရေးသား ညွှန်ပြကြသေး၏။

နောက်ဆုံး၌ ဦးလူတော်သည် အထက်မြန်မာပြည်သို့ တက်၍ စုံထောက်ရန်ရှိသည်ဟု အကြောင်းပြ ခွင့်တောင်းလေရာ တောင်းသည့် အတိုင်းလည်း ခွင့်ရခဲ့၏။ ဦးလူတော် မရှိသည့်အခိုက်တွင် ၎င်း၏ နေရာ၌ ဆောင်ရွက်ရန် အရာရှိ တစ်ယောက်ကိုလည်း ရွေးချယ် ခန့်ထားခဲ့၏။

ကိုသောင်းတန်ကမူ စုံထောက်မင်းကြီးရုံးသို့ ကိုယ်တိုင်သွားရောက်၍ ဝသုံးလုံးအမှုနှင့် ပတ်သက်သမျှတွင် ဦးလူတော်အား တစ်စုံတစ်ရာမျှ အပြစ်ဆိုရန် မရှိကြောင်း၊ ဦးလူတော် ညံ့ဖျင်းသောကြောင့် မဟုတ်၊ ဝသုံးလုံး တော်လွန်းသောကြောင့် ဖြစ်ကြောင်း၊ မည်သူပင်ဖြစ်စေ ဦးလူတော်၏



www.burmeseclassic.com

www.burmeseclassic.com



နေရာ၌ ဆောင်ရွက်ရလျှင် ဦးလူတော်ထက် သာလွန်နိုင်ဖို့ နည်းလမ်းမရှိကြောင်းများနှင့် မိတ်ဆွေအတွက် ထောက်ခံပြောဆိုပေ၏။ ကိုသောင်းတန်သည် စုံထောက်မင်းကြီးနှင့် တွေ့၍ ထောက်ခံပြောဆိုသည်မှာ–

တန်။ ။ 'ဦးထွန်းတင်ကို သတ်စဉ်က ကျွန်တော်ကိုယ်တိုင် အနီးမှာ ရှိတဲ့အချက်ကို ထောက်ချင့်သဖြင့် ဦးလူတော်ကို အပြစ်တင်သော်လည်း လျှော့ပေါ့ပြီး အပြစ်တင်ထိုက်ပါသည်'

မင်းကြီး။ ။ 'မောင်မင်းကို စိတ်နာအောင် ပြောလိုလို့ မဟုတ်ဘူး မောင်သောင်းတန်၊ သို့သော်လည်း မောင်မင်းကိုယ်တိုင်က အစိုးရ အရာရှိ တစ်ယောက် မဟုတ်သည့်အတွက် ဘယ်လိုပင် ဖေးဖေးမမ ပြောသော်လည်း မောင်လူတော်ကို ကျွန်ုပ်တို့ အပြစ်မလွှတ်နိုင်ဘူး။ မောင်လူတော်ကို ကျွန်ုပ်တို့ ဘယ်နှကြိမ် အခွင့်ပေးထားပြီလဲ၊ တစ်ကြိမ်မှ သူ နေရာကျအောင် ဆောင်ရွက်နိုင်ဘူး'

ကိုသောင်းတန်သည် မိမိ၏စကား မစွံသည်နှင့် ပြန်တော့မည်ဟု ဆ လာသောအခါ မင်းကြီးက ရပ်ဆိုင်းထားသေး၏။

မင်းကြီး။ ။ 'နေပါဦး မောင်သောင်းတန်၊ ဦးဘိုးအောင်ကို သတ်တဲ့ တရားခံ ဘိုးအုံအကြောင်းကို ကျွန်ုပ် နည်းနည်းမေးချင်တယ်'

တန်။ ။ (ကုလားထိုင်တွင် ပြန်၍ထိုင်လျက်) 'မေးပါ၊ ကျွန်တော် သိသလောက် ဖြေပါမယ်'

မင်းကြီး။ ။ 'ဘိုးအုံကို မောင်မင်းတို့ အချုပ်ခန်းထဲမှာ စစ်ဆေးစဉ်က ဘယ်သူ ရှိသလဲ'

တန်။ ။ 'ကျွန်တော်ရယ်၊ ဦးလူတော်ရယ်၊ သတင်းထောက် တစ်ယောက် ရှိကြပါတယ်'

မင်းကြီး။ ။ 'တရားခံ သောက်တဲ့ရေကို ဘယ်သူ ယူသွင်းခဲ့သလဲ'

တန်။ ။ 'ကျွန်တော်တို့ ရှိနေတုန်းမှာ ထောင်မှူး ယူလာခဲ့တယ်'

၎င်းနောက် မင်းကြီးသည် အမှုတွဲမှ စာတစ်ရွက်ကို ထုတ်ယူ၍



www.burmeseclassic.com

www.burmeseclassic.com



ထောင်မှူး၏ အစစ်ခံချက်ကို ကိုသောင်းတန်အား ဖတ်ပြလေရာ အဓိပ္ပာယ်မှာ အောက်ပါအတိုင်း ဖြစ်လေ၏။

**"တရားခံဘိုးအုံမှာ ကြမ်းပေါ်တွင် ထိုင်လျက် ရှိပါသည်။ အင်စပက်တော် ဦးလူတော်က တရားခံနှင့် မျက်နှာချင်းဆိုင် ရပ်နေ၍ ကိုသောင်းတန်မှာ တံခါးကို ကျောခိုင်းလျက် ရပ်နေပါသည်။ ကျွန်တော် ဝင်သွားသောအခါ တံခါးပွင့်လျက် ရှိပါသည်။ ကျွန်တော်သည် ရေတစ်ဝက်ခန့်ရှိသော ရေချိုင့်တစ်လုံးကို ယူသွင်းသွားပါသည်။ ရေမှာ ထောင်ထဲ၌ရှိသော ကရားကို ဖွင့်၍ ထည့်ယူပါသည်။ ရေထည့်နေစဉ် အခြားတစ်ခန်းမှ ခေါ်သံကြားသည်နှင့် ချိုင့်ကို ချထားခဲ့ရပါသည်။ ရေချိုင့်ထဲသို့ မည်သူကမျှ ဘာမျှ မထည့်ပါ။ သို့သော် ကျွန်တော် ဝင်နေသည့်အခိုက်၌ ထည့်ခဲ့လျှင်မူကား ကျွန်တော် မမြင်နိုင်ပါ။ အချုပ်ခန်းထဲသို့ ဝင်သွားသောအခါ ဦးလူတော်က ရေချိုင့်ကို လှမ်းယူ၍ တရားခံရှေ့၌ တည်ထားပြီးလျှင် ကျွန်တော့်အား အပြင်မှ စောင့်နေရန် အမိန့်ပေးပါသည်။"**

ကိုသောင်းတန်သည် စာကို ဖတ်ပြီးသောအခါ ....

မင်းကြီး။ ။ 'ဘယ့်နှယ် မောင်သောင်းတန်၊ ဒီစာထဲမှာတော့ သတင်းထောက် မပါပါဘဲကလား'

တန်။ ။ 'ကျွန်တော်ကတော့ဖြင့် အမှန် မြင်လိုက်ပါသည်'

မင်းကြီး။ ။ 'ကောင်းပြီ၊ ဒီအကြောင်းကို မောင်လူတော်ကို ကျွန်ုပ် မေးကြည့်ဦးမယ်'

အထက်မြန်မာပြည်မှ ဦးလူတော် ပြန်လာပြီဖြစ်၍ မင်းကြီးက ထို အကြောင်းကို တယ်လီဖုန်းဖြင့် မေးကြည့်ရာတွင်၊ ဦးလူတော်က မြန်မာ သတင်းစာတိုက် တစ်တိုက်မှ သတင်းထောက် တစ်ယောက် ဖြစ်သည်ဟူ၍ သာ ပြောနိုင်တော့၏။ မည်သည့်တိုက်မှ မည်သူမည်ဝါ ဖြစ်သည်ဟူ၍ကား မပြောနိုင်တော့ချေ။

မင်းကြီး။ ။ 'သတင်းထောက်ကို မောင်မင်း မှတ်မိသလား'



www.burmeseclassic.com

www.burmeseclassic.com



တန်။ ။ 'ကျွန်တော့်ဘက်သို့ ကျောခိုင်းနေသောကြောင့် သူ့မျက်နှာကို ကောင်းကောင်း မမှတ်မိတော့ပါ'

မင်းကြီး။ ။ 'သတင်းထောက် ဆိုတဲ့လူဟာ ဝသုံးလုံးရဲ့ ကိုယ်စားလှယ် ဖြစ်နေမလား မဆိုနိုင်ဘူး။ မောင်လူတော် အင်မတန် ပေါ့လျော့တယ်၊ ကျွန်ုပ် သူ့ကို အများကြီး ကြည့်ရှုလာခဲ့တယ်၊ ယခုတော့ မဖြစ်တော့ဘူး။ ပင်စင် စောစောပေးလွှတ်ပြီး သူ့နေရာမှာ တက်လူကလေးတစ်ယောက် ခန့်ရလိမ့်မယ်။ လူတော်က တော်တော့ တော်ပါရဲ့၊ ဒါပေမဲ့ ရှေးကျကုန်ပြီ။ ဝသုံးလုံးတို့လို ခေတ်ဆန်တဲ့ လူဆိုးမျိုးတွေနဲ့ သူ မရနိုင်တော့ဘူး'

၎င်းနောက် ကိုသောင်းတန်လည်း မင်းကြီးရုံးခန်းမှ ထွက်လာခဲ့လေ၏။

ဦးလူတော် ပင်စင်ယူရမည့်အကြောင်းကို ပုလိပ်ဌာနဘက်တစ်ခုလုံး သိနေကြပြီ ဖြစ်၍ အချို့လည်း နှမြောကြ၏။ အချို့လည်း သဘောတူကြ၏။ ဦးလူတော် ကိုယ်တိုင်မှာမူ ပင်စင်ယူရမည့်အတွက် အနည်းငယ်မျှ ညှိုးငယ်ခြင်း မရှိဘဲ မိမိ၏နေရာတွင် ဆက်ခံလုပ်ကိုင်မည့် အရာရှိအားလည်း ကြည်ဖြူစွာ နှုတ်ဆက်စကား ပြောကြားလေ၏။

တစ်ညနေ၌ ဦးလူတော်သည် မောင်ညွှန့်ဦးနှင့် ကွန်တင်နင်တယ် ဟိုတယ်အနီးတွင် တွေ့ဆုံမိသည်နှင့် နှုတ်ခွန်းဆက်သကြပြီးနောက် ....

ညွှန့်။ ။ 'ဘယ့်နှယ်လဲ ဦးလူတော်၊ ဆုံးခန်းတိုင်ရောက်ဖို့ နီးကြပြီလား ခင်ဗျ'

တော်။ ။ 'ဟုတ်ကဲ့ နီးပါပြီ၊ ဝသုံးလုံးတော့ ဆုံး မဆုံး မပြောတတ်ဘူး၊ ကျုပ်ရာထူးတော့ ဆုံးတော့မကော'

ညွှန့်။ ။ 'ဒီလိုဆိုရင် သူတို့ မှားမှာပေါ့ဗျာ၊ ဝသုံးလုံးအကြောင်းကို ဦးလူတော်လောက် သိထားတဲ့လူ ဘယ်မှာရှိမလဲ။ ဒီပြင်လူ ဝင်လာရင် ဝသုံးလုံးကို မိဖို့ သာပြီး စခန်းဝေးသွားမှာပေါ့ ခင်ဗျာ'

ယခုတလော အတွင်း၌ မောင်ညွှန့်ဦးသည် ၇ မိုင် အိမ်ကြီးတွင်



www.burmeseclassic.com

www.burmeseclassic.com



ဖခင် သေဆုံးထားသည့်အတွက်ကြောင့် မနေထိုင်လိုသည်ဖြစ်၍ မြို့ထဲတွင် တိုက်ခန်းငှား၍ နေထိုင်လျက်ရှိရာ၊ ဦးလူတော်နှင့် တွေ့သောအချိန်တွင် အိမ်ကြီးသို့ သွားရောက်နေထိုင်ရန် ကိစ္စတစ်ခု ပေါ်ပေါက်လာသောကြောင့် ဦးလူတော်အား မိမိနှင့်အတူ လိုက်ပါနေထိုင်ရန် ဖိတ်ခေါ်နေ၏။

ညွှန့်။ ။ 'အားလပ်လို့ရှိလျှင် စိတ်ပြေလက်ပျောက်ဆိုတာလို ကျွန်တော်နဲ့လိုက်ပြီး လေး ငါး ခြောက်ရက်လောက် နေလှည့်ပါဦးလား ခင်ဗျာ'

ဦးလူတော်သည် အနည်းငယ် တွက်ချက် စဉ်းစားနေပြီးနောက် မောင်ညွှန့်ဦးနှင့် ခေတ္တ လိုက်၍နေရန် သဘောတူလေရာ၊ နောက်ဆုံး၌ ဦးလူတော်သည် သားရေအိတ် တစ်လုံးမျှကိုသာ ယူဆောင်၍ မောင်ညွှန့်ဦး နှင့်အတူ မော်တော်ကားဖြင့် လိုက်ပါသွားလေ၏။

သွားခါနီးတွင် ဦးလူတော်သည် ကိုသောင်းတန်ထံသို့ စာတစ်စောင် ကို ရေး၍ စာတိုက်မှ ထည့်ခဲ့လေရာ၊ အောက်ပါ မှတ်ချက်ကလေးကိုလည်း ဖြည့်စွက်ခဲ့သေး၏။

**"ကျွန်ုပ် မြို့ထဲသို့ လာရောက်ဖို့ကိစ္စ တစ်စုံတစ်ရာ ပေါ်လာခဲ့လျှင် ကျွန်ုပ်ကိုခေါ်ရန် အားမနာပါလေနှင့်။ ချက် ချင်း လာခဲ့ပါမည်။"**

**အခန်း [၂၆]**
**စာကပ်ခြင်း**

လမ်းခရီးတွင် ဦးလူတော်သည် မောင်ညွှန့်ဦးနှင့် စကားပြောဖို့ အခွင့်မရဘဲ မိမိအကြောင်းကို မကောင်း ရေးသားထားသည့် သတင်းစာများကိုသာ လှန်လှော ဖတ်ရှု လာခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ညွန့်။ ။ 'ကိုယ့်အကြောင်းကို မကောင်းတရောင်း ရေးသားတဲ့ စာတွေကို ဖတ်ချင်သေးသလား ခင်ဗျာ'

တော်။ ။ 'ဒီလိုပါ မောင်ရယ်၊ ကိုယ်က လမ်းမှားနေတဲ့ အခါကျရင်တော့ သူတစ်ပါးက မကောင်းတရောင်းရေးပြီး အပြစ်ဆိုရင် အခံရခက်တတ်တာမျိုးကိုး။ ကိုယ်က လမ်းမှန်နေရင်တော့ ဘယ်သူက ဘာကြီး ရေးနေနေ ဘာမှ ကိစ္စမရှိဘူး မောင်ရဲ့'

ညွန့်။ ။ 'ဝသုံးလုံးကိစ္စမှာ ဦးလူတော်က လမ်းမှန်တယ်လို့ ဆိုလိုသလား၊ ဘယ်အချက်မှာ ဘယ်ပုံ လမ်းမှန်တာလဲ ခင်ဗျာ'

သို့ရာတွင် ဦးလူတော်သည် မည်သို့မျှ ဖြေကြားခြင်းမပြုဘဲ ပြုံးဖြဲဖြဲကြီး လုပ်၍သာ နေလေ၏။

နေအိမ်သို့ ဆိုက်ရောက်ကြသောအခါ မောင်ညွန့်ဦး၏ အစေခံသည် အိမ်ထဲမှ ထွက်ကြို၍ ဦးလူတော်၏ နာမည်ပါသော ကြေးနန်းတစ်စောင်ကို မောင်ညွန့်ဦးအား ပေးလိုက်ရာ၊ မောင်ညွန့်ဦးလည်း လိပ်ကို ကြည့်ပြီးနောက် ဦးလူတော်သို့ လှမ်းပေးလိုက်လေ၏။

တော်။ ။ (ကြေးနန်းစာအိတ်ကို လှန်လှော ကြည့်ရှုပြီးနောက်) 'ဒီဟာ ရောက်နေတာ ဘယ်လောက်ကြာသွားပြီလဲ'

အစေခံ။ ။ '၅ မိနစ်လောက်ကပဲ ရောက်လာပါတယ်၊ ဘိုင်စကယ်နဲ့ စာပို့ကုလား လာပို့သွားပါတယ်'

ထိုနောက်မှ ဦးလူတော်သည် စာအိတ်ကို ဖွင့်ဖတ်ရာ၊ အောက်ပါ အဓိပ္ပာယ်အတိုင်း တွေ့ရှိရလေ၏။

"ရန်ကုန်သို့ ချက်ချင်း ပြန်လာခဲ့ပါ။ အလွန်အရေးကြီးသော ကိစ္စတစ်ခု ပေါ်ပေါက်နေပါသည်။"

သောင်းတန်

ဦးလူတော်သည် ကြေးနန်းကို မောင်ညွန့်ဦးအား လှမ်းပေးလိုက်ခြင်း ဖတ်ကြည့်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ညွှန့်။ ။ 'ခွကျလိုက်တာ ခင်ဗျာ၊ နေပဲ မနေရတော့ပါဘူး၊ နို့ပေမဲ့ သွားမှာပေါ့လေ၊ မော်တော်ကား ယူသွားပေတော့'

တော်။ ။ 'မသွားဘူးလေ၊ ဒီကနေ့ည ဘယ်လောက်ကြီး အရေးကြီးနေနေ တစ်ညတော့ အိပ်ရဦးမယ်'

ထိုအခါ မောင်ညွှန့်ဦးသည် အံ့ဩသော မျက်နှာထားနှင့် ဦးလူတော်အား ငေးကြည့်နေလေ၏။ ထိုနောက် ဦးလူတော်သည် တယ်လီဖုန်းသို့ သွား၍ ကိုသောင်းတန်ကို ခေါ်ကြည့်ရာ မောင်ညွှန့်ဦးလည်း အပြင်မှ စောင့်နေလေ၏။ အတန်ကြာလတ်သော် ဦးလူတော် ထွက်လာ၍ ....

တော်။ ။ 'ကျုပ်ထင်တဲ့ အတိုင်းပါပဲ မောင်ရယ်၊ ခုနင်က ကြေးနန်းဟာ လိမ်ရိုက်တဲ့ ကြေးနန်းကပဲ'

ညွှန့်။ ။ 'လိမ်ရိုက်တယ်လို့ အစကတည်းက တွေးမိသလား'

တော်။ ။ 'တွေးမိပါတယ်၊ ကျုပ်လည်း ကိုသောင်းတန်လို အတွေးတော်တော် ကောင်းကောင်းလာပြီ'

ထိုညဉ့်၌ လူနှစ်ယောက်တို့သည် အင်္ဂလိပ်ကျား ကစားလျက် ရှိကြရာ နှစ်ယောက်လုံးမှာ လူကောင်းချည်းဖြစ်၍ လက်လည်းညီသည်နှင့် အချိန်ကုန်မှန်း မသိကြဘဲ ၁၂ နာရီ ထိုးသောအခါမှ ကျားပွဲကို သိမ်းလိုက်ကြလေ၏။

ဦးလူတော်မှာ ဦးဘိုးအောင် မသေမီက အိပ်ခဲ့ဖူးသော အိပ်ခန်းသို့ မောင်ညွှန့်ဦးက လိုက်၍ပို့ရာ၊ ၎င်းအခန်းတွင် ပြတင်းပေါက် ရှည်ကြီး သုံးပေါက် ရှိလေ၏။

တော်။ ။ 'မောင်ကော ဘယ်အခန်းမှာ အိပ်မလဲ'

ညွှန့်။ ။ 'ဟိုဘက်က ကပ်လျက် အခန်းထဲမှာ အိပ်မှာပါပဲ'

ထိုနောက် ဦးလူတော်သည် တံခါးကိုပိတ်၍ မင်းတုပ်ချထားလိုက်ပြီးလျှင် အိပ်ရာသို့ မဝင်သေးဘဲ မီးငြိမ်းပြီးနောက် ပြတင်းပေါက်သို့ သွား၍ အိမ်အောက်သို့ မျှော်ကြည့်နေသေး၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး၌ ဦးလူတော်သည် အိပ်ရာထဲသို့ ဝင်၍ အိပ်မပျော်နိုင်သေးသည်နှင့် အပြင်သို့ ပြတင်းပေါက်မှ မျှော်ကြည့်နေလေ၏။

ရုတ်တရက် အိပ်မပျော်နိုင်သူတို့အဖို့ အိပ်ပျော်စေတတ်သော နည်းလမ်းတစ်ခုမှာ မျက်လုံးကို ရဲရဲကြီး အစွမ်းကုန်ဖွင့်၍ တစ်စုံတစ်ခုကို စိုက်၍ ကြည့်နေရန် ဖြစ်လေသည်။

ဦးလူတော်သည် အိပ်ချိန်လွန်သည်နှင့် အိပ်မပျော်နိုင်ဘဲ ရှိရာတွင် ပြတင်းပေါက်မှ အပြင်သို့ လှမ်းကြည့်နေခြင်းအားဖြင့် မျက်လုံးများ တဖြည်းဖြည်း မှေးလာလေ၏။

နာရီပြန်တစ်ချက် ကျော်လွန်လတ်သော ဦးလူတော်သည် အိပ်ပျော်တော့မည်ဖြစ်ဆဲတွင် အိမ်အောက်မှ တဝီဝီမြည်သံ ကြားသည်နှင့် ပြတင်းပေါက်သို့ သွားပြီးလျှင် ခန်းဆီအဝတ်ကွယ်လျက် အိမ်အောက်သို့ လှမ်းကြည့်ရာ၊ လူတစ်ယောက်သည် သစ်ပင်ကြီးများ၏ အရိပ်ထဲတွင် ခြေဖျားထောက်လျက် တလှုပ်လှုပ်နှင့် ခြေဖျားထောက်ကာ သွားနေသည်ကို တွေ့ရလေ၏။

ဦးလူတော်မှာ သူရသတ္တိ အရာဌာန၌ လိုလေသေးမရှိသူ တစ်ယောက် ဖြစ်သည့်အတိုင်း ခြောက်လုံးပြူးကို ခါးတွင်ထိုးလျက် အိမ်အောက်သို့ ဆင်းလာ၍ အိမ်ရှေ့တံခါးကို ဖွင့်ပြီးလျှင် ဥယျာဉ်ထဲသို့ ဝင်သွားလေ၏။ ယခင်က ထိုလူကို မြင်ရသော နေရာ၌ကား တစ်စုံတစ်ယောက်မျှ မရှိတော့ချေ။

ဦးလူတော်သည် မိမိကပင် အထင်မှားလေသလောဟု အောက်မေ့လျက် ပြတင်းပေါက်သို့ မော့ကြည့်ဦးမည်ပြုစဉ် အိမ်ရှေ့လမ်းပေါ်မှ ကားဆို စက်နှိုးသံကြားသည်နှင့် ဝင်းပေါက်သို့ ဖြည်းညင်းစွာ လျှောက်လာခဲ့ရာ၊ ကားတစ်စီးသည် အတော်အတန် အရှိန်ရနေသည့် အဟုန်ပြင်းဖြင့် [illegible]ကုန်ဘက်သို့ ဝိုးခနဲ မြည်အောင် မောင်းနှင်သွားသည်ကို မြင်လိုက်ရလေ၏။ သို့ဖြစ်၍



www.burmeseclassic.com

www.burmeseclassic.com



ပြတင်းပေါက်မှ မိမိ မြင်လိုက်သောလူမှာ အထင်မှားခြင်း မဟုတ်၊ လူစင်စစ်ပင် ဖြစ်သည်ဟု ဦးလူတော် သိရှိရ၏။

သို့ရာတွင် ထိုလူသည် မည်သို့သော အကြံအစည်နှင့် ဝင်းထဲသို့ ဝင်လာခြင်း ဖြစ်လေသနည်း၊ မိမိအား မြင်သွား၍ တိမ်းရှောင်ပြေးခြင်း ဖြစ်လေသလော၊ သို့တည်းမဟုတ် မိမိကို မမြင်ဘဲ ၎င်း၏ အလုပ်ကိစ္စ ပြီးစီးသည်နှင့် ပြန်သွားခြင်း ဖြစ်လေသလော အစရှိသော မေးခွန်းများကို မေးလျက် အိမ်ပေါ်သို့ တက်လာခဲ့လေ၏။

အိပ်ခန်းသို့ ရောက်သောအခါ မောင်ညွန့်ဦးကို နှိုး၍ ပြောပြလောက်အောင် အရေးမကြီးလှဟု သဘောရသည်နှင့် အိပ်ရာသို့ ဝင်အိပ်လေ၏။

နံနက်လင်းလတ်သော် ဦးလူတော်သည် အိမ်ပေါ်မှ ဆင်းလာသောအခါ မောင်ညွန့်ဦးသည် ကပ်ပြီးမှ ချွာယူထားပုံ ရသော စာတစ်ရွက်ကို ကိုင်လျက် ဖတ်နေရာ၊ ဦးလူတော်အား လှမ်းပြသည်နှင့် အောက်ပါအတိုင်း ဖတ်ရှုရလေ၏။

> **"သင်၏ဖခင် ပေးရန်ရှိသော ငွေကို ယခုတိုင် ကျွန်ုပ်တို့ မရသေးပါ။ သင်၏မိတ်ဆွေများ ဖြစ်သော ကိုသောင်းတန်နှင့် ဦးလူတော်တို့ကို ကျွန်ုပ်တို့အား ခြေရာမခံရအောင် သင်က တိုက်တွန်းပေးနိုင်လျှင် ထိုငွေကို မရသော်လည်း ကျွန်ုပ် စိတ်ကျေနပ်နိုင်လိမ့်မည်။"**

အထက်ပါစာမှာ ဆိုင်းဘုတ်ရေးသော လက်ရေးကြီးမျိုးဖြင့် စာရွက်ပေါ်တွင် ထင်ရှားပီသစွာ ရေးသားထားလေရာ၊ အောက်နား၌ကား အနည်းငယ် သေးငယ်သော စာလုံးကလေးများဖြင့် အောက်ပါအတိုင်း ဖြည့်စွက်ရေးသားထားသေး၏။

> **"နောင်အဖို့၌ ကျွန်ုပ်တို့သည် သာမန် အရပ်သားများထံမှ ငွေတောင်းခံခြင်း ပြုတော့မည် မဟုတ်ကြောင်း။"**



www.burmeseclassic.com

www.burmeseclassic.com



၎င်းစာ အားလုံးမှာ ထုံးစံအတိုင်း ဧသုံးလုံး အမှတ်တံဆိပ် အတွင်း၌ ရေးသားထားခြင်း ဖြစ်လေသည်။

တော်။ ။ 'ခင်ဗျား ဒီစာကို ဘယ်က ရသလဲ'

ညွန့်။ ။ 'ဝင်းထဲက သရက်ပင်ကြီးမှာ ကပ်ထားတယ်'

တန်။ ။ 'သြော် .... သြော် .... မနေ့ညက လူဟာ ဒါလာလုပ်တာကိုး'

ညွန့်။ ။ 'ခင်ဗျား မြင်လိုက်ရသလား'

တော်။ ။ 'မြင်လိုက်လို့ ကျုပ်တောင် ဆင်းကြည့်သေးတယ်၊ ဒါထက် ခင်စိန်ရီကို မောင်က စုံမက်နေကြောင်း သူတို့ သိသလား'

ညွန့်။ ။ (မျက်နှာ နီမြန်းလျက်) 'ကျွန်တော့်ကို ထိခိုက်အောင် ဆိုပြီး ဟိုသွားလုပ်မှာ စိုးရိမ်ရလို့လား'

တော်။ ။ 'ဒီလူစုက ဘာမဆို လုပ်မည့် လူစုတွေပဲ'

ညွန့်။ ။ 'ဟာ ဒီလိုဆိုရင် သိပ်ခွကျမှာပဲ၊ ကျွန်တော့်ကို ဘယ်လိုလုပ်လုပ်၊ ဟိုသွားပြီးလုပ်မှာ တစ်ခုတော့ ကျွန်တော် စိုးရိမ်တယ်ခင်ဗျာ'

တော်။ ။ 'ပြောသာ ပြောရပါတယ်၊ ခင်စိန်ရီဟာလည်း တယ်ခွေတဲ့ အထဲကတော့ မဟုတ်ပါဘူး၊ သူ့ကိုယ်သူ စောင့်ရှောက်တတ်ပုံ ရပါတယ်'

ညွန့်။ ။ 'ခင်ဗျားတို့ လူစုကဖြင့် ခင်စိန်ရီကို တကယ့် လူစွမ်းကောင်းကြီး တစ်ယောက်လုပ်ပြီး ပြောနေကြတော့တာပဲနော်'

တော်။ ။ 'ခင်စိန်ရီ အကြောင်းကို အသာ ထားပြီး ဒီစာရွက်အကြောင်းကို ကျုပ် စဉ်းစားနေတယ်။ ကျုပ်အထင်တော့ ဒီကို လာတုန်းကတော့ မောင့်ဆီကို ငွေညှစ်မလို့ လာတာပဲ၊ လမ်းကျတော့ အကြံတစ်မျိုးပြောင်းပြီး အောက်က စာကြောင်းကို ဖြည့်ရေးကပ်ထားခဲ့ဟန် တူတယ်။ ကေနွ အကြံကြီးတစ်ခု ကြီးကြီးကျယ်ကျယ် ကြံစည်မယ် လုပ်လေတော့ ကျုပ်နဲ့ ကိုသောင်းတန်ကို လှန်ထုတ်ပစ်ချင်တဲ့ လက္ခဏာပဲ'

ထိုခဏ၌ တယ်လီဖုန်း ရောက်လာသည်နှင့် မောင်ညွန့်ဦးက နား



www.burmeseclassic.com

www.burmeseclassic.com



ထောင်၍ ဦးလှုတော်အား လှမ်းပေးလိုက်ရာတွင်၊ စုံထောက် ဝန်ကလေးက ဦးလှုတော်အား ထိုနေ့ညနေ ဝန်ကြီးချုပ် အစည်းအဝေး တက်ရောက်ရန် ဆင့်ခေါ်လိုက်ခြင်း ဖြစ်ပေ၏။

ညွှန့်။ ။ 'ဘာတဲ့လဲ ခင်ဗျ'

တော်။ ။ 'ဝသုံးလုံး ကျေးဇူးကြောင့် ဝန်ကြီးချုပ် အစည်းအဝေး များတောင် တက်ရဦးတော့မယ် ဆိုပါကလား'

ထိုစကားကို ဆိုစဉ် ဦးလှုတော်၏ မျက်နှာမှာ အလုပ်မှ ထွက်ရမည့် အရာရှိတစ်ယောက်၏ မျက်နှာနှင့် အလျှင်းပင် မတူချေ။

## အခန်း [၂၇]

## အစိုးရအဖွဲ့ကို ငွေညှစ်ခြင်း

ဦးလှုတော်သည် ရန်ကုန်မြို့သို့ ရောက်သောအခါ ဝသုံးလုံး အသင်း အကြောင်းနှင့် ပတ်သက်၍ အစိုးရက ပြန်တမ်းတစ်ခု ထုတ်ဝေထားပြီး ဖြစ်ရာ၊ ဖြစ်ပျက်ပုံ အကျဉ်းချုပ်မှာ အောက်ပါအတိုင်း ဖြစ်လေ၏။

အစိုးရအဖွဲ့ဝင် ဝန်ကြီးချုပ် ခြောက်ယောက်တို့သည် အင်္ဂလိပ် ဘာသာဖြင့် လက်နှိပ်စက်နှင့် ရိုက်နှိပ်ထားသော စာတစ်စောင်စီ အသီးသီး ရရှိကြလေရာ၊ ၎င်းစာတွင် အမည်နေရပ်များ မပါရှိဘဲ ဝသုံးလုံး အမှတ် တံဆိပ်သာလျှင် ပါရှိလေ၏။ စာ၏ အဓိပ္ပာယ်မှာ အောက်ပါအတိုင်း ဖြစ်၏။

"ပုလိပ်ဌာနဘက် လည်းကောင်း၊ စုံထောက်ဌာန ဘက် လည်းကောင်း၊ အပြင်မှ စုံထောက်ကျော် ကိုသောင်း တန် လည်းကောင်း ကျွန်ုပ်တို့ကို ခြေရာခံမိရန် အနည်း နည်း အဖုံဖုံ ကြိုးစားခဲ့ကြသော်လည်း အချည်းနှီးပင် ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့လေပြီ။ ကျွန်ုပ်တို့သည် အချို့လူများကို ရှင်းလင်းသုတ်သင်ခဲ့ရာ၌ မလွှဲမရှောင်သာသဖြင့် ပြုလုပ်ခဲ့ရခြင်းမျှသာ ဖြစ်ပေရာ သူတစ်ထူး၏ အသက်ကို ဖျက်လိုဖျက်ဆီး ပြုလုပ်လိုသောကြောင့် မဟုတ်၊ အခြားလူများ လေးစားစေလိုသည့် အတွက်မျှသာ ပြုလုပ်ခဲ့ရခြင်း ဖြစ်ကြောင်း၊ လွန်ခဲ့သည့် ညကပင် ဦးထွန်းတင်က ကျွန်ုပ်တို့ကို ခြေရာခံဖို့ ငှားရမ်းထားခဲ့သော ရှေ့နေ ခင်မောင်လတ် ဆိုသူမှာ ကျွန်ုပ်တို့ကို ခြေရာခံမိတော့မတတ် နီးကပ်လာကြောင်း တွေ့ရသည်နှင့် သုတ်သင် ရှင်းလင်း ပစ်လိုက်သေးကြောင်း။

ခင်မောင်လတ်၏ အလောင်းမှာ အင်းစိန်နှင့် ကြို့ကုန်း ဘူတာများ အကြားတွင် တွေ့လိမ့်မည် ဖြစ်ကြောင်း၊ ပုလိပ်ဘက်နှင့် စုံထောက်ဘက်တို့သည် ကျွန်ုပ်တို့ကို ဖြိုဖျက်ရန် ကြိုးစားခဲ့သော်လည်း အထမမြောက်ဘဲ ရှိခဲ့ရာ ကျွန်ုပ်တို့က ကျွန်ုပ်တို့ အသင်းကို အလိုအလျောက် ဖြိုဖျက်ပစ်ရန် သဘောတူညီကြမည် ဖြစ်ကြောင်း၊ သို့သော် အထမမြောက်ဘဲလျက်နှင့် ပုလိပ်နှင့် စုံထောက်များ အတွက် ကုန်ကျသောငွေကို ကျွန်ုပ်တို့အား ပေးအပ်လိုက်သည့်အတိုင်း ကျွန်ုပ်တို့အသင်းကို ငွေ ၅ သိန်း ပေးအပ်ရန် တောင်းခံလိုကြောင်း၊ ၎င်းငွေကို ပေးအပ်ရမည့် အကြောင်းကို နောက်စာတွင် နည်းလမ်းညွှန်ပြဦးမည် ဖြစ်ကြောင်း၊ ထို့ပြင် အရေးတကြီး တောင်းဆိုလိုသော အချက်အချာတစ်ခုမှာ ကျွန်ုပ်တို့လူစုအား ရာဇဝတ် ပြစ်ဒဏ်မှ လုံးဝ ချမ်းသာခွင့် ပေးမည့်အကြောင်းကို ဘုရင်ခံ၏ လက်မှတ်ဖြင့် အမိန့်စာတစ်ခု ပေးပို့၍ အမည် ရှေ့ပ



www.burmeseclassic.com

www.burmeseclassic.com



များကို ကွက်လပ် ချန်လှပ်ထားစေလိုပါကြောင်း၊ အမည်နှင့် နေရပ်များကိုမူ ကျွန်ုပ်တို့ အလိုရှိရာ နောင်အခါမှ ဖြည့်စွက်ထည့်သွင်း ရေးသားဖော်ပြလိမ့်မည် ဖြစ်ကြောင်း၊ အကယ်၍ ကျွန်ုပ်တို့၏ တောင်းဆိုချက်ကို ငြင်းပယ်ခဲ့ပါမူကား အထက်လွှတ်တော် အမတ် ၅ ယောက်နှင့် အောက်လွှတ်တော် အမတ် ၅ ယောက်တို့ကို ယနေ့ ၇ ရက်အတွင်း သုတ်သင်ရလိမ့်မည် ဖြစ်ကြောင်း။"

အထက်ပါစာကို ရေးသားပြီးနောက်၊ အောက်၌ အထက်လွှတ်တော် အမတ် ၅ ယောက်နှင့် အောက်လွှတ်တော် အမတ် ၅ ယောက်တို့၏ အမည်များပါ ထည့်သွင်း ဖော်ပြ ပါရှိလေ၏။

ဦးလူတော်သည် အစိုးရ၏ ပြန်တမ်းကို ဖတ်ရှုရသဖြင့် အထက်ပါ အခြင်းအရာတို့ကို သိရှိရပြီး ဖြစ်လေရာ၊ ရန်ကုန်သို့ ပြန်ရောက်သောအခါ တွင် စုံထောက် ကိုသောင်းတန်ကို အတွင်းဝန်ကြီးရုံး၌ ရှေးဦးစွာ တွေ့ရ လေ၏။ ကိုသောင်းတန် ကိုယ်တိုင်မှာလည်း အခါတိုင်းနှင့်မတူဘဲ အထော ပင် တုန်လှုပ်ချောက်ချားနေဟန် တူလှပေ၏။

တန်။ ။ 'ကျွန်တော်က ဒီလိုလုပ်မှာ စိုးရိမ်နေတာ ကြာလှပြီ ခက်တာက ဘာလဲဆိုတော့ ဆရာကြီး လုပ်တဲ့လူကို ကွင်းထောင်ထားတာ မိလုဆဲဆဲ ရှိနေတဲ့ အခါမှာမှ ဒီကိစ္စက လာပေါ်ရပြန်တယ် ခင်ဗျာ'

တော်။ ။ 'ဟုတ်ပါရဲ့ဗျာ'

တန်။ ။ 'ကျွန်တော့်မှာ ဒီကိစ္စ ပေါ်လာတာနဲ့ ချိုးဖြူကို သေနပ် ထွက်ဖို့ဟာတောင် မထွက်ရတော့ပါဘူးဗျာ'

တော်။ ။ 'ဩော် .... ဟုတ်ပေသားကပဲ၊ ဒီကနေ့ ခင်ဗျား သုတ်သင်ဖို့ ရက်ချိန်းထားတဲ့ နေ့ပါကလားဗျို့။ သို့သော်လည်း အသင်းက ဒီကိစ္စကြီးကို စိမ်နေတဲ့ အတောအတွင်းမို့လို့ ခင်ဗျားကို လွှတ်ထား ကောင်းပါသေးရဲ့ဗျာ'



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ကိုသောင်းတန်လည်း ရယ်မောလေ၏။

တန်။ ။ 'ဒါထက် ဝန်ကြီးချုပ် အစည်းအဝေးထဲကို ကျွန်တော်တို့ မဝင်မီ ဦးလှတော်ကို ကျွန်တော် တစ်ခု ပြောထားချင်တာ ရှိတယ်။ ဘာလဲဆိုတော့ ဝန်ကြီးချုပ်အဖွဲ့ရဲ့ သဘောက ယခု ဝသုံးလုံး ကိစ္စမှာ ကျွန်တော့်ကို ဦးစီးခေါင်းဆောင်လုပ်ပြီး ဆောင်ရွက်စေလိုတယ်ဗျ။ သို့သော်လည်း ကျွန်တော်က ငြင်းပယ်လိုက်တယ်။ ကျွန်တော်က ဘယ်နှယ် ပြောလိုက်သလဲ ဆိုတော့ ဝသုံးလုံးကိစ္စမှာ ဦးလှတော်ဟာ အကျွမ်းကျင်ဆုံး ဖြစ်ပါတယ်၊ ဒါကြောင့် ဦးလှတော် ခေါင်းဆောင်ရင်ဖြင့် သူ့လက်အောက်မှာ ဝင်ပြီး ကျွန်တော် ဆောင်ရွက်ပေးပါမယ်၊ ဒီလို မဟုတ်ဘဲ ဒိုပြင် လူတစ်ယောက် ခေါင်းဆောင်မယ် ဆိုရင်တော့ ကျွန်တော် မပါချင်ဘူးလို့ ပြောလိုက်တယ်'

တော်။ ။ 'ကျေးဇူးပါပဲဗျာ၊ နို့ပေမဲ့ ဝန်ကြီးချုပ်အဖွဲ့က ခင်ဗျားနဲ့ သဘောတူမှ တူပါ့မလားဗျာ'

တန်။ ။ 'ဒါတော့ ကြည့်ကြရဦးမှာပေါ့လေ၊ ကျွန်တော့်သဘောကတော့ဖြင့် မပြောင်းလဲနိုင်တော့ဘူး ဦးလှတော်ရဲ့'

ဝန်ကြီးချုပ် အစည်းအဝေးမှာ နန်းရင်းဝန်ကြီး၏ အခန်းတွင်း၌ ကျင်းပမည်ဖြစ်ရာ ဝသုံးလုံးထံမှ ခြိမ်းခြောက်စာ ရရှိထားသော ဝန်ကြီးချုပ်များသည် ၎င်းအခန်းထဲတွင် ရှေးဦးစွာ တွေ့ဆုံတိုင်ပင်ကြ၍ အခြား အရာရှိများအား နောက်မှ ဝင်ခွင့်ပြုကြလေ၏။

ဦးလှတော်နှင့် ကိုသောင်းတန်တို့သည် အစည်းအဝေးခန်း အပြင်၌ စောင့်လျက် ရှိကြရာ၊ လူကြီးများသည် ကိုသောင်းတန်ကို ရှေးဦးစွာ ခေါ်သွင်း၍ ၁၅ မိနစ်ခန့် ကြာသောအခါမှ ဦးလှတော်ကို ခေါ်ငင်လေ၏။

ဦးလှတော်သည် အစည်းအဝေးခန်းသို့ ဝင်သွားသောအခါ ဝန်ကြီးချုပ်များကို အများအားဖြင့် မြင်ဖူးတွေ့ဖူးသည်သာဖြစ်၍ နန်းရင်းဝန်ကို



www.burmeseclassic.com

www.burmeseclassic.com



ခြံရံကာ ထိုင်လျက်ရှိကြသည်ကို တွေ့ရလေရာ၊ ၎င်းတို့သည် ဦးလှုတော်ကို မြင်သောအခါ၌ ညှံ့ဖျင်းသော အရာရှိတစ်ယောက် အနေဖြင့် မထီမဲ့မြင်ပြုကာ ခပ်အေးအေး ထိုင်နေကြလေ၏။ နန်းရင်းဝန်ကြီး ကိုယ်တိုင်ကလည်း ဦးလှုတော်အား ပြုံးရယ်ခြင်းမျှ မရှိဘဲ ဦးခေါင်းညိတ်ရုံမျှဖြင့် နှုတ်ဆက်လေ၏။

နန်းရင်းဝန်။ ။(တောင့်တင်းသော လေသံဖြင့်) 'အင်စပက်တော် ဦးလှုတော်၊ ယခု ကျွန်ုပ်တို့ ဝသုံးလုံး အကြောင်းကို ဆွေးနွေးတိုင်ပင်နေကြခြင်း ဖြစ်သည်။ ဤကိစ္စမှာ ယခုတလောတွင် ရန်ကုန်တစ်မြို့အတွက်သာ မဟုတ်၊ တစ်ပြည်ထောင်လုံးနှင့် သက်ဆိုင်သည့် ပြဿနာကြီးတစ်ခု ဖြစ်နေပါပြီ။ ဝသုံးလုံးက ဝန်ကြီးချုပ်အဖွဲ့ကို တစ်ဦးစီ တစ်ဦးစီ စာများရေးပြီး ခြိမ်းခြောက်ထားတဲ့ အကြောင်းနှင့် ပတ်သက်၍ အစိုးရပြန်တမ်းကို ဦးလှုတော် ဖတ်ပြီးပြီ မဟုတ်ပါလား'

တော်။ ။'ဖတ်ရပါပြီ ခင်ဗျာ'

နန်းရင်း။ ။'မှန်တဲ့အတိုင်း ဖွင့်ပြောရရင် ဝသုံးလုံးနဲ့ ပတ်သက်၍ ဦးလှုတော် ဆောင်ရွက်ခဲ့ပုံများကို ကျွန်ုပ်တို့ ကျေနပ်ခြင်း မရှိဘူး။ ဦးလှုတော် တောင်းထားတဲ့အတိုင်း လိုသမျှ အခွင့်အရေးများကို ပြည်ထဲရေးဝန်ကြီးချုပ်က ပေးထားခဲ့သော်လည်း ယနေ့အထိမှာ တစ်စုံတစ်ရာမျှ မထူးခြားတဲ့အပြင် ယခု ဝသုံးလုံးက ကဲလို့တောင် တက်လာပြန်ပြီ မဟုတ်လား'

တော်။ ။'မှန်ပါတယ် ခင်ဗျာ'

နန်းရင်း။ ။'သို့ဖြစ်သောကြောင့် ဝသုံးလုံး ကိစ္စကို စုံထောက်ကိုသောင်းတန် လက်မှာအပ်ပြီး သူကိုယ်တိုင် ကြီးကြပ်စီမံဆောင်ရွက်ဖို့ ကျွန်ုပ်တို့က ကြံရွယ်တယ်။ သို့သော်လည်း ကိုသောင်းတန်က သူ ခေါင်းဆောင်ပြီး မစီမံပါရစေနဲ့၊ ဦးလှုတော် ခေါင်းဆောင်ရင် ဦးလှုတော် လက်အောက်မှာ သူ အလုပ် လုပ်ပါ့မယ်လို့ ပြောတဲ့အတွက် ကျွန်ုပ်တို့ ဝန်ကြီးချုပ်



www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့ကလည်း သဘောတူတယ်။ ဦးလူတော် ပင်စင်ယူဖို့ စိမ်ထားပြီး ဖြစ်သော်လည်း ဝသုံးလုံးကိစ္စ မပြီးစီးမီ ပင်စင်ကိစ္စကို ခေတ္တ ရပ်ဆိုင်းထားနိုင်တယ်။ အရေးကြီးတာက ဘာလဲဆိုတော့ ဝသုံးလုံးရဲ့ တောင်းဆိုချက်များကို ဘယ်နည်းနဲ့မှ ကျွန်ုပ်တို့ ခွင့်မပြုနိုင်ဘူး။ သူတို့တောင်းတာကို ပေးလိုက်ရင် တိုင်းပြည်မှာ တရား ဥပဒေရယ်လို့ ဘယ်မှာ ရှိတော့မှာလဲ၊ အစိုးရ ရယ်လို့ ဘယ်မှာ ရှိတော့မှာလဲ၊ အစိုးရအာဏာရယ်လို့ ဘယ်မှာ ရှိတော့မှာလဲ။ လူဆိုးအသင်းရဲ့ လက်အောက်ခံ အစိုးရအဖွဲ့ ဖြစ်သွားတော့မှာပေါ့။ သို့မို့ကြောင့် သူတို့တောင်းတာကို ကျွန်ုပ်တို့ မပေးနိုင်ဘူး၊ ဘယ်နည်းနဲ့မှ မပေးနိုင်ဘူး။ မပေးရင် သူတို့က အမတ် ၁၀ ယောက်ရဲ့ အသက်ကို ရန်ရှာမယ်တဲ့။ ရန်ရှာရင် အမတ်များရဲ့ အသက်ကို ကာကွယ်စောင့်ရှောက်ဖို့ဟာ ဦးလူတော်ရဲ့ တာဝန်ဖြစ်လိမ့်မယ်၊ တာဝန်ခံနိုင်ပါ့မလား'

တော်။ ။ 'မှန်လှပါ၊ ဝသုံးလုံးကို မမိရင် ထားလိုက်ပါဦး။ အမတ် ၁၀ ယောက်ရဲ့ ဦးခေါင်းမှ ဆံတစ်ပင် မကျွတ်စေရအောင် ကျွန်တော် တာဝန်ယူပါတယ်'

နန်းရင်း။ ။ 'ကောင်းလှပါပြီ၊ မိဖို့လည်း ကျွန်ုပ်တို့ မျှော်လင့်တယ်။ ဦးလူတော်ရဲ့ နောင်ရေးဟာ ယခုကိစ္စအပေါ်မှာ တည်နေတယ်ဆိုတာ သတိပြုသွားနော်၊ ကိုင်း တော်ပါပြီ'

ငင်းနောက် ဦးလူတော်နှင့် ကိုသောင်းတန်တို့လည်း အစည်းအဝေးခန်းမှ ထွက်လာခဲ့ကြလေ၏။

အတွင်းဝန်ရုံး အပြင်ဘက်သို့ ရောက်သောအခါ အချို့သော မြို့သူမြို့သားများသည် အစိုးရပြန်တမ်းကို မြင်ကြရသဖြင့် ဝန်ကြီးချုပ်အဖွဲ့နှင့် ဝသုံးလုံးတို့ ပညာစမ်းကြမည့်အကြောင်း၊ ဝန်ကြီးချုပ်များ ထိုကိစ္စကြောင့် စည်းဝေးတိုင်ပင်နေကြကြောင်း၊ စုံထောက် ကိုသောင်းတန်နှင့် ဦးလူတော်တို့ကိုလည်း ခေါ်ယူ တိုင်ပင်ကြောင်းများကို သတင်းကြားသိကြသည် ဖြစ်၍ လမ်းပေါ်၌ စုရုံးကာ စောင့်ကြည့်နေကြသည်ကို တွေ့ရလေ၏။ ငင်းပရိသတ်



www.burmeseclassic.com

www.burmeseclassic.com



သည် ကိုသောင်းတန်ကို မြင်သောအခါ အချို့က မှတ်မိသည်နှင့် ဩဘာပေးကြလေရာ၊ ဦးလူတော်အားမှ မည်သူကမျှ အရေး မလုပ်ခဲ့ချေ။

ထိုခေတ်အခါက ရန်ကုန်တစ်မြို့လုံးသည် ဝသုံးလုံးအကြောင်းကိုသာ ပြောဆိုလျက် ရှိကြရာ မီးရထား၊ မီးသင်္ဘော၊ လက်ဖက်ရည်ဆိုင်၊ ဘိုင်စကုတ်ရုံ စသည့် နေရာများ၌ ဝသုံးလုံး အကြောင်းမှတစ်ပါး ဘာကိုမျှ ပြောဖို့ သတိမရကြချေ။ အင်္ဂလိပ်နှင့် မြန်မာ သတင်းစာများတွင်လည်း မျက်နှာဖုံး၌ပင် ဝကြီးသုံးလုံး ပုံသဏ္ဍာန် ရိုက်နှိပ်ကာ ထုတ်ဝေလျက် ရှိကြရာ၊ အတွင်းစာသားတွင်လည်း ဝသုံးလုံး အကြောင်းနှင့် ပတ်သက်၍ ထင်မြင်တွေးဆချက်နှင့် အကြံပေးချက်များသာလျှင် ပြည့်နှက်လျက် ရှိပေတော့၏။

ကိုသောင်းတန်သည် အလုပ်တိုက်သို့ ပြန်ရောက်လာသောအခါ ခင်စိန်ရီသည် သတင်းစာတွင်ပါသော ဝသုံးလုံး အကြောင်းများကို စိတ်အားထက်သန်သော အမူအရာနှင့် ဖတ်ရှုလျက်ရှိရာ၊ ကိုသောင်းတန် ဝင်လာသည်ကို မြင်သောအခါမှ သတင်းစာကို ကပျာကယာ ချထားလိုက်လေ၏။

တန်။ ။ 'ဘယ့်နှယ်လဲ ခင်စိန်ရီ၊ ဝသုံးလုံးရဲ့ နောက်ဆုံး စီမံချက်ကလေးကို ဘယ်လို သဘောကျသလဲ'

ရီ။ ။ 'လုပ်မယ့်လုပ်ရင် ဒီလို ကျွတ်ကျွတ်လွတ်လွတ် လုပ်မှ ကျွန်မတို့က သဘောကျတယ်'

တန်။ ။ 'ချီးမွမ်းစရာ ကိစ္စမျိုးလည်း မဟုတ်ပါဘူး'

ရီ။ ။ 'ကောင်းတာ လုပ်လုပ်၊ မကောင်းတာ လုပ်လုပ် ဒီလို ပြည်ကျော်သွားအောင် လုပ်ရင် ကျွန်မတို့တော့ ချီးမွမ်းတယ်'

ကိုသောင်းတန်သည် ခင်စိန်ရီ့ရှေ့တွင် ရပ်လျက် မျက်နှာကို စေ့စေ့ကြည့်ကာ အကဲခတ်လေရာ၊ ခင်စိန်ရီလည်း မျက်တောင်မခတ်ဘဲ ရဲတင်းစွာ ပြန်၍ ကြည့်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



တန်။ ။ 'ဒီတစ်ခါတော့ ဝသုံးလုံးဆီကို သတင်းပို့ရင် သော်မဆင်လမ်း မဟုတ်တော့ဘူးနော်'

ခင်စိန်ရီလည်း ဆိတ်ဆိတ်နေလေ၏။

တန်။ ။ 'ဒါထက် ခုတလောမှာ အတွင်းဝန်ရုံး သွားပြီး ကျုပ်အလုပ် လုပ်ရလိမ့်မယ်၊ ခင်စိန်ရီတော့ ရုံးပြင်ကနား ရောက်ချင် မထင်ပါဘူး၊ ဒီအလုပ်တိုက်မှာသာ ကြပ်ပြီး ထိုင်ရစ်ပါတော့'

ရီ။ ။ 'ဝသုံးလုံးကို ဖမ်းဖို့ ရှင်က တာဝန်ယူလိုက်လို့လား'

တန်။ ။ 'ကျုပ်က လူကြီး မဟုတ်ပါဘူး၊ ဦးလူတော် ခေါင်းဆောင်ပြီး သူ့လက်အောက်မှာ ကျုပ်က အလုပ် လုပ်ပေးရမှာပါ'

ထိုနေ့ နေ့လယ်၌ ကိုသောင်းတန်သည် လက်ဖက်ရည်သောက်ရန် အပြင်သို့ ထွက်သွားသောအခါ၊ အရေးကြီးသော စာများကိုပြန်ရန် ခင်စိန်ရီအား လွှဲအပ်ထားခဲ့လေ၏။

ကိုသောင်းတန် ထွက်သွားပြီးသည့်နောက်၊ မကြာမီအတွင်း ဧာယ်လီဖုန်း မြည်သည်နှင့် ခင်စိန်ရီသည် ကောက်ယူ နားထောင်ရာတွင် မောင်ညွှန့်ဦး၏ အသံကို ကြားရသဖြင့် မျက်နှာနီမြန်းသွားသေး၏။ စင်စစ်သော်ကား ခင်စိန်ရီသည် မောင်ညွှန့်ဦး၏ မေတ္တာကို တုံ့ပြန်ဟန် လက္ခဏာရှိသော်လည်း မလျော့လွန်းသည်နှင့် မျိုသိပ်ထားခဲ့ဟန် တူပေ၏။

ရီ။ ။ 'ဟုတ်ပါတယ် .... ကျွန်မပါပဲ၊ ဘာကိစ္စလဲ ကိုညွှန့်ဦး'

ညွှန့်။ ။ 'ကိုသောင်းတန်တစ်ယောက် ရှိပါသလား'

ရီ။ ။ 'ခုပဲ ထွက်သွားတယ်၊ ပြန်လာကောင်း လာမယ်၊ အကြောင်းထူးရင် ပြောထားလေ၊ ပို့ပေးမယ်'

ညွှန့်။ ။ 'ထူး မထူးတော့ မပြောတတ်ဘူး၊ ဖေဖေရဲ့ စာရွက်စာတမ်းတွေကို ရှာကြည့်တော့ ဦးကျောက်ခဲ အကြောင်းနဲ့ ပတ်သက်တဲ့ အအိတ်ကြီးတစ်အိတ် တွေ့ထားတယ်။ ဦးကျောက်ခဲဟာ ထောင်ကျဖူးတယ်ဆိုကပဲ၊ ရီရီ သိသလား'



www.burmeseclassic.com

www.burmeseclassic.com



ရီ။ ။ 'ကျွန်မ တွေးမိသားပဲ'

ညွန့်။ ။ 'ဖေဖေက အလုပ်မလုပ်မီ လူတစ်ယောက်အကြောင်းကို စုံစမ်းထောက်လမ်းတတ်တဲ့ ဝါသနာရှိတယ်၊ သူ့သတင်းထောက်က ဦးကျောက်ခဲအကြောင်း ရေးပို့လိုက်တဲ့ စာအိတ်ကြီးကို တွေ့ထားတယ်။ စာအိတ်ကြီးထဲမှာ စာအိတ်ကလေး တစ်လုံးလည်း ပါတယ်၊ အထဲက ခတ်ပုံထင်ပါရဲ့၊ "ကြိုးစင်တင်ပုံ" တဲ့၊ ရေးထားတယ်'

ရီ။ ။ 'အဲဒီခတ်ပုံကို ဖွင့်ကြည့်လိုက်ပြီးပြီလား'

ညွန့်။ ။ 'မဖွင့်ရသေးဘူး'

ရီ။ ။ 'ဖွင့်မကြည့်နဲ့နော်၊ ဘယ်နည်းနဲ့မှ ဖွင့်မကြည့်နဲ့။ ကျွန်မပြောရင် နားထောင်နော် ကိုညွန့်ဦး၊ ဘယ်နည်းနဲ့မှ ဖွင့်မကြည့်နဲ့နော်'

ညွန့်။ ။ 'ကောင်းပါပြီလေ၊ ရီရီက မဖွင့်နဲ့ဆိုရင် မဖွင့်ပါဘူး၊ ဘာကြောင့်လဲ'

ရီ။ ။ 'ဘာကြောင့်ဖြစ်ဖြစ်၊ ကျွန်မ နောက်တော့ ပြောပြမယ်။ ဒီအကြောင်းကို ဘယ်သူ့ ပြောပြီးပြီလဲ'

ညွန့်။ ။ 'ဦးလူတော်ဆီကိုတော့ စာရေးပြီး အကြောင်းကြားလိုက်တယ်'

ရီ။ ။ 'ခွကျတာကိုး၊ နောက်ထပ်ပြီး ဒီအကြောင်းကို ဘယ်သူ့မှ မပြောနဲ့နော်'

ညွန့်။ ။ 'ကောင်းပါပြီ ရီရီ၊ ဒါဖြင့် ရီရီ့ဆီကို ပို့လိုက်ရမလား'

ရီ။ ။ 'အမယ်လေး၊ မလုပ်ပါလေနဲ့ မောင်မင်းကြီးသား။ အဲဒီမှာသာ ကောင်းကောင်းထားလိုက်ပါ'

ထိုနောက် ခင်စိန်ရီသည် အတန်ငယ် တွေဝေစဉ်းစားပြီးနောက် ထိုင်ရာမှထ၍ တိုက်ခန်းတံခါးကို သော့ခတ်ပြီးလျှင် တိုက်မှဆင်းလာခဲ့လေ၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း [ ၂၈ ]
## ခင်စိန်ရီ နှင့် ဝန်ကြီးချုပ်

အစိုးရအဖွဲ့သည် ကိုသောင်းတန်နှင့် ဦးလူတော်တို့ အလုပ် လုပ်ရန်အတွက် အတွင်းဝန်ရုံးကြီး၌ အလုပ်ခန်းတစ်ခန်း သီးသန့် ပြင်ဆင်ပေးထားလေရာ၊ ကိုသောင်းတန်သည် အလုပ်ခန်းထဲ၌ ဦးလူတော်နှင့် တွေ့ကြရာတွင် ....

'ဒါနဲ့ ကျွန်တော့်ကို သုတ်သင်မယ်ဆိုတဲ့ ၄ ရက် နေ့တော့ဖြင့် လွန်သွားပေပြီဗျာ၊ ကုသိုလ်ကံကလေး ထောက်မလို့ အစိုးရကိစ္စက ပေါ် ပေါက်လာပြီး မောင်မင်းကြီးသားများက ကျွန်တော့်ကို ချမ်းသာပေးလိုက် ကြပေတယ်၊ ဒါထက် ကျွန်တော် သေနတ်ပစ်ထွက်ဖို့ ချိန်းထားတာတော့ဖြင့် ပျက်သွားရပြီဗျာ'

တော်။ ။ 'ကိုယ်က မပစ်ရတာ ထားလိုက်ပါဦး၊ ကိုယ့်ကို ပစ် မသွားတာပဲ ကျေးဇူးတင်ပါဦး ဆရာကြီးရယ်'

တန်။ ။ (ရယ်မောလျက်) 'ဦးလူတော်က ဝသုံးလုံး စကားဆိုရင် ဘုရားဟောလောက် ယုံကြည်စိတ်ချထားဟန် တူတယ်၊ ခင်ဗျားလူတွေ ကျွန်တော်တို့လို လူကို ရမ်းရမ်းကားကား မလုပ်ဝံ့ပါဘူးဗျာ။ ဒါထက် ပွဲစား ဦးဘဝင်းက ပုလိပ်ကို ဖြောင့်ချက်ပေးထားလိုက်တာ စုံလို့ဆို'

တော်။ ။ 'ဟုတ်ကဲ့၊ နို့ပေမဲ့ သိပ်အရေးကြီးတာ မပါလှပါဘူး ဗျာ။ ဝသုံးလုံးက လူတွေဆီက ငွေညှစ်ပြီး ရတဲ့ ငွေစက္ကူတွေကို သူက လဲသုံးပေးရတယ်တဲ့၊ ပြီးတော့ ဝသုံးလုံးနဲ့ သူနဲ့ ပထမအကြိမ် ဆက်ဆံရပုံ အကြောင်းခြင်းရာကိုလည်း ပြောပြတယ်ဆို ထင်ပါရဲ့၊ ဒါလောက်နဲ့တော့ ဘယ်မှ မရောက်တတ်ပါဘူးဗျာ'

တန်။ ။ 'ဦးကျောက်ခဲကို သတ်မှုနဲ့ ဦးဘဝင်းကို စွပ်စွဲဦး မလား'

တော်။ ။ 'သက်သေခံ မလုံလောက်ပါဘူးဗျာ၊ မစွဲတော့ပါဘူး'



www.burmeseclassic.com

www.burmeseclassic.com



တန်။ ။'ဒါထက် အညာကို ဦးလူတော် တက်သွားတာ ဘာများ သတင်းထူးခဲ့သလဲဗျာ'

တော်။ ။'သွားလေသူ ဦးထွန်းတင် စုံစမ်းလို့ သိခဲ့ရသလောက် ကျုပ်လည်း သိခဲ့ရတာပါပဲ၊ လက်စသတ်တော့ ဦးထွန်းတင် လိုက်ခဲ့တဲ့ လမ်းကြောင်းအတိုင်း ကျုပ်က ထပ်ပြီး လိုက်မိရဲ့ ကြုံနေသဗျို့။ တခြား မဟုတ်ပါဘူး၊ ဦးကျောက်ခဲ အကြောင်းတွေ သိခဲ့ရတာပါပဲ။ ဦးကျောက်ခဲနဲ့ ဘိုဝ ဆိုတဲ့ လူနဲ့ ကသာပုလိပ်က ဖမ်းပြီး ရုံးတင်တော့ ဦးကျောက်ခဲက ပုလိပ်နဲ့ ပေါင်းပြီး အစိုးရသက်သေ လုပ်ပြီး အစစ်ခံလိုက်တာ ဘိုဝ ကြိုး ဒဏ် ကျသွား ဆိုပါကောလား။ နို့ပေမဲ့ ဘိုဝကို ကြိုးစင်တင်တဲ့အခါမှာ ကြိုးပြတ်ကျလေတော့ နောက်ထပ် မတင်တော့ဘဲ တစ်ကျွန်းပို့လိုက်တာ၊ တစ်ကျွန်းမှာပဲ သေရှာရောဆို ထင်ပါရဲ့'

တန်။ ။'မသေရှာဘူးဗျ၊ လွတ်ထွက်ပြေးတယ်'

တော်။ ။'ဟုတ်ကဲ့လား .... ဆိုနိုင်ပါဘူးဗျာ၊ ကျုပ်က ဘိုဝ အကြောင်း ဒီလောက်သိချင်လို့ မဟုတ်ပါဘူး၊ ဦးကျောက်ခဲ အကြောင်း သိရအောင် လိုက်ခဲ့တာပါ'

တန်။ ။'ခုနေအခါမှာ ဘိုဝဟာ ဘယ်ဆီများ ရောက်နေပါလိမ့် နော်'

တော်။ ။'ဆိုနိုင်ဘူးလေ၊ ရာဇဝတ်ကောင်ဆိုတာ သိပ်ပြီးတော့ အသက်မရှည်နိုင်ပါဘူး၊ တစ်နည်းနဲ့ မသေရင် တစ်နည်းနဲ့ သေရမှာပါပဲ'

တန်။ ။'ဒါထက် မောင်ညွန့်ဦးက ဦးကျောက်ခဲအကြောင်းကို သူ့အဖေရဲ့ စာရွက်စာတမ်းတွေထဲမှာ တွေ့ရတယ်ဆိုပြီး ခင်ဗျားဆီ စာရေး တယ် ဆိုပါကလား'

တော်။ ။'ဟုတ်ကဲ့လား၊ ဦးဘိုးအောင် ဆိုတဲ့လူကြီးက အတော် သေချာတဲ့ လူကြီးဗျို့၊ ဟုတ်ချင် ဟုတ်ထားမှာ'

ထို့နောက် ကိုသောင်းတန်မှာ ဝန်ကလေးက လက်ဖက်ရည်သောက်



www.burmeseclassic.com

www.burmeseclassic.com



ဖိတ်ကြားထားသည်နှင့် ထွက်လာခဲ့ရာ၊ ဦးလူတော်မှာမူ ဝသုံးလုံး ခြိမ်းခြောက်ထားသော အမတ်များကို ကာကွယ်စောင့်ရှောက်ရန်အတွက် လူများရွေးချယ်သည့်အလုပ်ဖြင့် ဦးခေါင်း ရှုပ်နေရစ်လေ၏။ ဝန်ကလေး၏ လက်ဖက်ရည်ပွဲသို့ ဦးလူတော် မပါခြင်းမှာလည်း အဆင်သင့်ပင် ဖြစ်လေ၏။ အကြောင်းကိုဆိုသော် ဦးလူတော် မကြားထိုက်သော အကြောင်းအရာများကို ဝန်ကလေးနှင့် ကိုသောင်းတန်တို့ တိုင်ပင်ရန် ရှိကြပေသောကြောင့်တည်း။

ဝန်ကလေးသည် ကိုသောင်းတန်အား ဆဗ္ဗိုင် ဟိုတယ်သို့ လက်ဖက်ရည်သောက် ဖိတ်ကြားထားလျက်၊ ဝသုံးလုံး အကြောင်းများကို ဆွေးနွေးတိုင်ပင်လျက် ရှိကြစဉ် ....

တန် ။ ။ 'စိတ်လည်းမရှိနဲ့နော် ဝန်ကလေး၊ ကျွန်တော်ထင်တာကျွန်တော် ပြောတော့မယ်၊ ပုလိပ်ရုံးက အထက်တန်းစာရေး အရာရှိကြီးထဲက တစ်ယောက်ဟာ ဝသုံးလုံးနဲ့ ဆက်သွယ်ခြင်းရှိတယ် ထင်တယ်'

ဝန် ။ ။ (ကုလားထိုင်ပေါ်၌ ရုတ်တရက် ခါးဆန့်လျက်) 'မဟုတ်နိုင်တာပဲ မောင်သောင်းတန်'

တန် ။ ။ 'ဝန်ကလေး တစ်ခု စဉ်းစားကြည့်လေ၊ ကျွန်တော်တို့စီမံခဲ့လေသမျှတွေဟာ ဝသုံးလုံးက တင်ကြိုပြီး သိထားနှင့်တာချည်း ဖြစ်နေတယ် မဟုတ်လား။ အချုပ်ခန်းထဲမှာ တရားခံ ဘိုးအုံကို သတ်တုန်းကကြည့်လေ၊ ထောင်ထဲကို ဝင်နိုင် ထွက်နိုင်တဲ့ လူမှသာ ကြံစည်နိုင်မယ် မဟုတ်ဘူးလား။ ဦးထွန်းတင်ကို သတ်တုန်းကလည်း ကြည့်လိုက်ပါဦး။ အတွင်းမှာလည်း စုံထောက်တွေ၊ အပြင်မှာလည်း စုံထောက်တွေ၊ ဒါနဲ့တောင် သတ်မိအောင် သတ်သွားတယ် မဟုတ်ဘူးလား'

ဝန် ။ ။ 'ရှင်းရှင်းပြောစမ်းပါလေ၊ မောင်သောင်းတန်က မောင်သူတော်ကို စွပ်စွဲချင်သလား'

တန် ။ ။ (ဦးခေါင်းယမ်းကာ ရယ်မောလျက်) 'ဒီလိုတော့



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်တော့ မဟုတ်ပါဘူး ဝန်ကလေး၊ ဦးလူတော်ဟာ ရာဇဝတ်ကောင်ရဲ့ စိတ်နေ သဘောထားမျိုး နည်းနည်းမှ ရှိတယ်လို့ ကျွန်တော် မထင်ပါဘူး။ သို့သော်လည်း ဝသုံးလုံး ကျူးလွန်ခဲ့ဖူးတဲ့ အမှုတွေကို တစ်ခုစီ သေသေချာချာ ဝေဖန် စစ်ဆေးကြည့်တဲ့ အခါကျတော့ ဩဇာအာဏာရှိတဲ့ လူထဲက တစ်ယောက်ယောက်က ကြိုးဆွဲ နေတယ်လို့ ကျွန်တော် စဉ်းစားမိတယ်'

ဝန်။ ။ 'မောင်လူတော်လား'

တန်။ ။ (နှုတ်ခမ်းကိုက်ကာ စဉ်းစားလျက်) 'ဦးလူတော်ကို တိုက်ရိုက်တော့ မထင်တတ်ဘူး။ သူ ယုံကြည်ထားတဲ့ လူထဲက တစ်ယောက်ယောက်က သူ့ကို တစ်ပတ်ရိုက်နေလေသလားတော့ မဆိုနိုင်ဘူး။ ကျွန်တော်ကတော့ ရိုးရိုးပြောမယ်လေ၊ ဦးလူတော်ကို စွပ်စွဲစရာ ရှိရင်လည်း ကျွန်တော် မညှာဘူး၊ စွပ်စွဲမှာပဲ။ တတ်နိုင်လို့ ဝန်ကလေးကိုယ်တိုင်၊ စုံထောက်မင်းကြီး ကိုယ်တိုင် ဖြစ်ပေစေ၊ ကျွန်တော် မသကာတဲ့ တစ်နေ့မှာ စွပ်စွဲမှာပဲ'

ထိုအခါ ဝန်ကလေးလည်း အနေရကျပ်သော အမူအရာနှင့် နေရာ ပြင်၍ ထိုင်လေ၏။

ဝန်။ ။ 'ကျွန်ုပ်ကိုတော့ စိတ်ချပါ၊ ဝသုံးလုံး အကြောင်းကို နည်းနည်းမှ မသိရပါဘူး' ဟု ပြောပြီးမှ မဖြစ်နိုင်သောအရာကို ပြောမိသည့် အနေဖြင့် သတိရကာ ရယ်မောလေ၏။ ထိုနောက်မှ ....

ဝန်။ ။ 'ဟောဟိုစားပွဲမှာ ထိုင်နေတဲ့ မိန်းကလေးဟာ ဘယ်သူလဲ၊ မောင်သောင်းတန်ကို ခဏခဏ လှမ်းကြည့်နေတယ်'

တန်။ ။ 'ခင်စိန်ရီဆိုတဲ့ မိန်းကလေးပေါ့၊ သူနဲ့ အတူထိုင်နေတာက ဘဏ္ဍာရေး ဝန်ကြီးချုပ်လေ၊ ဝသုံးလုံး ခြိမ်းခြောက်ထားတဲ့ လူတွေ ထဲမှာ သူလည်း တစ်ယောက် အပါအဝင်ပေါ့'

ဝန်။ ။ 'ခင်စိန်ရီဆိုတာ ဟိုတလောတုန်းက ခိုးမှုနဲ့ ပုလိပ်ရုံး ရောက်လာတာလည်း ဒီနာမည်ပဲ မဟုတ်လား'

တန်။ ။ 'ဒီနာမည်တွင် မကပါဘူး၊ ဒီမိန်းကလေးပါပဲ။ ယခု



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ဆီမှာ စာရေးလုပ်နေတယ်၊ ကျွန်တော်က သူ့ကို ကျွန်တော် မရှိတဲ့အခိုက်မှာ တယ်လီဖုန်း လက်ခံစကားပြောဖို့၊ စာတွေပြန်ဖို့ ထားပစ်ခဲ့တယ်။ ဟော အခု သူက ဒီရောက်နေပြီ၊ တော်တော် မျက်နှာပြောင်တဲ့ မိန်းကလေးပဲ ဝန်ကလေး'

ဝန်။ ။ 'မျက်နှာပြောင်တာ ထားလိုက်ပါဦး၊ ဒီအတန်းအစား မိန်းကလေးက ဘဏ္ဍာရေး ဝန်ကြီးချုပ်လို လူတစ်ယောက်နဲ့ သိကျွမ်းတာကို ကျွန်ုပ် အံ့သြလှတယ်'

ကိုသောင်းတန်သည် ဝန်ကလေး၏စကားကို မဖြေတော့ဘဲ ခင်စိန်ရီ၏ စားပွဲသို့ လှမ်းမျှော်ကြည့်နေရာ၊ ခင်စိန်ရီနှင့် ဘဏ္ဍာရေး ဝန်ကြီးချုပ်တို့သည် စားသောက်ပြီးကြသည်နှင့် စားပွဲမှ ထကြ၍ ခင်စိန်ရီက ရှေ့မှ၊ ဘဏ္ဍာရေး ဝန်ကြီးချုပ်က နောက်မှ လျှောက်လာကြပြီးလျှင် လှေကားသို့ ဆင်းကြမည်ဟု ကိုသောင်းတန်တို့၏ စားပွဲအနီးမှ ဖြတ်ကျော်သွားကြသည်တွင်၊ ကိုသောင်းတန်အား ခပ်အေးအေး အမူအရာနှင့် ဦးခေါင်း ညိတ်ပြသွားသေး၏။

တန်။ ။ 'ဘယ့်နှယ်လဲ ဝန်ကလေး၊ မြင်လိုက်တယ် မဟုတ်လား၊ စာရေးလုပ်နေပြီး ဒီလောက် မျက်နှာပြောင်တာများ ကြုံဖူးရဲ့လား။ လူတွေက ပြောတော့ ဘိုဆန်တယ်လို့ ပြောကြလိမ့်မယ်၊ ကျွန်တော့်အထင်တော့ ဝန်ကလေးတို့ ဘိလပ်သူတောင် ဒီလောက် မျက်နှာပြောင်မယ် မထင်ဘူး'

ဝန်။ ။ 'မြန်မာမိန်းမထဲက ဘိုမ အမူအရာနဲ့ တူတာ သူဟာ တစ်နံပါတ်ပဲ'

*

ကိုသောင်းတန်သည် အလုပ်တိုက်သို့ ဝင်သွားသောအခါ ခင်စိန်ရီမှာ ရောက်နှင့် နေပြီဖြစ်၍ လက်နှိပ်စက်တွင် အလုပ်လုပ်ရန် ပြင်ဆင်လျက် ရှိလေ၏။

တန်။ ။ 'နေပါဦး ခင်စိန်ရီ၊ အလုပ် မလုပ်ခင် စကားကလေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ခွန်းလောက် ပြောပါရစေဦး၊ ကျုပ်က အရေးကြီးတဲ့ အလုပ်တွေ ပေးထားရစ်လျက် ဘယ့်နှယ်ကြောင့် အပြင်ထွက်ရသလဲ’

ရီ။ ။‘ဘဏ္ဍာရေး ဝန်ကြီးချုပ်က လက်ဖက်ရည်သောက် ဖိတ်လေတော့ ငြင်းရမှာ အားနာတဲ့အတွက် သွားရပါတယ်’

တာန်။ ။‘ဘဏ္ဍာရေး ဝန်ကြီးချုပ်နဲ့ ဘယ်နည်း သိကျွမ်းကြသလဲ’

ရီ။ ။‘ဘိုင်စကုတ်မှာတွေ့လို့ သိကျွမ်းခြင်း၊ ကမ်းနားမှာ လေညင်းခံဖို့ လမ်းလျှောက်ရင်းတွေ့လို့ သိကျွမ်းခြင်း၊ မိတ်ဆွေတစ်ယောက်က အသိအကျွမ်း ဖွဲ့ပေးလို့ သိကျွမ်းခြင်းရယ်လို့ သိကျွမ်းနည်း အမျိုးမျိုး ရှိတဲ့အနက် ကျွန်မတို့မှာတော့ အသိအကျွမ်း ဖွဲ့ပေးသူ ရှိလို့ သုံးနံပါတ်နည်းလမ်းနဲ့ သိကျွမ်းကြခြင်း ဖြစ်ပါတယ်’

တာန်။ ။(ရယ်ချင်သော်လည်း မျက်နှာထားတင်းလျက်) ‘ဘယ်တုံးကလဲ’

ရီ။ ။‘ဒီကနေ့မနက် ရှစ်နာရီအချိန်မှာ ဘဏ္ဍာရေး ဝန်ကြီးချုပ်က သားဖွားရုံ အသစ်ဖွင့်ပွဲ ကျင်းပရာမှာ မိတ်ဆွေတစ်ယောက်နဲ့ ကျွန်မ ရောက်သွားလေတော့ မိတ်ဆက်ပေးကြပါတယ်’

ထိုအခါ ကိုသောင်းတာန်သည် သားရေအိတ်မှ ငွေစက္ကူများကို ထုတ်ကာ ရေတွက်၍ စားပွဲပေါ်တွင် တင်ပြီးလျှင် ....

တာန်။ ။ ‘ရော့ .... ဟောဒီမှာ ခင်စိန်ရီရဲ့ လခ နှစ်လတွက်၊ နို့တစ်တွေ ဘာတွေ ပေးမနေတော့ပါဘူး၊ တစ်လတွက်လခ အပိုယူပြီး မယ်မင်းကြီးမ ဒီကနေ့ညနေ ထွက်တော်မူပါတော့’

ရီ။ ။(အံ့သြနေဟန် အမူအရာနှင့်) ‘ဘယ့်နှယ်လဲ စုံထောက်ကြီးရဲ့၊ ကျွန်မကို လူကောင်းသူကောင်း တစ်ယောက်ဖြစ်အောင် မကြိုးစားတော့ဘူးလား၊ လက်လျှော့လိုက်ပြီလား ရှင်’

တာန်။ ။ (မရယ်ဘဲ မနေနိုင်အောင် ဖြစ်လျက်) ‘တော်ပါပြီ မယ်မင်းကြီးမရယ်၊ လက်လျှော့ပါပြီ။ ဒီ့ပြင် အပြစ်မျိုးကို ကျုပ် ချမ်းသာ



www.burmeseclassic.com

www.burmeseclassic.com



ပေးနိုင်တယ်၊ ကျုပ်စကားကို တိုက်ရိုက် နားမထောင်တဲ့ အပြစ်မျိုးတော့ ချမ်းသာမပေးနိုင်ဘူး။ တော်ပြီ၊ ခွဲကြစို့ ခင်စိန်ရီ'

ရီ။ ။ 'သည်းမြည္ဘာရယ်လေ .... ဆိုတဲ့ တေးကလေးများ ဆိုပြီး ဆင်းရတော့မယ် ထင်ပါရဲ့'

တန်။ ။ 'ဩော် ....ခင်စိန်ရီ ....ခင်စိန်ရီ၊ ဒီလို မျက်နှာပြောင်တာ ကလေးမျိုးတွေ ကျုပ် သဘောကျတာပဲ၊ ဒါကြောင့်လည်း ကျုပ်က ပြင်ပေးမယ်လို့ မျှော်လင့်ခဲ့တာပဲ။ အခုတော့ မင့်းကို ပြင်ပေးနိုင်ဖို့ နည်းလမ်း တစ်ခုတည်းပဲ ရှိတယ်'

ရီ။ ။ 'ဩော် .... ရှိသေးသလား၊ ဘယ်လိုနည်းများလဲရှင်၊ တစ်ဆိတ် သိပါရစေ'

တန်။ ။ 'မင့်းကို တည်တည်တံ့တံ့ ယောကျာ်းတစ်ယောက် ယောက်နဲ့ ပေးစားဖို့ နည်းလမ်းပဲ ရှိတယ်'

ရီ။ ။ 'ဒါဖြင့် တည်တည်တံ့တံ့ လူများ တွေ့မထားဘူးလားရှင်'

တန်။ ။ 'တစ်ခါတလေတော့ ကျုပ်ကိုယ်တိုင် စမ်းကြည့်ရမလား လို့ စဉ်းစားမိတယ်၊ သို့သော်လည်း ကျုပ်က မိန်းမယူတဲ့ လူစားမျိုးထဲက မဟုတ်ပါဘူး'

ရီ။ ။ 'ဒီလိုဆိုရင် ရန်ကုန်မြို့ပေါ်က မိန်းမတွေဟာ တဖူးနာသွား ကြရှာတာပေါ့ ကိုသောင်းတန်'

တန်။ ။ 'ကိုင်း.... ကိုင်း တော်ပါပြီ၊ မယ်မင်းကြီးမ ကြွတော်မူ ပါတော့'

ခင်စိန်ရီသည် လခ ငွေကလေးကို သားရေအိတ်ထဲတွင် ထည့်၍ တိုက်ပေါ်မှ ဆင်းလာခဲ့သောအခါ ကိုသောင်းတန်က အလုပ်မှ ထုတ်ပစ် လိုက်ခြင်း အကြောင်းနှင့် ပတ်သက်၍ စဉ်းစား ဆင်ခြင်မိရာတွင် မိမိအား သောက်သောကြောင့် ထုတ်ပစ်လိုက်ခြင်း ဖြစ်လေသလော၊ သို့တည်းမဟုတ် ခင်စိန်ရီ ပျက်စီးခြင်း တိုင်စေမှုအတွက် ဥပါယ်တံမျဉ်နှင့် ထုတ်လိုက်ခြင်း ဖြစ်လေသလောဟု မဝေခွဲနိုင်အောင် ဖြစ်နေခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



နေအိမ်သို့ ပြန်ရောက်သောအခါ ခင်စိန်ရီသည် စားပွဲပေါ်တွင် စာတစ်စောင် တွေ့သည်နှင့် ဖွင့်၍ ဖတ်ရှုရာ၊ အောက်ပါအတိုင်း တွေ့ရှိရလေ၏။

"ကျွန်ုပ်၏ စကားကို မြေဝယ်မကျ နားထောင်၍ အလိုက်သင့် အလျားသင့် စီမံပေးခဲ့သည့်အတွက် ကျေးဇူးတင်ကြောင်း၊ ဘဏ္ဍာရေး ဝန်ကြီးချုပ်နှင့် မိတ်ဆက်ရေးကိစ္စမှာ ကျွန်ုပ် ပြောခဲ့သည့်အတိုင်း အခက်အခဲ မရှိဘဲ ချောမောစွာ ကိစ္စပြီးစီးခဲ့သဖြင့် ဝမ်းမြောက်ကြောင်း။ ဘဏ္ဍာရေး ဝန်ကြီးချုပ်ကို တတ်နိုင်သမျှ နီးရင်းအောင် ပေါင်းသင်းဆက်ဆံ၍ သူ၏ ချို့ယွင်းချက် ကလေးများကို သိရအောင် စုံစမ်းပါလေ။ အစိုးရအဖွဲ့ထံမှ ကျွန်ုပ် ငွေတောင်းထားသော ကိစ္စနှင့် ပတ်သက်၍ ဘဏ္ဍာရေး ဝန်ကြီးချုပ်၏ သဘောထားကို လည်းကောင်း၊ အစိုးရတစ်ဖွဲ့လုံး၏ သဘောထားကို လည်းကောင်း သိရအောင် စုံစမ်းပါလေ။ ဆဗွိုင် ဟိုတယ်၌ ယနေ့ သင်ဝတ်ခဲ့သော အဝတ်မှာ အတော်ကောင်းသော်လည်း ကျွန်ုပ် အားမရသေးပါ။ ထို့ထက် ကောင်းမွန်သော အဝတ်များကို ရှာဝယ်၍ ဝတ်ဆင်ပါလေ။ အဝတ်အစားနှင့် ပတ်သက်၍ စရိတ် ကုန်ကျမည်ကို မတွန့်တိုပါလေနှင့်။ ကိုသောင်းတန်က သင့်ကို ယနေ့ အလုပ်မှ ထုတ်ပစ်လိုက်သော်လည်း ဝမ်းမနည်းပါလေနှင့်။ သူ့ထံတွင် သင် လုပ်ရန် အလုပ် မရှိတော့ပြီ။ ယနေ့ည ဘဏ္ဍာရေး ဝန်ကြီးချုပ်နှင့် မင်းတိုးမင်းရှင်း ဟိုတယ်တွင် သင် ညစာ စားသောအခါ သူ့ကို တတ်နိုင်သမျှ ချော့မြူပါလေ။ ဤလူကား မိန်းမလိုက်စားတတ်သူ ဖြစ်သည်။ တတ်နိုင်ခဲ့လျှင် သူ၏



www.burmeseclassic.com

www.burmeseclassic.com



နေအိမ်သို့ သင့်ကို ဖိတ်ခေါ်အောင် ကြိုးစားပါလေ။
ရောက်သောအခါ သူ၏ နေအိမ်အခြေအနေကို သေချာ
စွာ ကြည့်ရှု မှတ်သားခဲ့ပါလေ။"

ခင်စိန်ရီသည် စာအိတ်ထဲတွင် စာရွက်များ ကျန်နေသေးသည်နှင့် ထုတ်ကြည့်သောအခါ တစ်ရာတန် ငွေစက္ကူသုံးချပ်တို့ကို တွေ့ရလေ၏။ သို့ရာတွင် ၎င်းငွေစက္ကူများကို သားရေအိတ်ထဲသို့ ထည့်သွင်းလိုက်သောအခါ ခင်စိန်ရီ၏ မျက်နှာထားမှာ ငွေရသည့်အတွက် ရွှင်ပျစွာ မရှိသည့်ပြင် ဘူမြွေကြီးရင့်စွာနှင့် နှုတ်ခမ်းကို ကိုက်လျက် ရှိလေ၏။

## အခန်း [ ၂၉ ]
## ဝသုံးလုံး အစည်းအဝေးကြီး

ဘဏ္ဍာရေးဝန်ကြီးချုပ် ဦး.... မှာ ဒိုင်အာခီ အုပ်ချုပ်ရေးစနစ်က ဖန်ဆင်း ထိုက်သည့် ပုဂ္ဂိုလ်မျိုးတစ်ဦးဟူ၍ ခေါ်ဆိုထိုက်ပေ၏။ ကျွန်ုပ်တို့ မြန်မာ ပြည်တွင် ရှေးယခင် ကာလများက မြို့နီစပယ်လူကြီးများ အစရှိသည့် ရွေးကောက် တင်မြှောက်ခြင်း ခံရသော လူကြီးများ ရှိခဲ့ဖူးသော်လည်း၊ နိုင်ငံရေးဖြင့် အသက်မွေး စီးပွားရှာကြသည့် နိုင်ငံရေးသမား ခေါ် ပုဂ္ဂိုလ် မျိုးတို့မှာမူ ဒိုင်အာခီ လက်ထက်တွင်မှ ပေါ်လာကြသူများ ဖြစ်ကြလေသည်။ ဘဏ္ဍာရေး ဝန်ကြီးချုပ် ဦး.....မှာ အသက် ၄၀ ကျော်ရုံမျှသာ ရှိသေးသော် လည်း လွှတ်တော်အစည်းအဝေးများတွင် စကားပြောကောင်းခြင်း၊ မိမိ၌ ရှိသမျှသော အရည်အချင်းကို သူတစ်ပါးမြင်နိုင်အောင် ခင်းကျင်း ပြသ တတ်ခြင်း၊ မနားမနေ တိုးတေ့တတ်ခြင်း စသော ဂုဏ်အခြင်းအရာတို့ကြောင့် အမန် အမတ်တစ်ယောက် အဖြစ်မှ ဝန်ကြီးချုပ်တစ်ယောက် အဖြစ်သို့ တက်လာခဲ့ခြင်း ဖြစ်လေသည်။ လုပ်ဖော်ကိုင်ဖက်များ အပေါ်၌လည်း



www.burmeseclassic.com

www.burmeseclassic.com



သစ္စာမရှိ၊ မဲဆန္ဒရှင်များကိုလည်း အလေးဂရု မပြုခဲ့သည် မှန်သော်လည်း ထိုသူသည် သူတစ်ပါး နားဝင်အောင် လှည့်ပတ်ပြောဆိုတတ်သော သတ္တိ တစ်ခု အတွက်ကြောင့် အစိုးရသစ် ဖွဲ့စည်းသည့်အခါတိုင်း ၎င်းအား ချန်လှပ် မထားခဲ့ဝံ့ဘဲ.ဝန်ကြီးချုပ် နေရာတစ်ခုခုကို ၎င်းအတွက် လျာထား သတ်မှတ် ပေးရသည်သာလျှင် ဖြစ်ခဲ့၏။

ဘဏ္ဍာရေးဝန်ကြီးချုပ် ဦး.....မှာ အလုံးအရပ် ခပ်ဖိုင့်ဖိုင့်နှင့် အသား ဖြူဖြူ၊ မျက်လုံးပြူးပြူး၊ နှာတံပေါ်ပေါ် ရှိသူတစ်ယောက်ဖြစ်၍ ငယ်ရွယ်စဉ် က ရည်းစားပေါခဲ့သူတစ်ယောက် ဖြစ်ခဲ့သည့်အတိုင်း ကြီးပြင်းလာသောအခါ တွင်လည်း ၎င်းဝါသနာကလေးကို လက်မလျှော့နိုင်ခဲ့ချေ။ ခင်စိန်ရီနှင့် သိကျွမ်းခဲ့ရသော ကိစ္စတွင် ဝန်ကြီးချုပ်၏ ထင်မြင်ချက်မှာ မိမိ လူရည် လည်သည့် အတွက်ကြောင့် မိန်းကလေးက မိမိအပေါ်၌ "ကျပြီး" သိ ကျွမ်းရခြင်း ဖြစ်သည်ဟု မှတ်ထင်နေ၏။ စင်စစ်သော်ကား ဝသုံးလုံးသည် အသုံးအစွဲကြီးသော ကတော်ခံ တစ်ယောက်ကို ထုံးစံအတိုင်း ကိုယ်စားလှယ် ဖြစ်အောင် ဆွယ်ပြီးလျှင် ခင်စိန်ရီနှင့် ဝန်ကြီးချုပ်တို့ကို သိကျွမ်းအောင် မိတ်ဆက်ပေးရန် စေခိုင်းလိုက်ခြင်း ဖြစ်၏။

ဝသုံးလုံးမှာ လူတန်းစားအမျိုးမျိုးနှင့် လူအမျိုးမျိုး၊ ယောကျ် မိန်းမ မကျန် ကိုယ်စားလှယ်ဖြစ်အောင် ဆက်သွယ်ထားသည်ဖြစ်၍ ရန်ကု တစ်မြို့တည်းတွင် ဝသုံးလုံး၏ သြဇာခံပေါင်း ၁၀၀ ထက် မနည်း ရှိနေ ၎င်းတို့အနက်တွင် တရုတ်၊ ကုလား၊ မြန်မာ ကပြားမှ စ၍ ပိုကာ ကစ တတ်သည့် ကတော်ခံများ၊ မြင်းလောင်းတတ်သည့် ဘိုကတော်များလည ပါရှိ၏။ ရာထူးအားဖြင့် ဖော်ပြရမည်ဆိုသော် စာရေး၊ စာချီ၊ ကုန်သည ပွဲစားများ၊ ဘူကီဒိုင်များ၊ ဆရာဝန်များ၊ ဝတ်လုံများမှ စ၍ ဟိုတယ် များ၊ စားပွဲထိုးများ မကျန် အမြင့်ဆုံးမှ အနိမ့်ဆုံးတိုင်အောင် ရှိကြ ဝသုံးလုံးသည် ၎င်းတို့ကို ဆိုင်ရာ ဆိုင်ရာ အလုပ်များ၌ အသုံးချလေ့ရှိ ၎င်းတို့၏ အလုပ်တာဝန်မှာ အလွန်တရာ ပေါ့သော်လည်း ငွေပေးရာ



www.burmeseclassic.com

www.burmeseclassic.com



မူကား ရက်ရောစွာ ပေးကမ်းလေ့ရှိ၏။ ပမာဆိုသော် ခင်စိန်ရီနှင့် ဝန်ကြီးချုပ်တို့ကို မိတ်ဆက်ပေးရုံမျှသာ ဆောင်ရွက်ရသော မင်းကတော်သည် ၅ မိနစ်မျှသာ ကြာသော ထိုကိစ္စကလေးအတွက် ငွေ ၂၀၀ မျှ ရရှိလိုက်၏။ ဝသုံးလုံးသည် ကိုယ်စားလှယ်များ ရှာခြင်းကိစ္စတွင် အထက်၌ ဖော်ပြခဲ့သည့် နည်းအတိုင်း လူပြတ်လပ်သော နေရာတစ်ခုတွင် ရှေးဦးစွာ ချိန်းဆိုတွေ့ဆုံလေ့ရှိ၏။

ဝသုံးလုံးကို ထိပ်ဆုံးမှ အုပ်ချုပ်စီမံနေသူမှာ လူတစ်ယောက်တည်းဖြစ်သော်လည်း အဆွယ်အပွားနှင့် ကိုယ်စားလှယ် များပြားလှသောကြောင့် ဝသုံးလုံးအဖွဲ့ဟူ၍ ခေါ်ဆိုလောက်ပေ၏။ ကိုယ်စားလှယ် ရှာသောအခါ၌ ဝသုံးလုံးသည် ကြေးငွေဥစ္စာ ချောင်ချိသူ၊ အခက်အခဲ မရှိသူများကို မရွေးချယ်ဘဲ နာခေါင်းကျည်ပွေ့ တွေ့နေသော သူများကိုသာလျှင် ဖြားယောင်းသွေးဆောင်လေ့ရှိ၏။ မည်သူမဆို အကျဉ်းအကျပ် ကြုံတွေ့နေသည့်အခါ ထိုအကျဉ်းအကျပ်မှ လွတ်အောင် ကယ်ဆယ်မည်ဆိုပါက လိုက်ပါတတ်မြဲဖြစ်ရကား၊ ဝသုံးလုံး၌ ကိုယ်စားလှယ်များ အလိုရှိသလောက် ရရှိနိုင်ခြင်းကို အံ့ဩဖွယ် မရှိချေ။ ကိုယ်စားလှယ်များသည် မိမိတို့ အချင်းချင်းလည်း တစ်ယောက်နှင့် တစ်ယောက် မသိရ၊ ခေါင်းဆောင် ပုဂ္ဂိုလ်ကိုလည်း အရိပ်အမြွက်လောက်မျှ မရိပ်မိချေ၊

ဝသုံးလုံးအပေါ်၌ သစ္စာဖောက်သူများမှာ ကြောက်မက်ဖွယ်ရာသော အပြစ်ဒဏ်များ ရရှိကြသည်သာ ဖြစ်သောကြောင့် သစ္စာဖောက်သူဟူ၍ အလွန်နည်းပါးခဲ့၏။ စုံထောက် ကိုသောင်းတန်နှင့် ဝန်ကလေးတို့ တွေ့ဆုံကြသောနေ့တွင် ဝသုံးလုံးသည် မိမိ၏ တပည့်များနှင့် ကိုယ်စားလှယ်များကို ဆင့်ခေါ်၍ ပထမအကြိမ် အစည်းအဝေးကြီး ကျင်းပလေ၏။ ယင်းသို့ ဆင့်ခေါ်ရာတွင် မယုံကြည် စိတ်မချရသူများနှင့် စိတ်မခိုင်မာသူများကို ချန်လှပ်ထားခဲ့၏။ အစည်းအဝေးသို့ လာရောက်သောအခါတွင် ညီသည့် အဝတ်မျိုး ဝတ်ဆင်ရမည်၊ တစ်ယောက်နှင့်တစ်ယောက် မသိရအောင်



www.burmeseclassic.com

www.burmeseclassic.com



မည်ကဲ့သို့ စီမံရမည်၊ မည်သည့်အချိန်တွင် မည်သည့်နေရာသို့ လာရောက်ရမည် စသည်ဖြင့် တစ်ယောက်စီ သေချာစွာစေ့စပ်စွာ မှာကြားထားလေ၏။

ခင်စိန်ရီမှာ ဝသုံးလုံး ကိုယ်စားလှယ်တစ်ယောက် ဖြစ်နေရကား ၎င်းအစည်းအဝေးကြီးသို့ ဆင့်ခေါ်ထားသဖြင့် တက်ရောက်ရသည်ဖြစ်ရာ၊ ၁သုံးလုံးနှင့် ဆက်ဆံခဲ့သမျှသော ၎င်းအစည်းအဝေးမှာ တစ်သက်ပတ်လုံး မမေ့နိုင်လောက်အောင် စွဲမြဲစွာ မှတ်သားလောက်သည့် အခြင်းအရာ တစ်ခု ဖြစ်ပေ၏။

ဝသုံးလုံးသည် မိမိ စီမံသမျှသော ကိစ္စများကို ပိပိရိရိ ဆောင်ရွက်တတ်သည့်ပြင် ထိတ်ထိတ်ကြဲဖြစ်အောင် ပြုလုပ်တတ်သော ဝါသနာလည်း ရှိရကား၊ ၎င်းအစည်းအဝေးကို ပုန်းလျှိုး ကွယ်လျှိုး ချောင်ကြိုချောင်ကြား၌ မကျင်းပဘဲ ဂျူဗလီဟော ရုံကြီးအတွင်း၌ ကျင်းပရန် စီမံထားလေ၏။

ပွဲလမ်းသဘင် ကပြခြင်း မရှိသော အခါများ၌ ဂျူဗလီဟောရုံကြီး ပိတ်ဆို့ထားတတ်မြဲ ဖြစ်လေရာ၊ ၉ နာရီ ထိုးသည်နှင့် တစ်ပြိုင်နက် အသင်းသားတစ်ယောက် ရောက်လာ၍ နံဘေးပေါက်မှ ဝင်သွားသဖြင့် တံခါးဝတွင် စောင့်နေသူက နေရာထိုင်ခင်း ချထားလေ၏။

ယင်းသို့ စီမံရာတွင် နာရီတွင်သာမက မိနစ်ပါ ချိန်းဆိုထားသည် ဖြစ်၍ အသင်းသားများသည် တစ်ယောက်နှင့် တစ်ယောက် တစ်မိနစ်စီ ကွာခြားကာ ဆိုက်ရောက်လာကြလေရာ၊ လူနှစ်ယောက်ပြူး တစ်ပြိုင်တည်း ဆိုက်ရောက်လာသည်ဟူ၍ မရှိစေရချေ။

ဝသုံးလုံးသည် ဂျူဗလီဟော သော့များကို မည်သည့်နည်းနှင့် ရအောင် ယူထား၍ ဒရဝမ်နှင့် မည်ကဲ့သို့ စီမံထားသည်များကို ခင်စိန်ရီပင် မတွေးနိုင်အောင် ဖြစ်နေတော့၏။

ခင်စိန်ရီ ရောက်လာသောအခါ ၉ နာရီနှင့် ၁၅ မိနစ်တိတိ ရှိနေပြီ ဖြစ်ရာ နံဘေးလှေကားမှ တက်သွားသောအခါ လူတစ်ယောက်သည် တံခါးကို ဖွင့်ပေး၍ ဝင်မိသည်နှင့် တစ်ပြိုင်နက် ပိတ်ဆို့လိုက်၏။ အတွင်း၌



www.burmeseclassic.com

www.burmeseclassic.com



မည်သည့် မီးရောင်မျှ မရှိသော်လည်း မှန်ပြတင်းပေါက်မှ ဝင်သော ကြယ်ရောင်သည် ခုံတန်းများကို ရေးရေးမျှ မြင်နိုင်လောက်အောင် လင်းလျက်ရှိလေ၏။

အတွင်းသို့ ဝင်မိသည်နှင့် တစ်ပြိုင်နက် လူတစ်ယောက်၏ အသံဖြင့်–

'တည့်တည့်ကြီး ရှေ့လျှောက်သွား၊ ရှေ့ဆုံးတန်းက ဒုတိယခုံမှာ ဝင်ထိုင်နေ' ဟု ခပ်ဆတ်ဆတ် ပြောလိုက်လေ၏။

ခင်စိန်ရီ ဝင်သွားသောအခါ အချို့လူများ ရောက်နှင့်ကြပြီဖြစ်၍ မိမိတို့ နေရာများထွင် အသီးသီးထိုင်လျက် ရှိကြသည်ကို မြင်ရလေ၏။ လူများသည် တစ်ယောက်နှင့်တစ်ယောက် စကားမပြောဘဲ မလှုပ်မရှား တိတ်ဆိတ်စွာ ထိုင်နေကြသည်ဖြစ်၍ တစ္ဆေများ၏ အစည်းအဝေးနှင့် တူလှပေ၏။

လူများသည် တစ်ယောက်ပြီးတစ်ယောက် ဝင်လာကြသဖြင့် လူ ၅၀ ခန့် ရောက်ကြသောအခါ၊ တံခါးဝမှ အမိန့်ပေးနေသောလူသည် အထဲသို့ ဝင်လာခဲ့၍ ဇာတ်ခုံပေါ်သို့ တက်ပြီးလျှင် စကားတစ်ခွန်းမျှ ပြောလိုက်ရုံနှင့် တစ်ပြိုင်နက် ဝသုံးလုံးဆရာကြီး ကိုယ်တိုင်ဖြစ်ကြောင်း ခင်စိန်ရီ ရိပ်မိလေ၏။

ဆရာကြီးသည် အလွန်အမင်း မကျယ်လောင်ဘဲ နက်နဲ၍ အုတ်တုတ်တုတ်ရှိသော အသံမျိုးဖြင့် စကားပြောလျက်ရှိရာ၊ မျက်နှာနှင့် ဦးခေါင်းတို့တွင်လည်း အဝတ်နက်ကြီး ပတ်စည်းလျက် ရှိလေ၏။

ဆရာကြီး။ ။(စကားလုံးတိုင်း ပီသရှင်းလင်းစွာဖြင့်) 'မိတ်ဆွေများတို့၊ ကျွန်ုပ်တို့ ဝသုံးလုံးအဖွဲ့ကြီး ဖျက်သိမ်းရန် အချိန် နီးကပ်လာခဲ့ပြီ။ အစိုးရအဖွဲ့ထံမှ ကျွန်ုပ်က တောင်းဆိုထားပုံကို သတင်းစာတွင် မိတ်ဆွေတို့ ဖတ်မိကြပေလိမ့်မည်။ ကျွန်ုပ် တောင်းဆိုသည့်အတိုင်း ရရှိသောအခါ ထိုငွေအနက်မှ ရာခိုင်နှုန်း ၅၀ ကို မိတ်ဆွေတို့အား ခွဲဝေပေးမည်။ ကျွန်ုပ်



www.burmeseclassic.com

www.burmeseclassic.com



တို့ ယခု စည်းဝေးနေခြင်းကို လူသူလေးပါးတို့ သိလိမ့်မည်ဟု စိုးရိမ်သူများ ရှိခဲ့လျှင် ကျွန်ုပ်၏အသံကို အပြင်က ဘယ်နည်းနှင့်မျှ မကြားနိုင်ကြောင်း၊ ကျွန်ုပ်တို့ကို နှောင့်ယှက်ဖို့ ဘယ်နည်းနှင့်မျှ မဖြစ်နိုင်အောင် ကျွန်ုပ် စီမံထားကြောင်းကို သိစေလိုသည်။ သို့သော် အမှန်အားဖြင့် ကျွန်ုပ်တို့အဖွဲ့ကြီးမှာ အခါခပ်သိမ်း ဘေးအန္တရာယ်များဖြင့် ခြံရံလျက်ရှိကြောင်း ဝန်ခံရပေမည်။ ကျွန်ုပ် မည်သူမည်ဝါ ဖြစ်သည်ကို ထောက်လှမ်းစုံစမ်းသူများအနက် ကျွန်ုပ်၏ဇာစ်မြစ်ကို ဖော်နိုင်လုမတတ် နီးကပ်သွားဖူးသည်မှာ နှစ်ကြိမ်တိုင်တိုင် ရှိပြီဖြစ်၍ ကျွန်ုပ်ကိုယ်တိုင် စိတ်မအေးချမ်းနိုင်အောင် ဖြစ်နေရဖူးသည်။ ထို့ပြင် နိုင်ငံကျော် စုံထောက်ကြီး ကိုသောင်းတန်နှင့် အင်စပက်တော်ဦးလူတော်တို့ကလည်း ကျွန်ုပ်ကို ခြေရာခံလျက် ရှိကြသည်။ ထိုကဲ့သို့ ကျွန်ုပ်အား ဘေးဥပဒ် အန္တရာယ်များ ဝန်းရံလျက် ရှိသည်အတွင်း ကျွန်ုပ်အား မိတ်ဆွေအသီးသီးတို့က တတ်အားသမျှ ဝိုင်းဝန်းကူညီကြလိမ့်မည်ဟူ၍လည်း ကျွန်ုပ် မျှော်လင့်မိသည်။ နက်ဖြန်တွင် မိတ်ဆွေ အသီးသီးတို့သည် ကျွန်ုပ်ထံမှ အမှာစာ တစ်ခုစီ ရရှိကြမည်ဖြစ်၍ ၎င်းစာတွင် မည်သူက မည်သည့်နေရာ၌ မည်ကဲ့သို့ ဆောင်ရွက်ရမည့် အကြောင်းကို ရှင်းလင်းစွာ ဖော်ပြပါရှိလိမ့်မည်။ သို့သော် သင်တို့ သတိပြုရန် အချက်တစ်ခုမှာ ကျွန်ုပ်၌ ဘေးအန္တရာယ် ရှိနေသကဲ့သို့ သင်တို့၌လည်း ကျွန်ုပ်နှင့် အလားတူစွာ ဘေးအန္တရာယ် မကင်းသည့် အကြောင်းကို သတိပြုစေလိုသည်။ ကျွန်ုပ်ကို ကူညီသူများအား ကူညီရသော လုပ်ငန်းမျှမကအောင် ကျွန်ုပ်က ချီးမြှင့်လိမ့်မည်။ သစ္စာဖောက်သူများကို မည်ကဲ့သို့ စီရင်မည်ဟု သင်တို့ သိပြီးဖြစ်သောကြောင့် ထုတ်ဖော်၍ပြောရန် မလိုတော့ပြီ။ ကိုင်း တော်လောက်ပြီ အစည်းအဝေး ရုပ်သိမ်းကြစို့ .... ။ လက်ယာဘက်ခုံတန်း လက်ဝဲဘက်လူက စပြီး တစ်ယောက်စီ တစ်ယောက်စီ မိနစ် တစ်ဝက်စီ ကာလ်ခြားစောင့်ပြီး ထွက်သွားကြစမ်း.... ကိုင်း သွားကြ'

ထိုအခါ အသင်းသားများသည် အမိန့်အတိုင်း တစ်ယောက်စီ ထိုင်



www.burmeseclassic.com

www.burmeseclassic.com



ရာမှ ထ၍ နံဘေးတံခါးပေါက်ဆီသို့ သွားကြလေရာ၊ ဇာတ်ခုံပေါ်မှ လူမှာမှု ပရိသတ်အားလုံး ကုန်ပြီးသောအခါ၌ ဆင်းလာခဲ့လေ၏။ ထိုသူသည် တံခါးကို သေချာစွာ ပိတ်ဆို့ပြီးနောက် ဝင်းပေါက်မှ စောင့်နေ၍ ရွှေတိဂုံ ဘုရားဆီမှ မောင်းလာသော တက္ကစီတစ်စီးပေါ်သို့ တက်ပြီးလျှင် သိမ်ကြီး ဈေး ဘက်သို့ မောင်းနှင်သွားလေ၏။

ခင်စိန်ရီမှာမူ ဂျူဗလီဟောမှ ခြေကျင်လျှောက်လာ၍ ဘုရားလမ်း ဘူတာဆီသို့ ရောက်သောအခါ အသင့်စောင့်နေသော ကားတစ်စီးပေါ်သို့ တက်၍ မင်းတိုးမင်းရှင်း ဟိုတယ်ဘက်သို့ မောင်းနှင်သွားလေ၏။

လမ်းခရီးတွင် ခင်စိန်ရီသည် အပေါ်၌ထပ်၍ ဝတ်ထားသော အဝတ် ထူကြီးများကို ချွတ်ခွာ၍ ကားတွင်ပါသော အိတ်ကြီးထဲသို့ ထည့်ထားလိုက် ရာ၊ အတွင်းမှပေါ်လာသော အဝတ်များမှာ မင်္ဂလာဆောင် ပွဲထိုင်သွားမည့် အဝတ်အစားမျိုးဖြစ်၍ တီဂျူမားလ်မှ ပြင်သစ် ပိုးဖဲကတ္တီပါတို့ဖြင့် ဖိတ် ဖိတ်တောက်လျက် ရှိလေ၏။

ငှင်းနောက် အကျီအိတ်တွင် ထည့်ထားသော ကတ္တီပါအိတ်ငယ်မှ စိန်တစ်လုံး နားကပ်တစ်ရန်ကို ထုတ်ယူဝတ်ဆင်လိုက်ရာ ပွဲထိုင်အဝတ် အစားမျိုး အပြည့်အစုံ ဖြစ်ပေါ်လာလေ၏။ လက်ဆွဲသားရေအိတ်ငယ်မှ မှန်ကလေးနှင့် ပေါင်ဒါဘူးတို့ကို ထုတ်၍ ကားမီးရောင်တွင် မျက်နှာကို ခြယ်လှယ်ပြီးနောက် ကားပေါ်မှ ဆင်းလာသော အခါတွင်မူကား၊ ယခု ချက်ချင်း ဖြီးလိမ်းပြင်ဆင်သော အခန်းထဲမှ ထွက်လာသူ တစ်ယောက်ကဲ့သို့ သိုလေသေး မရှိအောင် သပ်ရပ်ချောမောခြင်း ရှိလှပေ၏။

ထိုညဉ့်တွင်ပင် မင်းတိုးမင်းရှင်း ဟိုတယ်၌ စော်ဘွားတစ်ယောက် ညှိခံပွဲ ကျင်းပလျက်ရှိရာ မြန်မာအရာရှိများ၊ အင်္ဂလိပ် အရာရှိကြီးများ ဘာရတ် ကုလား စသော ကုန်သည်ပွဲစားကြီးများလည်း လာရောက်ကြ၏။

ခင်စိန်ရီမှာ ဘဏ္ဍာရေး ဝန်ကြီးချုပ်၏ ကောင်းမှုကြောင့် ဖိတ်စာ တစ်စောင် ရရှိ၍ မော်တော်ကားပေါ်မှ ဆင်းပြီးနောက် လှေကားမှ တက်လာ



www.burmeseclassic.com

www.burmeseclassic.com



သောအခါ၊ ဝန်ကြီးချုပ်သည် ခင်စိန်ရီကို လှေကားမှ စောင့်မျှော်လျက်ရှိသော ကြောင့် တက်လာသည်နှင့် တစ်ပြိုင်နက် အတူတွဲလျက် ဧည့်ခန်းထဲသို့ ဝင်လာကြလေ၏။

အပေါက်ဝသို့ ရောက်သောအခါ ခင်စိန်ရီ၏ စူးစိုက်သောမျက်လုံးများသည် အခန်းတွင်းရှိ ဧည့်ပရိသတ်များကို တစ်ချက်တည်း ပေါင်းရုံးကြည့်ရှုလိုက်ရုံမျှနှင့်၊ မိမိ မမျှော်လင့်သော လူတစ်ယောက်ကို အခန်းထောင့်ရှိ စားပွဲတစ်ခုတွင် မြင်လိုက်သည်နှင့် မျက်နှာများ နီမြန်း၍ ခြေလှမ်း တွန့်သွားသေး၏။

ထိုလူမှာ ခင်စိန်ရီကို မမြင်သေးဘဲ စားပွဲတစ်ခုတွင် မိတ်ဆွေ တစ်ယောက်နှင့် စကားပြောလျက်ရှိရာ 'ဘဏ္ဍာရေးဝန်ကြီးချုပ် လာပြီ' ဟု ပြောလိုက်ကြသည်နှင့် မော့ကြည့်လိုက်သော အခါတွင်မှ ခင်စိန်ရီနှင့် တွဲဝင်လာကြသည်ကို မြင်လိုက်ရသဖြင့် ကြောင်တောင်ငေးလျက် ကြည့်နေ မိလေ၏။

ထိုလူမှာ မောင်ညွှန့်ဦးပင် ဖြစ်လေရာ၊ ကျောင်းနေဘက် အတွင်းဝန်ကလေး၏ ဖိတ်ကြားချက်အရ မြင်ရဖူးသည်ရှိအောင် ဧည့်ခံပွဲသို့ လိုက် ပါလာခြင်း ဖြစ်လေသည်။

မောင်ညွှန့်ဦးအား သူငယ်ချင်းက ....

'ဝန်ကြီးချုပ်နဲ့ တွဲဝင်လာတဲ့ ဧယ်ဟာ တယ်နိပ်ပါလားဗျို့၊ ဘယ် သူလဲ၊ ခင်ဗျား သိလား'

ဟု မေးလိုက်မိရာ မောင်ညွှန့်ဦးက ....

'ဆိုနိုင်ရိုးလားဗျာ'

ဟု ငေါက်ဆတ်ဆတ်နှင့် ပြောလိုက်မိသဖြင့် တောင်းပန်ရသေး၏။

ခင်စိန်ရီမှာလည်း မောင်ညွှန့်ဦးကို မြင်လိုက်ရကတည်းက မိမိ ကိုယ်ကို ဒေါပွလျက် ဝန်ကြီးချုပ်၏ စကားများကို အမှားမှားအယွင်းယွင်း ဖြေကြားမိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



'စားပွဲတစ်ခု၌ ထိုင်မိကြသောအခါ ဧည့်သည်အချို့သည် လက်သယ်မွေးရသော ခွေးပုကလေးများအကြောင်းကို ပြောဆိုလျက် ရှိကြရာ၊ ခင်စိန်ရီမှာ ခွေး ချစ်ခင်တတ်သော ဝါသနာရှိသည်ဖြစ်၍ လွန်ခဲ့သော ခွေးပြပွဲတွင် တွေ့မြင်ခဲ့ရသော အင်္ဂလိပ်ခွေး၊ စကော့ခွေး၊ ပွေလီခွေး၊ စပန်နီယယ်ခွေး စသော ခွေးအမျိုးမျိုးတို့ အကြောင်းကို ဝင်ရောက်စွက်ဖက်ကာ ထင်မြင်ချက် ပေးမိသည့်ပြင်၊ ဂျပန် ခွေးပုကလေးမျိုး တစ်ကောင် အလိုရှိသည်ဖြစ်၍ ဝယ်ယူရန် စုံစမ်းထောက်လှမ်းလျက် ရှိကြောင်းများနှင့် ပြောဆိုလေ၏။

ထိုအခါ ဝန်ကြီးချုပ်က မိမိ၌ ဂျပန် ကောင်စစ်ဝန်ထံမှ လက်ဆောင်ရထားသော ဂျပန်ခွေးကလေး တစ်ကောင် ရှိသည်ဖြစ်၍ မိမိ၏နေအိမ်သို့ လာရောက်ကြည့်ရှုစေလိုကြောင်း၊ ကြိုက်နှစ်သက်ခဲ့လျှင် လက်ဆောင်ပေးမည် ဖြစ်ကြောင်းနှင့် ပြောလေရကား ခင်စိန်ရီသည် သန်ဘက်ခါ နေ့လယ်တွင် ဝန်ကြီးချုပ်၏ နေအိမ်သို့ ခွေးကြည့်ရင်း လက်ဖက်ရည်သောက် လာရန် ဖိတ်ခေါ်ခြင်းကို လက်ခံလိုက်လေ၏။

မောင်ညွန့်ဦးမှာမူ ခင်စိန်ရီကို မြင်လိုက်ရပြီးသည့်နောက် မကြာမီအတွင်း၌ပင် ဟိုတယ်မှ ဆင်းသွားလေရာ၊ ခင်စိန်ရီဘက်သို့ တစ်ကြိမ်တစ်ခါမျှ လှမ်း၍မကြည့်ဘဲ ပြန်သွားသည် ဖြစ်သောကြောင့် ခင်စိန်ရီမှာ ဝမ်းထဲ၌ အတွင်းဆွေး ဆွေးလျက် ကျန်နေရစ်လေ၏။ ထိုညဉ့်အဖို့၌ ခင်စိန်ရီမှာ ခါတိုင်းကဲ့သို့ ရွှင်ပျခြင်း မရှိတော့ဘဲ ခပ်သုန်သုန်မှုန်မှုန်နှင့် ဝတ်ကျေဝတ်ကုန်မျှလောက်သာ လက်ခံ စကားပြောနေရလေတော့၏။

နောက်ဆုံး၌ ဝန်ကြီးချုပ်သည် ခင်စိန်ရီကို ၎င်း၏နေအိမ်တိုက်ခန်းသို့ ရောက်အောင် မော်တော်ကားနှင့် လိုက်၍ ပို့လိုက်၏။

ဝန်ကြီးချုပ်၏ကား ထွက်သွားသည်နှင့် တစ်ပြိုင်နက် ခင်စိန်ရီသည် တိုက်ပေါ်သို့ ချက်ချင်းမတက်သေးဘဲ မိမိ၏တိုက်နှင့် နှစ်တိုက်ခြားသည့် မှောင်ရိပ်ကလေး ရှိရာသို့ လှမ်းမျှော်ကြည့်လိုက်ရာ၊ လူတစ်ယောက်သည်



www.burmeseclassic.com

www.burmeseclassic.com



ချောင်ရိပ်ထဲမှ ထွက်လာ၍ အနီးသို့ ချဉ်းကပ်လာပြီးလျှင် ခင်စိန်ရီနှင့် ထိုလူတို့သည် ၅ မိနစ်ခန့် တီးတိုး တိုးပြောင်ကြလေ၏။

ငင်းနောက်မှ ထိုလူသည် ခင်စိန်ရီအား ဦးခေါင်းဆတ်ကာ နှုတ်ဆက်၍ ဆူးလေဘုရားလမ်းဘက်ဆီသို့ လျှောက်သွားလေရာ ခင်စိန်ရီလည်း တိုက်ပေါ်သို့ တက်သွားလေ၏။

ထိုလူသည် နောက်သို့ တစ်ကြိမ်မျှ လှည့်မကြည့်ဘဲ၊ ဦးခေါင်းငိုက်စိုက်နှင့် လျှောက်သွားသော်လည်း မိမိနောက်မှ တစ်စုံတစ်ယောက်သော သူက တိတ်တဆိတ် လိုက်လာသည့် အကြောင်းကို ရိပ်မိဟန်လက္ခဏာ ရှိ၏။

ဆူးလေဘုရားအနီးရှိ ကုလားဇလီအနီးသို့ ရောက်သောအခါ ထိုလူသည် ခပ်သုတ်သုတ် လမ်းလျှောက်လာခဲ့ရာမှ ရုတ်တရက် အရှိန်လျှော့၍ လျှောက်လိုက်ရာ၊ နောက်မှ လိုက်လာသောလူသည် ရှေ့ကလူကို မီလုမတတ် နီးကပ်လာလေ၏။

နောက်လူ၏ အကြံမှာ လမ်းမီးတိုင်တစ်ခုအနီးသို့ ရောက်သောအခါတွင် ရှေ့လူကို ကျော်တက်၍ မျက်နှာကိုမြင်ရအောင် ကြည့်မည်ဟု ကြံရွယ်ထားဟန် တူ၏။

လမ်းမီးအိမ်အောက်သို့ ရောက်ကြသောအခါ နောက်လူသည် ရှေ့လူကို ကျော်တက်၍ မျက်နှာကို လှည့်ကြည့်မည်ပြုသည်နှင့် တစ်ပြိုင်နက် ရှေ့လူသည် ချာခနဲ လှည့်တည့်၍ နောက်လူ၏ လည်ပင်းကို ညှစ်ပြီးလျှင် လမ်းပေါ်သို့ ပစ်လှဲလိုက်ရာ၊ နောက်လူမှာ အမှတ်တမဲ့ ဖြစ်သောကြောင့် ကာကွယ်ရန် မတတ်နိုင်သဖြင့် လမ်းပေါ်တွင် ပက်လက်လန်ကာ လဲကျသွားလေ၏။

ထိုခဏ၌ မည်သည့်နေရာမှ ပေါ်လာကြသည် မသိ၊ လူသုံးယောက်တို့သည် မျက်လှည့်ပြလိုက်သည့်အလား ရုတ်တရက် ပေါ်ထွက်လာကြ၍ လဲနေသောလူကို မြေပေါ်မှ ဆွဲထူပြီးလျှင် မြဲမြဲစွာ ဆုပ်ကိုင်ထားကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ နောက်လူသည် မှုးဝေဟန်တူသော မျက်လုံးဖြင့် ထိုလူများကို ကြည့်နေရာမှ ရှေ့လူကို မြင်လိုက်သည်နှင့် အံ့ဩသော အမူအရာဖြင့်–

'အလိုလေးဗျာ၊ လက်စသတ်တော့ ခင်ဗျားပါကလား၊ ခင်ဗျားကို ကျုပ် သိတယ်'

ဟု ပြောလိုက်ရာ ရှေ့လူက–

'သိတော့ သိမှာပေါ့၊ နို့ပေမဲ့ ဘယ်သူ့ကိုမှ ခင်ဗျား သတင်းပေးဖို့ အချိန်မရတော့ဘူး ဆရာကြီး'

ဟု ခပ်အေးအေး ပြန်ပြောလိုက်လေ၏။

## အခန်း [၃၀]
## အသက်ရှင်လျှင် တွေ့ဦးမည်

ထိုညဉ့်၌ မောင်ညွန့်ဦးသည် နေအိမ်သို့ ပြန်ရောက်သောအခါ ခင်စိန်ရီကို ခင်းတိုးမင်းရှင်း ဟိုတယ်၌ မြင်ခဲ့ရသည့်အတွက်ကြောင့် အကြီးအကျယ် စိတ်ညစ်ညူးလျက် ရှိသဖြင့် ဧည့်ခန်းထဲတွင် စကြံလျှောက်လျက် ရှိလေ၏။

မောင်ညွန့်ဦး၏ စိတ်ထဲ၌ ခင်စိန်ရီသည် မိန်းမကောင်းတစ်ယောက် ဟုတ်နိုင်ဟူ၍ စဉ်းစားမိသော်လည်း၊ ၎င်းမိန်းကလေးအပေါ်၌ တမ်းတမ်းစွဲ ချစ်ကြိုက်လျက်ရှိသော မေတ္တာစိတ်ကို မနှိမ်နင်း မဖျောက်ဖျက်နိုင်အောင် ဖြစ်နေလေ၏။

သို့ဖြစ်၍ မောင်ညွန့်ဦးသည် မိမိကိုယ်ကို စိတ်ဆိုးသည်တစ်ကြောင်း၊ ခင်စိန်ရီကို စိတ်ပေါက်သည် တစ်ကြောင်းကြောင့် ဒေါ်ပွလျက် ဆံပင်များကို ဆွဲဖွကာ ခေါက်တုံ့ခေါက်ပြန် စင်္ကြံလျှောက်လျက်ရှိစဉ်၊ တစ်စုံတစ်ခုကို သတိရသည်နှင့် စားပွဲအံဆွဲကို သော့နှင့်ဖွင့်၍ စာအိတ်ငယ်တစ်လုံးကို ထုတ်ယူလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ရှင်းစာအိတ်တွင်း၌ကား ခင်စိန်ရီက ဖွင့်မကြည့်ရန် တားမြစ်ထားသော "ကြိုးစင်တင်သော ဓာတ်ပုံ" ပါရှိလေရာ မောင်ညွန့်ဦးသည် ခင်စိန်ရီကို ကဏ္ဍကောဝစ ပြုရလျှင် ပြီးစေတော့ ဟူသော သဘောမျိုးနှင့် ဓာတ်ပုံကို ဖွင့်ကြည့်မည်ဟု အကြံဖြစ်ပေါ်လာလေ၏။

သို့ဖြစ်၍ မောင်ညွန့်ဦးသည် စာအိတ်ကိုယူ၍ အိပ်ရာပေါ်တွင် အေးအေးသာသာ စိမ်ပြေနပြေ ကြည့်မည်ဟု အိပ်ခန်းသို့ ဝင်လာခဲ့ပြီးလျှင် ခုတင်အနီးရှိ စားပွဲကလေးပေါ်တွင် တင်ထားလေ၏။

ထို့နောက် အိပ်ရာပေါ်သို့ ပစ်လှဲ၍ ပက်လက်လှန်လျက် ခင်စိန်ရီ အကြောင်းများကို ထပ်လောင်း စဉ်းစားမိပြန်လေရာ ....စင်စစ်အားဖြင့် ခင်စိန်ရီအပေါ်၌ မိမိက ဒေါပွစရာအကြောင်း တစ်စုံတစ်ရာမျှ မရှိသည့် အကြောင်းကို သတိရမိလေ၏။

အမှန်အတိုင်းမှာ ခင်စိန်ရီသည် မိမိအပေါ်၌ လှည့်စားဖူးခြင်းလည်း မရှိ၊ မေတ္တာမရှိသည့် အကြောင်းကို ပြောင်ပြောင်ကြီး ဖွင့်ဟပြောဆိုထားသည်သာ ဖြစ်ရာ၊ မိန်းမတစ်ယောက်က ယောကျ်ားတစ်ယောက် အပေါ်၌ မေတ္တာမရှိခြင်းအတွက် မိန်းမကို စိတ်ဆိုးစရာ ဘာမှ အကြောင်းမရှိချေ။

ယင်းသို့ စဉ်းစားလျှင်ပင် မောင်ညွန့်ဦးမှာ စိတ်၏တည်ငြိမ်ခြင်း အတန်ငယ်ရ၍ မျက်လုံးများ မေးလာခဲ့ရာ၊ ယခင်က စိတ်မောလာခဲ့ရဖူးသည့် အတွက်ကြောင့် မကြာမီ အိပ်ပျော်ခြင်းသို့ ရောက်သွားလေ၏။

ထိုညဉ့်၌ မောင်ညွန့်ဦးသည် မုန်စီရိမှ လက်ခနဲ အရောင်တစ်ခု မြင်လိုက်သည် မှတ်ထင်၍ ရုတ်တရက် လန့်နိုးလာပြီးလျှင် အိပ်ရာပေါ်တွင် ထ ထိုင်လျက် 'ဘယ်သူလဲ' ဟုမေးရင်း မှန့်အိမ်ကို လက်ဖြင့် စမ်းလိုက်၏။ သို့ရာတွင် စားပွဲကလေးပေါ်၌ မှန်အိမ် မရှိတော့ချေ။

ထိုအခါ မောင်ညွန့်ဦးသည် စားပွဲပေါ်တွင် မှန်အိမ် သင်ထားခဲ့ကြောင်းကို အသေအချာ သတိရသည်ဖြစ်၍ ဧကန်မုချ အခန်းထဲသို့ လူတစ်ယောက်ယောက် ရောက်နေရမည်ဟု သိရှိပြီးလျှင် ခုတင်မှ ဆင်းလိုက်



www.burmeseclassic.com

www.burmeseclassic.com



ရာ၊ တစ်စုံတစ်ယောက်သောသူ၏ ခြေသံသည် အခန်းတံခါးဆီသို့ ရွေ့သွားနေကြောင်း ကြားရလေ၏။

နောက်တစ်ခဏ၌ မောင်ညွန့်ဦးသည် ရဲရင့်သော သူငယ်တစ်ယောက် ဖြစ်သည့်အတိုင်း အသံကြားရာသို့ ခြေတစ်လှမ်းတည်းဖြင့် ခုန်လိုက်ပြီးလျှင် စမ်းမိစမ်းရာ စမ်း၍ ဖမ်းလိုက်ရာ၊ မိန်းမတစ်ယောက်ကို ဖမ်းမိထားသည်ဟု သိရှိရလေ၏။

ယင်းသို့ ဖမ်းဆီးရာတွင် ကိုယ်နံ့ကိုလည်း နှာခေါင်းဖြင့် ခံစားမိသည် ဖြစ်သောကြောင့် ဤအနံ့ကို မိမိ သိပါသည်ဟု မှတ်ထင်မိသေး၏။ နောက်တစ်ခဏ၌ မောင်ညွန့်ဦးသည် ဓာတ်မီးခလုတ်ကို လက်ဖြင့် လှမ်း၍ နှိပ်ကိုင်သဖြင့် တစ်ခန်းလုံး ထိန်လင်းသွားရာတွင် ခင်စိန်ရီနှင့် မျက်နှာချင်းဆိုင် ဖြစ်နေကြလေ၏။

ခင်စိန်ရီမှာ တစ်စုံတစ်ခုကို ကွယ်ဝှက်ထားဟန်နှင့် လက်နှစ်ဖက်ကို နောက်သို့ပစ်လျက် ရပ်နေလေ၏။

ညွန့်။ ။ 'ဖြစ်ရပလေ ရီရီရယ်၊ ဘာလုပ်လာတာလဲ၊ ဝှက်ထားတာက ဘာလဲ'

ရီ။ ။ (ဒေါသကြီးသော အမူအရာနှင့်) 'ဒီစာအိတ်ကို ဘာကြောင့် ဒီအခန်းထဲ ယူလာရတာလဲ'

ညွန့်။ ။ 'ကျုပ်က ဘာမှန်းမှ သိမှမသိဘဲ ရီရီရယ်၊ ဘာကြောင့် ပြောမပြသလဲ'

ရီ။ ။ 'ဒီဓာတ်ပုံကို ဖွင့်မကြည့်ပါနဲ့လို့ ရှင့်ကို ကျွန်မ မှာထားတယ် မဟုတ်လား၊ သူတို့က ဒီကနေ့ည လာပြီး ရှာသေးတယ်၊ ရှင် ဘာကြောင့် စားပွဲ အံဆွဲထဲမှာ ထားမြဲတိုင်း မထားသလဲ'

ညွန့်။ ။ 'သူတို့ လာပြီး ရှာတယ်၊ ဘယ်သူတို့လဲ ရီရီရဲ့'

ရီ။ ။ 'ဝသုံးလုံးပေါ့၊ ဒီဓာတ်ပုံ ရှင့်ဆီမှာ ရှိတယ်လို့ သူတို့သိလို့ ရှင့်စားပွဲထဲမှာ သူတို့ မွှေနှောက်ပြီး ရှာသွားတယ်၊ သူတို့လာတော့ ကျွန်မတော



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထဲ ရောက်နေပြီးပြီ၊ တွေ့သွားကြပါစေလို့ ဆုတောင်းလိုက်ရတာ မပြောပါနဲ့တော့။ အခုတော့ သူတို့က ရှင် ဖွင့်ကြည့်ပြီးပြီလို့ ထင်သွားကြတော့မှာပဲ။ သိပ်ခွကျတဲ့လူပဲ၊ ရှင်ဟာ ဘာကြောင့် ဒီအထဲ ယူထားရတာလဲ’

ညွှန့်။ ။ ‘ကျုပ်ဖြင့် ဘာမှ နားမလည်ဘူး ရီရီ’

ရီ။ ။ ‘နားမလည်တာ လည်တာ အသာထားပြီး စာတစ်ရွက် ယူလိုက်စမ်း’

မောင်ညွှန့်ဦးသည် ခိုင်းစေသည့်အတိုင်း စာတစ်ရွက်ကို ယူပြီးသော အခါ ....

ရီ။ ။ ‘ရေးစမ်း၊ ကျွန်မ ပြောသလို။ “အင်စပက်တော် ဦးလူတော် ခင်ဗျား၊ ကျွန်တော်၏ ဖခင် မသေမီတစ်ရက်က ရရှိထားသော ဓာတ်ပုံကို ကျွန်တော် ပေးပို့လိုက်ပါသည်။ ဤဓာတ်ပုံကို ကျွန်တော် ဖွင့်မကြည့်ရသေး ပါ ခင်ဗျား” ’

၎င်းနောက် မောင်ညွှန့်ဦးသည် စာကို လက်မှတ်ရေးထိုးလေရာ ခင်စိန်ရီသည် ၎င်းစာနှင့် ဓာတ်ပုံစာအိတ်ကို စာအိတ်ကြီး တစ်လုံးထဲတွင် ထည့်လေ၏။ ထို့နောက် ခင်စိန်ရီသည် စာအိတ်ကြီးကိုယူ၍ အိမ်ပေါ်မှ ဆင်းသွားလေရာ လှေကားပေါ်မှ ‘မနက်ဖြန်တော့ ရှင် အသက်ရှင်နေ သေးလျှင် ကျွန်မ လာကြည့်ဦးမယ်’ ဟု ပြောသွားလေသေး၏။

## အခန်း [ ၃၁ ]
## ခင်စိန်ရီကို ဖမ်းခြင်း

အစိုးရအဖွဲ့ အစည်းအဝေး ကျင်းပပြီးသည့်နောက် ၇ ရက်မြောက်သောနေ့၌ အစိုးရအဖွဲ့သည် ဝသုံးလုံး၏ တောင်းခံချက်ကို မပေးနိုင်ရုံမျှမက ဝသုံးလုံး နှင့်ဖြစ်စေ၊ ၎င်း၏ ကိုယ်စားလှယ်များနှင့်ဖြစ်စေ စကားပြောရန် အလိုမရှိ ကြောင်း အတိအလင်း ထုတ်ပြန် ကြေညာလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ငှင်းနေ့ ညနေ၌ ဘဏ္ဍာရေးဝန်ကြီးချုပ်သည် ချာချီလမ်း (ကိုယ်မင်း ကိုယ့်ချင်းလမ်း) ရှိသော မိမိနေအိမ်ကြီးတွင် ညေ့သည် ခင်စိန်ရီကို ညေ့ခံ ရန်အတွက် အထူးတလည် ပြင်ဆင်ထားလေရာ၊ ခင်စိန်ရီ ရောက်လာသော အခါတွင် ကုလား အစေခံတစ်ယောက်က ခရီးဦးကြို ပြုလေ၏။ ဝန်ကြီးချုပ် ၏ တစ်အိမ်လုံးတွင် ကုလားအစေခံများသာ အသုံးပြုလျက်ရှိကြောင်း ခင် စိန်ရီ သတိပြုမိ၏။

ခင်စိန်ရီသည် ညေ့ခန်းတွင် ထိုင်လျက် ခမ်းနားသိုက်မြိုက်သော အိမ်ထောင်မှုပစ္စည်းများကို ကြည့်ရှုချီးမွမ်းလျက်ရှိစဉ်၊ ဝန်ကြီးချုပ်သည် အတွင်းခန်းမှ ညေ့ခန်းသို့ ထွက်လာ၍ ရွှင်ရွှင်ပျပျ အားရပါးရရှိသော မျက်နှာ ထားမျိုးနှင့် ....

“‘သောက်ကြ စားကြ ပျော်ပါးကြပေါ့၊ နက်ဖြန်ခါ ကျွန်ုပ်တို့ သေမည် မသိနိုင်” ဆိုတဲ့ မူဆလင် စကားပုံလိုပေါ့ ခင်စိန်ရီ၊ မသေခင် ပျော်ပျော်ပါးပါးပေါ့ ဟုတ်ဖူးလား၊ ဒါထက် နောက်ဆုံးသတင်းကို ကြားပြီး ပြီလား’

ရီ။ ။ ‘မကြားသေးဘူးရှင့်၊ ဘာအကြောင်းများပါလိမ့်’

ဝန်။ ။ ‘ဝသုံးလုံးက အမတ် ၁၀ ယောက်ကို သုတ်သင်ပစ်မယ်လို့ ခြိမ်းခြောက်ထားတယ် မဟုတ်လား၊ ဒီ ၁၀ ယောက် အနက်မှာ ကျုပ်ကို နံပါတ်တစ် ထားပြီး ပထမ ရှေးဦးစွာ သုတ်သင်မယ်လို့ နောက်ထပ်ပြီး အကြောင်းကြားလိုက်ပြန်ပြီကော’

ဟု ပြောကာ ရယ်မောနေလေ၏။

ယင်းသို့ဖြစ်ပါလျက် ဝန်ကြီးချုပ်မှာ ရွှင်ပျသော မျက်နှာထားမျိုး ရှိနေသည်ကို ခင်စိန်ရီ တွေ့မြင်ရသောကြောင့် ထိုလူ၏ ဟန်ကောင်းသော အဖြစ်ကို စိတ်ထဲ၌ ချီးမွမ်းမိသေး၏။ ထို့နောက် ....

ဝန်။ ။ ‘ကျုပ်ကို သုတ်သင်ဖို့ဟာလည်း ဒီကနေ့ ညနေ ဒီအိမ်ကြီး အတွင်းမှာတဲ့ဗျ၊ သေသေချာချာ ဖော်ထုတ်ပြီး သတ်မှတ်ထားတယ်။ ဒါကြောင့်မို့လို့....’



www.burmeseclassic.com

www.burmeseclassic.com



ထိုခဏ၌ ကုလား အစေခံတစ်ယောက် ဝင်လာ၍ ခင်စိန်ရီ နား မလည်သော ဂူဂျာရတီ ဘာသာစကားဖြင့် တစ်ခွန်း နှစ်ခွန်း ပြောဆိုသွား လေ၏။

ဝန်။ ။'ကိုင်း ....ကျုပ် မော်တော်ကား ရောက်နေပါပြီ၊ ၈ မိုင် မှာ ရှိတဲ့ ကျုပ်ခြံကြီးထဲသွားပြီး လက်ဖက်ရည်သောက်ရင်း ခွေးကြည့်ချေ ရအောင် လိုက်ခဲ့ပါ။ မူလကတော့ ခွေးကို ဒီယူထားဖို့ပါပဲ၊ အခုတော့ ဝသုံးလုံးက ဒီအိမ်မှာ ကျုပ်ကို စီရင်မယ်လို့ ခြိမ်းခြောက်ထားပြန်လေတော့ နေရာပြောင်းပြီး ညှော့ခံပါရစေတော့'

ရီ။ ။'ဝန်ကြီးချုပ်ရဲ့ ခြံက ဘယ်အနားမှာလဲ'

ဝန်။ ။'သူရိယတိုက်အုပ် ဦးဘကလေးရဲ့အိမ် ဟိုဘက်နားတွင်ပါ'

ဟု ပြောပြီးနောက် ဝန်ကြီးချုပ်သည် ထိုတစ်ဝိုက်တွင် ရှိနေသော ခြံကြီးများအနက် မိမိ၏ခြံမှာ အသာအယာဆုံးဟူ၍ လူအများတို့က အသိ အမှတ် ပြုထားကြကြောင်းနှင့် ခြံအကြောင်းကို ချီးကျူးပြောပြလေ၏။

ခင်စိန်ရီမှာ ထိုမျှလောက် ကွာလှမ်းသောနေရာသို့ ဝန်ကြီးချုပ်နှင့် လိုက်ပါရန် ကြံရွယ်ချက် မရှိသော်လည်း၊ ဝသုံးလုံးထံမှ အမိန့်ကို နာခံရသည် က တစ်ဖက် ရှိနေသောကြောင့် မငြင်းဆန်တော့ဘဲ လိုက်ပါရန် သဘော တူညီရလေ၏။

ထို့နောက် ဝန်ကြီးချုပ်သည် အဝတ်အစား လဲလှယ်ရန်အတွက် အခန်းပြင်သို့ ထွက်သွားသောအခါ ခင်စိန်ရီသည် ညှော့ခန်းထဲတွင် အလှအပ သဘောမျိုးနှင့် ဆွဲချိတ်ထားသော ရှမ်းဓားကြီးများ၊ ကချင်ဓားကြီးများ၊ ဂေါ်ရခါး ဓားကောက်ကြီးများ၊ ရှမ်းဓားမြှောင်များ စသော လက်နက်များကို ချဉ်းကပ်ကြည့်ရှုလျက် ရှိလေ၏။

အတန်ငယ်ကြာလတ်သော် ဝန်ကြီးချုပ်သည် ပိုးဘောင်းဘီ အင်္ကျီကြီး နှင့် ရှုတင် ကုတ်အင်္ကျီတို့ကို ဝတ်ဆင်လျက် အခန်းထဲသို့ ပြန်ဝင်လာရာ၊ ခင်စိန်ရီ ကြည့်နေသော လက်နက်များရှိရာ နံရံအနီးသို့ ချဉ်းကပ်လျက် —



www.burmeseclassic.com

www.burmeseclassic.com



'ဒီလက်နက်တွေဟာက သာမန် လက်နက်တွေ မဟုတ်ဘူးဗျ၊ တစ်ခု တစ်ခုမှာ အတ္ထုပ္ပတ္တိ တစ်ခုစီ ရှိတာချည်းပဲ။ ဟောဟိုဓားကြီးက နတ်ရှာစံ သီပေါစော်ဘွားကြီး ကိုင်ဆောင်ဖူးတဲ့ ဓားကြီးဗျ၊ နောက်များကြုံကြိုက်ရင် သူတို့ အကြောင်းခြင်းရာတွေကို သေသေချာချာ ပြောပြရဦးမှာပေါ့။ အလို .... ဒါထက် ဒီနေရာက ရှမ်းဓားမြှောင်ကြီး ဘယ်ရောက်သွားပါလိမ့်'

ရီ။ ။ 'ကျွန်မလည်း ဒီနေရာမှာ ကွက်လပ်ဖြစ်နေလို့ ဘယ့်နှယ်ပါလိမ့်လို့ စဉ်းစားနေတာပဲ'

ဝန်။ ။ 'ပွတ်တိုက်ဖို့အတွက် ဟူစိန် ယူသွား ထင်ပါရဲ့။ ရှိပါစေလေ၊ ပြန်လာတော့မှ မေးကြည့်ရဦးမယ်'

ထို့နောက် ဝန်ကြီးချုပ်သည် ခင်စိန်ရီကို အိမ်ရှေ့၌ စောင့်နေသော မော်တော်ကားပေါ်သို့ တင်၍ ကားလည်း ထွက်လာခဲ့လေ၏။

လမ်းခရီး၌ ဝန်ကြီးချုပ်သည် ဓားမြှောင် ပျောက်နေသည့်အတွက် ...ြော်လှသည့် လက္ခဏာနှင့်၊ ယမန်နေ့ကပင် ဒုတိယ ပုလိပ်မင်းကြီးအား ...င်းဓားမြှောင်ကို ပြသရင်း ၎င်း၏ အတ္ထုပ္ပတ္တိကို ပြောပြရသေးကြောင်းများ ...နှင့် ဆက်လက် ပြောဆိုလာသေး၏။

၎င်းနောက်တွင်မူကား ဝန်ကြီးချုပ်သည် ကားပေါ်တွင် လိုက်ပါ ...စဉ် ယဉ်ကျေးဖွယ်ရာသော စကား အသုံးအနှုန်းတို့ဖြင့် စိတ်နှလုံး ရွှင်ပြုံး ...ဖွယ်ရာသော အဖြစ်အပျက်ကလေးများကို ရယ်ကာမောကာ ပြောပြလာခဲ့ ...ဂုဏ်အသရေ အရှိဆုံးသော လူကြီးလူကောင်း မိန်းမယောက်ျား ကြားရန် ...ပ်စပ်သော စကားမျိုးကို တစ်ခါတစ်ရံမျှ ပြောဆိုခြင်း မပြုခဲ့ချေ။

ဝန်ကြီးချုပ်၏ ခြံကြီးသို့ ဆိုက်ရောက်ကြသောအခါ ထိုတစ်ဝိုက် ...င် အသာယာဆုံးသော ဥယျာဉ်ကြီးတစ်ခု ဖြစ်ကြောင်းနှင့် လူအများတို့ ...မ်း ပြောဆိုကြခြင်းများမှာ နည်းပင် နည်းပေသေး၏။ မေမြို့ပန်းခေါ် ...လိပ်ပန်းပင် အမျိုးမျိုးတို့ကို သပ်ရပ်သိုက်မြိုက်စွာ စိုက်ပျိုးထားသည့်



www.burmeseclassic.com

www.burmeseclassic.com



ပြင် ရှမ်းကျွဲကောပင်၊ လိမ္မော်ပင် အစရှိသည့် ရှားပါးသော သီးပင်များကိုလည်း စုံလင်စွာ ပြုစုပျိုးထောင် ထားပေ၏။

ဘဏ္ဍာရေး ဝန်ကြီးချုပ်မှာ အခြားသော ဝန်ကြီးချုပ်များကဲ့သို့ ဝန်ကြီးချုပ် လခကို အားထားသူတစ်ယောက် မဟုတ်ဘဲ၊ ဘိုးစဉ် ဘောင်ဆက်မှ စ၍ ဓနဥစ္စာ ခိုင်လုံစွာသော သူဌေးသားတစ်ယောက် ဖြစ်သောကြောင့်၊ အခြား ဝန်ကြီးချုပ်များ မကပ်နိုင်အောင် ခမ်းနားတင့်တယ်စွာ နေထိုင်နိုင်ပေ၏။

ခြံထဲမှ နေအိမ်မှာ အလွန်အမင်း မကြီးမားလှသော်လည်း အထူးသဖြင့် သပ်ရပ်၍ နေချင်ဖွယ်ကောင်းလှဖို့ နမူနာပုံစံအတိုင်း ဆောက်လုပ်ထားလေရာ၊ နေအလွန် မပူပြင်းစေဘဲ လေကလေး တဖြူးဖြူးဝင်နိုင်သော ဧည့်ခန်းကလေးတွင် လက်ဖက်ရည်ပွဲ ပြင်ဆင်ထားရှိလေ၏။

အိမ်တွင်း၌ကား အစေခံ တစ်ယောက်မျှ မရှိသည့်အကြောင်းကို ခင်စိန်ရီ သတိပြုမိ၏။ ကုလားထိုင်၌ အသီးအသီး ထိုင်မိကြသောအခါ ဝန်ကြီးချုပ်က ....

'ကိုင်း ခင်စိန်ရီရေ့ .... ဘယ်သူမှ မရှိကြဘူး၊ တစ်ခါဖြင့် ကျွတ်ကျွတ် လွတ်လွတ် ထင်သလို စိတ်တိုင်းကျ နေနိုင်ကြပြီ'

ဟု ပြောလိုက်ရာ ၎င်း၏ အမူအရာမှာ မော်တော်ကားပေါ်၌ကဲ့သို့ တရိုတသေ မရှိတော့ဘဲ အရောတဝင် ဖြစ်လာသောကြောင့်၊ မိန်းကလေးတစ်ယောက်အဖို့ သတိပြုရန်လိုသော အချိန်အခါ ပေတည်းဟု ခင်စိန်ရီ သတိရမိ၏။

သို့ရာတွင် ခင်စိန်ရီမှာ ကျွန်ုပ်တို့ သိခဲ့ပြီး ဖြစ်သည့်အတိုင်း သတ္တိကောင်းသော မိန်းမတစ်ယောက် ဖြစ်သောကြောင့် လက်ဖက်ရည်အိုးကိုင်၍ ငှဲ့သောလက်မှာ အနည်းငယ်မျှ တုန်ယင်ခြင်း မရှိခဲ့ချေ။

ခင်စိန်ရီသည် လက်ဖက်ရည်ပန်းကန်ထဲသို့ သကြားတုံးကလေးကို ညှပ်ဖြင့် ညှပ်ထည့်ပြီးနောက် ငွေဇွန်းဖြင့် လက်ဖက်ရည်ကို မွှေလျက်ရှိစဉ်



www.burmeseclassic.com

www.burmeseclassic.com



ဝန်ကြီးချုပ်သည် မတ်တတ်ရပ်၍ အင်္ကျီကို တိုင်၌ ချိတ်လျက်ရှိရာမှ အာမပြော ညာမပြောနှင့် ရုတ်တရက် လှည့်ပြီးလျှင် ခင်စိန်ရီကို ပွေ့ယူ နမ်းရှုပ်လေ၏။

ခင်စိန်ရီသည် အနည်းငယ်မျှ တွန်းဖယ်ရုန်းကန်ခြင်း မပြုဘဲ ဣန္ဒြေကြီးလှသော မျက်လုံးများဖြင့် ဝန်ကြီးချုပ်အား စိုက်ကြည့်လျက် တည်ငြိမ်သော အသံဖြင့် ....

'ရှင့်ကို ကျွန်မ စကားတစ်ခွန်း ပြောစရာရှိတယ်'

ဟု ပြောလိုက်ရာ ပီတိသောမနဿဖြင့် စိမ့်လျက်ရှိသော ဝန်ကြီးချုပ်က--

'တစ်ခွန်းမကဘူး၊ ဟောဒီ ပါးစပ်ကလေးနဲ့ ပြောချင်သလောက် ပြောဗျား။ ပြောချင်သလောက် ပြောဗျား'

ဟု ဆိုကာ အထပ်ထပ် နမ်းရှုပ်နေလေ၏။

ခင်စိန်ရီသည် အချို့သော မိန်းမပျိုကလေးများကဲ့သို့ မိမိထက် ကာယဗလကြီးမားသူ တစ်ယောက်ကို အားတိုက်တွန်းဖယ်ရန် မကြိုးစားဘဲ၊ ချဉ်းကပ်လာသော ပါးစပ်နှင့် နှာခေါင်းတို့၏ရှေ့မှ မိမိ၏လက်ဖြင့် ဆီး၍ ဆီး၍ ကာထားလေရာ၊ ဝန်ကြီးချုပ်၏ မျက်နှာသည် ရည်ရွယ်သောနေရာသို့ မရောက်ဘဲ များသောအားဖြင့် ခင်စိန်ရီ၏ လက်ဖမိုးများပေါ်တွင် ခရီးဆုံး၍ ဆုံး၍ သွားလေ၏။

ဧည့်ခန်း၏ တစ်ခုသောထောင့်၌ ကန့်လန့်ကာ တစ်ခု ကာထားသည်ကို ခင်စိန်ရီသည် ဝင်လာကတည်းက သတိပြုမိလေရာ၊ ဝန်ကြီးချုပ်သည် ခင်စိန်ရီကို ပွေ့ဖက်ရင်း ၎င်းကန့်လန့်ကာဆီသို့ တဖြည်းဖြည်း တရွေ့ရွေ့ ပွေ့၍ ပွေ့၍ ခေါ်ယူသွားလေ၏။

ထိုအတောအတွင်း၌ ခင်စိန်ရီသည် ဝန်ကြီးချုပ် တွေးထင်သလောက် တွန်းဖယ်ရုန်းကန်ခြင်း မပြုသောကြောင့် ဝန်ကြီးချုပ်က "လွယ်ဇုန်းလွန်းလှချေတကား ...." ဟူ၍ပင် အောက်မေ့မိသေး၏။



www.burmeseclassic.com

www.burmeseclassic.com



ခင်စိန်ရီသည် နှစ်ကြိမ်တိုင်တိုင် ဝန်ကြီးချုပ်ကို စကားပြောဖို့ ကြိုးစားလေရာ ဝန်ကြီးချုပ်ကလည်း နှစ်ကြိမ်တိုင်တိုင် ပြောခွင့်မရအောင် ဖျစ်ညှစ်ထားလေ၏။ နောက်ဆုံး၌ ခင်စိန်ရီသည် ကန့်လန့်ကာဆီသို့ ကန့်လန့်ကန့်လန့်နှင့် ပါသွားလေ၏။

*

ကုလားအစေခံ နှစ်ယောက်တို့သည် ဝန်ကြီးချုပ်၏ အမိန့်အရ ခြံထောင့်၌ရှိသော တဲကလေးထဲတွင် ထိုင်၍ စောင့်နေကြစဉ်၊ အိမ်ကြီးပေါ်မှ အော်သံကြားကြသည်နှင့် မဟားတရား ပြေးလွှား လာခဲ့ကြလေ၏။

ဧည့်ခန်းထဲသို့ ရောက်ကြသဖြင့် ကန့်လန့်ကာရှိသော ထောင့်သို့ လှမ်းကြည့်လိုက်ကြသောအခါ၊ ဝန်ကြီးချုပ်မှာ ရင်ဘတ်တွင် ရှမ်းဓားမြှောင် တန်းလန်းနှင့် ကြမ်းပေါ်တွင်လဲလျက်။ မိန်းကလေး တစ်ယောက်သည်လည်း ထိတ်လန့်သော အမူအရာနှင့် မတ်တတ်ရပ်လျက် ငေးကြည့်နေသည်ကို တွေ့မြင်ကြရလေ၏။

တစ်ယောက်သော အစေခံသည် ဓားမြှောင်ကို ရင်ဘတ်မှ ဆွဲထုတ်လျက်ရှိစဉ် အခြားတစ်ယောက်သည် တယ်လီဖုန်းဆီသို့ သွားလေ၏။

ထိုအတောအတွင်း၌ မိန်းကလေးသည် နှားဝေတိမ်တောင် ကယောင်ချောက်ချား ရှိနေသော အမူအရာနှင့် အိမ်ပေါ်မှ ဆင်းလာခဲ့ရာ၊ ဝန်ကြီးချုပ်၏ကားမှာ ဒရိုင်ဘာမရှိဘဲ အိမ်ရှေ့၌ ရပ်လျက်ရှိသည်ကို တွေ့မြင်ရလေ၏။

နောက်တစ်ခဏ၌ ခင်စိန်ရီသည် ယောင်တောင်တောင် ဖြစ်နေသော အမူအရာမှ ဖျတ်လတ်သော အမူအရာသို့ ချက်ချင်းပြောင်းလဲလာ၍၊ ကားပေါ်သို့ ခုန်တက်ပြီးလျှင် စက်ကိုနှိုးလိုက်ရာ ကားကောင်းတစ်စီး ဖြစ်သည့်အတိုင်း ဝီခနဲ ချက်ချင်းနိုးလေ၏။

၎င်းနောက် ခင်စိန်ရီသည် အိမ်ရှေ့၌ခင်းထားသော ကျောက်စရစ်ခဲလမ်းတစ်လျှောက် မောင်းနှင်လာခဲ့၍ ဝင်းပေါက်အနီးသို့ ရောက်သောအခါ



www.burmeseclassic.com

www.burmeseclassic.com



အဆီးအတား တစ်ခုကို တွေ့မြင်ရလေ၏။ အကြောင်းကား ဝင်းပေါက်၌ ရှိသော တံခါးကြီးမှာ ပိတ်ဆို့လျက် ရှိနေသောကြောင့်ပေတည်း။

ခင်စိန်ရီမှာ တံခါးကို ဆင်း၍ဖွင့်ရန် အချိန်မရှိတော့ချေ။ သို့ဖြစ်၍ ကားကို နောက်သို့ အတန်ငယ်ဆုတ်ပြီးမှ ရပ်တန့်၍၊ တစ်ဖန် ရှေ့သို့သွားစေပြီးလျှင် ပထရိုလီဗာကို အားကုန်နင်းချလိုက်ရာ၊ ဆီဒင်ကားကြီးသည် ဝီခနဲ မြည်လျက် ရုတ်တရက် ကြိမ်သွင်းလိုက်သော ဒုန်းမြင်းကဲ့သို့ တစ်ဟုန်တည်း ထိုးပြေးလေတော့၏။

သံတံခါးကြီးကို ဂျိမ်းခနဲ ဝင်တိုက်၍ ကားမှ မှန်များသည် ဖွမ်းခနဲ ကွဲကြေကုန်ကြပြီးနောက် တံခါးကြီး ပွင့်သွားသဖြင့် ကားကြီးသည် အပြင်သို့ ရောက်လာ၍ ပြည်လမ်းကြီးတစ်လျှောက် တစ်ဟုန်တည်း မောင်းပြေးသောအခါ၊ ကားမီးအိမ်များနှင့် မတ်ဂတ်တို့မှာ တွန့်လိမ်ကောက်ကွေးကုန်ကြသဖြင့် သံတိုမယ်န ဖြစ်ကုန်ကြလေပြီ။ သို့ပါသော်လည်း ခင်စိန်ရီသည် ကားကို အနည်းငယ်မျှ အရှိန်လျှော့သတ်ခြင်း မပြုဘဲ ရန်ကုန်ဘက်သို့ တရကွန်း မောင်းနှင်လာခဲ့လေ၏။

ရန်ကုန်သို့ ပြန်ရောက်လာသောအခါ ခင်စိန်ရီသည် တယ်လီဖုန်းဆက်၍ မိမိကို နားထောင်လျက်ရှိသောလူအား ငိုမဲ့မဲ့ရှိသော အသံမျိုးဖြင့် အဖြစ်အပျက် အခြင်းအရာများကို ပြန်ပြောင်း ပြောပြပြီးလျှင် နောက်ဆုံးသတ် စကားဖြင့် .... 'တော်ပြီ .... တော်ပြီ၊ ကျွန်မတော့ တော်ပြီ၊ နောက်ဘယ်တော့မှ မလုပ်ချင်တော့ဘူး၊ လုပ်လည်း မလုပ်နိုင်တော့ဘူး။ တော်ပြီ — တော်ပြီ' စသည်ဖြင့် ပြောပြလျက် ရှိလေ၏။

ထိုနေ့ညနေ၌ စုံထောက် ကိုသောင်းတန်သည် ခင်စိန်ရီ၏ တိုက်ခန်းသို့ တက်လာသော အခါတွင်မူကား၊ ခင်စိန်ရီမှာ အနည်းငယ်မျှ တုန်လှုပ်သော အမူအရာမျိုး မရှိတော့ဘဲ ပမာမခန့်သော ရှေးအမူအရာအတိုင်း ရှိနေလေတော့၏။

ရီ။ ။ 'မမျှော်လင့်ဘဲနဲ့ တွေ့ရပေရှင်၊ ဝမ်းမြောက်ပါရဲ့။ ဒါထက် ရှင့်နောက်က လူက ဘယ်သူလဲ'



www.burmeseclassic.com

www.burmeseclassic.com



တန်။ ။(လှဲချွန်းကြီးရှင့်သော မျက်နှာထားနှင့်) 'ခင်စိန်ရီ၊ မယ်မင်းကို ဖမ်းဖို့ ဝရမ်း ပါလာတယ်'

ရီ။ ။ 'လုပ်ကြပြန်ပြီလား၊ရှင်၊ ပုလိပ်က ကျွန်မကိုတော့ဖြင့် ဖမ်းလို့ကို အားမရနိုင်ကြဘဲဟာကိုး။ ဒီတစ်ခါ ဘာမှုတဲ့လဲ ရှင်'

တန်။ ။ 'ဘဏ္ဍာရေး ဝန်ကြီးချုပ်ကို သေကြောင်းကြံစည်မှုတဲ့ဗျာ'

ထိုည၌ပင်လျှင် ခင်စိန်ရီမှာ စတုးဝပ်ထောင်တွင် အိပ်စက်ရလေတော့၏။

## အခန်း [၃၂]

## ဝန်ကြီးချုပ် နုတ်ထွက်ရခြင်း

စုံထောက်နှစ်ယောက်တို့သည် ခင်စိန်ရီ အကြောင်းကို ဆွေးနွေးလျက် ရှိကြ စဉ်၊ ကိုသောင်းတန်က မိမိ ဆောင်ရွက်ခဲ့ပုံ အခြင်းအရာများကို ဦးလူတော် အား ရှင်းလင်းပြောပြလျက် ရှိလေ၏။

တန်။ ။ 'ချာချီလမ်း (ကိုယ့်မင်းကိုယ့်ချင်းလမ်း) က ဝန်ကြီးချုပ် ရဲ့ အိမ်ကို ကျွန်တော် ရောက်သွားတော့ ခင်စိန်ရီနဲ့ ဝန်ကြီးချုပ်နဲ့ဟာ ရှစ်မိုင်နားက ခြံကို သွားကြပြီလို့ ကျွန်တော် သိရတယ်။ ဘယ်သူက ဘယ်သူ့ ကို သွေးဆောင်သွားတယ်လို့တော့ ကျွန်တော် မပြောတတ်ဘူး။ ခင်စိန်ရီဟာ ဝသုံးလုံးအထဲမှာ သာမန် ကိုယ်စားလှယ်တစ်ယောက်မှ ကပါလေရဲ့လားလို့ ကျွန်တော့်စိတ်ထဲမှာ မသင်္ကာနေတာ တော်တော်ကြာပြီ။ ဒါနဲ့ ဝန်ကြီးချုပ် အတွက် စိုးရိမ်မကင်းဖြစ်ပြီး ကျွန်တော် ချက်ချင်းလိုက်သွားလိုက်တာ ဒါ တောင် မမီလိုက်တော့ဘူး၊ နောက်ကျနေပြီ။ ဟိုရောက်တော့ ဝန်ကြီးချုပ် ဓားနဲ့ထိုးပြီး ဝန်ကြီးချုပ်ကားနဲ့ ထွက်ပြေးနှင့်နေပြီဗျ။ သံတံခါးကြီး တိုးထွက်ပုံတော့ တကယ့်သတ္တိပဲဗျာ၊ ဒီမိန်းကလေးဟာ....'

တော်။ ။ 'ဝန်ကြီးချုပ်ကောဗျ'



www.burmeseclassic.com

www.burmeseclassic.com



တန်။ ။ 'ရှင်ကောင်း ရှင်ပါလိမ့်မယ်၊ အသားထွက်တဲ့နေရာ ကျသွားလေတော့ ဒဏ်ရာက ထင်သလောက် မနက်လှဘူးတဲ့ဗျ။ ဒါထက် ထိုးတဲ့ဓားမြှောင်ဟာက ခုနင်ကကလေးတွင် ဝန်ကြီးချုပ်ရဲ့ အိမ်က ခင်စိန်ရီ ဖွက်ယူလာခဲ့တဲ့ ဓားမြှောင်ဆိုကိုးဗျ။ ဓားနဲ့ မထိုးမီက အဖြစ်အပျက်ကိုတော့ ဝန်ကြီးချုပ်က တယ်ပြီး ရှင်းရှင်းလင်းလင်း ပြောပြချင်ဟန် မတူဘူး'

တော်။ ။ 'အခန်းဟာက ဘယ်လို အခန်းမျိုးလဲဗျ'

တန်။ ။ 'ကျွန်တော်တို့ အချင်းချင်းမို့ ပြောရတော့မယ်။ အခန်း ပြင်ဆင်ထားပုံ၊ ကန့်လန့်ကာရဲ့ အတွင်းမှာ လေမွှေ့ရာကြီးနဲ့ စီစဉ်ထားပုံတွေ ကြည့်လိုက်တော့ ဝန်ကြီးချုပ်ဟာ မိန်းမတွေကို ကွင်းထောင်ဖမ်းတဲ့ အခန်းနဲ့ တူတယ်။ သူ့ တွေ့တော့လည်း ကန့်လန့်ကာနားမှာ တွေ့ရတယ်'

ဦးလူတော်မှာမူ ကိုသောင်းတန်၏ စကားကို ကောင်းစွာ နားစိုက်ဟန် မတူဘဲ ထစ်စုံတစ်ခုကို တွေးတောနေသည့် အမူအရာနှင့် ဦးခေါင်း ငိုက်စိုက် ဖြစ်နေလေ၏။

*

ဦးလူတော်သည် ခင်စိန်ရီ၏ အကြောင်းကို ကြားရသည်နှင့် တစ်ပြိုင်နက် မောင်ညွန့်ဦးကို သတိရသည်နှင့် ၎င်း၏နေအိမ်သို့ မော်တော်ကားဖြင့် အပြေးအလွှား မောင်းနှင်သွားလေ၏။

ဦးလူတော်မှာ မောင်ညွန့်ဦး အပေါ်တွင် ယခုတလော၌ အတော်ပင် စေတ္တာသက်ဝင်နေဟန် တူပေ၏။ မောင်ညွန့်ဦးမှာ ခင်စိန်ရီ၏အကြောင်းကို ကြားသိနှင့်ပြီး ဖြစ်သောကြောင့် ဦးလူတော် ရောက်သွားသောအခါတွင် အကြီးအကျယ် စိတ်ညစ်ညူးလျက် ရှိနေလေ၏။

ညွန့်။ ။ 'ပေးချင်သလောက် ပေးရပါစေ ဦးလူတော်ရယ်၊ အကောင်းဆုံး ဝတ်လုံကိုရှာပြီး ငှားပါ့မယ်ခင်ဗျာ နော်။ ပြောလို့သာ ပြောရတယ်၊ ဦးတို့က ပုလိပ်ဆိုတော့ တရားလိုဘက်က နေမှာပေါ့နော်'



www.burmeseclassic.com

www.burmeseclassic.com



တော်။ ။ 'ဝတ္တုရားအတိုင်းတော့ ဟုတ်တာပေါ့၊ နို့ပေမဲ့ ကျုပ်လည်းပဲ ခင်စိန်ရီကို မခင်ဘဲ မနေနိုင်အောင် ဖြစ်နေပြီ'

ညွှန့်။ ။ 'ဦးကတောင်လေ'

တော်။ ။ 'ကျုပ်တို့လည်း လူသားပါပဲ၊ ကျူးလွန်တဲ့ ပြစ်မှုက တခြား၊ ချစ်ခင်ဖို့ကောင်းတဲ့ အရည်အချင်းမျိုး ရှိတာက တခြားကိုး မောင်ရဲ့'

ညွှန့်။ ။ 'ဒါထက် တစ်ခု မေးပါရစေ ဦးရယ်၊ ခင်စိန်ရီဟာ ဝသုံးလုံး ခေါင်းဆောင်ရယ်လို့ ဦးကိုယ်တိုင် ယုံကြည်ပါသလား ဦးရယ်'

တော်။ ။ 'ဝသုံးလုံး အကြောင်းကိုတော့ မမေးနဲ့တော့လေ၊ ကျုပ်စိတ်ကို အမှန်အတိုင်း ပြောရမှာဖြင့် သာသနာပိုင် ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် ဝသုံးလုံးခေါင်းဆောင် ဖြစ်တယ်လို့ နောက်ဆုံးတစ်နေ့မှာ ပေါ်လာရင်တောင် ကျုပ်တော့ဖြင့် မအံ့ဩတော့ဘူး။ နောက်ဆုံး ဝသုံးလုံးပေါ်တဲ့နေ့မှာ ကျုပ်တို့တစ်တွေအားလုံး အလန့်တကြား ဖြစ်ကုန်ရလိမ့်မယ်လို့ ကျုပ် တွက်ထားပြီးပဲ။ ဝသုံးလုံးအမှုကို စုံစမ်းလို့ တော်တော်ကလေးသိလာတဲ့နေ့က စပြီး ဝသုံးလုံးဟာ ဖြစ်ချင်တဲ့လူ ဖြစ်နေလိမ့်မယ်လို့ ကျုပ်ပြင်ဆင်ထားပြီးပဲ။ အစကတည်းက ကျုပ်စိတ်ထဲမှာတော့ မောင်ပဲ ဝသုံးလုံးဖြစ်ချင်ဖြစ်မယ်၊ ဦးကျော်ခဲ ဖြစ်ချင်ဖြစ်မယ်၊ စုံထောက်မင်းကြီး ကိုယ်တိုင် ဖြစ်ချင်ဖြစ်မယ်၊ ကိုသောင်းတန် ဖြစ်ချင်ဖြစ်မယ်၊ ခင်စိန်ရီ ဖြစ်ချင်ဖြစ်မယ်၊ ဖြစ်ချင်တဲ့လူ ဖြစ်နိုင်တယ်လို့ ကျုပ် တွက်ထားပြီးပဲ'

ညွှန့်။ ။ 'ဒီလိုဆိုရင်ဖြင့် ဦးလည်းပဲ ဖြစ်ချင်ဖြစ်နေမှာပေါ့'

တော်။ ။ 'ဒါကို ကျုပ် မငြင်းပါဘူး၊ အမေကတော့....'

ညွှန့်။ ။ 'ဦးရဲ့အမေဟာ ခုပုံတော့ တော်တော်ထူးတဲ့ ပုဂ္ဂိုလ်ကြီးပဲနော်၊ သူကကော ဝသုံးလုံးအကြောင်း ထင်မြင်ချက်များ ပေးဖော်ရသလား'

တော်။ ။ 'အမေလား၊ အမေကတော့ ပထမဦးဆုံး ဝသုံးလုံး လူသတ်မှု ပေါ်လာကတည်းက တစ်ထစ်ချ ပြောထားတာပဲ'

ညွှန့်။ ။ 'တစ်နေ့နေ့တော့ ဦးရဲ့ အမေကြီးနဲ့ တွေ့ရအောင် ကျွန်တော် လာခဲ့ပါဦးမယ် ခင်ဗျာ'



www.burmeseclassic.com

www.burmeseclassic.com



တော်။ ။ 'ခု .... ဒါထက် နက်ဖြန်မှာ ခင်စိန်ရီကို ရမန်ခံပြီး ချုပ်ရလိမ့်မယ်'

ညွန့်။ ။ 'အာမခံများ ရနိုင်ပါ့မလား ဦးရယ်'

တော်။ ။ 'မရပေဘူး၊ ထောင်ကြီးထဲမှာ ချုပ်ထားရလိမ့်မယ်'

*

နောက်တစ်နေ့၌ ခင်စိန်ရီကို ရမန်ခံဖို့ စစ်ဆေးရာတွင် တစ်ရုံးလုံး ပြည့်နှက်လျက် ရှိ၏။ ဘဏ္ဍာရေး ဝန်ကြီးချုပ်မှာ သက်သေခံနိုင်လောက်အောင် မကျန်းမာသေးသော်လည်း ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်လိုက်လေပြီ။ နန်းရင်းဝန်ကြီးသည် ခင်စိန်ရီအကြောင်းနှင့် ပတ်သက်၍ ဘဏ္ဍာရေး ဝန်ကြီးချုပ်ထံ ရှက်လောက်သော စာတစ်စောင်ကို ရေးသားပေးပို့လိုက်ရကား၊ "သားရေထူ" လှသော ဘဏ္ဍာရေး ဝန်ကြီးချုပ်ပင်လျှင် အစိုးရအဖွဲ့တွင် မနေနိုင်တော့ဘဲ နုတ်ထွက်ခဲ့ရလေပြီ။

## အခန်း [ ၃၃ ]
## ထွက်ပြေးခြင်း

ဘဏ္ဍာရေး ဝန်ကြီးချုပ်အား လုပ်ကြံသောအမှုသည် အစိုးရအဖွဲ့ တစ်ခုလုံးကို တုန်လှုပ်ချောက်ချားစေခဲ့၏။ ဘဏ္ဍာရေးဝန်ကြီးချုပ် တစ်နံပါတ်ဟူ၍ သတ်မှတ်ပေးလိုက်သည့်အတိုင်း ဖြစ်ပျက်နေခဲ့ပြီ ဖြစ်ရာ၊ နောက်တစ်လှည့်တွင် နန်းရင်းဝန်ကိုယ်တိုင် ဖြစ်နေလိမ့်မည်လောဟု မည်သူမျှ မပြောနိုင်အောင် ဖြစ်နေကြလေ၏။

အစိုးရအဖွဲ့သည် အင်စပက်တော် ဦးလူတော်ကို ဆင့်ခေါ်လေရာ၊ ဦးလူတော်မှာ နန်းရင်းဝန်ကြီးနှင့် နှစ်နာရီတိုင်တိုင် နှစ်ယောက်တည်း ဆွေးနွေးတိုင်ပင်ကြလေ၏။ ထိုနောက် အစိုးရအဖွဲ့လည်း အစည်းအဝေး



www.burmeseclassic.com

www.burmeseclassic.com



ကျင်းပလေရာ သတင်းစာများလည်း ထင်မြင်ချက်များ ရေးသားကြသေး၏။

စုံထောက် ကိုသောင်းတန်သည် ထိုညဉ့်၌ နေအိမ်သို့ ပြန်ရောက်လာသောအခါ ဦးလူတော်သည် အပေါက်မှ စောင့်ဆိုင်းလျက် ရှိလေ၏။

တန်။ ။'ဘယ့်နှယ် ဘာများ ဖြစ်ပြန်ပြီလဲ ခင်ဗျာ'

တော်။ ။'ကျုပ် ရာထူးမှ နုတ်ထွက်ဖို့ဟာကတော့ ဆုံးဖြတ်ပြီးပါပဲ။ နို့ပေမဲ့ နန်းရင်းဝန်က မူလ စီစဉ်ထားသည်ထက်တောင် စောစောထွက်စေချင်တယ်တဲ့ဗျ။ ထွက်ရုံ ထွက်ရလို့ ကိစ္စမရှိသေးပါဘူး၊ ခက်နေတာ တစ်ခုက ယခုတလော ကျုပ်တို့ စီမံနေတာတွေကို အစိုးရအဖွဲ့က မကျေနပ်တော့ ကျုပ်ကိုယ်တိုင် ရှင်းလင်းပြောပြစေလိုတယ်တဲ့ဗျ'

တန်။ ။'ဘယ်ပုံ ရှင်းလင်းရမှာတဲ့လဲ'

တော်။ ။'ဝန်ကြီးချုပ်တွေကို အစည်းအဝေးခေါ်ပြီး သူတို့ရှေ့မှာ ကျုပ်က ရှင်းပြရမယ်တဲ့ဗျ။ ဒီတော့ ခင်ဗျားက တစ်ဆိတ်လောက် ကျုပ်ကို ကူညီပါဗျာ'

တန်။ ။'စိတ်သာချ၊ လိုချင်တာပြော၊ ကျုပ် ကူပါ့မယ်'

တော်။ ။'ကျုပ်တို့ စီမံခဲ့ပုံတွေကို ရှင်းလင်းပြောပြတဲ့အခါမှာ အခက်အခဲ တစ်ခုဟာက ဘာလဲဆိုတော့ ကျုပ်တို့ ပုလိပ်တွေထဲမှာ ဝသုံးလုံးကို ကူညီအားပေးတဲ့ လူတစ်ယောက် ရှိနေတယ်လို့ ကျုပ် ထင်တယ်ဗျာ'

တန်။ ။'ကျွန်တော်လည်း ဒီအတိုင်း ထင်ခဲ့လို့ ပြောဖူးလှပြီမဟုတ်လား'

တော်။ ။'မှန်ပါတယ်၊ ဥပမာဆိုရင် မောင်ညွှန့်ဦးက ကျုပ်ဆီကို ဓာတ်ပုံတစ်ခု ပို့လိုက်တော့ ခင်စိန်ရီက စာတိုက်က ထည့်လိုက်တယ်လို့ ပြောတယ်။ ကျုပ်ဆီရောက်လို့ ကြည့်လိုက်တော့ ဓာတ်ပုံ မဟုတ်တော့ဘူးဗျ၊ ဗလာကားချပ်တစ်ခု ဖြစ်နေတော့တယ်။ ဒီတော့ကာ ကျုပ်တို့ ပုလိပ်ရုံးက လူတစ်ယောက်ယောက်က ဖွင့်ကြည့်ပြီး လဲထားလိုက်ဖို့ဟာပေါ့ဗျ'



www.burmeseclassic.com

www.burmeseclassic.com



တန်။ ။'ဘာခေတ်ပုံလဲဗျ'

တော်။ ။'ကြိုးစင်တင်ပုံ ဆိုတဲ့ ဦးဘိုးအောင်ရဲ့ စာရွက်စာတမ်းတွေထဲက မောင်ညွှန့်ဦး တွေ့တဲ့ ခေတ်ပုံပေါ့။ ဘိုဝဆိုလား၊ ဘာဆိုလား ခေးပြဲတစ်ယောက်ပဲပေါ့ဗျာ'

တန်။ ။'ဒီကိစ္စမှာတော့ ခင်စိန်ရီကိုလည်း ယုံစရာ မရှိဘူးဗျ၊ သူက ထည့်လိုက်ပါတယ် ဆိုပေမဲ့ လဲယူထားချင် ထားမှာပဲ။ ဒီမိန်းကလေးဟာက ဝသုံးလုံးထဲမှာ အသင်းသား တစ်ယောက်လောက် က မယ် မထင်ဘူး၊ ဘာကြောင့်လဲဆိုတော့ သူ့အိမ်ကို ကျွန်တော် တိတ်တိတ် ဝင်ရှာခဲ့တော့ ယောဘတာတွေ တွေ့ခဲ့ရတယ်'

ယင်းသို့ပြောဆိုလျက် ကိုသောင်းတန်သည် သားရေအိတ် တစ်ဖက်နှင့် ဆင်စွယ်ရိုးတပ် ဓားမြှောင်တစ်ခုကို ထုတ်ပြလေရာ လက်အိတ်မှာ လက်ဝဲဘက်အတွက် ဖြစ်လေ၏။

တန်။ ။'ဦးထွန်းတင်ရဲ့ အခန်းထဲမှာ တွေ့တာက လက်ယာဘက် လက်အိတ် ဖြစ်လေတော့ ဒီဟာနဲ့ တစ်စုံပဲလို့ ကျုပ်ဆိုချင်တယ်၊ ဒီအတိုင်း မှန်ရင် ခင်စိန်ရီဟာ ဝသုံးလုံးထဲမှာ သာမန်အသင်းသား မဟုတ်နိုင်ဘူးဗျ'

တော်။ ။'ဟုတ်ပါလိမ့်မယ်၊ သို့သော် ဘယ်လိုပဲဖြစ်စေ အစည်းအဝေးမှာ ကျုပ် ရှင်းပြတဲ့ အခါကျတော့ ခင်ဗျားက ထောက်ခံပြီး ပြောပါဗျနော်'

တန်။ ။'စိတ်သာချပါ ဦးလူတော်ရယ်'

*

ထိုစဉ်အခါက ဝသုံးလုံးနှင့် ပတ်သက်၍ အံ့သြဖွယ်သော အဖြစ်အပျက်များသည် တစ်နေ့ပြီးတစ်နေ့ ဆက်လက်ဖြစ်ပွားလျက်ရှိရာ၊ မြို့သူမြို့သားတို့ အထူးသဖြင့် တုန်လှုပ်ချောက်ချားစေသော သတင်းတစ်ရပ်မှာကား ရဲဘုန်ထောင်ကြီးမှ တရားခံ ခင်စိန်ရီ လက်လွတ် ထွက်ပြေးသွားသည် ဆိုသော သတင်းပင် ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



စုံထောက် ကိုသောင်းတန်မှာ ဝသုံးလုံးနှင့် ပတ်သက်သော သတင်းများကို သူတစ်ပါးနည်းတူ အံ့ဩခဲ့လှသည်ဖြစ်ရာ၊ ထိုသတင်းကို သတင်းစာတွင် တွေ့မြင်ရသော အခါတွင်မူကား သောက်နေသော ကော်ဖီခွက်ပင် လွတ်ကျလုမတတ် တုန်လှုပ်ချောက်ချားခြင်း ဖြစ်ခဲ့မိလေ၏။ သတင်းစာတွင် ဖော်ပြပါရှိသည်ကား ....

"တရားခံ ခင်စိန်ရီမှာ ဝသုံးလုံးနှင့် ဆက်သွယ်ခြင်း ရှိလိမ့်မည်ဟု သက်သေမကင်း ရှိနေသည် ဖြစ်သောကြောင့် ၎င်းအား စောင့်ကြပ်ရာတွင် အထူးတလည် သတိပြု စီမံထားရှိကြောင်း၊ ၎င်း၏အခန်းကို ထုံးစံအတိုင်း တစ်နာရီ တစ်ခေါက်ကျ ဝင်ရောက်ကြည့်ရှုံနှင့် အားမရသောကြောင့် နာရီတစ်ဝက်လျှင် တစ်ကြိမ် ကြည့်ရှုရန် စီမံထားခဲ့ကြောင်း၊ နံနက် ၃ နာရီ အချိန်တွင်လည်း ထောင်ပိုင် အရာရှိကိုယ်တိုင် အခန်းတွင်းသို့ ချောင်းကြည့်ရန် ဖောက်လုပ်ထားသော အပေါက်ငယ်မှ ချောင်းကြည့်သောအခါ တရားခံ ခင်စိန်ရီ ရှိနေသေးကြောင်း၊ နံနက် ၆ နာရီအချိန်တွင် အခန်းတံခါးကို ထုံးစံအတိုင်း ဖွင့်သော အခါတွင်မူကား တရားခံမှာ အစအနမျှ မတွေ့မြင်ရတော့ကြောင်း၊ ပြတင်းပေါက် သံတိုင်များမှာ နေရာမပျက် ကောင်းမွန်စွာ ရှိနေသည့်ပြင် တံခါးကိုလည်း တစ်စုံတစ်ရာမျှ နှောင့်ယှက်ဖျက်ဆီးထားသော အထိမ်းအမှတ်များ မတွေ့ရကြောင်း ....။

တရားခံသည် အုတ်နံရံပေါ်မှလည်း ကျော်ထွက်ရန် မဖြစ်နိုင်သည့်ပြင် မြေပြင်မှ လျှောက်သွားခဲ့လျှင်လည်း အစောင့်အရှောက်များ ပြည့်နှက်နေသော ဝင်းခါးကြီး သုံးတန်ကို ဖွင့်ထွက်မှသာ ဖြစ်နိုင်မည် ဖြစ်သော



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် မည်သည့်နည်းနှင့် လွတ်မြောက်သွားသည်ကို မတွေးတောတတ်အောင် ရှိနေကြောင်း၊ ဝသုံးလုံးသည် ဝန်ကြီးချုပ်များ၏ အသက်ကို လုပ်ကြံမည်ဟု ခြိမ်းခြောက်ထားသော ဤအချိန်အခါမျိုးတွင် ဤကဲ့သို့ အံ့ဖွယ်သရဲ ဖြစ်လောက်အောင် အစွမ်းသတ္တိ ပြလိုက်ခြင်း ဖြစ်သောကြောင့် အစိုးရအဖွဲ့ရော ပုလိပ်ဌာနဘက်ပါ အထူးသဖြင့် တုန်လှုပ်ချောက်ချားခြင်း ဖြစ်နေကြရကြောင်း ....။"

ကိုသောင်းတန်မှာ ကော်ဖီကိုပင် ကုန်စင်အောင် မသောက်နိုင်တော့ဘဲ ဦးလူတော်ထံသို့ အပြေးအလွှား ထွက်လာခဲ့လေ၏။

တန်။ ။ 'ကျွန်တော်ဖြင့် ယုံတောင် မယုံကြည်နိုင်သလောက် ဖြစ်နေပြီကောဗျာ၊ ကေန်မုချ ထောင်ထဲမှာ သူတို့လူ ရှိရမယ် ဦးလူတော်ရဲ့'

တော်။ ။ 'ကျုပ်လည်း ဒီအတိုင်း တွေးနေတာပဲ'

ဦးလူတော်သည် ထိုစကားကိုပြောလိုက်သောအခါ၌ ၎င်း၏ မျက်နှာထားမှာ အရေးကိစ္စ ကြီးသလောက် ပျာပျာသလဲရှိဟန် လက္ခဏာ မရှိလေရကား၊ ကိုသောင်းတန်သည် ထူးဆန်းသော ကြည့်ခြင်းမျိုးဖြင့် ဦးလူတော်အား တစ်ချက်မျှ လှမ်းကြည့်လိုက်သေး၏။

## အခန်း [၃၄]

## ဝသုံးလုံးသည် မည်သူ ဖြစ်သနည်း

ကိုသောင်းတန်သည် ဦးလူတော်နှင့် ခွဲခွာပြီးနောက် နှစ်ရက်တိုင်တိုင် မနေ့ကဘဲ ရှိခဲ့သော မိမိ၏ အလုပ်တိုက်သို့ သွားလေရာ၊ မိမိ၏ အလုပ်ခန်းမှာ အရှိဖရဲ ဖြစ်နေသည်ကို တွေ့မြင်ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



၎င်း၏ အလုပ်တိုက်မှာ အပြင်မှလူများ စာထည့်ခဲ့ရန်အတွက် စာပုံး တစ်လုံး တည်ခင်းထားရာ စာပုံးကို ဖွင့်ကြည့်လိုက်သောအခါတွင် အနည်းဆုံး စာပေါင်း ဆယ့်လေးငါးစောင် နေ့စဉ် တွေ့ရှိနေမြဲဖြစ်သော စာပုံးမှာ စာတစ်စောင်မျှ မတွေ့ရဘဲ ဗလာဟောင်းလောင်း ဖြစ်နေလေ၏။

ထို့နောက် ၎င်း၏ စားပွဲအံဆွဲနှင့် မီးခံသေတ္တာများမှာလည်း ဟောင်းလောင်းကြီး ဖြစ်နေကြသည့်ပြင် စာရွက် စာတမ်းများမှာလည်း ကစဉ့်ကရဲ ကြဲပြန့်လျက် ရှိလေတော့၏။

သို့ဖြစ်ရကား တစ်စုံတစ်ယောက်သောသူသည် မိမိ၏ ပစ္စည်းများကို မွှေနှောက်ထားကြောင်း ထင်ရှားသည့်ပြင် ယင်းကဲ့သို့ မွှေနှောက်ခဲ့သော သူမှာလည်း အခြားမဟုတ်၊ ခင်စိန်ရီပင် ဖြစ်ရမည်ဟု ကိုသောင်းတန် တွေးမိလေ၏။

သို့ရာတွင် ကိုသောင်းတန်သည် သေချာသည်ထက် သေချာစေခြင်းငှာ ဒရဝမ်ကို ခေါ်ယူမေးမြန်းကြည့်ရာ၊ ရုပ်ရည်ချောလှသည့် ကိုသောင်းတန်၏ စာရေးမကလေးသည် လွန်ခဲ့သည့် တစ်နာရီလောက်ကပင် တိုက်ခန်းထဲသို့ ဝင်သွားသည်ကို မြင်လိုက်ရကြောင်း၊ ခင်စိန်ရီ အလုပ်မှ ထွက်ပြီးသည်ကို မိမိ မသိရသောကြောင့် အလုပ်လုပ်သည် ထင်မှတ်၍ ကြည့်နေလိုက်ကြောင်းနှင့် ဒရဝမ်က ပြောပြလေ၏။

ထိုအခါ ကိုသောင်းတန်သည် ဦးလူတော်ထံ ဒုတိယအကြိမ် သွားရောက်ပြန်၍ အဖြစ်အပျက် အခြင်းအရာများကို ပြောပြလေ၏။

တန်။ ။ 'ကျွန်တော် ဖွင့်မပြောခဲ့တဲ့ ထင်မြင်ချက်တစ်ခုကို ယခုမှ ကျွန်တော် ပြောတော့မယ် ဦးလူတော်။ ကျွန်တော့်သဘောအရတော့ ဖြင့် ဝသုံးလုံးဆိုတာ မော်တော်ကားနဲ့ ခေါ်ပြီး စကားပြောတဲ့ လူပဲ၊ တချို့က ပြောနေကြသော်လည်း အမှန်အတိုင်းမှာ ဝသုံးလုံး ဆိုတာ ဒီပြင်လူ မဟုတ်ဘူး၊ ကျွန်တော်တို့ ခင်စိန်ရီ ဖြစ်ရမယ် ဦးလူတော်ရဲ့'

တော်။ ။ 'ဟုတ်နိုင်ပါ့မလားဗျာ ....'



www.burmeseclassic.com

www.burmeseclassic.com



တန်။ ။ 'ဟုတ်တာမှ ဆယ်ခါတောင် ဟုတ်သေးတယ်၊ ဒီဟာကို ရိပ်မိလို့ သူ့ကို ကျွန်တော်က တမင်ခေါ်ပြီး အလုပ်ပေးထားတာ ခင်ဗျ။ သူ့ကို လက်ကိုင်ပြုထားရင် ဝသုံးလုံးဆီကို ရောက်ဖို့လမ်း ဖြူးနေတယ်လို့ ကျွန်တော် တွက်ပြီးသားပဲ'

တော်။ ။ 'ဒါဖြင့် ဘာကြောင့် သူ့ကို အလုပ်မှ ထုတ်ပစ်လိုက်သလဲဗျာ'

တန်။ ။ 'ထုတ်လောက်တဲ့ အပြစ်မျိုးတစ်ခု ကျူးလွန်ထားတာကိုး ခင်ဗျ။ ဒီအပြစ်မျိုး ကျူးလွန်ထားပါလျက်နဲ့ ကျွန်တော်က ဆက်လက်ပြီး ထားမယ်ဆိုရင် ကျွန်တော့်မှာ အကြံအစည် ရှိတယ်ဆိုတာကို သူ ရိပ်မိသွားတော့မှာပေါ့ ခင်ဗျ'

တော်။ ။ 'ဒါတော့လည်း ဟုတ်ပါပေရဲ့လေ'

တန်။ ။ 'ကိုင်း .... ဒါထက် ဝန်ကြီးချုပ် အစည်းအဝေးမှာ ခင်ဗျားက ရှင်းလင်း ပြောပြပြီးတဲ့ အခါကျတော့ ကျွန်တော်ကလည်း ထူးထူးဆန်းဆန်း ပြောပြစရာ ရှိသေးတယ်၊ ဒီတော့မှပဲ ပြောကြစို့ရဲ့'

ကိုသောင်းတန်သည် ဦးလူတော်ထံမှ ထွက်လာခဲ့၍ မိမိနေအိမ်သို့ ရောက်သောအခါ ထပ်မံ၍ အံ့သြဖွယ်ရာ တစ်ခု တွေ့ကြုံရပြန်လေ၏။

အကြောင်းမှုကား ကိုသောင်းတန်၏ နေအိမ်ရှိ စားပွဲ၊ ဗီရို စသော အိမ်ထောင်မှုများမှာ တစ်ခုမကျန် ဖွင့်လှစ်မွှေနှောက်ထားကြောင်း တွေ့ရပြန်သောကြောင့်ပေတည်း။

သို့ဖြစ်ရကား ခင်စိန်ရီသည် ၁၂ နာရီသော အချိန်အတွင်းတွင် ထောင်ကြီးမှ လွတ်ထွက်၍ ကိုသောင်းတန်၏ အလုပ်တိုက်နှင့် နေအိမ်များတွင် ဝသုံးလုံးနှင့် သက်ဆိုင်သော စာရွက်စာတမ်းများကို မွှေနှောက် ရှာဖွေပြီးခဲ့ပေပြီ။

ကိုသောင်းတန်မှာ ဆိုးသည်ဖြစ်စေ၊ ကောင်းသည်ဖြစ်စေ အကြံဉာဏ် ကောင်းခြင်းတည်းဟူသော အရည်အချင်းကို နှစ်နှစ်ကာကာ ချီးမွမ်း



www.burmeseclassic.com

www.burmeseclassic.com



တတ်သော ဝါသနာ ရှိပေရကား၊ မိမိ၏ ပစ္စည်းများကို ကြည့်ရှုရင်း "တယ်တော်တဲ့ သူငယ်မ၊ တယ်တော်တဲ့ သူငယ်မ" စသည်ဖြင့် ရေရွတ်ကာ ချီးမွမ်းလျက် ရှိလေ၏။

အစည်းအဝေးအချိန် နီးကပ်လာလတ်သော် ကိုသောင်းတန်သည် အတွင်းဝန်ရုံးသို့ ထွက်လာခဲ့ရာ စကြံဝတွင် မောင်ညွှန့်ဦးနှင့် တွေ့လေ၏။

မောင်ညွှန့်ဦးမှာ ဦးလူတော်က မိမိ ရှင်းလင်းရမည့် ကိစ္စတွင် မောင်ညွှန့်ဦးတစ်ယောက် ရှိထိုက်ပါသည်ဟု နန်းရင်းဝန်အား အစီရင်ခံထားသောကြောင့် အပါးတော်မြဲက ဖိတ်ခေါ်ထားခြင်း ဖြစ်လေသည်။

နှုတ်ခွန်းဆက်သကြပြီးနောက် ကိုသောင်းတန်နှင့် မောင်ညွှန့်ဦးတို့သည် အစည်းအဝေးခန်းဝတွင် ရပ်လျက်ရှိကြရာ၊ ရုံးပြာတာက ထွက်၍ခေါ်သောကြောင့် ဝင်သွားကြသော အခါတွင် နန်းရင်းဝန်နှင့်တကွ အခြားသော ဝန်ကြီးချုပ်များကို တွေ့ရှိကြလေ၏။

တစ်ခဏမျှ ကြာလတ်သော် ဦးလူတော်နှင့် စုံထောက်မင်းကြီးတို့ ဝင်လာကြသည်နှင့် လူစုံလင်ခဲ့လေပြီ။ စုံထောက်မင်းကြီးသည် နန်းရင်းဝန်နှင့် တစ်ခဏမျှ တီးတိုးစကား ပြောနေကြ၏။

နောက်ဆုံး၌ လူကြီးများသည် မိမိတို့နေရာတွင် အသီးအသီး ထိုင်မိကြသောအခါ နန်းရင်းဝန်က ....

'ကိုင်း .... အင်စပက်တော်၊ ပြောစရာရှိတာကို ပြောနိုင်ပြီ'

ဟု ပြောလိုက်သည်နှင့် ဦးလူတော်သည် ထိုင်ရာမှ ထ လေ၏။

တော်။ ။'နန်းရင်းဝန်ကြီးနှင့် ဝန်ကြီးချုပ်အပေါင်းတို့ ခင်ဗျား၊ ကျွန်တော်၏ အလုပ်မှာ စကားပြောရသော အလုပ်မျိုး မဟုတ်ပါသောကြောင့် စီကာပတ်ကုံးနှင့် ပဋိပါစဉ်ညီအောင် မပြောတတ်ခြင်းကို သည်းခံစေလိုပါသည်။ ဝသုံးလုံး ဆိုသူမှာ ကသာမြို့၌ လူသတ်မှုနှင့် ကြိုးမိန့်ကျပြီးနောက် ကြိုးပြတ်၍ မသေသည့်အတွက် တစ်ကျွန်းတစ်သက် အပြစ်ဒဏ်သို့ ပြောင်းလဲ ခံစေခဲ့သည့် ဘိုဝအမည်ရှိ ဓားပြတစ်ယောက်ပင် ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



'အမည်ရင်းမှာ လူဝလည်း ခေါ်ပါသည်၊ မောင်ဝလည်း ခေါ်ပါသည်။ ကြိုးမိန့်ကျစဉ်က ၎င်း၏အသက်မှာ ၂၃ နှစ်နှင့် ၄ လ မျှသာ ရှိပါသေးသည်။ တစ်ကျွန်းသို့ ပို့ပြီးနောက် လူဝသည် ထောင်မှူးတစ်ယောက်ကို သတ်၍ ဖောင်ကလေးနှင့် ပင်လယ်ကို ဖြတ်ကူးပြီးလျှင် ယိုးဒယားပြည် (ထိုင်းနိုင်ငံ) သို့ ဆိုက်ရောက်လာခဲ့ပါသည်။

'ဘိုဝခေါ် လူဝသည် ယိုးဒယားပြည်(ထိုင်းနိုင်ငံ) သစ်တောဘက်တွင် တောခေါင်းအလုပ်နှင့် နှစ်နှစ်တိုင်တိုင် လုပ်ကိုင်နေစဉ် သစ်တောအရာရှိ တစ်ယောက်ကို ငွေညှစ်တောင်းသောအမှုနှင့် တစ်ဖန် ထွက်ပြေးခဲ့ရပြန်ပါသည်။

'၎င်းနောက် ဘိုဝသည် မည်သည့် အရပ်ဒေသတွင် ငုပ်ကွယ်နေသည် မသိရဘဲ နှစ်နှစ်ကျော်ကျော် သုံးနှစ်တိုင်တိုင် ပျောက်နေပြီးမှ ရန်ကုန်မြို့တွင် ဝသုံးလုံး ဟူသောအမည်နှင့် တစ်ဖန် ပေါ်ပေါက်လာပြန်ပါသည်။

'ဘိုဝသည် ဝသုံးလုံးအမည်နှင့် အလုပ်လုပ်စဉ်တွင် အံ့သြချီးမွမ်းလောက်အောင် အစီအမံ ကောင်းခြင်းအားဖြင့် ကိုယ်စားလှယ်နှင့် တပည့်များ ရအောင် ပြုလုပ်ထားပါသည်။ သူ၏ တပည့်များသည် တစ်ယောက်နှင့်တစ်ယောက်လည်း မသိ၊ သူ့ကိုလည်း မသိနိုင်ကြပါ။ တပည့်ရှာနည်းမှာ ငွေလိုနေသောသူ သို့မဟုတ် အပြစ် တစ်ခုခုအတွက် တရားစွဲခံရမည့်ဆဲဆဲဖြစ်နေသူများကို ရှာ၍ ၎င်းတို့အကြောင်းကို စုံလင်စွာ ထောက်လှမ်းပြီးမှ စာနှင့်ချိန်း၍ ကားတစ်စီးပေါ်တွင် သူနှင့် ကိုယ်တိုင် တွေ့ဆုံစကားပြောကြရပါသည်။ တပည့်များ အထူးသဖြင့် ရနိုင်သော လူတစ်စုမှာ ထောင်မှထွက်လာသည့် ရာဇဝတ်မှု၊ ပြစ်မှု ကျူးလွန်ဖူးသူများ ဖြစ်ပါသည်။

'ထောင်ထွက်များမှာ အလုပ်လက်မဲ့များ ဖြစ်ကြသောကြောင့် ဝသုံးလုံး၏ တပည့်များ ဖြစ်သွားကြသည်သာ များပါသည်။ ဤနည်းဖြင့်ဘိုးအံ့ကို လည်းကောင်း၊ ခင်စိန်ရီကို လည်းကောင်း ဆွဲငင်သွားခဲ့ခြင်း ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဦးကျောက်ခဲ ဆိုသူကိုလည်း ဤနည်းအတိုင်း ဆွဲငင်ဦးမည် ကြံစည်သော်လည်း ဦးကျောက်ခဲမှာ ဘိုဝအပေါ်၌ သစ္စာဖောက်ဖူးသူ တစ်ယောက်ဖြစ်သောကြောင့် နောက်ဆုံးတွင် ဝသုံးလုံးက အဆုံးစီရင်လိုက်ခြင်း ဖြစ်ပါသည်။ ဤနည်းအတိုင်း အလုပ်လုပ်ခဲ့ခြင်းအားဖြင့် ဝသုံးလုံးသည် ....'

တန်။ ။(ထိုင်ရာမှ မထဘဲ) 'ဝသုံးလုံးဟာ သူ့ကိုယ်သူ ဘာကြောင့် ဝသုံးလုံးလို့ ခေါ်သလဲ'

တော်။ ။'ဝသုံးလုံးခေါ်ခြင်း အကြောင်းကတော့ သူ့လည်ပင်းမှာ မွေးကတည်းက အနီဝိုင်းကလေး သုံးစက် ပါလာပါတယ်။ ဟော့လူ — မလှုပ်နဲ့နော်.... ဦးခွံကို ပစ်ခွဲလိုက်မယ်'

ယင်းသို့ ပြောဆိုစဉ် ဦးလူတော်သည် ကိုသောင်းတန်၏ ဦးခေါင်းကို ခြောက်လုံးပြူးနှင့် ချိန်ထားလေ၏။ ထို့နောက် ဆက်လက်၍....

တော်။ ။'လက်မြှောက်ထားလိုက်စမ်း၊ လုပ်ပါ၊ သွက်သွက်လက် လက် ....'

ဟု ပြောပြောဆိုဆိုနှင့် ဦးလူတော်သည် ကိုသောင်းတန်၏ လည်ပင်း၌ အမြဲစည်းပတ်ထားလေ့ရှိသော မာဖလာအဝတ်ကို ဆွဲဖြုတ်လိုက်ရာ ပိုက်ဆံပြားခန့် ပမာဏရှိသော အနီဝိုင်းကလေး သုံးဝိုင်းကို အံ့သြစွာနှင့် တွေ့မြင်ကြရလေ၏။

## အခန်း [၃၅]

## ဦးလူတော်၏ မေ...

ယခင်တစ်ညက ခင်စိန်ရီ၏ တိုက်ရှေ့တွင် ခင်စိန်ရီကို နှုတ်ဆက်၍ ... လျှောက်သောသူသည် ဦးလူတော် ဖြစ်ကြောင်းကို စာဖတ်သူများတို့ ... ကောင်း ရိပ်မိကြလိမ့်မည်ဖြစ်ရာ၊ ထိုညဉ့်က ရုတ်တရက် ... ပေါ်ထွက်လာ...



www.burmeseclassic.com

www.burmeseclassic.com



"သူလျှို" ကို ဖမ်းသွားသော လူသုံးယောက်တို့သည် အစည်းအဝေးခန်းထဲသို့ ဝင်လာကြ၍ ကိုသောင်းတန်ကို လက်ထိတ်ခတ်ပြီးလျှင် အခန်းပြင်သို့ ခေါ်သွားကြလေ၏။

ထိုနောက် ဦးလူတော်သည် ကြိုးစား၍ စကားပြောရခြင်း ဖြစ်သောကြောင့် နဖူးမှ ယိုစီးသော ချွေးများကို လက်ကိုင်ပဝါဖြင့် သုတ်လျက်၊ ထိုနေ့အဖို့ ထိုမျှနှင့် ရပ်ဆိုင်းထား၍ မရှင်းလင်းသော အချက်များ ရှိခဲ့လျှင် နောက်တစ်နေ့တွင်မှ ရှင်းလင်း ပြောပြခွင့်ပြုရန် တောင်းပန်ပြောဆိုလေ၏။

ထိုအခါ ဝန်ကြီးချုပ်အချို့တို့မှာ သိလိုသောအချက်များ ရှိသေးသည် ဖြစ်၍ ဦးလူတော်အား မေးခွန်းများ ထုတ်ဦးမည် ပြုကြသေးရာ၊ စုံထောက်မင်းကြီးက ရှေ့မှရပ်၍ သည်းခံကြဖို့ တောင်းပန်ထားရ၏။

မင်းကြီး။ ။'တောင်းပန်ပါရစေ ဝန်ကြီးချုပ်များ၊ ကျွန်ုပ်၏ လူဟာ ဘယ်လောက် ပင်ပင်ပန်းပန်း အလုပ်လုပ်ခဲ့တယ် ဆိုတာကို ကျွန်ုပ်တစ်ယောက်တည်း သိပါသည်။ ယနေ့အဖို့ သည်းခံကြပါဦး၊ နက်ဖြန်မှ မေးစရာ ရှိတာများကို မေးမြန်းကြပါ'

နန်းရင်းဝန်။ ။'မှန်ပေတယ် မှန်ပေတယ်။ နက်ဖြန်တော့ မင်းကြီးရော၊ ဦးလူတော်ရော ကျွန်တော်တို့နှင့်အတူ လက်ဖက်ရည်သောက်ရင်း ရှင်းလင်း ပြောပြကြပါစို့'

မင်းကြီး။ ။'ကောင်းလှပါပြီ နန်းရင်းဝန်ကြီး ခင်ဗျား'

ၡင်းနောက် ဦးလူတော်သည် မောင်ညွှန့်ဦး၏ လက်မောင်းကို ဆွဲကိုင်လျက် အခန်းပြင်သို့ ထွက်လာကြ၍၊ တက္ကစီတစ်စီးပေါ်သို့ တက်ကြပြီးလျှင် မိမိနေအိမ်သို့ မောင်းနှင်ရန် ဦးလူတော်က အမိန့်ပေးလိုက်၏။ လမ်းခရီး၌–

ညွှန့်။ ။'ကျွန်တော်ဖြင့် ဒီတစ်သက်မှာ ဒီတစ်ခါလို တစ်ခါမှ မအံ့ဩခဲ့ရဖူးပါဘူး ခင်ဗျာ၊ အံ့ဩရလွန်း အားကြီးလို့ လူကို ကယောင်



www.burmeseclassic.com

www.burmeseclassic.com



ချောက်ချား ဖြစ်နေတော့တာပဲ။ ဟုတ်ပါရဲ့ ခင်ဗျာ၊ ကိုသောင်းတန်များ ဒီလို ဖြစ်လိမ့်မယ်လို့ ဘယ်တော့ တွေးမိတတ်မှာလဲ ခင်ဗျာ'

တော်။ ။'မောင်တွင် ဘာကမလဲ၊ တစ်မြို့လုံး တစ်တိုင်းပြည်လုံး အံ့သြကြရဦးမှာပေါ့'

ညွှန့်။ ။'ဒီလိုဆိုရင် ကိုသောင်းတန်နဲ့ ခင်စိန်ရီဟာ လုပ်ဖော် ကိုင်ဖက် ဖြစ်နေတော့တာပေါ့နော်'

တော်။ ။'ဟုတ်တာပေါ့'

ညွှန့်။ ။'ဒါထက် ဒီအကြောင်းကို ဦးလူတော်က ဘယ်နည်းနဲ့ ရိပ်မိထားသလဲ ခင်ဗျာ'

တော်။ ။'အမှန်ပြောရမှာဖြင့် ကျုပ်အစွမ်းကြောင့် မဟုတ်ဘူး မောင်ရေ့။ မေမေရဲ့ အစွမ်းကြောင့် ရိပ်မိတာ မောင်ရဲ့၊ မနေ့ညက မေမေက ပြောပြတယ်'

ညွှန့်။ ။'သြော် ဒါဖြင့် ဦးရဲ့မေမေ ပြန်ရောက်လာခဲ့ပြီလား ခင်ဗျာ'

တော်။ ။'ရောက်လာပြီ၊ ဒါကြောင့် မောင်နဲ့ တွေ့ရအောင် မောင့် ကို အိမ်ခေါ်သွားမလို့'

ညွှန့်။ ။'ကောင်းပါလေ့ ခင်ဗျာ၊ တွေ့စမ်းချင်ပါတယ်။ ဒါထက် ခုအတိုင်းဆိုရင် ခင်စိန်ရီဟာ တစ်ထစ်ထက် တစ်ထစ် ဆိုးလို့ ဆိုးလို့သာ သွားပါတော့ကလား ဦးရယ်၊ ဝမ်းနည်းစရာကြီးပါပဲလား'

တော်။ ။'ဝမ်းနည်းရအောင်ဟာ မောင်နဲ့ ခင်စိန်ရီနဲ့ ဘာဆိုင်လို့ တုံး မောင်ရဲ့'

ညွှန့်။ ။'ဆိုင်ဆိုင် မဆိုင်ဆိုင် ကိုယ်ကြိုက်ထားမိတော့ ကိုယ် ဝမ်းနည်းနေရတာပေါ့၊ တယ်ဘုကျတဲ့ လူကြီးပါကလား' ဟု လွှတ်ခနဲ ပြောလိုက်မိရာ လွန်မှန်း သတိရသဖြင့် ပြန်၍ တောင်းပန်ရသေး၏။ ဦး လူတော်ကမူ အနည်းငယ်မျှ စိတ်မရှိဘဲ သွားဖြဲလျက် ရှိ၏။

ဦးလူတော်၏ နေအိမ်သို့ ရောက်ကြသောအခါ ဦးလူတော်က ရှေ့မှ ဝင်လာ၍ ....



www.burmeseclassic.com

www.burmeseclassic.com



'မေမေရေ့၊ မောင်ညွှန့်ဦးတစ်ယောက် ပါလာတယ်၊ ထမင်းများ ခူးကျွေးပါဦး'

ဟု ပြောလိုက်ရာတွင် လွှတ်ခနဲ လန့်အော် အော်လိုက်သံကို မောင်ညွှန့်ဦး ကြားလိုက်ရသေး၏။

ထိုနောက် မောင်ညွှန့်ဦးသည် တိုက်ခန်းထဲသို့ဝင်လာရာ အပေါက်ဝ၌ပင် ကြက်သေ သေလျက် ရပ်တန့်နေလေတော့၏။

အကြောင်းမူကား အခန်းတွင်း၌ ရပ်ရည် ချောမောလှပသော မိန်းကလေး တစ်ယောက်သည် ပြုံးရွှင်သော မျက်နှာထားနှင့် မောင်ညွှန့်ဦးဘက်သို့ လှည့်ကာ ရပ်နေလေရာ၊ ၎င်းမှာ ဝရမ်းပြေး ခင်စိန်ရီပင် ဖြစ်နေသောကြောင့် ပေတည်း။

ရီ။ ။'ဖေဖေက ဝန်ကလေး ခေါ်လာမယ်ဆိုပြီး တလွဲလုပ်လာတာကို၊ ဖေဖေ လုပ်ရင် ဒီလိုချည်းပဲ'

မောင်ညွှန့်ဦးမှာ "ဖေဖေ" ဟု ခေါ်သည်ကို ကြားရပြန်သဖြင့် တိုး၍ အံ့ဩနေပြန်လေ၏။

ညွှန့်။ ။(နားမလည်နိုင်သော အမူအရာမျိုးနှင့်) 'မေမေ တွေ့ရအောင်ဆို ခေါ်လာပြီး ဘယ့်နှယ် ဖြစ်နေကြတာလဲ ခင်ဗျာ'

ရီ။ ။(ရယ်မောလျက်) 'ဟုတ်ပါ့ရှင်၊ ဖေဖေက ကျွန်မတို့မေမေ ဆုံးပြီးကတည်းက သူ့ကို ကျွန်မက မိခင်သဖွယ် ပြုစုစောင့်ရှောက်ဖော်ရတယ်ဆိုပြီး မေမေလို့ ခေါ်လာခဲ့တယ်ရှင့်။ ကျွန်မ နာမည်ရင်းကလည်း မယ်မေပါတဲ့'

ညွှန့်။ ။'လက်စသတ်တော့ ဦးလူတော်နဲ့ ရီရီနဲ့ပါကော'

ရီ။ ။'မယ်မေနဲ့ပါကော'

ညွှန့်။ ။'ထားလိုက်ပါတော့လေ၊ ကျွန်တော်တော့ ဟိုနာမည်ကို မဖျောက်နိုင်အောင် စွဲနေတော့မှာပဲ။ သမီးနဲ့ အဘတဲ့ဗျာ၊ ကြံဖန်ကြံစမ်းပါဦး၊ လုံလည်း လုံကြပါပေ့ဗျာ'



www.burmeseclassic.com

www.burmeseclassic.com



ရီ။ ။ 'ကိုင်း ....ကိုင်း ....ဒီအကြောင်းတွေ နောက်မှ ပြောကြရအောင်၊ ဖေဖေလည်း ထမင်းဆာလှရှော့မယ်။ ရှင့်အတွက်ပါ ပိုချက်ထားတယ်၊ ဝင်စားသွားဦး ကိုညွန့်ဦး။ ကျွန်မကိုယ်တိုင်ချက်တဲ့ လက်ရာလေ'

တော်။ ။ (ပြုံးစိစိ မျက်နှာထားမျိုးနှင့်) 'မေမေရဲ့ လက်ရာနော်၊ သေသေချာချာ စဉ်းစားပြီး စားကြည့်ဗျ၊ မောင်ညွန့်ဦး'

သားအဖ နှစ်ယောက်တို့မှာ ရယ်နိုင် ပြုံးနိုင်သော်လည်း မောင်ညွန့်ဦးမှာမူ ရှုံးတိုးရှုံ့တန့် ဖြစ်လျက်ရှိရာ၊ ယောက္ခမလောင်း ဖြစ်မည့်လူကို "ဘုကျသည်" ဟု ယခင်က ပြောခဲ့မိသည့်အတွက်လည်း တိုး၍ မျက်နှာပူလျက် ရှိနေလေ၏။

သို့ရာတွင် ခင်စိန်ရီသည် မောင်ညွန့်ဦး အရှက်ပြေစေခြင်းငှာ တစ်ကြောင်း၊ သိစေရန် တစ်ကြောင်းဖြင့် မိမိတို့၏ အဖြစ်အပျက်များကို ရှင်းလင်း ပြောပြနေလေ၏။

ရီ ။ ။ 'ဝသုံးလုံး စပြီးပေါ်လာတော့ ဖေဖေ့ကို ခေါင်းဆောင်ပြီး စိမ်မလားလို့ မင်းကြီးဇာ မေးတဲ့အခါမှာ ကျွန်မက အင်မတန်ခဲယဉ်းမှာတွေ့မြင်လေတော့ လက်မခံပါနဲ့လို့ကို ဖျက်သေးတယ်၊ ဖျက်ပေမဲ့ မရဘူး။ ဖေဖေ ဖွတ်လက်ခံပြီး၊ တော်တော်ကြာတော့ သူတစ်ယောက်တည်း မတတ်နိုင်လို့ ကျွန်မက ဝင်ပြီး ကူညီခဲ့ရတာကိုး ကိုညွန့်ဦးရဲ့။ ကျွန်မကတော့ အမေရိကန်က လူဆိုး အသင်းကြီးတွေအကြောင်း အများကြီး ဖတ်ထားလေတော့ တစ်ဆိတ်တစ်ပေါက် ရိပ်မိထားတာကိုးရှင့်၊ ကျွန်မက ဝသုံးလုံး လူစုတဲ့နည်းကို သတင်းရရချင်း ကိုယ်တိုင် ရာဇဝတ်မှု ကျူးလွန်ချင်ယောင်ဆောင်ပြီး ဝသုံးလုံးနဲ့ အဆက်ရအောင် ဖန်တီးခဲ့ရပါတယ်။

'ဒါနဲ့ ရှင့်အဖေကို မသတ်မီ သုံးလလောက်က ဝသုံးလုံးဆီက ညွှစ်တောင်းတဲ့စာ ရကတည်းက ကျွန်မက ရှင်တို့အိမ်နီးချင်း ဦး[illegible]ဆီမှာ စာရေးဝင်ပြီး လုပ်ခဲ့ရပါတယ်။ လုပ်ရခြင်းအကြောင်းက [illegible]အိမ်[illegible] နေပြီး ရှင့်အဖေနဲ့ ဝသုံးလုံး အကြောင်းများကို စောင့်ကြည့်[illegible]ပါ၊ ရှင့်အဖေ[illegible]



www.burmeseclassic.com

www.burmeseclassic.com



ဝသုံးလုံးက ပစ်သတ်တော့ ကျွန်မလည်း အနီးအနားမှာ ရှိပါတယ်။ နို့ပေမဲ့ ကျွန်မ ပြေးသွားတော့ ဝသုံးလုံးရဲ့လူ တရားခံဟာက ထွက်ပြေးနှင့်လို့ ကျွန်မ မမြင်လိုက်ရတော့ဘူး၊ ရှင့်အဖေ သေဆုံးပြီးတဲ့ နောက်မှာတော့ ဦးထွန်းတင်ဆီမှာ ကျွန်မ အလုပ်လုပ်ဖို့ မလိုတော့ပါဘူး။ ဒါကြောင့် ဦးထွန်းတင်ရဲ့ ပစ္စည်းကို ကျွန်မကပင် ခိုးပြီး ဝသုံးလုံးနဲ့ တိုက်ရိုက် ဆက်သွယ်ခြင်း ပြုရအောင် ကြံစည်ခဲ့ရပါတယ်။

'သို့မို့ကြောင့် အပေါင်ဆိုင်ထဲက ကျွန်မ ထွက်လာတာကို ရှင်တို့ မြင်လိုက်ခြင်းဟာ မတော်တဆ မဟုတ်ပါဘူး၊ ဖေဖေနဲ့ ကျွန်မနဲ့ ကြိုတင် စီမံထားကြတဲ့ကိစ္စ ဖြစ်ပါတယ်။ ခိုးမှု ဖြစ်ပြီးတဲ့နောက် တရားသူကြီးက ကိုယ်တိုင် ခံဝန်ချုပ်နဲ့ လွှတ်ပစ်လိုက်တဲ့ အခါမှာ ကျွန်မဟာ နာမည်ပျက် တစ်ယောက် ဖြစ်လေတော့ ကိုသောင်းတန်က ကျွန်မတို့ မျှော်လင့်ထားတဲ့ အတိုင်း ကျွန်မကို သူ့တပည့်တစ်ယောက် ဖြစ်အောင် ချိန်းချက်စီမံ ခဲ့ပါတယ်။ ပန်းခြံထောင့်မှာ ကိုသောင်းတန်နဲ့ ကျွန်မနဲ့ ချိန်းပြီး တွေ့ကြတော့ ဖေဖေက ခပ်လှမ်းလှမ်းက မော်တော်ကားနဲ့ စောင့်ကြည့်နေပါတယ်၊ ဟုတ် ဖူးလား ဖေဖေ'

တော်။ ။ 'ဟုတ်ပါတယ် မေမေ'

ရီ။ ။ 'ဒါနဲ့ ဝသုံးလုံးနဲ့ ဆက်သွယ်မိသည်နှင့် တစ်ပြိုင်နက် ဝသုံးလုံးက ကျွန်မကို ပွဲစားဦးဘဝင်းဆီမှာ အလုပ်လုပ်ဖို့ လွှတ်လိုက်ပါ တယ်၊ ဝသုံးလုံး ကိစ္စကို ဆောင်ရွက်ရင်း ဦးကျော်ခဲရဲ့အိမ်ကို ကျွန်မ ရောက်သွားလေတော့ ဦးကျော်ခဲ သေတဲ့ညက သူ့အိမ်မှာ ကျွန်မ ရှိပါ တယ်။ ဒီဟာက ကိစ္စမရှိဘူး၊ ဦးထွန်းတင်ကို သတ်တဲ့ကိစ္စတုန်းကဖြင့် ဝသုံးလုံး ယုတ်မာလိုက်ပုံ မပြောပါနဲ့တော့။ ကျွန်မကို တရားခံဖြစ်အောင် ဦးထွန်းတင်ရဲ့ အိမ်ထဲကို လက်နက်နဲ့တကွ ကျွန်မကို လွှတ်လိုက်ပါတယ်'

ညွန့်။ ။ 'ဒါထက် ခဏနေပါဦးဗျာ၊ ထောင်ထဲက ထွက်လာခဲ့ပုံ ပြောပြစမ်းပါဦး'



www.burmeseclassic.com

www.burmeseclassic.com



ရီ။ ။'ဒါက ဘာခက်သလဲရှင်၊ ထောင်ပိုင် အရာရှိကြီးကိုယ်တိုင်က အစိုးရအမိန့်နဲ့ ကျွန်မကို ဖွင့်လွှတ်ပြီး ဌာနာအုပ်ကလေး တစ်ယောက်လိုက်ပို့လိုက်တာကိုးရှင့်'

တော်။ ။'ကျုပ်က အထူးအခွင့်အရေးတွေ တောင်းထားတယ်ဆိုတာ ဒီဟာမျိုးတွေ လုပ်ဖို့ပေါ့ မောင်ရဲ့။ ဒါနဲ့ ခင်စိန်ရီ လွှတ်လာလို့ သူ့အိမ်ကို မွေနှောက်ပြီး ရှာတယ်ဆိုကာ ရှိသေး၊ ကိုသောင်းတန်က လန့်လာတဲ့ပြီး ထွက်ပြေးဖို့ စီမံရှာသေးတယ်။ ကျုပ်က ဦးအောင်ဖမ်းလိုက်လို့ မိရတော့တာကိုး မောင်ရဲ့'

## အခန်း [ ၃၆ ]
## ဆက်လက် ရှင်းလင်း ပြောပြခြင်း

နောက်တစ်နေ့၌ နန်းရင်းဝန်သည် ဦးလူတော်နှင့် ခင်စိန်ရီတို့ကို လက်ဖက်ရည်သောက် ဖိတ်ကြားလေရာ၊ ဦးလူတော်က မောင်ညွှန့်ဦးကိုလည်း ခေါ်ခဲ့နိုင်ပါရန် အခွင့်တောင်းသေးသည်နှင့် မောင်ညွှန့်ဦးပါ လိုက်ပါသွားရလေ၏။

၎င်းလက်ဖက်ရည်ပွဲတွင် အချို့ ဝန်ကြီးချုပ်များလည်း ရောက်ရှိကြလေ၏။ လက်ဖက်ရည် သောက်ကြပြီးနောက် ဦးလူတော်က ဆက်လက်ရှင်းလင်း ပြောပြသည်မှာ ....

တော်။ ။'ဒီလိုပါ ခင်ဗျာ၊ စုံထောက် ကိုသောင်းတန် ဆိုတဲ့သူဟာ ဝသုံးလုံး လူသတ်မှုများနဲ့ တစ်ပြိုင်တည်း ပေါ်လာတဲ့လူ ဖြစ်တယ်ဆိုတာကို လူကြီးမင်းများ သတိပြုမိရင် သိကြပါလိမ့်မယ်။ သူ့ကိုယ်သူ စုံထောက်ရယ်လို့ ကြော်ငြာပြီး ဆိုင်းဘုတ်ကလေးနဲ့ ဘာနဲ့ လုပ်လိုက်တော့ အမှုကလေး နည်းနည်းပါးပါး ရတာပေါ့ခင်ဗျာ။ သူ့ရည်ရွယ်ချက်ကတော့ အမှုရဖို့ မဟုတ်ပါဘူး၊ ရှေ့အတွက်မျှော်ပြီး ပြင်ဆင်ထားခြင်းမျှသာ ဖြစ်ပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ တော်တော်ကြာလို့ ဝသုံးလုံး လူသတ်မှုတစ်ခု ပေါ်လာတော့ သတင်းစာတိုက် တစ်တိုက်က သူ့ကို ဝသုံးလုံး သတင်း ကောင်းကောင်းရေးပေးဖို့ စေခိုင်းရာမှာ သူက စိတ်ဓာတ်ရိုက်တဲ့ စုံထောက်ဆိုပြီး လက်နက်ကို ခြင်ရှုံ့နဲ့ တရားခံဟာ ဘယ်လို လူပုံပန်းလဲ ဆိုတာကို ပြောပြနေတာကိုး ခင်ဗျ။ ပြောနိုင်မှာပေါ့ ခင်ဗျ၊ တရားခံဟာက သူခိုင်းထားတဲ့ လူပဲကိုး။

'ဒီတော့ ဘယ်နေရာ သွားဖမ်းချေလို့ သူက ပြောလိုက်ရင် တန်းခနဲ တန်းခနဲ မိမိလာတော့တာပဲ၊ ဒီတော့ ကိုသောင်းတန်ရဲ့ နာမည်ဟာ ဝသုံးလုံး အမှုနဲ့ ပတ်သက်သမျှမှာဖြင့် နေ့ချင်း ညချင်း တိုးတက်လာခဲ့တာကိုး ခင်ဗျ။ ဝသုံးလုံးက ငွေညှစ်တောင်းတဲ့ အမှုတိုင်းလိုလို သူ့ဆီ ရောက်တော့တာပဲ။ သူကလည်း ပေးသာပေးလိုက်၊ နောက်တော့ ငွေပြန်ရအောင် လိုက်ပေးမယ် ဆိုပြီး တွင်တွင်ကြီး လျှော်ပေးနေတာကိုး ခင်ဗျ။ တောင်းသူကလည်း သူ၊ စုံထောက်ကလည်း သူပဲ ဖြစ်နေလေတော့ သိပ်ပွနေတာကိုး ခင်ဗျ၊ ရလိုက်တဲ့ ငွေတွေ သောက်သောက်လဲနေတော့တာပဲ။ လူပုံလူပန်းကလည်း လူကြီးမင်းများ မြင်တဲ့အတိုင်း ဖျတ်ဖျတ်လတ်လတ် သွက်သွက်လက်လက် ချက်ချက်ချာချာဆိုတော့ သူ့ဟားတဲ့လူတိုင်း သိပ်ပြီး ကျေနပ်အားရနေကြတာပဲ။

'ပြီးတော့ခါလည်း တောင်းတဲ့ငွေကို မပေးရင် သူက သတ်တဲ့အခါ ကျတော့လည်း သူကိုယ်တိုင်က နေ့ရော ညရော စုံထောက်လုပ်ပြီး စောင့်ကြပ်နေတာ ဖြစ်လေတော့ သူ့လူ လူသတ်ဖို့ သိပ်လွယ်နေတော့တာကိုး ခင်ဗျ။ သူကိုယ်တိုင် သတ်တဲ့အလှည့်မှာသတ်၊ လူဟားပြီး စောင့်နေစေပြီးမှ သူကိုယ်တိုင် ခေါ်သွားလိုသွား၊ သိပ်ပြီး နေရာကျနေတာကိုး ခင်ဗျ။ လူကြောက်လောက်အောင်ဟာ သူက ငွေမပေးတဲ့ လူတိုင်းလိုလို သတ်ပစ်တာပဲ၊ ဒါကြောင့် သူတောင်းရင် မပေးဘဲ နေဝံ့တဲ့လူ ခပ်ရှားရှား ဖြစ်နေတော့တာကိုး ခင်ဗျ'

ဝန်ကြီးချုပ်တစ်ယောက် ။ ။ 'ဦးထွန်းတင် သတ်ပုံ ပြောပြစမ်းပါဦး'



www.burmeseclassic.com

www.burmeseclassic.com



တော်။ ။ 'စင်စစ်တော့ ဦးထွန်းတင်ဟာ ငွေပေးပြီးတဲ့နောက် ဝသုံးလုံးအကြောင်း ပေါ်ပေါက်အောင် ထောက်လှမ်းရာမှ ကသာမြို့ ရောက်သွားပြီး ဘိုဝရယ်၊ ဝသုံးလုံးရယ်၊ ကိုသောင်းတန်ရယ် တစ်ယောက်တည်း ဖြစ်နေကြောင်း သိလာတော့ ကိုသောင်းတန်က ရိပ်မိလို့ သတ်ပစ်လိုက်တာပါပဲ။ ဟိုညက ဒီလိုခင်ဗျ၊ ဝန်ကလေးကို တယ်လီဖုန်းနဲ့ ပြောပြမယ်လို့ တယ်လီဖုန်းလည်း ဆက်ထားတယ်၊ ကျွန်တော်နဲ့ ကိုသောင်းတန်တို့ကိုလည်း နှုတ်ဖြင့် ပြောပြဖို့ စီစဉ်ထားတယ်။ နောက်တော့ ဝန်ကလေးကို ပထမ ပြောမယ်ဆိုပြီး ကျွန်တော်တို့ကို အခန်းပြင်ဘက် နှင်ထုတ်တော့ ကျွန်တော်က ရှေ့က ထွက်မိပေတယ်။

'ကျွန်တော့်စိတ်ထဲမှာ ဒီလောက်တောင် နီးနီးကပ်ကပ်ကြီးတော့ မလုပ်ဝံ့ပေဘူးလို့ အောက်မေ့ပြီး စိတ်ချလက်ချ ဆိုသလို ရှေ့က ထွက်လာမိပေတယ်။ ကျွန်တော် မျက်နှာလွှဲလွှဲခြင်း နှလုံးသားချိန်ပြီး တစ်ချက်ဖြည်းနဲ့ အသက်ထွက်အောင် ထိုးသတ်လိုက်တော့တာကိုး ခင်ဗျ။ တံခါးပေါက်ရောက်တော့ သူက ရပ်ပြီး စကားပြောနေသော်လည်း ဟန်လုပ်တာ သက်သက် ရှိတော့တယ်၊ ဦးထွန်းတင်ကတော့ သေနေပြီးပြီ ခင်ဗျ'

တစ်ယောက်။ ။ 'ရဲလည်းရဲ၊ စွန့်လည်းစွန့်တဲ့ လူပါပေပဲဗျ။ ဒါထက် လက်အိတ်ကကော ဗျ'

တော်။ ။ 'ဒါကတော့ အကြောင်းရှိရင် ခင်စိန်ရီအပေါ် လွှဲချရအောင် တမင်ဆင်ထားတာ ထင်ပါရဲ့ဗျာ။ ခင်စိန်ရီကလည်း သူမှာတဲ့အတိုင်း သွားစောင့်နေသေးတယ်၊ နောက်တော့ ဘာကြောင့်လဲ မေမေ'

ရီ။ ။ 'နောက်တော့ သူ့အကြံကို ကျွန်မ မသင်္ကာတာနဲ့ လှည့်ပြန်လာခဲ့ပါတယ် ဖေဖေ'

ညွန့်။ ။ 'ဒါဖြင့် ဟိုနေ့က ဦးကျော်ခဲ လန့်သွားတာဟာ ကိုသောင်းတန်ကို မြင်လိုက်ရလို့ ဖြစ်မှာပေါ့နော် ဦး ....'

တော်။ ။ 'အစစ်ပေါ့၊ လန့်ဆို ဒီလိုကိုး။ ကသာမှာတုန်းက ဦး



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ခဲက ဘိုဝခေါ် ကိုသောင်းတန်ကို သစ္စာဖောက်ခဲ့ဖူးတဲ့အပြင် လူတစ်ယောက်သတ်ဖို့ ဦးမလေးတဲ့အကြောင်း ဓာတ်သိ ဖြစ်နေတာ'

နန်းရင်း ။ ။ 'အခန်းထဲမှာ လက်ထိတ်ခတ်ထားပုံ ပြောပြစမ်းပါဦး'

တော် ။ ။ 'ဒါကတော့ ကျွန်တော်တောင် အစတုန်းက ယုံချင်မိသေးသလိုလို ဖြစ်သွားမိသေးတယ် ခင်ဗျ။ နောက်တော့ ဘာဟုတ်မလဲ၊ မောင်မင်းကြီးသားက သူ့ကိုယ်သူ လက်ထိတ်ခတ်ပြီး မေ့ဆေးပေးထားတာကိုး ခင်ဗျ။ ဒါလည်း ကျွန်တော် တစ်ယောက်တည်းဆိုရင် မသိနိုင်ပါဘူး၊ မေမေကို ဗီရိုထဲသွင်းထားပြီး စောင့်ကြည့်ခိုင်းလို့သာ ကျွန်တော် သိရပါတယ်။ ငွေစက္ကူတွေကိုတော့ စာတိုက်ပုံးထဲ ထည့်လိုက်ပြီး စာအိတ်မှာ သူ့အိမ် ပို့ဖို့ လိပ်တပ်ထားလေတော့ စာပို့ကုလားက ချက်ချင်း သိမ်းသွားတာကို ကျွန်တော့်လူတွေကတောင် မြင်လိုက်ရသေးတာပဲ ခင်ဗျာ'

ဝန် ။ ။ 'စာတိုက်ပုံးက ဘယ်မှာလဲ'

တော် ။ ။ 'ဒီလူက အင်မတန် ထွင်တဲ့လူ ခင်ဗျ၊ သူ့အခန်းထဲက နေပြီး ရေတံလျှောက်နဲ့ လျှောချလိုက်ရင် စာပုံးထဲ ရောက်သွားလေတော့ ကုလားကို ပိုက်ဆံပေးပြီး သူ့စာတွေကို အသိမ်းခိုင်းတယ် ခင်ဗျ'

ဝန် ။ ။ 'ကျုပ်တို့ ဘဏ္ဍာရေး ဝန်ကြီးချုပ်ဟောင်းကကော....'

တော် ။ ။ 'ဒါကတော့ ကိုသောင်းတန်က ကန့်လန့်ကာတွင်းမှ ဓားမြှောင်နဲ့ စောင့်နေပြီး ရင်ဝ ချိန်ထိုးလိုက်တာ။ မေမေက ဝန်ကြီးချုပ်ကို ထွန်းဖယ်လိုက်လို့ နှလုံးသားလွတ်ပြီး အသက်ချမ်းသာရာ ရတာကိုး ခင်ဗျ'

ဝန် ။ ။ 'ဓားမြှောင်ကကော ဘယ်သူ့ဟာလဲ'

တော် ။ ။ 'ဝန်ကြီးချုပ်အိမ်ကို ကိုသောင်းတန် ရောက်စဉ်က ခိုးယူလာခဲ့တဲ့ ဓားမြှောင်ခင်ဗျ။ ဒါကလည်း မေမေကို ထင်ယောင်ထင်မှား ဖြစ်အောင် စီမံထားတဲ့ အလုပ်ပဲ ခင်ဗျ။ မရှင်းလင်းတာများရှိရင် အမိန့်ရှိပါဦး ....'

နန်းရင်း ။ ။ 'တော်ပါပြီ ဦးလူတော်၊ ကျုပ်တို့ ကျေနပ်ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဒါထက် ဦးလူတော်ရဲ့ သမီးကို ဘယ်နည်းနဲ့ ကျုပ်တို့ ချီးမြှင့်ရမလဲလို့ စဉ်းစားနေကြတယ်။ ကြော်ငြာထားတဲ့ ဆုငွေ ၅၀၀၀ ကျပ်ကိုတော့ သူ ရဖို့ပေါ့လေ။ သို့သော် ဒီလောက်မက ကျုပ်တို့က ချီးမြှင့်ချင်သေးတယ်'

ထိုအခါ မောင်ညွန့်ဦးက ....

'ဒီအတွက်တော့ ကိစ္စမရှိပါဘူး ဝန်ကြီးချုပ်မင်း၊ ကျွန်တော်နဲ့ လက်ထပ်ကြတော့မှာပါ'

ဟု ပြောမိပြောရာ လွှတ်ခနဲ ပြောလိုက်မိလေရာ၊ လွန်ပြီးသော အခါမှ သတိရ၍ ရှက်ကိုးရှက်ကန်း ဖြစ်နေရသေး၏။

သို့ရာတွင် ဝန်ကြီးချုပ်များမှာ ငယ်ရာမှ ကြီးလာခဲ့သူများ ဖြစ်သော ကြောင့် အကြောင်းခြင်းရာကို ရိပ်မိကြသည့်ပြင်၊ မိမိတို့ အရေးပေးလိုသော မိန်းကလေး၏ ခင်ပွန်းသည်လောင်း ဆိုသောကြောင့် ပြုံးရုံမျှ ပြုံးနေကြလေ ၏။

BURMESE CLASSIC

တော်။ ။ (သမီးဘက်သို့ လှည့်၍) 'လက်ထပ်ကြတော့မယ်ဆို ဟုတ်ကဲ့လား မေမေ'

မေ။ ။ 'ကျွန်မကိုတော့ သူ ဘာမှ မပြောဖူးသေးဘူး ဖေဖေ သို့သော်လည်း ဟုတ်ကောင်း ဟုတ်လိမ့် ထင်ပါရဲ့ ဖေဖေ'

တော်။ ။ (ပြုံးရယ်လျက်) 'တော်တော့လေ ဒီလေမျိုးတွေ ခင်စိန်ရီ မဟုတ်တော့ဘူး။ မေမေ ပြန်ဖြစ်လာပြီ'

www.burmeseclassic.com

www.burmeseclassic.com

## ဆက်လက်ထုတ်ဝေမည့် စာအုပ်များ

| | |
|---|---|
| ၁။ ပါရဂူ | ထေရဂါထာ |
| ၂။ ပါရဂူ | ဒီဃာ |
| ၃။ ပါရဂူ | မဟာခရီးသည် |
| ၄။ မောင်ဆုရှင် | တီထွင်မှုများသမိုင်း |
| ၅။ ကျော်အောင် | ဆမ်းမားဆက်မွမ်၏ ဝတ္ထုတိုများ |
| ၆။ ကျော်အောင် | မြစ်ကမ်းပေါ်က စက်ရုံကလေး |
| ၇။ ကျော်အောင် | ပုဂံမိုး ပုဂံမြေ၊ ပုဂံဘုရားနှင့် ပုဂံသားတွေ |
| ၈။ မောင်ထင် | မြို့အုပ်ပုံပြင် |
| ၉။ ခင်မောင်ညို(ဘောဂဗေဒ) | အရှုပ်ထဲက မန်နေဂျာ |
| ၁၀။ ရွှေဥဒေါင်း | သုံးပေါက်ချွန်းနှင့် အခြားဝတ္ထုတိုများ |
| ၁၁။ ရွှေဥဒေါင်း | ကိုယ်ရုံတော် |
| ၁၂။ ရွှေဥဒေါင်း | မြတ် သက် မော် |
| ၁၃။ ရွှေဥဒေါင်း | ရုပ်ခွဲ နမ်ခွဲနှင့် အခြားဝတ္ထုတိုများ |
| ၁၄။ မောင်မိုးသူ | စိတ္တဇ |
| ၁၅။ အောင်လင်း | အရိုင်းစံပယ် |
| ၁၆။ ဒဂုန်တာရာ | ဒဂုန်တာရာ ကဗျာပေါင်းချုပ် |
| ၁၇။ ဒဂုန်တာရာ | မှုးယစ်ဝေသော နွေဦးညများ |
| ၁၈။ တက်တိုး | ဣတ္ထိယခေါ် မိန်းမတို့သည်– |
| ၁၉။ တက်တိုး | ကျွန်တော့်အတွေးအခေါ် မှတ်စုများ |
| ၂၀။ တက်တိုး | နပိုလီယံ |
| ၂၁။ ဂျာနယ်ကျော်မမလေး | ဘဝပုံရိပ် ဝတ္ထုတိုများ |
| ၂၂။ ဂျာနယ်ကျော်မမလေး | ရင်နှင့်အောင်မွေး |
| ၂၃။ ဂျာနယ်ကျော်မမလေး | ခရီးသွားဆောင်းပါးများ |
| ၂၄။ မောင်ခေတ်ထွန်း | ကလေးများအတွက် ကမ္ဘာ့ဂန္ထဝင် ဝတ္ထုပုံပြင်များ |
| ၂၅။ မြသန်းတင့် | လွမ်းမောဖွယ် ကမ္ဘာဇ |
| ၂၆။ ကြည်အေး | မောင်၊ ကိုကိုနှင့် မြနန္ဒာ |
| ၂၇။ ကြည်အေး | အိပ်မက်နှင်းမြူ ဝတ္ထုတိုစု |
| ၂၈။ ကျော်လှိုင်ဦး | ရေပေါ်က လနှင့် နီဗဲဆုရ ဝတ္ထုတိုများ |
| ၂၉။ မောင်ပေါ်ထွန်း | လုပ်ငန်းတိုးတက်အောင်မြင်ရေး သေချာပေါက် [illegible] |
| ၃၀။ မောင်ပေါ်ထွန်း | မိန်းမတစ်ယောက်၏ဘဝ (A Woman's Life) |
| ၃၁။ မောင်ရဲခိုင် | ပရဟိတလူသား အဲဘာတ်ရွိုက်ဇာ |

www.burmeseclassic.com